ဉာဏ်ဝင်းစာပေ

လျှို့ဝှက်စွန့်စားလုံးချင်းဝတ္ထုသစ်

# အောင်မင်းအောင်

# သေမင်းကျော့ကွင်း



စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၈၆၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၂၁၀၆၀၉

**ထုတ်ဝေခြင်း**
ပထမအကြိမ်
၂၀၀၆၊ စက်တင်ဘာလ

**အုပ်ရေ**
၁၀၀၀ အုပ်

**တန်ဖိုး**
သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**
ကိုစိုးအောင်

**စီစဉ်သူ**
ဒေါ်ငွေးငွေးမော်

**ထုတ်ဝေသူ**
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်ခင်နွဲ့ (၀၆၅၆၇)
နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

(ဂမ္ဘီရဆန်းကြယ်စာရေးဆရာ 'တြိစက္က'၏ ကလောင်ခွဲ)

# အောင်မင်းအောင်

# သေမင်းကျော့ကွင်း

(လျှို့ဝှက်စွန့်စား ဝတ္ထုရှည်)

## စာရေးသူ၏ အမှာစာ

ကျွန်တော့်ဆီသို့ စာရေးဆက်သွယ်ကြသော စာဖတ်ပရိသတ်များထဲမှာ ဒေါက်တာမင်းထင်ကျော် ဇာတ်ကောင်ကို နှစ်သက်သဘောကျပြီး ၎င်းပါဝင်သော ဇာတ်လမ်းများကိုချည်း ဖတ်ချင်ကြသူများ ရှိကြသည်။

ယခု သေမင်းကျော့ကွင်း ဝတ္ထုရှည်သည် ဒေါက်တာမင်းထင်ကျော်ကို နှစ်သက်ကြသော ပရိသတ်များအတွက် တစ်စုံတစ်ခု နှစ်သိမ့်ကျေနပ်မှု ဖြစ်စေနိုင်ပါသည်။ ကျွန်တော့်ရဲ့ ပရိသတ်များကို တောင်းပန်စရာ တစ်ခုရှိသည်ကတော့ ကျွန်တော် ရေးသားသောဝတ္ထုတိုင်း စွန့်စားမှုနှင့် သုတရသကို ဦးစားပေး ရေးသားသောကြောင့် အမျိုးသမီးဇာတ်ကောင် ပါဝင်မှုနှင့် အချစ်ကိစ္စများနှင့် ပတ်သက်သော အခန်းကဏ္ဍများ နည်းတတ်ပါသည်။

ယခု သေမင်းကျော့ကွင်းဝတ္ထုမျိုးမှာ တိဗက်နယ်သို့ မရောက်ဖူးသေးသော ပရိသတ်များအတွက် တိဗက်နယ်နှင့် ပတ်သက်သည့် သုတများကို ဦးစားပေး ရေးသားရသောကြောင့် အချစ်နှင့်ပတ်သက်သော အခန်းကဏ္ဍနှင့် အမျိုးသမီးဇာတ်ဆောင်များ မပါဝင်ခြင်းအတွက် ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပေးစေချင်ပါသည်။

ဉာဏ်ဝင်းစာပေ

နောင်ကိုလည်း . . .တြိစက္ကကလောင်အမည်နှင့် ဖြစ်စေ၊ အောင်မင်းအောင်ကလောင်အမည်ဖြင့်ဖြစ်စေ ရေးသားသော ဝတ္ထုတိုင်းတွင် ပရိသတ်အတွက် တစ်စုံတစ်ခု ရနိုင်သော၊ အကျိုးပြုနိုင်သော အသုံးချနိုင်မည့် သုတအကြောင်းအရာများကို ကြိုးစားရှာဖွေ၍ ထည့်သွင်းရေးသားသွားပါမည်ဟု ကတိပြုပါသည်။

ကျွန်တော့်ထံသို့ (တြိစက္က – အောင်မင်းအောင်) ဝေဖန်အကြံပေးစာ ပေးပို့သူများကို ကျေးဇူးတင်ပါသည်။ တစ်ဦးချင်း စာပြန်ကြားနိုင်ရန်လည်း ကြိုးစားလျက်ရှိပါသည်။

စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ စာဖတ်သူများ မေတ္တာရိပ်မှ . . .

အောင်မင်းအောင်

ဆက်သွယ်ရန်လိပ်စာ

အမှတ် – ၂၂၆၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်း
မြောက်ပိုင်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၆၅၀၀၉၆



## ဝန်ခံချက်

'သေမင်းကျော့ကွင်း' ဟူသော အမည်မှာ ဆရာကြီး ဦးကျော်လှိုင် ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ (သက္ကတ) ရေးသားသော 'သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း' စာအုပ်မှ ခေါင်းစဉ်းကို ယူသုံးထားခြင်းဖြစ်ကြောင်းနှင့် တိဗက်ဆိုင်ရာအချက်အလက်များကိုတော့ ဆရာ လင်းယုန်တင့်ဆွေ၏ 'ကိုယ်တွေ့တိဗက်လောကီပညာ' စာအုပ်မှ ထုတ်နုတ်သုံးစွဲပါကြောင်း ဝန်ခံအပ်ပါသည်။

စာရေးသူ

## ဒဿနလင်္ကာဆောင်

သင်မနှစ်သက်ဘဲ ရောက်နေသော
ဘဝအခြေအနေသည် သင်ကိုယ်တိုင် ဖန်တီး၍
ရောက်နေခြင်းသာ ဖြစ်ပါသည်။
အကယ်၍ ထိုအခြေအနေကို မနှစ်သက်၍ အခြားတစ်ခုခုကို
ပြောင်းမယ်ဆိုလျှင်လည်း သင်ကိုယ်တိုင်ပဲ ရွေးချယ်ရပါမည်။

ဉာဏ်ဝင်းစာပေ

## ဒဿနလင်္ကာဆောင်

အချစ်ကိစ္စသည် ဘဝအတွက်
အရေးကြီးသည်ဟု ဆိုလျှင်လည်း
ထိုကိစ္စချည်း ဦးစားပေးနေပါက
အခြားကိစ္စများကို
ဆောင်ရွက်ချိန်ရမည်မဟုတ်ပါ။

ဉာဏ်ဝင်းစာပေ

# ဒဿနလက်ဆောင်

ချစ်ခြင်းမေတ္တာတရားသည်ပင်
တစ်ယောက်တည်း လိုအပ်သည်ဟု
မထင်ပါနှင့်။
အခြားလူများထံမှ မရရအောင်
တောင်းခံယူတတ်သော်လည်း
မိမိက ပြန်ပေးရမှာကိုတော့
မေ့လျော့နေကြပါသည်။

ဉာဏ်ဝင်းစာပေ

# ဒဿနလက်ဆောင်

မေတ္တာရယူနိုင်သော နည်းမှာ မေတ္တာပြုဖို့ပင်ဖြစ်၏။
ဘဝ၏ သဘာဝမှာ စွန့်လွှတ်သူထံသို့
ပေးအပ် တတ်ပြီး ရယူတတ်သူထံမှ
ရယူတတ်ခြင်းပင်ဖြစ်သည်။

ဉာဏ်ဝင်းစာပေ

# ဒဿနလက်ဆောင်

နွံထဲမှာ နစ်နေသော အမြစ်၏
အနစ်နာခံမှုကြောင့်
ရေမျက်နှာပြင်ပေါ်မှ ကြာပန်းအလှသည်
ဝင့်ကြွားတင့်တယ်နိုင်ပေသည်။



# ဒဿနလက်ဆောင်

တစ်ခါတစ်ရံ အမှတ်မထင်
ခေါင်းထဲရောက်လာသော အတွေးတစ်ချက်ကြောင့်
ကြီးပွားချမ်းသာခြင်း သို့မဟုတ် ဘဝတစ်ခုလုံး
ပြောင်းလဲသွားစေနိုင်ပါသည်။
ကြီးကြီးကျယ်ကျယ် ကြံစည်စိတ်ကူးမှုတိုင်းလည်း
အကျိုးရှိချင်မှ ရှိတတ်ကြပေသည်။

# ဒဿနလင်္ကာဆောင်

ရှုံးနိမ့်မှုကို
ကြောက်ရွံ့နေသူသည်
ဘယ်သောအခါမှ
အောင်မြင်မှုရရန် မလွယ်ကူနိုင်ပေ။



# ဒဿနလင်္ကာဆောင်

ကြောက်စိတ်နှင့် မိမိအရည်အချင်း၊
ဒါမှမဟုတ် စွမ်းဆောင်နိုင်မှုအပေါ်
သံသယဝင်နေခြင်းသည်
သင့်ဘဝတစ်ခုလုံး မလှုပ်ရှားနိုင်အောင်
ချုပ်ကိုင်ထားခြင်းပင်ဖြစ်၏။

# ဒဿနလက်ဆောင်

FEAR (ကြောက်စိတ်) ဟူသော ဝေါဟာရသည်
(False Evidence Applearing Real)
စစ်မှန်သယောင် ထင်ရသော
မှားယွင်းသည့် သက်သေအထောက်အထားဖြစ်သည်။

ဉာဏ်ဝင်းစာပေ

# ဤဝတ္ထုတွင် ပါဝင်သော အခန်းများ


| | |
|---|---|
| | အမှာစာ |
| အခန်း (၁) | ထူးဆန်းသော စိန်ခေါ်မှု |
| အခန်း (၂) | တိဗက်သို့ ခရီးထွက်ရန် ပြင်ဆင်ခြင်း |
| အခန်း (၃) | ဦးဝမ်လျှောင်းနှင့် တွေ့ရခြင်း |
| အခန်း (၄) | အန္တရာယ်များနှင့် လက်မတင် |
| အခန်း (၅) | ကေလာသတောင်တော်သို့ ရောက်ရှိခြင်း |
| အခန်း (၆) | ပဒုကျင်းထဲမှ တက်လာသောလူ |
| အခန်း (၇) | မုန်တိုင်းကြားမှ အလင်းရောင် |
| အခန်း (၈) | ကျောင်းပျက်အတွင်းမှ ဝိညာဉ် |
| အခန်း (၉) | ရေခဲပြင်တစ္ဆေ |
| အခန်း (၁၀) | မရဏတောင်သို့ ရောက်ရှိခြင်း |
| အခန်း (၁၁) | ဝိညာဉ်ခေါ်ပွဲ |
| အခန်း (၁၂) | မြေအောက်ခန်းထဲမှ လျှို့ဝှက်ချက် |
| အခန်း (၁၃) | ရွှေဖြစ်နည်းနှင့် လျှို့ဝှက်အကြံအစည် |
| အခန်း (၁၄) | မရဏတောင်မှ လွတ်မြောက်ခြင်း |
| အခန်း (၁၅) | လောဘသား၏ နိဂုံး |
| အခန်း (၁၆) | အလောင်းအစားကြောင့် ဘဝပြောင်းသွားသူ |
| အခန်း (၁၇) | သေမင်းကျော့ကွင်းမှ လွတ်မြောက်သူ |


ဉာဏ်ဝင်းစာပေ

# အခန်း(၁)

## ထူးဆန်းသော စိန်ခေါ်ပွဲ

တစ်နေ့သ၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာ ကုန်းတော်ပေါ်ရှိ ဝေနေယျသုခ ရေချမ်းစင် တည်ရှိရာ တန်ဆောင်းအတွင်းသို့ လူများ တစ်ယောက်ပြီး တစ်ယောက် ဝင်လာနေကြသည်။

ဝေနေယျသုခ ရေချမ်းစင်ကို ၁၂၆၇ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ရာ နှစ်ပေါင်းကြာမြင့်လှပြီ ဖြစ်သည်။

၎င်းရေချမ်းစင် တည်ဆောက်ရာ၌ ရန်ကုန်မြို့တွင်းရှိ ငွေကြေးချမ်းသာသူများ၊ ရာထူးရာခံမြင့်သူများနှင့် ဂုဏ်

သရေရှိကြသည့် လူအတော်များများ ပါဝင်ကူညီ၍ အားတက်သရော ဆောင်ရွက်ကြလေသည်။

အများအားဖြင့်တော့ အစိုးရလုပ်ငန်း တာဝန်များမှ အငြိမ်းစား ယူထားသူများနှင့် အသက်အရွယ်ကြီးရင့်သူ အတော်များများ ပါဝင်ကြလေသည်။

၎င်းတို့သည် တစ်ပတ်တစ်ခါ ဆိုသလို ရေချမ်းစင်ရှိရာ တန်ဆောင်းတစ်ခုထဲမှာ ဆုံကြရင်း ရှေးဖြစ်နောက်ပေါင်းအဖြစ်အပျက်များ၊ ဗဟုသုတရဖွယ်ရာ အကြောင်းအရာများနှင့် ဓမ္မစာပေများအကြောင်း၊ အင်္ဂလိပ်နယ်ချဲ့တို့၏ ယုတ်မာကောက်ကျစ်ပုံအကြောင်းနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေး ရနိုင်သည့် အခြေအနေများအကြောင်းတို့ ကိုယ်သိရာ၊ ကိုယ်သန်ရာ အကြောင်းများကို ပြောဆိုဆွေးနွေးကြသည်။

တကယ်တော့ . . . ဝေနေယျသုခ ရေချမ်းစင်ကို အကြောင်းပြုပြီး နိုင်ငံရေး အခြေအနေနှင့် ဗဟုသုတ ဖလှယ်ကြရာ နေရာတစ်ခု ဆိုကလည်း မမှားပေ . . .။

အချိန်ကာလမှာ ၁၉၁၁ခုနှစ် . . . မြန်မာသက္ကရာဇ် ၁၂၇၃ခုနှစ် အချိန်ပင်ဖြစ်၏။

တိုင်းရင်းသားလူမျိုးများ အားလုံးပူးပေါင်းကာ





နယ်ချဲ့ ဗြိတိသျှကို လက်နက်စွဲကိုင်၍ တိုက်ခိုက်နေသည့် အချိန်ကာလအတွင်း ၁၈၉၇ခုနှစ်မှစ၍ မြန်မာပြည်၌ မြို့ကြီးများဖြစ်သော မော်လမြိုင်မြို့၌ သာသနာ့စာရအသင်းသည်လည်းကောင်း မြင်းခြံမြို့၌ ဗုဒ္ဓကလျာဏမိတ္တအသင်းသည်လည်းကောင်း မန္တလေးမြို့၌ ဗုဒ္ဓဘာသာ သာသနာ့ နုဂ္ဂဟအသင်းသည်လည်းကောင်း ပခုက္ကူမြို့၌လည်း အလားတူဘာသာရေး အသင်းအဖွဲ့များသည်လည်းကောင်း၊ ပေါ်ပေါက်လာကာ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း(ဝိုင်အမ်ဘီအေ)အသင်းကို ဖွဲ့စည်းသည်။

၁၉၁၁(၁၂၇၃)ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ်(ဝိုင်အမ်ဘီအေ) ဟူ၍ ပေါ်ပေါက်လာချိန်လည်း ဖြစ်သည်။

ဗုဒ္ဓဘာသာ အသင်းဟုဆိုသောလည်း ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်ခံဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံရေး လှုပ်ရှားမှုများ၊ လူထုတိုက်ပွဲများကို ဆင်နွှဲကာ ဗြိတိသျှနယ်ချဲ့အစိုးရ၏ ကျွန်သက်ရှည်ရေး စီမံကိန်းကို ကန့်ကွက်ခဲ့ကြသော အသင်းကြီးများ ဖြစ်ကြလေသည်။

ဝေနေယျသုခ ရေချမ်းစင်သို့ အပတ်စဉ် မပျက်မကွက်

ရောက်လာကြသူများထဲတွင် ဒေါက်တာမင်းထင်ကျော်၊ မြန်မာဆေးဆရာကြီး ဦးဗန်ကောင်း၊ ပွဲစားကြီးဦးဘိုးသာ၊ ဝတ်လုံတော်ရ ဦးဘရှင်။ စက်ရှင်တရားသူကြီး ဦးအောင်ဖေ၊ နိုင်ငံခြားပြန် ဆရာဝန်ကြီး ဦးထင်ကျော်၊ သူရိယသတင်းစာမှ အယ်ဒီတာ ဦးလှဖေတို့ ဖြစ်ကြလေသည်။

၎င်းတို့ ခုနှစ်ယောက်ကတော့ အခြား အဖွဲ့သားများ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ အပတ်စဉ် ရောက်လာကာ စကားဝိုင်းဖွဲ့လေ့ ရှိကြသည်။

'ကျုပ်တို့ အဖွဲ့သားတွေကို သတင်းကောင်းတစ်ခု ပြောရဦးမယ်ဗျ'

ဟု ဦးလှဖေက စကားစလိုက်သည်။

'ဘာသတင်းလဲဗျ၊ ဝမ်းသာစရာရှိရင်လည်း မြန်မြန် ဝမ်းသာရအောင် ပြောပါဦးဗျ'

ပွဲစားကြီး ဦးဘိုးသာက ပြောလိုက်သည်။

'တခြားဟုတ်ပါရိုးလားဗျာ။ ကျုပ်တို့ရဲ့ သူရိယသတင်းစာမှာ ဦးဘဖေထည့်လိုက်တဲ့ ကာတွန်းရုပ်ပြောင်တစ်ခုကြောင့် အင်္ဂလိပ်မျက်နှာဖြူတွေရော၊ သူတို့ရဲ့ အလိုတော်ရိတွေပါ မခံမရပ်နိုင်ဖြစ်ပြီး ဆွေ့ဆွေ့ခုန် နေကြပါ ရော့လား။





ဦးဘဖေဆိုသူမှာ အခြားမဟုတ်ပေ။ ဘကြီးဘဖေဟု လူသိများသော မျိုးချစ်စိတ် ထက်သန်လှသည့် ဦးဘဖေပင်ဖြစ်၏။ ဦးဘဖေ ငယ်စဉ်က ဟိုက်စကူးကျောင်း၌ ကျောင်းတက်သွားစဉ် ဆိုင်ကယ်စီးလာသော ပုလိပ်မင်းကြီး အက်ဒေါနင်ရှေ့မှာ ကလေးပီပီ ဖြတ်ပြေးသွားခဲ့မိသည်။

မင်းကြီးရှေ့မှ ဖြတ်ပြေးသွားရကောင်းလားဆိုပြီး အချောင်သက်သက် ဒဏ်ငွေ ၃ ကျပ် အရိုက်ခံခဲ့ရသည်။

လူချင်းတူပါလျက် နားမလည်သော ကလေးအရွယ်မျှပင် မျက်နှာဖြူ အင်္ဂလိပ်ပုလိပ်မင်းကြီးရှေ့မှ ဖြတ်ပြေးမိရုံနှင့် မတရားဒဏ်ရိုက်ခံရခြင်းကို သူ မကျေနပ်ပေ။ ခံပြင်းမိသည်။

ဤသည်ကပင် ကလေးဘဝအရွယ်ကတည်းက ဇာတိသွေးဇာတိမာန် တက်ကြွစေသော အကြောင်းဖြစ်လာခဲ့သည်။ ၁၉၁၁ ခုနှစ်သို့ ရောက်သောအခါ ဦးဘဖေသည် ဦးလှဖေနှင့် တိုင်ပင်ကာ တစ်ယောက်လျှင် ငွေ ၂၅ ကျပ်စီ မတည်ပြီး သူရိယသတင်းစာထုတ်ဝေရန် စိုင်းပြင်းကြသည်။ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်မှ ကြော်ငြာများကို ရိုက်နှိပ်၍ ဝေငှကြသည်။ ကြော်ငြာတွင် . . .

'သူရိယသတင်းစာကြီး ထွက်တော့မည် . . . ဘာသာရေး၊ နိုင်ငံရေးပါမကျန်၊ မိမိတို့ သန်ရာဖတ်ရမည်'

ဟု ပါရှိလေသည်။

နီးစပ်ရာပုဂ္ဂိုလ်များထံမှလည်း အစုရှယ်ယာများ ပါဝင်စေခဲ့သည်။ တစ်ဦးလျှင် ၁၅ ကျပ်ဖြင့် အစုရှယ်ယာ ပါဝင်စေခဲ့ရာ အစုရှယ်ယာငွေပေါင်းငါးထောင်မျှ ရရှိခဲ့လေသည်။ ထိုအစုရှယ်ယာငွေပေါင်း ၅၀၀၀ ကို မတည်၍ သူရိယသတင်းစာကြီးကို ထုတ်ဝေခဲ့လေသည်။

ထိုအချိန်က ဦးဘဖေ၏ အသက်မှာ ၂၈ နှစ်မျှ ရှိနေပေပြီ။ ဦးဘဖေသည် တစ်ဘက်မှ သတင်းစာလုပ်ငန်းကို လုပ်ကိုင်ရင်း အခြားတစ်ဘက်မှလည်း ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကိုလည်း စတင်ထူထောင်ခဲ့သည်။ ဦးဘဖေနှင့်အတူ ဦးမောင်ကြီး (ဆာမောင်ကြီး)၊ ဦးစိန်လှအောင်၊ ဦးဘိုးမြေ၊ ဦးမှန်း၊ ဦးမေအောင်၊ ဒေါက်တာဘရင်၊ ဦးလှဖေ၊ ဦးသိန်းမောင် စသော ခေတ်ပညာတတ်လူငယ်လူရွယ်များ ပါဝင်ခဲ့သည်။

ဦးဘဖေသည် သူရိယသတင်းစာလုပ်ငန်းတွင် အယ်ဒီတာအလုပ်မှစ၍ သတင်းစာခေါက်သည်အထိ အောက်ခြေသိမ်း လုပ်ကိုင်ခဲ့လေသည်။





သူရိယသတင်းစာသည် အခြားသတင်းစာများထက် သတင်းထူးများကို ဦးစားပေးခဲ့သည်။ ဝိုင်အမ်ဘီအေ အသင်းကြီး၏ လှုပ်ရှားမှုများကို အသားပေး ရေးသားဖော်ပြခဲ့သည်။

လှုပ်ရှားမှု အသက်ပါသော သတင်းစာတစ်စောင်ဖြစ်၍ လူကြိုက်များကာ သတင်းစာစောင်ရေ တရိပ်ရိပ်တက်လာခဲ့ပေသည်။ ထိုအချိန်က ရွှေတိဂုံစေတီတော်မြတ်ရင်ပြင်တော်ပေါ်တွင် မျက်နှာဖြူက ဘိနပ်စီး၍ တက်နေကြရာ ထိုသည်ကို မနှစ်သက်သော ဦးဘဖေသည် ကာတွန်းရုပ်ပြောင်ဆွဲပြီး သတင်းစာမှာ ဖော်ပြခဲ့ရာ အင်္ဂလိပ်မျက်နှာဖြူများနှင့် အလိုတော်ရိများက မခံမရပ်နိုင် ဖြစ်ကြလေသည်။

ကာတွန်း၏ရုပ်ပုံမှာ . . .

တောင်ရှည်ပုဆိုးဝတ် ဘုရားလူကြီး၏ကျောပေါ်တွင် မျက်နှာဖြူဇနီးမောင်နှံနှစ်ယောက်တို့က ဘိနပ်မချွတ်ဘဲ ခွစီးထားရင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ကြည့်ရှုနေပုံဖြစ်သည်။ ထိုမျက်နှာဖြူဇနီးမောင်နှံကပင် . . .

'အခုလို ဘိနပ်မချွတ်ဘဲ ဘုရားပေါ် လှည့်လည်ကြည့်ရသဖြင့် ကျေးဇူးတင်ပါတယ်'

ဟု ပြောနေကြသော စကားကိုပင် ထည့်ထားလိုက်

သေးသည်။ ထိုကာတွန်းကို ရွှေတလေးခေါ် ဦးဘကလေးက ရေးဆွဲပေးခဲ့သည်။ ထိုကာတွန်းကြောင့် ပုလိပ်မင်းကြီး မျက်နှာဖြူ ရုပ်တဲ(လ်)ဝပ်(သ်)က ဦးဘဖေနှင့် ဦးလှဖေတို့ကို ခေါ်မေးလေသည်။

ဦးဘဖေတို့ကို ခေါ်ထားသော်လည်း ပုလိပ်မင်းကြီး စားပွဲရှေ့မှာ ထိုင်စရာဟူ၍ ဘာမှမထားဘဲ ဖျာကလေး တစ်ချပ်သာ ခင်းထားလေသည်။ ဦးဘဖေနှင့် ဦးလှဖေတို့က မထိုင်ကြဘဲ မတ်တပ်ရပ် လျက်ကပင် . . .

'ဗွတ်တမောနင်း မစ္စတာ ရုပ်တဲ(လ်)ဝပ်(သ်)'

ဟု နှုတ်ဆက်လိုက်ကြသည်။

ပုလိပ်မင်းကြီးက မျက်နှာထားခပ်တင်းတင်းနှင့်။

'ကာတွန်းဘာ့ကြောင့် ထည့်ရတာလဲ'

ဟု အင်္ဂလိပ်လိုမေးသည်။

ထိုအခါ ဦးဘဖေက . . .

'ပုလိပ်ဟာ ပုလိပ်အလုပ်ဘဲ လုပ်ပါ၊ သတင်းစာ အလုပ်ကို ဝင်မရှုပ်ပါနဲ့၊ ဒီမယ်ဟော့ကောင် မင်းက တို့ကို တမင် ခေါ်ပြီးညစ်တာ တို့ထိုင်ဖို့ နေရာတောင် မပေးဘူး ဒီလို မစော် ကားနဲ့၊ နောင်ကို ဒီလိုစော်ကားရင်တော့ ငါနေမယ်မဟုတ် ဘူး ပြန်စော်ကားမှာပဲ'





ဟု ပြန်ပြောလေရာ ပုလိပ်မင်းကြီးက သူ့ကို သည်လို ခံပြောရမလားဟု ကုလားလို ဆဲဆိုမောင်းထုတ်လေရာ ဦးဘဖေကလည်း ခေါင်းငုံ့မခံတဲ တစ်ခွန်းမခံ ပြန်ဆဲကာ စားပွဲ ပေါ်ရှိ မှင်ဦးလုံးနှင့် ဆွဲရိုက်မည်ပြုရာ ဦးလှဖေက အတင်းဆွဲ ခေါ်ခဲ့ရလေသည်။

'အဲဒီ ကာတွန်းလေးတစ်ကွက်ကြောင့် ဝိုင်အမ်ဘီအေ အသင်းကြီးတစ်ခုလုံးလည်း အတော်ကို ပွတ်လောရိုက် သွားတာကလည်း ပုလိပ်မင်းကြီးနဲ့ ဖက်ပြီး ရန်ဖြစ်ငုံ့တဲ့ ဦးဘဖေရဲ့သတ္တိကိုလည်း အတော်ကလေးချီးကျူးနေကြ တယ်ဗျာ'

ဟု ဦးလှဖေက ပြောသည်။

ထိုစကားကြားသောအခါ စက်ရှင်တရားသူကြီး ဟောင်း ဦးအောင်ဖေက . . .

'ဗမာဆိုတာ မဟုတ်တာမှန်သမျှ နည်းနည်းမှ ငုံ့မခံ တတ်ဘူးဆိုတာ ဒင်းတို့ မျက်နှာဖြူတွေ များများသိလေ ပို ကောင်းလေပဲ'

ဟု ဝင်ပြောလိုက်လေသည်။

ထိုနောက် သူတို့၏ စကားဝိုင်းမှာ အရှိန်ရလာပြီး

အကြောင်းအရာလည်း စုံလာလေတော့သည်။ အတန်ကြာသောအခါ နိုင်ငံခြားပြန်ဆရာဝန်ကြီး ဦးထင်ကျော်က . . .

'ဒီကနေ့တော့ ကျုပ်တို့တတွေ ဗဟုသုတလည်းရ စိတ်ဝင်စားဖို့လည်း ကောင်းတဲ့ အကြောင်းအရာတစ်ခုကို ဆွေးနွေးကြရအောင်လား ဆေးပညာနဲ့ ပတ်သက်တာ တစ်ခုခုပေါ့'

ဟု ပြောလိုက်ရာ အားလုံးကတော့ ဆရာဝန်တစ်ယောက်မို့ သူကျွမ်းကျင်သော ဆေးပညာအကြောင်းကို စကားစလိုက်သည်ဟု စိတ်ထဲမှာကြိတ်၍ ထင်လိုက်မိကြသည်။

'ဘယ်လို အကြောင်းအရာမျိုးလဲ'

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

'အရှေ့တိုင်းဆေးပညာနဲ့ အနောက်တိုင်းဆေးပညာက ဘယ်သူက အရင်စောပြီး ပေါ်သလဲဆိုတာနဲ့၊ ဘယ်ဆေးပညာက ပိုပြီး အစွမ်းထက်သလဲဆိုတာ သိချင်တာပါ'

'ဦးထင်ကျော်ရဲ့ အထင်ကရော ဘယ်လိုရှိလို့လဲ'

ဦးဗန်ကောင်းက ပြန်မေးလိုက်သည်။

'အရှေ့တိုင်းဆေးပညာ အတတ်တွေ့တယ်၊ ဘယ်အချိန် ဘယ်ကာလက စပြီး ပေါ်ပေါက်ခဲ့တယ်ဆိုတာက





တော့ ကျွန်တော် မသိပါဘူး။ အနောက်တိုင်း ဆေးပညာကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀၀ ဘီစီခုနှစ်လောက်က စပြီး ပေါ်ပေါက်ခဲ့တယ်လို့ ဆေးပညာရဲ့ ဖခင် ဟစ်ပိုရေးတီး (Hippocrates) က ပြောထားခဲ့တာပဲ၊ ဒီအတိုင်းဆိုရင်တော့ အနောက်တိုင်းဆေးပညာက အရင်စောမယ်ထင်တာပဲ'

ထိုစကား ကြားသောအခါ ဦးဗန်ကောင်းက ဘယ်လို ပြန်ပြောမည်ကို မသိရသေးသော်လည်း ဒေါက်တာမင်းထင်ကျော် အပါအဝင် ကျန်လူများကတော့ စိတ်ဝင်စားနေကြသည်။

ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကာ ပွဲကြီးပွဲကောင်းတော့ ဖြစ်ကြလေပြီဟု စိတ်ထဲမှ ထင်လိုက်ကြသည်။

ဦးဗန်ကောင်းက ပါးစပ်ထဲမှာ တမြုံ့မြုံ့ဝါးနေသော ကွမ်းဖပ်မှ ထွက်သည့် ကွမ်းသွေးရည်များကို ထွေးခံတစ်လုံးထဲ ထွေးထည့်လိုက်ပြီးမှ စကားစသည်။

'ဆေးပညာဘယ်တုန်းက ပေါ်သလဲဆိုရင် . . .ကမ္ဘာမြေပေါ်မှာ လူတို့ တိရစ္ဆာန်တို့ စတင် ပေါ်ပေါက်လာကတည်းက ရောဂါဝေဒနာဆိုတာ တစ်ခါတည်း ကပ်ပါလာတာပဲ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာရဲ့ အရှေ့မှာပဲနေနေ၊ အနောက်မှာပဲနေနေ၊ သက်ရှိသတ္တဝါတွေ မှန်သမျှ ဓာတ်ကြီးလေးပါး

နဲ့ ဖွဲ့ထားတာဆိုတော့ ရောဂါဆိုတာ ရမှာပါဘဲ။ ရောဂါရတာနဲ့ ပျောက်အောင် ကုသဖို့ နည်းလမ်းရှာကြရတယ်။ ဒါကြောင့် ဆေးပညာရဲ့ အစဟာ လူသားတွေစပေါ်ကတည်းကဆိုရင် မမှားပါဘူး'

'လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၀၀ နဲ့ ၁၀၀၀၀ လောက်အကြား ခတ်ကျောက်ခေတ်သစ် လူသားတွေဟာ ရေပူစမ်းရေကို သောက်ဆေး၊ ကိုယ်စိမ်ဆေးအဖြစ် အသုံးပြုခဲ့ကြတယ်၊ ဆွစ်ဇာလန်ပြည်မှာ ရှေးဟောင်းသုတေသီတို့က ရေပူစမ်းတစ်ခုကို ကြေးညိုခေတ် (Bronze Age) သို့မဟုတ် ဒီထက်စောတဲ့အချိန်က အသုံးပြုခဲ့တယ်လို့ မှတ်တမ်းပြုခဲ့ကြတယ်'

'ဒီလိုဖြင့် ကျုပ်တို့ဆီမှာလည်း အခု ဒီကာလ နှစ်ပေါင်းမရေမတွက်နိုင်တဲ့ အချိန်လောက်ကပဲ စရဏံသံဟိတာဆေးပညာကို ဣန္ဒြ(သကြား)ထံက ရသေ့တွေက သင်ယူခဲ့ပြီး ကတ(သစ္စ) ယုဂ်အဆုံးမှာ အနာရောဂါတွေ ဝင်လာလို့ လူတွေကို ကုသပေးခဲ့ရတယ်လို့ အဆိုရှိပါ့ဗျာ...'

ဦးဇန်ကောင်းက အားကျမခံ ချက်ကျလက်ကျ ပြန်ပြောလိုက်သဖြင့် ကျန်လူများက သဘောကျစွာ ပြုံးလိုက်ကြသည်။





'အနောက်တိုင်းဆေးပညာနဲ့ ပတ်သက်ပြီး ခွဲစိပ်ကုသတဲ့ ပညာမှာတော့ အရှေ့တိုင်းက ဆေးပညာရှင်တွေ မမီသေးတဲ့ အချက်တွေရှိတယ်။ ဘာကြောင့် ခတ်ကျောက်ခေတ်သစ်ကာလလောက်မှာပဲ လူတစ်ယောက်ရဲ့ ဦးခေါင်းခွံကို အပေါက်ဖောက်ပြီး ကုသခဲ့တယ်။ ဦးခေါင်းခွံကို ဖောက်တဲ့နေရာမှာလည်း ကျောက်လက်နက်ပစ္စည်းကို သုံးပြီး ခွဲခဲ့တာ၊ အဲဒီ ခွဲစိပ်ခံရတဲ့လူတွေ အသက်ရှင်ခဲ့တဲ့ အထောက်အထားတွေ တွေ့ခဲ့ရတယ်၊ အံ့သြစရာ မကောင်းပေဘူးလား'

'ဒါ ဘာများဆန်းသလဲဗျာ . . .၊ ကျုပ်တို့ အရှေ့တိုင်းဆေးပညာမှာလည်း ဒီလို ခွဲစိပ်ကုသတဲ့ အတတ်ပညာတွေ ရှိခဲ့တာပဲ၊ စရဏသံဟိတာကျမ်းထဲမှာ . . .

(၁) ကာယ (တစ်ကိုယ်လုံး ကုသမှုအတတ်)

(၂) သလကျ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းပိုင်းဆိုင်ရာအတတ်)

(၃) သလ္လ (ခွဲစိပ်မှုနဲ့ ဝမ်းဆွဲအတတ်)

(၄) အဂဒ (အဆိပ်ဖြေဆေးနဲ့ပတ်သက်တဲ့အတတ်)

(၅) ဘူတ (စုန်း၊ နတ်၊ တစ္ဆေ၊ ဘုတ်၊ စိတ်ပညာဆိုင်ရာအတတ်)

(၆) ကောမာရဘစ္စ (သူငယ်နာဆိုင်ရာအတတ်)

(၇) ရသာယန (အသက်ရှည်မှုကို စီမံသောအတတ်)

(၈) ဝါဇီကရဏ (ဖိုမလိင်နှင့် သက်ဆိုင်သော အတတ်)

ဆိုပြီး ဖော်ပြထားတာပဲ၊ သုယုတကျမ်းမှာဆိုရင် သလ္လစိကိစ္ဆာဆိုတဲ့ ခွဲစိပ်မှု အတတ်ပညာကို ဦးစားပေးပြီး ရေးထားတာပဲ၊ ဆရာဇီဝကလက်ထက်မှာဆိုရင် လူ တစ်ယောက်ကို မေ့ဆေးမသုံးရဘဲ ဦးခေါင်းခွံကို ဖွင့်လှစ်ကုသနိုင်တာ တွေ့ရှိနေပြီ'

ဦးဗန်ကောင်းက အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပြောလေရာ ဒေါက်တာဦးထင်ကျော်မှာ ဘယ်လိုဆက်ပြောရမှန်း မသိအောင် ဖြစ်နေလေတော့သည်။

ဒေါက်တာဦးထင်ကျော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်ဘဲ အခြားဘာသာဝင်တစ်ဦးဖြစ်သော်လည်း အပေါင်းအသင်းများကို ခင်မင်လှသောကြောင့် ချိန်းထားသော နေ့များတွင် ဆေးခန်းပိတ်ထားခဲ့ပြီး အရောက်လာလေ့ရှိသူဖြစ်၏။

သူသည် ဦးဗန်ကောင်းကို စကားဖြင့် အနိုင်ပြော၍ မရမှန်းသိသော်လည်း မိတ်ဆွေများရှေ့မှာ စထားမိပြီဖြစ်သောကြောင့် လွယ်လွယ်နဲ့တော့ အလျှော့ပေးချင်ပုံ မရပေ။





ထိုအခါ ဝတ်လုံတော်ရ ဦးဘရှင်က အချီအချ ဖြစ်နေသဖြင့် စိတ်ဝင်စားဖို့ ကောင်းနေသော စကားထက် တစ်ခုပြတ်သွားမည်ဆိုသောကြောင့် ရှေ့နေပီပီ ကြားထဲမှ စကားဝင်ထောက်ပေးလိုက်လေသည်။

'ဘယ်လိုလဲ ဦးဆင်ကျော်၊ ဒီတစ်ချီတော့ ခင်ဗျားဦးဗန်ကောင်းကို လက်မြှောက်အရှုံးပေးရတော့မယ် ထင်ပါရဲ့'

'ဒီလိုနဲ့တော့ လွယ်လွယ် အရှုံးပေးလို့ ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဘာပဲပြောပြော ရောဂါတစ်ခု ဖြစ်လာတဲ့အခါလျှပ်တပြက်သက်သာအောင် ကုသတဲ့နည်းကတော့အနောက်တိုင်းဆေးပညာကို ဘယ်နည်းနဲ့မှ မမီနိုင်ပါဘူး၊ အကြောထဲကို ဆေးရည်ရောက်ဖို့ အပ်နဲ့ ထိုးသွင်းတဲ့နည်းကတော့ ကျုပ်တို့က သာမယ်ထင်ပါတယ်'

ဟု ပြောလိုက်သည်။

'ခင်ဗျားမှားနေပြန်ပြီဗျ ဦးထင်ကျော်၊ မြန်မာ့ဓာတ်ပညာဆိုရင် အနံ့ပေးပြီး ကုတာရှိတယ်၊ အစေးကနေအငွေ့အထည်ပြုပြီး ကုလို့ ရတာရှိတယ်၊ ခင်ဗျားတို့ရဲ့အနောက်တိုင်းဆေးပညာက လူချင်းတွေ့မှ ကုလို့ ရတာ၊ လူမမြင်ရရင် ဘယ်လိုမှ ကုလို့ မရဘူး မဟုတ်လား'

'ဒါ ... ဒါကတော့'

'ကျုပ်တို့ရဲ့ မြန်မာ့နန်းတွင်း သံကြားရုပ်မြင်ဆိုတဲ့ ကုထုံးဟာ ရောဂါသည်ကို ထိရကိုင်ရဖို့ ဝေးရော၊ လူကို မမြင်ရဘဲ အသံကြားရရုံနဲ့ ရောဂါပျောက်အောင် ကုသလို့ ရတယ်၊ ရှေးအခါက နန်းတွင်းသူ သမီးတော်တွေ မိဖုရားတွေ ရောဂါဖြစ်ရင် သမားတော်က အတွင်းဆောင်ကို မဝင်ရဘဲ ကန့်လန့်ကာ ၇ ထပ် ကာရံထားတဲ့ အတွင်းက လူနာကို ကန့်လန့်ကာ အပြင်ဘက်က အသံကြားရုံနဲ့ ရောဂါပျောက်အောင် ကုပေးရတယ်၊ မဆန်းဘူးလား'

'ကိုင်း ဒီလိုဖြင့် ရှေးက ဒီပညာတွေ တကယ်ရှိခဲ့တယ်ဆိုရင် အခု ဘယ်မှာလဲ၊ ကျွန်တော်တို့ အနောက်တိုင်းဆေးပညာမှတ်တမ်းတွေက အချိန်မရွေး လေ့လာနိုင်တယ်

ဟု ဒေါက်တာထင်ကျော်က မနိုင်နိုင်အောင် ပြောလေတော့သည်။

ထိုစကားကြောင့် ကျန်လူများမှာ သူတို့နှစ် ယောက် ဘယ်လိုများ အဆုံးသပ်ကြမည်ကို စိတ်ဝင်စားကြ လေသည်။

'ဒီဆေးပညာ မှတ်တမ်းတွေက ရှိပါတယ်၊ ဒါဖြင့် ဒီမှာတော့ မဟုတ်ဘူး'





'ဒါဖြင့် ဘယ်မှာရှိသလဲ'

'တိဗက်မှာ ရှိတယ်'

'တိဗက်မှာ ရှိတယ်ဟုတ်လား၊ လက်တွေ့မမြင်ရဘဲနဲ့ ကျွန်တော်က ဒါတွေကို ဘယ်လို ယုံရမှာလဲ'

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း မျက်မှောင်ကြုတ်ကာ အတန်ကြာအောင် စဉ်းစားနေလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဦးဗန်ကောင်းနှင့် အရင်းနှီးဆုံးမိတ်ဆွေဖြစ်ရာ ဦးဗန်ကောင်းတစ်ယောက် ဘယ်လိုများ အဖြေပေးမည်ကို သိချင်နေသည်။

စကားဝိုင်းတစ်ခုလုံးမှ အပ်ကျသံမျှပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ရွှေတိဂုံစေတီတော်ကြီး အထက်ပစ္စယံဆီမှ ဆည်းလည်းသံများက သာယာဖွယ် ပေါ်ထွက်နေလေသည်။

အတန်ကြာမှ ဦးဗန်ကောင်းက ...

'ဒီမှတ်တမ်းတွေကို ယူဖို့ ရနိုင်ဖို့ဆိုတာ အတော်ခက်ခဲတဲ့ ကိစ္စပါပဲ၊ ဒါပေမယ့် ခင်ဗျားနဲ့ကလည်း ပြောထားပြီးသားဆိုတော့ မတတ်နိုင်တော့ဘူး၊ တကယ်လို့ ကျုပ်က ဒီ မှတ်တမ်းနဲ့ သက်သေခံ အထောက်အထားတစ်ခုခု ပြနိုင်

ရင် ခင်ဗျားဘက်က ဘာလုပ်ပေးမှာလဲ'

ဦးဇန်ကောင်း၏ လေသံမှာ သာမန်လေသံမျိုး မဟုတ်တော့ဘဲ စိန်ခေါ်မှုကို တုံ့ပြန်သော မာန်ထည့်ထားသော လေသံမျိုးဖြစ်သည်။ သူသည် တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ် ချက်ချလိုက်ဟန်လည်း ရှိနေသည်။

'ကောင်းပြီလေ၊ ကျုပ် ဦးဇန်ကောင်းကို ၃ နှစ်အချိန်ပေးမယ်၊ သုံးနှစ်အတောအတွင်းမှာ ခင်ဗျားက အဲဒီမှတ်တမ်းတွေကို ပြပေးနိုင်တယ်ဆိုရင် ကျုပ်ဘာသာပြောင်းပြီး ခင်ဗျားတို့ ဘာသာကို ဝင်ပြီး ခင်ဗျားဆီမှာ တပည့်ခံမယ်'

'ဟင် . . .'

'ဟာ . . .'

ဘေးနားမှ နားထောင်နေသူများမှာ တအံ့တသြဖြစ်ကြရုံမက အထိတ်တလန့်လည်း ဖြစ်သွားကြသည်။

'စဉ်းစားကြပါဦး၊ အချင်းချင်းတွေပဲ၊ ဒီလောက်ပြောရဲဆိုဖို့ မသင့်ပါဘူး'

'ဟုတ်ပါတယ်ဗျာ၊ ဦးဇန်ကောင်းကလည်း လျှော့လိုက်၊ ဒေါက်တာကလည်း လျှော့လိုက်ပါဗျာ၊ ကိုယ့်မိတ်ဆွေတွေပဲဟာ'





ထိုသို့ ဝိုင်းဝန်းပြောဆိုကြသော်လည်း ဦးဇန်ကောင်းက သာမာန်ကိစ္စကို ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် . . .

'ရပါတယ်ဗျာ၊ ကျွန်တော့်အတွက် ဒီလောက် စိတ်မပူကြပါနဲ့၊ ပညာရပ်တစ်ခုအတွက် ဒီလို စိန်ခေါ်မှုမျိုးက အလွန်ပဲ ကောင်းပါတယ်၊ ကိုင်း ဦးထင်ကျော် ကျုပ် နောက်တစ်ပတ်လောက်ဆိုရင် ခရီးထွက်တော့မယ်ဗျို့၊ ခင်ဗျား လေ့လာချင်တဲ့ မှတ်တမ်းတွေကို ၃ နှစ်မပြည့်ခင် ခင်ဗျားဆီကို ရအောင် ယူလာနိုင်အောင် ကြိုးစားခဲ့ပါ့မယ်၊ တကယ်လို့ ဒီကနေ့ကနေ နောက် ၃ နှစ်ပြည့်လို့မှ ကျုပ် ပြန်ရောက်မလာရင်တော့ ကျုပ်ရှုံးပြီလို့သာ မှတ်လိုက်ပေတော့၊ ကဲ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ ခရီးထွက်ဖို့ စီစဉ်စရာလေးတွေ စီစဉ်ရမှာမို့ ကျုပ်သွားတော့မယ်ဗျို့'

ဟု ပြောဆိုကာ ဦးဇန်ကောင်းသည် ဇရပ်ပေါ်မှ ဆင်းသွားလေရာ အားလုံးမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

✤ ✤ ✤

## အခန်း (၂)

## တိဗက်သို့ ခရီးထွက်ရန် ပြင်ဆင်ခြင်း

ဒေါက်တာမင်းထင်ကျော်မှာ မိမိအိမ်သို့ ပြန်ရောက်သည့်တိုင် ကောင်းစွာ စိတ်မဖြောင့်နိုင်ဘဲ နောက်တစ်နေ့ နံနက်စောစောအချိန်တွင် မိမိ မော်တော်ကားလေးဖြင့် ဦးဇန်ကောင်းနေထိုင်သော ပက်ကလိန်း (ကုတ္တိုင်း) ဘက်သို့ ထွက်ခဲ့လေသည်။

ဦးဇန်ကောင်းသည် ကုတ္တိုင်းဘက်တွင် ခြံကျယ်ကြီးတစ်ခြံဖြင့် အိမ်တစ်လုံးဆောက်လုပ်ကာ တစ်ယောက်တည်း

နေထိုင်သူဖြစ်လေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ၎င်းနေထိုင်ရာအိမ်သို့ မကြာခဏ ရောက်ဖူးလေသည်။

၎င်း၏ စကားသံ ကြားသောအခါ ခြံစောင့်ဖြစ်သူက တံခါးလာဖွင့်ပေးသည်။ ခြံဝန်းထဲသို့ မောင်းဝင်သွားသောအခါ အိမ်ထဲမှ ဦးဇန်ကောင်း ထွက်လာလေသည်။ သူ့လက်ထဲမှာ သင်္ကန်းကဲ့သို့ အဝတ်စများကို ကိုင်ထားလေသည်။

'လာဟေ့ မောင်ထင်ကျော်၊ မင်းရောက်လာမှန်း သိလို့ ကျုပ်က မနက်ကတည်းက မျှော်နေတာကွယ့်'

'မနေ့ကတည်းက လာချင်နေတာ၊ အလုပ်ကမပြီးလို့သာ နေရတာ၊ ဒါထက် လက်ထဲမှာ ကိုင်ထားတာ သင်္ကန်းစတွေလား'

'ဟုတ်ပ၊ တိဗက်လားမားကြီးတွေ ဝတ်တဲ့ သင်္ကန်းတွေပဲ'

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က များစွာ အံ့သြသွားပြီး . . .

'ဒါထက် မနေ့က ဒေါက်တာဦးထင်ကျော်နဲ့ လောင်းကြေးထပ်ကြတဲ့ ကိစ္စက တကယ်ပဲပေါ့'

ဟု တအံ့တသြ မေးလိုက်လေသည်။





'တကယ်ပေါ့ကွယ်'

ဦးဇန်ကောင်းက အရေးမကြီးသလို ပြန်ပြောလိုက်သည်။

'ဒါဖြင့် ဦးဇန်ကောင်းက တိဗက်ကို သွားဖို့ ကိစ္စက အရင်ကတည်းက စိတ်ကူးရှိထားတာပေါ့'

ထိုစကားကြားသောအခါ ဦးဇန်ကောင်းက သဘောကျစွာ ပြုံးလိုက်လေသည်။

'မောင်ရင်လည်း ကျုပ်နဲ့ ပေါင်းလာတာ ကြာပြီမို့လား မပြောတတ်ဘူး။ အတွေးအခေါ်တွေ အတော်လေး ကောင်းလာပြီ၊ ဟုတ်တယ်၊ တိဗက်ကို သွားဖို့ အစီအစဉ်က အရင်ကတည်းက ကျုပ်မှာ ရှိနေတာ၊ ဒါပေမယ့် သွားသင့် မသွားသင့်ချိန်ဆနေတာ'

'ဒါဖြင့် ဦးထင်ကျော်နဲ့ ဘာကြောင့် အလောင်းအစား လုပ်ကြတာလဲ'

'အလောင်းအစားက တမင်လုပ်တာပါ၊ တစ်ယောက်နဲ့တစ်ယောက် ဒီလို အလောင်းအစားလုပ်လိုက်တော့မှ ကျုပ်အနေနဲ့ ဒီခရီးကို မဖြစ်မနေ သွားရဖို့ တွန်းအားဖြစ်လာတော့တာပေါ့၊ အရင်က သွားဖို့ အစီအစဉ်ရှိပေမယ့် သွားသင့်မသွားသင့် ချိန်ဆနေတာနဲ့ အတော်ကြာနေတာ၊ သူနဲ့ အလောင်း

အစားလုပ်လိုက်တော့မှပဲ အခုတော့ မဖြစ်မနေ သွားရတော့မှာ၊ ဒီအတွက် ကျုပ်က ဒေါက်တာဦးထင်ကျော်ကိုတောင် ကျေးဇူးတင်နေတာ'

ဟု ပြောပြလေသည်။

'ဖြစ်မှ ဖြစ်ရလေ ဦးဗန်ကောင်းရယ်၊ ကိုယ်ဖာသာသွားရင် အချိန်မရွေးရတဲ့ ခရီးတစ်ခုကို အခုလို လူအများရှေ့မှာ ကတိကဝတ်တွေ ထားခဲ့ရတယ်လို့၊ တကယ်လို့ ပြောတဲ့အတိုင်း မအောင်မြင်ရင် မခက်ပေဘူးလား'

ဟု ဒေါက်တာမင်းထင်ကျော်က စိုးရိမ်ပူပန်သောလေသံဖြင့် ပြောလိုက်လေသည်။

'လူ့ရဲ့သဘောက အနောက်ဘက်က တွန်းအားတစ်ခုရှိမှ ခက်ခဲတဲ့အရာတွေကို အောင်မြင်အောင် လုပ်လေ့ရှိတယ်၊ သေဘေးနဲ့ ကြုံနေတဲ့ လူဟာ ဘယ်လို အခက်အခဲမဆို ရအောင်ကျော်ဖြတ်မှာပဲ၊ မတတ်သာမှသာ အသေခံရမှာ။ ဒီလိုပဲ သိပ်ပြီး ဆင်းရဲလွန်းလို့ မခံချင်စိတ်နဲ့ ကြိုးစားကြသူတွေဟာ တစ်နေ့မှာ ချမ်းသာကြွယ်ဝတဲ့ ဘဝကို ရောက်ကြရတယ်၊ လူတစ်ယောက်မှာ နောက်ဘက်က တွန်းအားရှိတဲ့ အရာတစ်ခု ရှိနေဖို့ လိုတယ်၊ ဒါမှ ဘယ်လို အခက်အခဲမဆို အောင်မြင်အောင် လုပ်နိုင်မှာပေါ့'





'ဒါထက် ဦးဗန်ကောင်း တိဗက်ကို ရောက်ဖူးတယ်ပေါ့'

'ရောက်ဖူးပါတယ်၊ စစ်မဖြစ်ခင်ကဆိုရင် နည်းအမျိုးမျိုးနဲ့ကို ရောက်ခဲ့ဖူးပါတယ်'

'ဒါဖြင့် ဦးဗန်ကောင်း ပြောတဲ့ စရဏသံဟိတာဆေးကျမ်းကရော တကယ်ရှိတာပဲပေါ့'

'ရှိတာပေါ့၊ ဒါတင်ဘယ်ကမလဲ၊ တခြားဆေးကျမ်းတွေရော၊ ဗေဒင်ကျမ်းတွေရော ရွှေဖြစ်တဲ့ လုပ်နည်းကျမ်းတွေပါ ရှိတာဗျ'

'ဘယ်နေရာမှာ ရှိတာလဲဟင်'

'မရဏတောင်ပေါ်က လားမားဘုန်းတော်ကြီးတွေရဲ့ ဂူတွေထဲမှာ ရှိတာပေါ့'

'ရှိတာကတော့ ဟုတ်ပါပြီ၊ အလွယ်တကူ ယူလို့ ရပါ့မလား'

'ဘယ်ရလိမ့်မလဲ၊ အသက်နဲ့ရင်းပြီး ရအောင် ယူရမှာ၊ အဆင်မသင့်ရင် သေချင်လည်း သေမှာပဲ'

'ဒီလောက်တောင် ခက်ခဲတဲ့အလုပ်လား'

'ပြောတာနဲ့ကို ပိုခက်တယ်၊ လားမားဘုန်းတော်ကြီးတွေနေတဲ့ ဂူထဲရောက်ဖို့ မပြောနဲ့ မရဏတောင်ပေါ်ကို တက်

ဖို့တောင် လှျို့ဝှက်လမ်းမသိရင် တက်လို့ မရဘူး၊ အပေါ် ရောက်ခဲ့ရင်လည်း ပြန်လမ်းမရှိဘဲ သေတာများတယ်၊ ဒါကြောင့် မရဏတောင်လို့ နာမည်တွင်နေတာပေါ့'

'ဦးဇန်ကောင်းက တိဗက်အကြောင်းကို အတော် ကလေး သိထားပုံရတယ်၊ ကျွန်တော့်ကိုလည်း ပြောပြပါဦး'

တိဗက်ဒေသကို တရုတ်တို့က ဇီချန် (Xizang) ဟူ၍ ခေါ်သည်။ တိဗက်ပြည်၏ ဧရိယာအကျယ်အဝန်းမှ စတုရန်း မိုင် (၇,၀၀,၀၀၀) မျှရှိပြီး မြန်မာနိုင်ငံ ဧရိယာထက် သုံးဆခန့်မျှ ကျယ်ဝန်းလေသည်။

သို့သော် ... ကမ္ဘာပေါ်၌ လူနေအကျဲဆုံး တိုင်းပြည် ဖြစ်သည်။

တိဗက်ရှိ လူဦးရေမှာ တစ်သိန်းရှစ်သန်းခန့်မျှသာ ရှိသည်။ မြန်မာနိုင်ငံ လူဦးရေနှင့်စာလျှင် ၁၅ ပုံတစ်ပုံခန့်မျှ သာ ရှိပေသည်။ တိဗက်ဒေသသည် ကမ္ဘာပေါ်မှာ အမြင့်ဆုံး တောင်တန်းကြီးတွေ ရှိနေသောကြောင့် အခြားနိုင်ငံများနှင့် အဆက်အသွယ်ပြတ်နေရသည်။

သို့သော်လည်း တရုတ်နိုင်ငံနှင့်မူ လွန်ခဲ့သောနှစ် ပေါင်း ၁၀၀၀ ကျော်ခန့်ကပင် ဘာသာရေးအရ အဆက် အသွယ်ရှိခဲ့သည်။

ဉာဏ်ဝင်းစာပေ



တိဗက်ဒေသသည် လူနေထိုင်သည့် ကမ္ဘာ့အမြင့်ဆုံး တောင်ကုန်းတစ်ခုဖြစ်သောကြောင့် 'ကမ္ဘာ့ခေါင်မိုး' (The Roof Of The World) ဟု ခေါ်ကြသည်။

ဝေးလံမြင့်မား ခေါင်လွန်းလှသော ပထဝီအနေ အထားကြောင့် တိဗက်ဒေသကို ကမ္ဘာနှင့် အဆက်အသွယ် ဖြစ်နေသောနေရာဟု ပြောစမှတ်ပြုကြလေသည်။

တိဗက်ဒေသ၏ မြို့တော်မှာ လာဆာမြို့တော်ဖြစ် သည်။ တိုင်းတစ်ပါးသားများကို လက်မခံလိုသည့် ပိတ်ပင် ထားသော မြို့တော် (The Forbidden City) ဟူ၍ တင်စား ပြောဆိုကြလေသည်။

လာဆာမြို့တော်သည် တရုတ်ပြည်၏ အနောက် တောင်ဘက် ပေ ၁၃,၀၀၀ အမြင့် တောင်ထိပ်ပေါ်မှာ တည် နေသော်လည်း ရှေးနှစ်ပေါင်း ၁၂၀၀ ကျော်က ဗုဒ္ဓဘာသာ သာသနာ့ အဆောက်အအုံကြီးများ၊ ဘုရားကျောင်းတော်ကြီး များ၊ ဗုဒ္ဓဂါယာပုံတော် စေတီပုထိုးကြီးများ၊ ဘုရားကျောင်း ကန်များကို တွေ့ရသည်။

လာဆာမြို့တော်တွင် ကမ္ဘာကျော်သာသနာပိုင် ဒလိုင်းလားမား တိဗက်ရဟန်းမင်းကြီး ပိုတာလာ နန်းတော် ကြီးရှိလေသည်။

ဉာဏ်ဝင်းစာပေ

ပိုတာလာနန်းတော်ကြီးမှာ တိဗက်တောင်တန်းရှိ အမြင့်ဆုံး တောင်ထိပ်ပေါ်၌ ရှိသည်။

အထပ်ထပ်၊ အဆင့်ဆင့်၊ အဆောင်ဆောင်၊ အခန်းခန်းများဖြင့် အံ့မခန်း ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ထိုနန်းတော်ကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ နီးပါးလောက်က ပဥ္စမမြောက် ရဟန်းမင်းကြီးက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုနန်းတော်ကြီးကို တိဗက်ပြည်သူပြည်သားပေါင်း ခုနှစ်ထောင်ကျော်နှင့် နှစ်နှစ်ခန့် အချိန်ကြာမြင့်အောင် ဆောက်လုပ်ခဲ့ကြရသည်။

ထို ပိုတာလာနန်းတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံခြားသား ဗိသုကာပညာရှင်များ မပါဘဲ တိဗက် ဗိသုကာ ပညာရှင်၊ အနုပညာလက်ရာများဖြင့် တည်ဆောက်ခဲ့ရာ အထပ်ပေါင်း ၁၃ ထပ်၊၊ အခန်းပေါင်း တစ်သောင်းကျော်ရှိကာ ကမ္ဘာပေါ်ရှိ နန်းတော်တွေထဲမှာ အခန်းဆောင်ပေါင်း အများဆုံးနဲ့ တောင်ထိပ်အမြင့်ဆုံးမှာ ရှိသည့် ထူးခြားလှသော နန်းတော်ကြီး ဖြစ်သည်။

၁၆၉၂ ခုနှစ်မှာ အဖြူရောင်နန်းတော်ကြီးကို တည်ဆောက်ခဲ့ကြပြီး ၁၆၉၃ ခုနှစ်မှာ၊ အနီရောင်နန်းတော်ကြီးအား တည်ဆောက်ပြီးစီးခဲ့ကြသည်။





ပိုတာလာနန်းတော်ကြီးအတွင်းမှာ အဖိုးထိုက်တန်လှသော ကျောက်မျက်ရတနာများဖြင့် မွမ်းမံစီခြယ်ထားသည့် ပလ္လင်တော်ကြီး ရှိသည်။

ထိုပလ္လင်တော်ကြီးမှာ လပြည့်၊ နေ့ကြီးရက်ကြီးတွေမှာ ဒလိုင်းလားမား ရဟန်းမင်းကြီးက အများပြည်သူများအား ပူဇော်ဖူးမြှော်ခံရာ ပလ္လင်ကြီးဖြစ်၏။

နန်းတော်ကြီး၏ မျက်နှာကျက်ကို ကြေးပြားများဖြင့် ပြုလုပ်ထားပြီး ထိုကြေးပြားများပေါ်မှာ ရွှေပြားများကို အပြားခတ်ကာ အုပ်ထားသောကြောင့် ရွှေရောင်တဝင်းဝင်း တောက်ပလျက်ရှိသည်။

တိဗက်ဒေသ၏ မြို့တော်ဖြစ်သော လဆာမြို့တော်၌ အထင်ရှားဆုံး အဆောက်အဦးများလည်း ရှိသေးသည်။

၎င်းမှာ ဂျိုကန် (Jokhang) ဘုန်းတော်ကြီးကျောင်း ပင်ဖြစ်၏။ ဂျိုကန်ဘုန်းတော်ကြီးကျောင်းမှာ လာဆာမြို့ အလယ်လောက်၌ ရှိလေသည်။

ထို့ပြင် .... လာဆာမြို့အစွန်နားမှ ဂျိုကင်းချန်တုန် တောင်ပေါ်၌ ဂျိုကင်း (Joking) ဘုန်းတော်ကြီးကျောင်းလည်း ရှိသေး၏။ ဂျိုကင်းကျောင်းရှိရာ ကျောက်လိုဏ်ဂူတွေထဲမှာ ကြက်သွန်ဖြူ၊ တောင်ဇလပ်ပန်းအဖြူ၊ အချို့က

ရေလောက်ကိုသာ အဟာရအဖြစ် သုံးဆောင်ပြီး တရားကျင့်နေကြသော တောထွက်လားမား ဘုန်းတော်ကြီးတွေ ရှိသည်။

ထိုဂူများထဲမှ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းနှင့် ဆေးကျမ်းများရှိလေသည်။

'အဲဒီဂူတွေထဲမှာရှိတဲ့ တိဗက်လူမျိုးတို့ရဲ့ အာထဗ္ဗဏ ဗေဒင်ကျမ်းကြီးနဲ့ ရှုပ်ကြယ် မွန်းတည့်ကျမ်း နှစ်ဆူရှိတယ်၊ အဲဒီကျမ်းနှစ်ဆူဟာ ကမ္ဘာပေါ်မှာ အထင်ရှားဆုံး ဗေဒင်ကျမ်းတွေထဲမှာ ပါတယ်'

'ဒါဖြင့် အခု ဦးဗန်ကောင်းက အဲဒီနေရာကို သွားမှာလား'

ဟု ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်လိုချင်တဲ့ ဇ ရဏသံဟိတာ ဆေးကျမ်းက အဲဒီနေရာမှာ မရှိဘူး၊ အဲဒီမှာ အခြားဆေးကျမ်းတွေပဲ ရှိတယ်၊ ကျုပ်လိုချင်တဲ့ ကျမ်းက မရဏတောင်ရဲ့ ကျောက်လိုဏ်ခေါင်းထဲမှာပဲ ရှိတယ်'

ဟု ပြောပြလေသည်။

'ယူလို့ရော အလွယ်တကူ ရပ့်မလား'

'လောကမှာ အခက်ခဲဆုံး အလုပ်တစ်ခုကို ပြပါဆိုရင်





အဲဒီ မရဏတောင်ပေါ်ကို တက်ရတဲ့အလုပ်လည်း တစ်ခုပါတယ်၊ ရောက်မရောက် မသေချာလှဘူး။ ဒါပေမယ့် ဦးထင်ကျော်နဲ့က ကတိကဝတ်ပြုထားလေတော့ မရောက်ရောက်အောင်သွားပြီး မရရအောင် ကူးယူရမှာပဲ'

'ဒါဖြင့် ဦးဗန်ကောင်း တကယ်သွားဖို့ ဆုံးဖြတ်လိုက်ပြီပေါ့'

'သွားမယ်လေ၊ အခုပဲ ခရီးသွားဖို့အတွက် အစီအစဉ်တွေ လုပ်နေပြီပဲဟာ'

'အဲသလိုဖြင့် ကျွန်တော်ပါ လိုက်ခဲ့ပါရစေ၊ ကျွန်တော်က အဲဒီလို စွန့်စွန့်စားစား ခရီးမျိုးဆိုရင် စိတ်လည်းဝင်စားတယ်၊ ဝါသနာလည်း ပါလို့ပါ'

ဒေါက်တာမင်းထင်ကျော်က ထိုစကားပြောလိုက်သောအခါ ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် အတန်ကြာအောင် စဉ်းစားနေလေသည်။

'မောင်ရင်က ဒီလိုစွန့်စားရတဲ့ ခရီးတွေကို စိတ်ဝင်စားတယ်ဆိုတာ ကျုပ်က သိပါတယ်၊ ဒါပေမယ့် ဒီ တိဗက်ခရီးစဉ်ကတော့ မလွယ်လှဘူးထင်တယ်'

ဟု တွေးတွေးဆဆ ပြောလေသည်။

'ရပါတယ်၊ ကျွန်တော်လည်း ဦးဇန်ကောင်းနဲ့ အတူတွဲပြီး ခရီးအတူတူသွားခဲ့တာ များပြီပဲ၊ အသက်အန္တရာယ်နဲ့ နီးတာတွေကိုလည်း ကြုံခဲ့ရပြီပဲ၊ ဒီလို အခွင့်အရေးမျိုးက ရခဲလို့ပါ၊ လိုက်ခဲ့ပါရစေ'

ထိုသို့ အတန်တန် ပြောသောအခါ ....

'ဒီလို မောင်ထင်ကျော်ရဲ့ လိုက်ခဲ့တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် မောင်ရင်နဲ့ ကျုပ်နဲ့က ခတ္တမန္တူအထိလောက်ပဲ အတူတူသွားလို့ ရပြီး တိဗက်နယ်ထဲ ရောက်ရင် လူခွဲပြီး သွားကြရမှာ . . .'

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်မှ အံ့ဩသွားလေတော့သည်။

'ဟင် ... ဘာဖြစ်လို့လဲ'

'မရဏတောင်ဂူထဲကို ရောက်ဖို့ မလွယ်သလို၊ တိဗက်လားမားတွေနေတဲ့ ဂူထဲကို ဝင်ဖို့ကလည်း ပိုပြီး ခက်သေးတယ်၊ ဒီအတိုင်းကတော့ ဘယ်နည်းနဲ့မှ ရောက်နိုင်မယ် မထင်ဘူး'

'ဘာကြောင့်လဲဟင်'

'မရဏကျောက်တောင်ဆိုတာ ဝါဆိုဖယောင်းတိုင်





ကြီးတစ်တိုင် ထောင်ထားသလို ပြောင်ချောပြီး မတ်မတ်ကြီး ရှိနေတာ၊ အမြင့်ပေကလည်း သောင်းကျော်မြင့်တယ်၊ တောင်ခြေကနေ မိုင်တစ်ရာပတ်လည်ဝန်းကျင်လောက်မှာ လူနေအိမ်ခြေ လုံးဝ မရှိဘူး'

'ဟင်'

'နောက်ပြီး အဲဒီဒေသမှာ ရာသီဥတုက အမြဲအေးနေပြီး နှင်းတွေကလည်း အမြဲတမ်းလိုလို ဖိတ်နေအောင်ကျနေလေတော့ ပေတစ်သောင်းကျော် မြင့်ပြီး ပြောင်ချောနေတဲ့ ကျောက်တောင်ကြီးအပေါ် ရောက်အောင်တက်ဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စပဲ...'

'ဒါဖြင့် တိဗက်လားမား တွေကရောဘယ်လိုတက်ကြသလဲဟင် ဈာန်ပျံပြီး တော့တက်ကြသလား'

'ဈာန်နဲ့ ပျံတက်တာတော့ မဟုတ်ပါဘူး ကျောက်တောင်ပေါ် ရောက်အောင်တက်တဲ့ လျှို့ဝှက်လမ်းတော့ ရှိပါတယ်၊ အဲဒါကို [illegible] ့ သူတို့လားမားဘုန်းတော်ကြီးတွေလောက်ပဲ သိ[illegible] ...'

'ဒါဖြင့် ဦးဇန်ကောင်းကရော ဘယ်နည်းနဲ့ ရောက်အောင်တက်မှာလဲဟင်'

'ကျုပ်မှာတော့ အကြံအစည်တွေရှိပါတယ် ဒါကြောင့် မောင်ရင်နဲ့ မရဏာတောင်အထိ အတူသွားလို့ မရဘူးလို့ အခုကတည်းက ကြိုပြောတာပေါ့'

'ရပါတယ် တိဗက်နယ်ထဲ ရောက်တော့ ဦးဇန်ကောင်းနဲ့ ကျွန်တော်တို့ လမ်းခွဲပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ သွားကြတာပေါ့။ နောက်တော့ ပြန်ဆုံတာပေါ့'

'ကျုပ်ကလည်း ဒီလိုပဲစိတ်ကူးထားပါတယ်'

'ဒါဖြင့် ကျွန်တော် လိုက်ခဲ့ရမယ်ပေါ့'

'လိုက်ခဲ့လေ၊ မောင်ထင်ကျော်ပါတော့ ကျုပ်အတွက် အားကိုအားထားရတာပေါ့၊ အစီအစဉ်တွေ လုပ်ပြီးရင် ကျုပ်တို့ ဒီတစ်ရက်နှစ်ရက်အတွင်း ခရီးထွက်ကြတာပေါ့'

'ကောင်းပါပြီ'

ထိုသို့ပြောဆိုတိုင်ပင်ပြီးနောက် ဒေါက်တာမင်းထင်ကျော်လည်း ဦးဇန်ကောင်းအိမ်မှ ပြန်လာခဲ့သည်။

✣ ✣ ✣



# အခန်း(၃)
## ဦးဝမ်လျောင်းနှင့် တွေ့ရခြင်း

ခတ္တမန္ဒူမြို့မှာ နီပေါနိုင်ငံအတွင်း၌ ရှိပေသည်။ ဦးဇန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ထိုမြို့သို့ ရောက်အောင် အခက်အခဲအမျိုးမျိုးဖြင့် သွားကြရလေသည်။

ခတ္တမန္ဒူသို့ ရောက်သောအခါ ဦးဇန်ကောင်းက ...

'မောင်မင်းထင်ကျော်ရေ၊ မင်းနဲ့ကျုပ်နဲ့လည်း ဒီနေရာကနေ လမ်းခွဲပြီး သွားကြရတော့မယ်'

ဟု ပြောလေသည်။

‘ကျွန်တော်တို့ နှစ်ယောက် ဘယ်နေရာမှာ ပြန်တွေ့ကြမှာလဲ’

‘ကျုပ်တို့နှစ်ယောက် ပြန်ဆုံမယ့်နေရာကတော့ လာဆာမြို့မှာပဲ၊ အခု လောလောဆယ်က တောခက်မန်ဒူ (ခတ္တမန္ဒူ)က ဟိမာလီဟာ ဆိုတဲ့ ဟော်တယ်တစ်ခုမှာ တည်းခိုဖို့ ကျုပ် စာရင်းပေးထားတယ်၊ မောင်ရင် အဲဒီ ဟော်တယ် ရောက်အောင်သွားပြီး အေးအေးဆေးဆေး နားလိုက်ဦး ပြီးမှ စီစဉ်စရာရှိတာတွေကို အသေးစိတ် စီစဉ်ပေတော့’

‘ဟိုတယ်မှာ စာရင်းပေးထားတယ်ဆိုတော့ ဘယ်သူ့အမည်နဲ့လဲ’

‘မောင်ရင့်နာမည်နဲ့ ကြိုတင်ဘွတ်ကင်ယူထားပြီးသားပါ။ မြန်မာပြည်က လာတဲ့ ဒေါက်တာမင်းထင်ကျော်ဆိုရင် သူတို့ဆီမှာ စာရင်းရှိပါတယ်’

‘ဒါထက် နေစမ်းပါဦး၊ ဦးဇန်ကောင်းက မြန်မာပြည်ကနေ ကျွန်တော်နဲ့အတူတူ လာကြတာ၊ ဘယ်အချိန်ကများ ဟော်တယ်မှာ စာရင်းပေးထားလိုက်တာလဲဟင်’

ဟု တအံ့တသြ မေးလိုက်လေသည်။





‘ကျုပ်မှာလည်း အဆက်အသွယ်တွေ အများကြီးရှိတာပဲ၊ ကိုယ့် အဆက်အသွယ်တွေနဲ့ ကိုယ် ဒီလိုပဲ မှာရတာပေါ့’

ထိုစကားသည် ဒေါက်တာမင်းထင်ကျော်အတွက် များစွာ အံ့သြဖွယ်ရာ ဖြစ်သည်။

ယခုလို ကမ္ဘာစစ်ဖြစ်နေသော အချိန်တွင် မြန်မာနိုင်ငံမှ နီပေါနိုင်ငံသို့ ရက်ပိုင်းအတွင်း အဆက်အသွယ်ရအောင် လုပ်ရသော အလုပ်မှာ တကယ်တော့ လွယ်ကူသော အလုပ်မဟုတ်မှန်း သိသည်။

ဦးဇန်ကောင်း ဘယ်လိုများ ဆက်သွယ်လိုက်ပါလိမ့်ဟု စဉ်းစားနေလေသည်။

‘မောင်ရင်က မြန်မာပြည်ကနေ နီပေါမှာရှိတဲ့ ဟော်တယ်ကို အခန်းရအောင် ဘယ်လိုများ မှာထားသလဲလို့ အံ့သြနေတယ်မဟုတ်လား။ ဒါကတော့ သိပ်မခဲယဉ်းပါဘူး၊ တယ်လီပသီလို့ ခေါ်တဲ့စိတ်ချင်းဆက်သွယ်နိုင်တဲ့နည်းတွေ ရှိတာပဲ၊ လေ့ကျင့်ယူရင် ရနိုင်ပါတယ်’

‘ကျွန်တော်ကတော့ ဦးဇန်ကောင်းကို အံ့သြပြီးရင်း အံ့သြနေတော့တာပဲ’

'ရှေ့မှာ ဒီထက် အံ့ဩစရာ ကောင်းတာတွေ တွေ့ရလိမ့်ဦးမယ်၊ ဂန္ဓာရီလမ်းကို လျှောက်ကြတဲ့ လူတွေဟာ ဒီထက် အံ့ဩစရာကောင်းတာတွေ တွေ့ကြရတတ်ပါတယ်။ ကဲ ကျုပ်သွားတော့မယ်၊ မောင်ထင်ကျော်၊ ကျုပ်တို့ လာဆာမှာ ပြန်ဆုံကြတာပေါ့'

'ကောင်းပါပြီ၊ ကျွန်တော်ကတော့ ဦးဗန်ကောင်းနဲ့ လမ်းခွဲပြီး သွားရတာ စိတ်ထဲမှာ တစ်မျိုးပဲ'

'ဒီအတွက် ဘာမှမပူနဲ့ မောင်ရင်အတွက် ကျုပ် အစီအစဉ်တွေ အားလုံးလုပ်ထားပြီးသားပါ။ ပော်တယ် ရောက်ရင် မောင်ရင်တို့ အကူအညီပေးမယ့် လူတစ်ယောက် လာပြီး ဆက်သွယ်လိမ့်မယ်၊ သူကပဲ မောင်ရင့်ကို မရဏ တောင်ရောက်အောင် လိုက်ပို့ပေးပါလိမ့်မယ်'

'ဟင် . . .တကယ်ပဲလား'

'တကယ်ပြောတာပါ၊ ကျုပ်က မောင်ရင်နဲ့ အတူတူ သွားချင်ပေမယ့် မတတ်သာလို့ လမ်းခွဲရတာ စိတ်မကောင်း ပါဘူး၊ ဒါပေမယ့် မောင်ရင့်အတွက် လမ်းခရီးမှာ အခက်အခဲ မဖြစ်ရအောင် အားလုံး စီစဉ်ပေးထားထဲ့ပါတယ်၊ ကိုင်း သွားတော့မယ် မောင်ထင်ကျော်ရေ'





ဟု ပြောဆိုကာ ဦးဗန်ကောင်းသည် တောင်ဝှေးက တစ်ဖက်၊ ၎င်း၏ လွယ်အိတ်ကြီးကို တစ်ဖက်လွယ်ကာ တစိုက်စိုက်နှင့် ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ မိမိနှင့် စိမ်းလှသော အရပ်ဒေသတစ်ခုတွင် မိမိအနေနှင့် ခင်မင်အားကိုးရသော မိတ်ဆွေကြီးနှင့် လမ်းခွဲလိုက်ရသဖြင့် စိတ်ထဲမှာ အားလျော့ သွားသလို ခံစားရလေသည်။

သို့သော်လည်း ... မိမိအနေနှင့် တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသေးသော ဂမ္ဘီရဆန်သော နယ်မြေတစ်ခုသို့ သွားရတော့မည်မို့ များစွာ စိတ်ဝင်စားမိလေသည်။

ဦးဗန်ကောင်း ထွက်သွားပြီး အတန်ကြာသောအခါ မှ တက္ကစီတစ်စီးငှားကာ ဦးဗန်ကောင်း ပြောထားခဲ့သော ဟိမာလီယာ ပော်တယ်ရှိရာသို့ လာလေသည်။

တကယ်တော့ တိဗက်နယ်မြေသည် သူ့အတွက် စိတ်ဝင်စားဖို့ ကောင်းလှပေသည်။ တိဗက်သည် ကမ္ဘာပေါ် တွင် ဂမ္ဘီရနှင့် သဘာဝအလှ အကြွယ်ဝဆုံးသော နေရာဖြစ် သကဲ့သို့ တစ်ဖက်မှာလည်း အန္တရာယ်ထူပြောလှပေသည်။

ထိုအန္တရာယ်ထူပြောလှသော ခရီးကိုမှ စွန့်စွန့်စား

စားသွားဖို့ ကြိုးစားနေခြင်းမှာ မလွန်ဆန်နိုင်သော တစ်စုံတစ်ရာ၏ အစွမ်းသတ္တိကြောင့်များလားဟု တွေးမိလေသည်။

ဟီမာလီယာ ရောက်သောအခါ ဟော်တယ် မန်နေဂျာရှိရာသို့ သွားကာ မိမိနာမည်နှင့် လိပ်စာကို ပြောပြလိုက်သည်။

'မြန်မာပြည်က နာမည်စာရင်းပေးထားခဲ့တဲ့ ဧည့်သည် ရောက်လာပြီကိုး၊ မိတ်ဆွေအတွက် အခန်းသပ်သပ် စီစဉ်ပေးထားပါတယ်'

ဟု ပြောပြီး ဟော်တယ်အလုပ်သမားတစ်ယောက်ကို ခေါ်ပြီး အခန်းတစ်ခန်းသို့ လိုက်ပို့ခိုင်းလေသည်။

ဒေါက်တာမင်းထင်ကျော်သည် အခန်းထဲ ရောက်ပြီးနောက် ပစ္စည်းများကို နေသားတကျထားပြီး အခန်းအပြင်သို့ ပြန်ထွက်လာခဲ့သည်။ ဟီမာလီယာဟော်တယ်မှာ အယ်လ်ပုံစံရှိပြီး ထောင့်ချိုးနေရာမှာ ရေကန်တစ်ကန် ရှိသည်။

ထိုရေကန်တစ်ဝိုက်တွင် စားပွဲနှင့် ကုလားထိုင်ဖုကလေးများ ချထားလေသည်။ နေရာအတော်များများမှာတော့ ဧည့်သည်များရှိနေရာ အတော်များများကတော့ နိုင်ငံခြား လူမျိုးများ ဖြစ်လေသည်။





သူသည် ရေကန်အစွန်ဘက်ရှိ လွတ်နေသော ကုလားထိုင်သို့ သွားရောက်ထိုင်သောအခါ စားပွဲထိုးတစ်ယောက် ရောက်လာသဖြင့် အချိုရည်နှင့် စားစရာ အချို့ကို မှာယူလိုက်သည်။

ခဏကြာတော့ မှာကြားထားသော စားသောက်စရာများ လာပို့သဖြင့် ပြေစာပေါ်မှာ လက်မှတ်ထိုးပြီး ယူထားလိုက်သည်။

သူတစ်ယောက်တည်း အတွေးကောင်းစွာဖြင့် ထိုင်နေစဉ် စိတ်ထဲမှာ တစ်စုံတစ်ခု ထင်လာမိသဖြင့် နောက်ဘက်သို့ ဖျပ်ခနဲ လှည့်ကြည့်လိုက်သောအခါ ဟော်တယ်ဒေါင့်ချိုးကွေ့တစ်နေရာဆီမှ မိမိရှိရာသို့ စောင့်ကြည့်နေဟန်ရှိသော လူတစ်ယောက်၏ မျက်နှာတစ်ခုကို လှမ်းမြင်လိုက်ရသည်။ ထိုသူမှာ သူ လှည့်ကြည့်လိုက်သောအခါ အကွယ်သို့ ပြန်ဝင်သွားသည်။ စိတ်ထဲမှာတော့ တိုက်ဆိုင်မှုတစ်ခုပဲလို့ ထင်လိုက်မိသော်လည်း ဘဝေါတော့ ဖြစ်သွားမိသည်။

ထိုသို့ တစ်ယောက်တည်း ထိုင်နေစဉ် သူ့အနီးသို့ လူတစ်ယောက် လာရပ်သော အရိပ်ကို သတိပြုမိလိုက်သဖြင့် မော့ကြည့်လိုက်သည်။

ဆံပင်ရှည်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှိသော လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

သူသည် အညိုရောင်အင်္ကျီနှင့် လုံချည်တို့ကို ဝတ်ဆင်ထားပြီး လည်ပင်းမှာ ပုတီးတစ်ကုံး ဆွဲထားလေသည်။

'အခြားမှာ နေရာလွတ်မရှိတော့လို့ မိတ်ဆွေအတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ဒီ စားပွဲမှာ ထိုင်ခွင့်ပြုပါ'

ဟု မြန်မာစကားကို ခပ်ဝဲဝဲ လေသံဖြင့် ပြောကာ ခွင့်တောင်းသဖြင့် အံ့သြသွားလေသည်။

'ထိုင်ပါ ... ထိုင်ပါ'

ဟု ပြောလိုက်သောအခါ ထိုသူက ဒေါက်တာမင်းထင်ကျော် ရှေ့ရှိ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

ထိုအခါ စားပွဲထိုးတစ်ယောက် ရောက်လာသဖြင့် သောက်ရေနှင့် အာလူးကြော်တစ်ပွဲမှာလိုက်လေသည်။

'နောင်ကြီးက မြန်မာလူမျိုးတစ်ယောက် မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ'

'နောင်ကြီးက ဆရာဝန်တစ်ယောက်လား'

'ကျွန်တော်က ဘူမိဗေဒဘာသာရပ်နဲ့ ဒေါက်တာဘွဲ့ ယူထားတာပါ'





'တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည် ဝမ်လျောင်းပါ'

ထိုအခါမှ သတိပြုမိသည်မှာ ထိုသူသည် တရုတ်သွေးပါသူတစ်ယောက် ဖြစ်ကြောင်း အကဲခတ်မိသည်။

'တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ဦးဝမ်လျောင်းက ဘယ်ဒေသက လာတာလဲ၊ မြန်မာစကားကိုလည်း ကောင်းကောင်းပြောတတ်တယ်နော်'

'ကျုပ်က ခွန်လွန်တောင်ကျောပေါ်မှာ နေတာပါ၊ မြန်မာစကားကို ပြောနိုင်တာကတော့ ကျုပ် ငယ်ငယ်က မိဘတွေနဲ့ မြန်မာပြည်မှာ နှစ်အတော်ကြာကြာ နေခဲ့ဖူးလို့ပါ၊ အခုလည်း မိတ်ဆွေကို မြင်လိုက်တော့ မြန်မာလူမျိုးတစ်ယောက်ဖြစ်မယ်ထင်ပြီး မိတ်ဖွဲ့တာပါ'

ဟု ပြောဆိုကာ နှစ်ယောက်သား စကားလက်ဆုံကျ ဖြစ်သွားတော့သည်။

မြန်မာလူမျိုးကို သံယောဇဉ်ရှိသော ဦးဝမ်လျောင်းနှင့် တနယ်တကျေးမှာ မိတ်ဆွေ မရှိသေးသော ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက် ခဏချင်းမှာပင် ရင်းနှီးခင်မင်သွားကြသည်မှာ အဆန်းတကြယ်တော့ မဟုတ်ချေ။

'ဒါထက် ဦးဝမ်လျောင်းက နီပေါကို လာတာ လေ့လာရေးအတွက်လာတာလား'

'ကျုပ်က နီပေါကို လာတာမဟုတ်ဘူး၊ တိဗက်ကို သွားဖို့ ဒီမှာ ခရီးတစ်ထောက် ဝင်နားတာ၊ ဒါထက် မိတ်ဆွေကရော ဘယ်အထိ သွားမှာလဲ'

'ကျွန်တော်လည်း တိဗက်ကို သွားမှာပါပဲ'

'တိဗက်က သွားသင့်တဲ့ နေရာတစ်ခုပါပဲ၊ ပြင်ပ ဗဟိဒ္ဓကို လေ့လာလေ့လာ၊ အတွင်း အဇ္ဈတ္တကိုပဲ ဆန်းစစ်၊ ဆန်းစစ် စိတ်ဝင်စားစရာတွေချည်းပါပဲ'

'ဦးဝမ်လျောင်းက တိဗက်ကို ရောက်ဖူးတယ် မဟုတ်လား၊ ကျွန်တော့်ကို နည်းနည်းလောက် ပြောပြပါလား'

ဦးဝမ်လျောင်းက စားပွဲထိုးကလေး လာချပေးသော သောက်ရေကို တစ်ကျိုက်သောက်ပြီး အာလူးကြော်အချို့ကို ဝါးနေလေသည်။

'တိဗက်နယ်မှာ အများအားဖြင့်တော့ ရုပ်ပိုင်းဆိုင်ရာထက် ဝိဉာဉ်ပိုင်းဆိုင်ရာက ပိုပြီး လေ့လာဖို့ ကောင်းတယ်၊ သူတို့ရဲ့ အဇ္ဈတ္တမှာ ရှိတဲ့ မေတ္တာစွမ်းအင်တွေကို အသုံးပြုပုံတွေက စိတ်ဝင်စားဖို့ ကောင်းလှတယ်၊ ဒါတွေဟာ ရှေးနှစ်





ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ ဂမ္ဘီရဖြစ်စဉ်တွေရဲ့ ကွင်းဆက်တွေဆိုရင်လည်း မမှားပါဘူး'

'ဘယ်လို ကွင်းဆက်တွေများပါလိမ့်'

'အတ္တလန္တိတ်သမုဒ္ဒရာအောက်မှာ နစ်မြုပ်နေတဲ့ မြို့ဟောင်းကြီးဆီက ပညာရပ်တွေ၊ မေရုမြစ်ဝှမ်းက ရှေးဟောင်းယဉ်ကျေးမှုတွေ၊ ဘာမြူဒါတြိဂံက ပျောက်ဆုံးသွားတဲ့ လူတွေရဲ့ ဝိညာဉ်တွေက ကွင်းဆက်တွေကို ရုပ်ဖဲလားက လူတွေက ရထားကြတယ်၊ အဲဒီကမှ တဆင့် တိဗက်က လူတွေက သိသင့်သလောက် သိထားကြတယ်'

'စိတ်ဝင်စားစရာပါလား'

'တကယ်တော့ ဆန်းကြယ်မှုကို ရှာဖွေတဲ့သူဟာ အပြင် ရုပ်ဝတ္ထုကို လေ့လာအကဲခတ်တာနဲ့ အတွင်း အဇ္ဈတ္တရဲက ထူးခြားတဲ့ ဆန်းကြယ်မှုတွေကို လေ့လာမှ ကိုယ်သိချင်တာတွေကို သိနိုင်မှာပါ'

'ဒါထက် ဦးဝမ်လျောင်းက ခွန်လွန်တောင်တန်းတွေပေါ်မှာ တရားကျင့်နေတဲ့သူလား'

'ကျုပ်က အခုမှ တရားကို ရှာဖွေနေဆဲပဲ ရှိပါသေးတယ်၊ အမှန်တရားကို ဆန်းစစ်လေ့လာနေဆဲပဲ ရှိပါသေးတယ်၊ ဒါကြောင့် ခရီးလှည့်နေရသေးတာပေါ့'

'ဒါဖြင့် ဦးဝမ်လျောင်း လိုချင်တဲ့ အမှန်တရားက ဒီ တိဗက်နယ်ထဲမှာ ရှိတယ်လို့ ယူဆထားလို့ ဒီနေရာကို ရောက်လာခဲ့တာလား'

'**အမှန်တရားဆိုတာ** ကမ္ဘာရဲ့ **နေရာအနှံ့အပြားမှာ** ရှိပါတယ်၊ **တွေ့အောင်ရှာနိုင်ဖို့သာ** **အရေးကြီးတာပါ**၊ သစ္စာလို့ ခေါ်တဲ့ **အမှန်တရားကို** ရှာဖွေလို့တွေ့ရင် အလုပ်ဆက်လုပ်လို့ ရပါပြီ'

'ဟင် ... သစ္စာတရားကို တွေ့ပြီဆိုတာနဲ့ ကိစ္စက မပြီးသေးဘူးလား'

'မပြီးသေးဘူးလေ၊ ဗုဒ္ဓဘုရားရှင်တိုင်းဟာ သစ္စာတရားရဲ့ ယမ်းစဥ်ကို တွေ့အောင်ရှာဖွေပြီးတော့မှ ပါရမီဆိုတဲ့ အလုပ်စခန်းတွေနဲ့ ပြည့်ကျင့်ပြီးတော့မှ သစ္စာလေးပါးကို သိမြင်တော်မူတဲ့ ဗုဒ္ဓအဖြစ်ကို ရောက်တော်မူခဲ့တာချည်းပါပဲ၊ အမှန်တရားကို သိအောင် ရှာဖွေ၊ တွေ့ပြီဆိုတာနဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်အောင် အလုပ်လုပ်ကြမှာ မိတ်ဆွေရဲ့'

ဦးဝမ်လျောင်းက ရေခွက်ထဲမှ သောက်ရေကို တုန် ယင်အောင် မော့သောက်လိုက်ပြီး သောက်ရေခွက်ကို ပြန်ချ ထားလိုက်သည်။





'ဦးဝမ်လျောင်းသို့ လိုချင်တဲ့ ပန်းတိုင်က ဘယ်လို အရာမျိုးလဲ'

'လူတစ်ယောက်ဘဝကို ရောက်လာပြီဆိုတာနဲ့ ရည်ရွယ်ချက် ပန်းတိုင်တစ်ခုတော့ ရှိသင့်တယ်၊ အဲဒီလိုမှ မရှိရင် လူဖြစ်သော်လည်း လူ အရည်အသွေး မပြည့်တဲ့ လူအတွ တစ်ယောက်ဖြစ်သွားလိမ့်မယ်၊ ဒီနေရာမှာတော့ နှစ်မျိုးနှစ်စားရှိသေးတယ်၊ ရည်ရွယ်ချက် ပန်းတိုင်ကို သိပြီး မျှော်လင့်နေတာနဲ့ သိပြီး မရရအောင် ကြိုးစားတာပဲ၊ မျှော်လင့်နေတဲ့ လူကတော့ ကံတရားကို အားကိုးတဲ့ .လူမျိုးဖြစ်ပြီး မရရအောင် ကြိုးစားတဲ့လူကတော့ ဝီရိယကို အားကိုးတဲ့ လူမျိုးပဲ၊ လောကမှာ ချမ်းသာတဲ့ လူတွေ၊ အောင်မြင်တဲ့လူတွေ၊ အထွဋ်အထိပ်ကို ရောက်နေတဲ့ လူတွေဟာ ကံကောင်းလို့ ရတယ်ဆိုတာထက် ဝီရိယနဲ့ ကြိုးစားအားထုတ်မှု ကောင်းတဲ့ လူတွေဆိုတာကို သဘောပေါက်ထားရမယ်၊ ဒါကြောင့် စကားပုံ ထားခဲ့တာတောင်မှ ကံကောင်းရင် ဘုရားဖြစ်မယ်လို့ မရှိဘူး၊ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ် ဆိုတဲ့ စကားပုံပဲ ရှိတယ်'

'ဦးဝမ်လျောင်း ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်'

'ကိုင်း ကျုပ်သွားတော့မယ်၊ ကျုပ်က ဒီကနေ့ပဲ ခရီးထွက်တော့မှာ၊ ကျုပ်တို့ နှစ်ယောက်းဂန္ဓရီလမ်း တစ်နေရာမှာတော့ ပြန်ဆုံကောင်းဆုံကြဦးမှာပါ'

ဟု ပြောဆိုကာ ဦးဝမ်လျှောင်းကနေရာမှ ထရပ်သဖြင့် ဒေါက်တာမင်းထင်ကျော်ကပါ နေရာမှ ထရပ်လိုက်လေသည်။

'မောင်ရင့်မိတ်ဆွေကြီး ဦးဗန်ကောင်းနဲ့ ပြန်တွေ့ရင်လည်း ကျုပ်နဲ့ တွေ့ခဲ့တဲ့ အကြောင်းကို ပြောပြလိုက်ပါ'

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ အံ့သြသွားလေသည်။

'ဟင် ဦးဝမ်..လျှောင်းက ဦးဗန်ကောင်းကို သိတယ် မဟုတ်လား'

ထိုစကားကြောင့် ဦးဝမ်လျှောင်းက ပြုံးလိုက်လေသည်။

'ဒီလောကမှာ ရောက်နေကြပြီး တစ်စုံတစ်ခုလောက်အထိ အတိုင်းအတာရှိကြပြီးတဲ့ လူချင်းတွေက တစ်ယောက်နဲ့တစ်ယောက် မသိတဲ့သူဆိုတော့ မရှိပါဘူး'

'ဟင် ... ဒါဖြင့် အခု ဦးဗန်ကောင်း ဘယ်မှာလဲဟင်'

ဒေါက်တာမင်းထင်ကျော်က အလောတကြီး မေးလိုက်လေသည်။





'အခုလောက်ဆိုရင် သူ ခွန်လွန်တောင်ကျောပေါ်မှာ ရောက်နေလောက်ပြီ'

'ဟင် ခွန်လွန်တောင်တန်းဆိုတာ တရုတ်ပြည်နယ်ထဲမှာ ရှိတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ တရုတ်ပြည်နဲ့ တိဗက်နယ်ကို ပိုင်းခြားပေးထားတဲ့ တောင်တန်းကြီးပါပဲ'

'ဟင် ... သူ ကျွန်တော်နဲ့ လမ်းခွဲသွားတာ သိပ် မကြာလှသေးဘူး၊ ဒီလောက်ဝေးတဲ့ ခရီးကို ရောက်နိုင်ပါ့မလား'

'သူရောက်ချင်တဲ့ ဆန္ဒရှိရင် ရောက်နိုင်ပါတယ်'

'ဒါပေမယ့် သူက တိဗက်နယ်ထဲက တစ်နေရာကို သွားမှာ မဟုတ်လား'

'ဟုတ်တယ်လေ၊ သူ့ရဲ့ အမိက ဦးတည်တဲ့နေရာက တိဗက်နယ်ထဲမှာ ရှိတဲ့ မရဏတောင်ပဲ၊ ဒါပေမယ့်၊ အဲဒီနေရာကို တစ်ခါတည်း ရောက်အောင် တန်းသွားလို့ မရဘူးလေ'

'မင်း ဘာဖြစ်လို့လဲဟင်'

'မောင်ရင့်ကို ဥပမာတစ်ခု ပေးရမယ်ဆိုရင် မောင်ရင် ဒေါက်တာဘွဲ့ကို တစ်ခါတည်း တန်းရခဲ့တာမှ မဟုတ်တာ၊ သူငယ်တန်းကစပြီး ကြားထဲက အတန်းတွေကို တစ်ဆင့်ပြီး

တစ်ဆင့်ကျော်ခဲ့ပြီးမှ ရခဲ့သလိုပေါ့၊ လှေခါးတစ်ခု ဒါမှမဟုတ် အဆင့်တစ်ခုကို တက်ရင် သူ့အဆင့်နဲ့သူ တက်မှ အမြင့်ကို ရောက်မှာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီလိုပဲ၊ ဂန္ဓရီစခန်းမှာ ရောက်နေတဲ့လူတွေဟာ အဆင့်ကျော်လို့ မရဘူး၊ ကိုယ်လုပ်ချင်တိုင်း လုပ်လို့မရဘူး သူ့အဆင့်နဲ့သူ သွားပြီး တွေ့သင့်တဲ့လူတွေကို တွေ့ရသေး တယ်၊ အသိပေးသင့်တဲ့ ပုဂ္ဂိုလ်တွေကို အသိပေးပြီး ခွင့်ပန်သင့် တဲ့ လူတွေကိုလည်း ခွင့်ပန်ရသေးတယ်'

ဟု ထူးဆန်းသော စကားကို ပြောလေသည်။

'ဟင် ဒါဖြင့် ကျွန်တော်တို့ကျတော့ရော ဒီအဆင့်တွေ ကို မသိဘဲ ဒီအတိုင်းသွားလို့ ရပါ့မလား'

ဟု စိုးရိမ်စွာ မေးလိုက်လေသည်။

'ရပါတယ်၊ စိတ်မပူပါနဲ့၊ အပြစ်ကင်းတဲ့ ကလေးတစ် ယောက်ကို လူကြီးတွေက ခွင့်လွှတ်ထားသလို ခွင့်လွှတ်ထား မှာပါ၊ ကိုယ့်ဘက်က စိတ်ထားဖြူစင်ဖို့နဲ့ အမှန်တရားကို ရှာဖွေစိတ်ရှိဖို့ပဲ အရေးကြီးပါတယ်'

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်ကို နှုတ်





ဆက်ပြီး ဦးဝမ်လျောင်းတစ်ယောက် တစိုက်စိုက်နှင့် ထွက် သွားလေသည်။ နေရာတွင် တစ်ယောက်တည်း ကျန်နေခဲ့ သောအခါမှ ဟော်တယ်ဒေါင့်ကွယ်တစ်နေရာမှ မိမိတို့ရှိရာသို့ လျှို့ဝှက်စွာ အကဲခတ်ကြည့်နေသည့် လူတစ်ယောက်၏ ပုံရိပ်ကို သတိပြုမိလိုက်လေသည်။

✤ ✤ ✤

# အခန်း(၄)

## အန္တရာယ်များနှင့် လက်မတင်

ဒေါက်တာမင်းထင်ကျော်သည် ညနေပိုင်းတစ်ချိန်လုံး အခန်းထဲမှာ အောင်းနေပြီး ညဦးပိုင်းအချိန်ရောက်သောအခါမှ အခန်းထဲမှ ထွက်လာခဲ့သည်။

အခန်းထဲမှာ နေစဉ်က မသိသာသော်လည်း အပြင်ဘက်ရောက်သောအခါမှ အတော်အေးသည်ကို သတိပြုမိသဖြင့် ဦးခေါင်းစွပ်၊ ဂျာကင်အကျီတို့ကို ထပ်ဝတ်ပြီး စကြံလမ်း

ဉာဏ်ဝင်းစာပေ

ဘက်သို့ ထွက်လာခဲ့သည်။ စင်္ကြံလမ်းတစ်လျှောက် မီးပွင့်များ ထွန်းထားသော်လည်း လူရိပ်လူခြေကတော့ မရှိပေ။

အပြင်ဘက်မှာ နှင်းများတဖွဲဖွဲ ကျဆင်းနေသောကြောင့် အခန်းထဲမှာ အောင်းနေကြဟန်ရှိသည်။

စင်္ကြံထောင့်ချိုးတစ်နေရာရောက်တော့ ဟော်တယ်အလုပ်သမားဝတ်စုံဝတ်ထားသော လူရွယ်တစ်ယောက် ထွက်လာသည်။

'ဘာများအလိုရှိပါသလဲခင်ဗျာ'

မြန်မာစကားပီပီသသဖြင့် ပြောလိုက်သည်။

'မလိုပါဘူး၊ အခန်းထဲမှာနေရတာ ငြီးစီစီဖြစ်လာလို့ အပြင်ထွက်လာတာပါ'

'ဒီကနေ အောက်ဘက်ကို ဆင်းသွားရင် ပန်းခြံလမ်းကလေးရှိပါတယ်၊ လေကောင်းလေသန့်ရပြီး တိတ်ဆိတ်ငြိမ်သက်ပါတယ်'

'ကျေးဇူးပါပဲ'

ဒေါက်တာမင်းထင်ကျော်က အောက်ဘက်ရှိ ပန်းခြံအတွင်းသို့ ဆင်းလာခဲ့သည်။

ထိုနေရာတစ်ဝိုက်မှာ လူသူရှင်းပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။





သို့ကြောင့် . . . ပန်းချုံတစ်ခုနားမှာရှိသည့် ခုံတန်းလျားပေါ်မှာ ဝင်ထိုင်လိုက်သည်။ အပြင်ဘက်မှာ လရောင်ရှိဟန်တူသော်လည်း နှင်းများက ပိတ်ဆီးနေသောကြောင့် ဝိုးတဝါး အလင်းရောင်မျှသာရှိသည်။

ဟော်တယ်ဘက်မှ ထွန်းထားသော မီးရောင်အချို့ကတော့ ပန်းခြံအတွင်းသို့ တစွန်းတစ ဖြာကျနေသည်။

ဒေါက်တာမင်းထင်ကျော်သည် ခုံတန်းလျားပေါ်မှာ တစ်ယောက်တည်းထိုင်ရင်း နေ့လည်က ဦးဝမ်လျောင်းနှင့် တွေ့ရပြီး သူပြောသွားသော စကားများကို ပြန်လည်စဉ်းစားနေမိသည်။

ထိုအခိုက်မှာပင် ပန်းခြံလမ်းကလေးအတိုင်း အမှောင်ရိပ်ကို အကာအကွယ်ယူပြီး လူတစ်ယောက်လျှောက်လာနေသည်။

ထိုလူသည် ဟော်တယ်အလုပ်သမားဝတ်စုံဖြစ်သော ဂျင်းအင်္ကျီ ဂျင်းဘောင်းဘီနှင့် ပတ်တူဖိနပ်ကို စီးထားလေသည်။ မလှမ်းမကမ်းသို့ ရောက်လာပြီး မီးရောင်ဖြင့် ၎င်းမျက်နှာကို တစွန်းတစမြင်ရတော့မှ စောစောက ဟော်တယ်စင်္ကြံလမ်းပေါ်မှာ တွေ့ခဲ့သော ဝန်ထမ်းဖြစ်မှန်း သိရလေတော့သည်။

ထို့အပြင် . . .

နေ့လည်ဘက်က ဦးဝမ်လျောင်းနှင့် စကားပြောနေစဉ် ဟော်တယ်တစ်နေရာမှ စောင့်ကြည့်နေသည့် မျက်နှာနှင့်တူနေသည်ကိုပါ အမှတ်ရလာတော့သည်။

ထိုသူမှာ အသက်သုံးဆယ်ကျော်ခန့်ရှိသည်။

ထိုသူက ဒေါက်တာမင်းထင်ကျော်အနီးသို့ ရောက်လာသောအခါ . . .

'ဆရာကို တစ်စိတ်လောက်မေးပါရစေ'

ဟု လေသံဝဲဝဲဖြင့် ခွင့်တောင်းလာသည်။

'ဘာမေးမှာလဲ မေးပါ'

'ဆရာက ကျွန်တော်စောင့်နေတဲ့ မြန်မာလူမျိုးတစ်ယောက်များ ဖြစ်နေမလားလို့ပါ'

'ကျွန်တော်ကမြန်မာလူမျိုးတစ်ယောက်ပါ၊ ခင်ဗျားက ဘယ်သူ့ကို စောင့်နေတာလဲ'

'ဆရာ ... ဦးဗန်ကောင်းဆိုတဲ့သူကို သိပါသလား'

'အလို ... ဦးဗန်ကောင်းက ကျွန်တော်မိတ်ဆွေပဲ၊ မြန်မာပြည်ကတည်းက အတူတူခရီးထွက်လာကြတာပဲ၊ ဒီခန္တမန္တူကို ရောက်လာမှ လမ်းခွဲသွားတာပါ၊ ဒါထက် အခု သူက ဘယ်မှာလဲ'





ဟု အလောတကြီးမေးလိုက်သည်။

'သူကတော့ ခွန်လွန်တောင်တန်းတွေဘက်ကို ခရီးထွက်သွားပါပြီ'

'ဟင် ... '

နေ့လည်က ဦးဝမ်လျောင်း စကားဖြင့် ကိုက်နေသောကြောင့် တအံ့တသြဖြစ်သွားမိလေသည်။

'သူက ကျွန်တော့်ကို တာဝန်ပေးထားခဲ့လို့ပါ'

'ဘယ်လိုတာဝန်လဲ'

'ဆရာကို လာဆာမြို့ရောက်အောင် လမ်းပြပြီး လိုက်ပို့ပေးရမှာပါ'

'ဟင် ဒီကနေ လာဆာရောက်အောင် လေယာဉ်နဲ့ သွားရမှာမဟုတ်ဘူးလား'

'ဦးဗန်ကောင်းနှင့် ချိန်းထားတဲ့နေရာက လေယာဉ်နဲ့ သွားလို့မရပါဘူး၊ ဒီအတိုင်း ခြေလျင်ခရီးသွားရမှာပါ'

'ဒါထက် ... ခင်ဗျားက ဒီဟော်တယ်က ဝန်ထမ်းတစ်ယောက်မဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ ဒီအဝတ်အစားတွေက ဒီဟော်တယ်မှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်မိတ်ဆွေဆီက ခဏငှားဝတ်ထားတာပါ'

'ဘာကြောင့် ဒီလောက် လျှို့လျှို့ဝှက်ဝှက်လုပ်နေရတာလဲ'

'ဒီဘက်မှာ အခြေအနေသိပ်မကောင်းဘူး၊ နယ်ချဲ့စစ်တပ်တွေက ခြေချင်းလိမ်နေတာပဲ . . .၊ သူတို့က အထူးသဖြင့် တခြားက ရောက်လာတဲ့ ဧည့်သည်တွေဆိုရင် သိပ်ပြီး မသင်္ကာဘူး၊ သူတို့နဲ့ မပတ်သက်လေ ကောင်းလေပဲ၊ ဒါတောင် ဟော်တယ်နဲ့ မလှမ်းမကမ်း နေရာကနေပြီး လူဝင်လူထွက်တွေကို မျက်ခြေမပြတ် စောင့်ကြည့်နေတတ်တယ်'

'ဟင် . . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'ဒီအတွက် စိတ်မပူပါနဲ့၊ မနက်ဖြန် မနက်ပိုင်းမှာ ခရီးထွက်ဖို့ ကျွန်တော် လာခေါ်မယ်၊ ဆရာ စောင့်နေပါ'

ဟု မှာကြားပြီး ဒေါက်တာမင်းထင်ကျော်အနီးမှ ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ မိမိအခန်းထဲ ပြန်ဝင်ပြီးနောက် မိမိ ပစ္စည်းများကို သိမ်းဆည်းရလေသည်။

ညဥ့်နက်ပိုင်းအချိန်လောက်တွင် ဟော်တယ်ရှေ့သို့ ကားနှစ်စီး သုံးစီး ရှေ့ဆင့်နောက်ဆင့် ဆိုက်လာသံ ကြားရသဖြင့် မှန်ပြတင်းမှ ငုံ့ကြည့်လိုက်သောအခါ ရှေ့မီးကြီးများ





ဖွင့်ထားသော စစ်ကားသုံးစီး ဆိုက်နေသည်ကို တွေ့ရပြီး ကားပေါ်မှ သေနတ်များ ကိုင်ထားသော ဂေါ်ရခါးစစ်ပုလိပ်များ ဆင်းလာလေသည်။

ထိုအချိန်မှာ ဟော်တယ်မန်နေဂျာက ထွက်သွားပြီး အကျိုးအကြောင်း ပြောပြနေသော်လည်း လက်မခံဘဲ စစ်ဗိုလ်လုပ်သူက ဟော်တယ်အတွင်းသို့ ဝင်ရှာရန် သူ့စစ်သားများကို အမိန့်ပေးနေလေသည်။

'ဂေါ်ရခါး စစ်ပုလိပ်တွေတော့ ဟော်တယ်ထဲကို ဝင်လာကြတော့မယ်၊ ဘယ်လိုလုပ်ရပါ့မလဲ'

တစ်ယောက်တည်း အကြံရ ခက်နေစဉ် ရုတ်တရက် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

'ဒေါက် ... ဒေါက် ... ဒေါက်'

တံခါးဖွင့်ပေးလိုက်တော့ ညဦးက တွေ့ရသည့် ဟော်တယ်အလုပ်သမား အယောင်ဆောင်ထားသူကို တွေ့ရ၏။

'ဆရာ ... ပစ္စည်းတွေ ယူပြီး အမြန်လာပေတော့၊ သူတို့ လာနေကြပြီ'

ဟု အရေးကြီးသောလေသံဖြင့် ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း တွေတွေထူးထူး မေးခွန်းထုတ်မနေတော့ဘဲ ပစ္စည်းများ အဆင်သင့် ထည့်ထားသော အိတ်ကို ယူပြီး ထိုလူ့နောက်သို့ လိုက်လာခဲ့သည်။

သူက နောက်ဘက်မှ အရေးပေါ်ဆင်းသော လှေခါးရှိရာသို့ ခေါ်သွားပြီး အောက်သို့ ဆင်းကြလေသည်။

ထိုအချိန်မှာ ဂေါ်ရခါးစစ်ပုလိပ်များက ဟော်တယ်ရှေ့ဘက်မှ အပေါ်သို့ တက်လာလေကြပြီ။ ...

အချို့ကလည်း ဟော်တယ်အခန်းများကို ဖွင့်ခိုင်းလေနေကြသည်။ နှစ်ယောက်သား ဟော်တယ်အနောက်ဘက်သို့ ရောက်သောအခါ အမှောင်ရိပ်များကို အကာအကွယ်ယူကာ တောင်ကုန်းများရှိရာဘက်သို့ ခပ်သုတ်သုတ် ပြေးခဲ့ကြသည်။ မလှမ်းမကမ်းသို့ ရောက်သောအခါမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဟော်တယ်အပေါ်ထပ် တစ်ခုလုံး ဂေါ်ရခါးစစ်ပုလိပ်များဖြင့် ပြည့်နေသည်ကို တွေ့ကြရသည်။

'သူတို့က ဘာကို ရှာနေတာလဲ'

'ခေတ်ပျက်ကာလကြီးဆိုတော့ သူတို့ကတော့ မသင်္ကာတဲ့လူမှန်ရင် အားလုံး ဖမ်းခေါ်သွားတာပဲ၊ နောက်မှ ပြန်လွှတ်ပေးချင်ပေးတာ'





ထိုသို့ ပြောပြနေစဉ်မှာပင် အားကောင်းသော လက်နှိပ်မီးရောင်များက သူတို့ရှိရာသို့ ရောက်လာတော့သည်။ သူတို့အရိပ်အယောင်ကို မြင်တွေ့သွားဟန်ဖြင့် စစ်ပုလိပ်အချို့က သူတို့ရှိရာဘက်သို့ လက်ညှိုးထိုးပြကာ တက်လာကြသည်။

'ဂေါ်ရခါး စစ်ပုလိပ်တွေ ကျွန်တော်တို့သွားမည့်ဘက်ကနေ ဖြတ်ပိတ်ကြတော့မယ် ထင်တယ်'

'ဒါဖြင့် ဒီဘက်က သွားမှ ဖြစ်မယ်'

ထိုလူပြောသည့်ဘက်သို့ သွားမည်ပြန်တော့လည်း ထိုနေရာဘက်မှာ အုပ်စုလိုက်ကြီး တက်လာနေသည်ကို တွေ့ရသဖြင့် ညှပ်ပူးညှပ်ပိတ် အပိတ်ခံရသလို ဖြစ်နေတော့သည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော် ရှေ့တည့်တည့်ဆီပင် လမ်းကြောင်းတစ်ခု ပေါ်လာသည်။ မိုးတဝါးထိုးကျနေသော လရောင်ကြောင့် ထိုလမ်းကို အထင်သားလှမ်းမြင်နေရသည်။

'ကျွန်တော်တို့ ဒီလမ်းအတိုင်း သွားမှ ဖြစ်မယ်'

သူ့စကားကြောင့် လမ်းပြမည့်သူက တအံ့တသြ ဖြစ်သွားဟန် ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ငင်းတို့နှစ်ယောက် ရောက်နေသော နေရာ၏ ဘေးတစ်ဖက်တစ်ချက် နေရာများတွင် စစ်ပုလိပ်များ ရောက်နေသောကြောင့် ဖြစ်သည်။

'ဖြစ်ပါ့မလား'

'တခြားလမ်းတွေ ရွေးစရာ မရှိတော့ဘူး၊ ဒီတစ်လမ်းပဲ ရှိတော့တယ်၊ သွားကြစို့'

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က ရှေ့မှ ခပ်သုတ်သုတ်.လျှောက်သွားသည့်တိုင် ထိုလူက မလိုက်ပဲ့ဘဲ နေရာမှာ ရပ်လျက်သား ကျန်နေပြီး အတန်ကြာတော့မှ နောက်မှ လိုက်လာလေသည်။

ဤသို့ဖြင့် . . .

ဝဲယာနှစ်ဘက်တွင် ဂေါ်ရခါး စစ်ပုလိပ်များရှိနေသော်လည်း သူတို့ နှစ်ယောက်စလုံး တောင်ကုန်းတစ်ကုန်းပေါ်သို့ ရောက်လာခဲ့ကြသည်။

တောင်ကုန်းအလယ်လောက်မှာ စစ်ပုလိပ်အချို့က ရောက်နေနှင့်ပြီး နေရာယူထားပြီး ဖြစ်သောကြောင့် နှစ်ယောက်သား အမှောင်ရိပ်ကျနေသော ကျောက်ဆောင်အကွယ်တစ်ခုကြားတွင် ကပ်နေလိုက်ကြသည်။





ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများ ကျနေသော်လည်း အလင်းရောင်အချို့ ရှိနေသောကြောင့် အတန်အသင့် မြင်နိုင်လေသည်။

သူတို့ ရောက်နေသော နေရာနှင့် စစ်ပုလိပ်ရောက်နေသော နေရာမှာ ပေ အနည်းငယ်သာ ကွာတော့သည်။ သေနတ်ကို အဆင်သင့် ကိုင်ထားသည့် ပုလိပ်နှစ်ယောက်သည် သူတို့ ပုန်းနေရာသို့ ဆင်းလာသဖြင့် နှစ်ယောက်သား ကျောက်တုံးကြားမှာ ပြားနေအောင် ကျောကပ်ထားကြသည်။

အကယ်၍သာ ရှေ့သို့ ကိုက်အနည်းငယ် ဆင်းသက်လာပါက သူတို့နှစ်ယောက်ကို မုချ တွေ့သွားနိုင်သည်။

သို့သော်လည်း ...

ထိုနေရာ နီးလာတော့မှ ဆက်မဆင်းလာတော့ဘဲ တောင်ထိပ်ပေါ်သို့ ပြန်တက်ပြီး အတန်ကြာသောအခါ တစ်ဖက်တောင်ကြောမှ အောက်ဘက်သို့ ဆင်းသွားသည်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။

ထိုအခါမှ နှစ်ယောက်သား အသက် ဝအောင်ရှူပြီး သက်ပြင်းချနိုင်လေတော့သည်။

'ဟူး ... တော်ပါသေးရဲ့'

ပုလိပ်များ တောင်အောက်သို့ ဆင်းသွားပြီး မိနစ်နှစ်ဆယ်လောက်ကြာမှ နှစ်ယောက်သား တောင်ပေါ်သို့ ဆက်တက်ခဲ့ကြသည်။

ထို့နောက် ...

သူတို့နှစ်ယောက်သည် မြူနှင်းများကြား လရောင်ဝိုးတဝါးဖြင့် တောလမ်းခရီးအတိုင်း လျှောက်လာကြပြီး အတော်ဝေးဝေးနေရာရောက်မှ ကျောက်တုံးကြီးတစ်တုံးနဘေးမှာ ရပ်ပြီး နားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့အိတ်ထဲမှ ရေဗူးနှင့် စားသောက်စရာအချို့ကို ထုတ်ယူပြီး သူလည်းစား၊ ထိုလူကိုလည်း ပေးသည်။

'ကျွန်တော့်နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ်'

'ဆရာ့နာမည်ကို ဟော်တယ်စာရင်းမှာ ကြည့်ကတည်းက ကျွန်တော် မှတ်မိပါတယ်၊ ဆရာက ဆရာဝန်တစ်ယောက်လား'

'မဟုတ်ပါဘူး'

'ကျွန်တော်က ဧည့်သည်စာရင်းမှာ ဒေါက်တာမင်းထင်ကျော်လို့ တွေ့တာနဲ့ ဆရာဝန်တစ်ယောက်လို့ ထင်နေတာ၊ ကျွန်တော့်နာမည်က မိတ္တလို့ ခေါ်ပါတယ်၊ လမ်းပြ မိတ္တဆိုရင် ဒီနယ်တဝိုက်က သိကြပါတယ်၊ ဒါထက် ကျွန်တော်သိချင်တာ တစ်ခုလောက် မေးပါရစေ'

'မေးပါ'

'စောစောက ကျွန်တော်တို့နှစ်ယောက် စစ်ပုလိပ်တွေကြားမှာ ညှပ်ပူးညှပ်ပိတ် ရောက်နေတုန်း ဆရာ ဘယ်လိုများ လွတ်နိုင်တဲ့ ထွက်ပေါက်ကို မြင်တာလဲဟင်'

လမ်းပြမိတ္တက တအံ့တသြ မေးလိုက်လေသည်။

'ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘဲ ရှိနေတုန်း အရှေ့မှာ လမ်းတစ်လမ်း မြင်တာနဲ့ စွန့်ပြီး သွားကြည့်လိုက်တာပဲ၊ ကျွန်တော်တို့နှစ်ယောက် ကံကောင်းလို့ လွတ်လာတာဖြစ်မှာပေါ့'

'ဒါ ကံကောင်းလို့ လွတ်တာ မဟုတ်ဘူးဆရာ၊ ဆရာ့ကို စွမ်းအားသိဒ္ဓိရှိတဲ့ တစ်စုံတစ်ယောက်က လမ်းပြပေးလိုက်တာ သေချာတယ်၊ ဒီနယ်တဝိုက်မှာ ဂေါရခါးပုလိပ်တွေဆိုတာ အမဲလိုက်ခွေးတွေထက်တောင် နယ်မြေကျွမ်းကျင်သေးတယ်၊ လူတစ်ယောက်မပြောနဲ့၊ ကြွက်တစ်ကောင်




ဉာဏ်ဝင်းစာပေ

ဖြတ်ပြေးရင်တောင် ရအောင် ပြန်ဖမ်းနိုင်တယ်၊ သူတို့ ညှပ်ပူး ညှပ်ပိတ်ဝိုင်းထားတဲ့ကြားက ကျွန်တော်တို့နှစ်ယောက် လွတ်ခဲ့တာ ကံတရားကြောင့်သက်သက် မဟုတ်တာ သေချာတယ်'

'ကဲ ... ဒါတော့ ထားပါတော့ ကျွန်တော်တို့အခု ဘယ်ကို ခရီးဆက်ကြမှာလဲ'

'ဒီတစ်ညတော့ လမ်းမှာ ဖြစ်သလို နားကြရမှာပဲ၊ နောက်တစ်နေ့ မနက်လင်းတော့မှပဲ စီစဉ်စရာတွေရှိတာ စီစဉ်ပြီး ဦးဇန်ကောင်း မှာထားခဲ့တဲ့ မရဏတောင်ရောက်အောင် ခရီးဆက်ကြရမှာပဲ'

'ဘာနဲ့ သွားကြမလဲ'

'ကျွန်တော် ဂျစ်ကားတစ်စီး စီစဉ်ထားပါတယ်၊ ကားနဲ့ သွားလို့ရတဲ့နေရာအထိ ကားနဲ့ ရောက်အောင်သွားပြီး မရတော့မှ ခြေလျင်ခရီး နှင်ကြတာပေါ့'

ထို့နောက် ...

သူတို့နှစ်ယောက်သည် လေကွယ်နှင်းကွယ်ဖြစ်သော ကျောက်တုံးကြီးတစ်တုံးနံဘေးရှိ မြက်ခင်းပြင်ပေါ်တွင် ပါလာသော အဝတ်အထည်များကို ခင်းပြီး အထုပ်ကို ခေါင်းအုံးကာ တစ်ရေးအိပ်ကြလေသည်။





မောပန်းလာသောကြောင့် မြေပြင်ပေါ်တွင် အိပ်ရသော်လည်း ခဏချင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

ထိုညက အိပ်မက်ထဲမှာ ဦးဇန်ကောင်းကို ပြန်တွေ့ရလေသည်။ ဦးဇန်ကောင်းမှာ ယခင်ကလို ယောဂီရောင် ဝတ်စုံနှင့် မဟုတ်တော့ဘဲ တိဗက်လားမားဘုန်းတော်ကြီးကဲ့သို့ သင်္ကန်းကို ဝတ်ဆင်ထားသည်။

အိပ်မက်ထဲတွင် မတ်စောက်လှသည့် ကျောက်တောင်တစ်တောင်အား လက်ညှိုးထိုးပြပြီး ... သူ ထိုနေရာက စောင့်နေမည်ဖြစ်ကြောင်း ပြောသွားလေသည်။

သူအိပ်ရာမှ နိုးလာတော့ မနက်လင်းနေပြီ။ ညက သူ့နံဘေးမှာ အိပ်နေသော လမ်းပြမိတ္တလည်း မတွေ့ရတော့ပေ။ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လျက်ရှိသော်လည်း နေရာမှ ကြိုးစားပြီး ထသည်။

သို့သော် ...

ဘယ်နေရာရောက်နေပြီး ဘယ်အရပ်သို့ ခရီးဆက်ရမည်ကို မသိကြပေ။

သည်အရပ်ဒေသသည် သူ့အတွက် စိမ်းလွန်းလှသည်၊ လမ်းပြမပါဘဲနှင့် ဘယ်လိုမှ ခရီးဆက်၍ ရမည် မဟုတ်ပေ၊

မတတ်သာသည့်အဆုံးမှာတော့ ခဏ္တမန္တလေးဆိပ်ရောက်အောင် ပြန်သွားပြီး မြန်မာပြည် ပြန်ရောက်အောင် ပြန်မည်ဟု စိတ်ထဲမှာ ဆုံးဖြတ်ချက် ချလိုက်မိသည်။

နေရာတွင် နာရီဝက်လောက် အချိန်ကြာအောင် စောင့်ဆိုင်းသော်လည်း လမ်းပြမိတ္တ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် အိတ်ကိုဆွဲပြီး တောင်ကျောအတိုင်း အောက်ဘက်သို့ ဆင်းလာခဲ့သည်။

တောင်ခြေသို့ ရောက်သောအခါ လူသူလေးပါး အသုံးပြုဟန်တူသော လမ်းတစ်လမ်းကို တွေ့ရသည်။ ကျောက်တုံးကျောက်ဆောင်များကြားမှ ဖောက်ထားသော လမ်းကလေးဖြစ်သည်။

ထိုလမ်းကလေးအတိုင်း အတန်ကြာအောင် လျှောက်လာစဉ် နားထဲမှာ ရဟတ်ယာဉ်သံလိုလို ကြားရသဖြင့် ခေတ္တရပ်၍ ကြည့်နေစဉ် ကောင်းကင်ပြင်တစ်နေရာစီမှ မိမိရပ်နေသော နေရာရောက်အောင် မောင်းလာသော ရဟတ်ယာဉ်တစ်စီးကို လှမ်းမြင်ရသည်။

တစ်ဆက်တည်းမှာပင် မြေပြင်မှ မိမိရှိရာသို့ မောင်းလာသော ကားသံများကိုသာ ကြားရသဖြင့် ဘယ်လိုလုပ်ရမှန်း မသိအောင်ရှိနေစဉ် တစ်စုံတစ်ယောက်က နောက်ဘက်မှ သူ့လက်ကို ဆွဲပြီး ကျောက်တုံးနှစ်တုံးကြားရှိ ဂူပေါက်တစ်ခုထဲသို့ ဆွဲသွင်းလိုက်သည်။

'ဟင် ...'

လှည့်ကြည့်လိုက်တော့ လမ်းပြမိတ္တကို တွေ့ရလေသည်။

သူ ဂူထဲ ရောက်သွားပြီး ခဏအကြာတွင် ကောင်းကင်မှ ရဟတ်ယာဉ်တစ်စင်း ပြန်သန်းသွားသလို မလှမ်းမကမ်း ကားလမ်းပေါ်တွင် ဂေါ်ရခါး ပုလိပ်များအပြည့် တင်ထားသည့် ဂျစ်ကားနှစ်စင်း မောင်းနှင်သွားသည်ကို လှမ်းမြင်လိုက်ရလေသည်။

✤ ✤ ✤

# အခန်း (၅)
# ကေလာသတောင်တော်သို့ ရောက်ရှိခြင်း

အခြေအနေ ငြိမ်သက်သွားတော့မှ နှစ်ယောက်သား ဂူထဲမှ ထွက်ခဲ့ကြသည်။

'ခင်ဗျား ဘယ်သွားနေတာလဲ'

'ခရီးသွားဖို့ အစီအစဉ်တွေ သွားလုပ်ရင်း သတင်းလေးဘာလေး စနည်းနာဖို့ ထွက်သွားတာပါ'

'ဘယ်လိုလဲ အဆင်ပြေခဲ့ရဲ့လား'

'ခရီးသွားဖို့အတွက်ကတော့ ဂျစ်ကားတစ်စင်းနဲ့ ရိက္ခာအချို့တော့ ရလာခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့

သွားရမယ့် လမ်းခရီးဘက်မှာတော့ အခြေအနေ မကောင်းလှဘူး'

'ဘယ်လိုကြောင့်လဲ'

'ခတ်ဖန်နုကနေ လာဆာဘက်ကို သွားတဲ့ လမ်းတစ်လျှောက်လုံးနယ်ချဲ့စစ်ပုလိပ်တွေ အတော့်ကိုခြေရှုပ်နေသတဲ့ .. ဘုရားဖူးသွား တဲ့ ညှိသယ်တွေရော နိုင်ငံခြားက လေ့လာရေးလာတဲ့ အဖွဲ့တွေပါမကျန် တွေ့သမျှလူကို ဖမ်းစစ်နေတာပဲတဲ့၊ မသင်္ကာရင်ပြန်မလွှတ်ပဲ ဖမ်းချုပ်ထားတယ်လို့ပြောတယ် ဘယ်လိုလုပ်ကြမလဲ...'

လမ်းပြမိတ္တကအခြေအနေကိုပြောပြသည်။

'မတတ်နိုင်ဘူး ဖြစ်တဲ့နည်းနဲ့တော့ ရောက်အောင်သွားရမှာပဲ၊ ဟိုမှာဦးဇန်ကောင်း စောင့်နေလိမ့်မယ်...'

'ကျွန်တော်က ဆရာ့အတွက်စိတ်ပူလို့ ပြောတာပါ ကျွန်တော်ဘဝက သေမထူးနေမထူးဆိုတော့ ဘယ်လိုအန္တရာယ်မှ မကြောက်ပါဘူး သွားဝံ့ပါတယ်'

'ဒါဖြင့် သွားကြရအောင်'

ဒေါက်တာမင်းထင်ကျော်က အိတ်ကိုဆွဲယူပြီး နေရာမှထသည်။





'သွားကြတာပေါ့ ဒီမှာ ဆရာ့အတွက် မနက်စာ စားဘို့ယူလာတယ်'

ဟု ပြောကာ ချိုင့်တစ်လုံးဖြင့် ထည့်ယူလာသော စွပ်ပြုတ်ပူပူကို ပေးသဖြင့် လှမ်းယူပြီး သောက်လိုက်သည်။

ပန်းဂေါ်ဖီနုနု၊ မုန်လာဥနီ၊ ကြက်သွန်တို့ကို သဘာဝအတိုင်း ပြုတ်ထားသဖြင့် အရသာရှိလေသည်။

'တိဗက်နယ်ထဲရောက်လေလေ အသားမစားလေကောင်းလေပဲမို့ အသားဟင်းတွေမယူလာခဲ့ဘူး'

'ရပါတယ်၊ အသီးအရွက် စွပ်ပြုတ်ဆိုပေမယ့် သဘာဝအတိုင်း အရသာရှိနေတော့ စားလို့ကောင်းပါတယ်'

ဟု ပြောကာ စွပ်ပြုတ်တစ်ပန်းကန်ကို ကုန်အောင်သောက်လိုက်ပြီးမှ နှစ်ယောက်သား ဂူထဲမှ ထွက်ခဲ့ကြသည်။

အပြင်ဘက် လမ်းဘေးတစ်နေရာရှိ ခြုံများထဲမှာ အညိုရောင် ဂျစ်ကားတစ်စင်း ထိုးရပ်ထားသည်ကို တွေ့ရသည်။

ကားမှာ အတော်ဟောင်းနွမ်းနေသော်လည်း အကြမ်းခံနိုင်ဟန် ရှိပေသည်။ကားနောက်ဘက်ခမ်းမှာတော့ ဆီပုံး၊ ရေပုံး၊ ရိက္ခာထုပ်များ အပြင် နှင်းတောင်များပေါ်တွင် သွားလာရာ၌ အသုံးပြုသော ရွက်ဖျင်တဲ၊ အိပ်ရာလိပ်၊ စောင်၊ ကြာကင်အထူ၊ ခေါင်းစွပ်၊ လက်အိတ်၊ ခြေအိတ်များအပြင်

တောင်တက်ဖိနပ်များကိုပါ တွေ့ရသဖြင့် အံ့သြသွားမိလေ
သည်။

'ပစ္စည်းတွေက များလှချည်လား၊ ဒီပစ္စည်းတွေက
ခင်ဗျား ဘယ်အချိန်ကတည်းက စုထားတာလဲဟင် . . .'

'ဦးဇန်ကောင်းနဲ့ တွေ့ပြီးကတည်းက သူညွှန်ကြားတဲ့
အတိုင်း ဒီပစ္စည်းတွေကို အဆင်သင့်စုထားပြီး တစ်နေရာမှာ
ထားတာပါ၊ ဒီပစ္စည်းတွေအတွက် ကုန်ကျစရိတ်တွေကိုလည်း
သူကပဲ အားလုံး ပေးသွားတာ . . .'

ထိုစကားကြားသောအခါ ဦးဇန်ကောင်း၏ လျှို့ဝှက်
သိပ်သည်းလှသော အကြံအစည်များကို မအံ့သြပဲ မနေနိုင်
အောင် ဖြစ်မိလေသည်။ မိတ္တက ပစ္စည်းများကို ကားနောက်
ဘက်ခန်းမှာ ကြိုးများဖြင့် အသေအချာ သိုင်းချည်ထားလေသည်။

ထို့နောက် နှစ်ယောက်သား ကားပေါ်တက်ကာ
အရှေ့တောင်ဘက်သို့ ဦးတည်ပြီး မောင်းခဲ့ကြလေတော့
သည်။

'အခု မောင်းနေတာဘယ်လမ်းလဲ'

'တိဗက်နယ်ထဲကို ရောက်နိုင်တဲ့ သဟာယလမ်း
ကြီးဆီကို ရောက်နိုင်တဲ့ အနီးဆုံး ဖြတ်လမ်းပဲ.. လမ်းမ





ပေါ်က သွားရင် စစ်ပုလိပ်တွေနဲ့ တွေ့မှာစိုးလို့ ဖြတ်လမ်း
တွေကနေ သွားနေတာပါ'

ဟု မိတ္တက ရှင်းပြလေသည်။

သူတို့နှစ်ယောက်သည် ကားကို တစ်ယောက်တလှည့်
မောင်းရင်း လမ်းမှာနားလိုက်၊ ဆီဖြည့်လိုက်၊ ပျက်တာပြင်
လိုက်၊ ပါလာသော အစားအသောက်စားလိုက်၊ အရိပ်ကောင်း
ပြီး လုံခြုံစိတ်ချရသော နေရာများတွင် တစ်ရေးတမောအိပ်
လိုက်နှင့် ခရီးဆက်ခဲ့ကြရာ မိုင်ပေါင်း အတော်ရောက်ခဲ့ကြ
ပြီ၊ တိဗက်နယ်ထဲသို့ပင် ရောက်ခဲ့ကြလေပြီ . . .။

'ကျွန်တော်တို့ နောက်ထပ်မိုင်သုံးလေးရာလောက်
ရောက်ရင် ကေလာသတောင်နဲ့ မနသသရောဝရေကန်ကြီးရှိ
တဲ့ နေရာကိုတော့ မလွဲမသွေ ဖြတ်ရမယ်၊ အဲဒီနားတဝိုက်
တွေမှာတော့ ဘုရားဖူးဧည့်သည်တွေများသလို နယ်ခြား
အစောင့်ကင်းစခန်းတွေလည်း အများကြီးရှိတယ်'

ဟု မိတ္တက ကားကို ဂရုတစိုက်မောင်းရင်း အခြေ
အနေကိုပြောပြသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် နာမည်သာ ကြား
ဖူးပြီး တစ်ကြိမ်တခါမှ မရောက်ဘူးသေးသော ကေလာသ

တောင်တော်နှင့် မနုဿရောဝရေကန်တော်တို့ ရောက်ဖူ
တော့မည်ဆိုသောကြောင့် ဝမ်းသာသွားသောလည်း
ကင်းစခန်းများ ရှိသည်ဆိုသဖြင့် အနည်းငယ်စိတ်ပူသွားသည်

'ဘယ်လိုလုပ်ကြမလဲ'

'ဘုရားဖူးခရီးသည်တွေအများကြီးရှိတာပဲ၊ ဒီလိုပဲ သူ
တို့ အဖွဲ့တွေနဲ့ ရောပြီး ဟန်မပျက်သွားရမှာပဲ'

သူတို့နှစ်ယောက်စလုံး လမ်းတစ်လျှောက်လုံးမှာ
တော့ အခက်အခဲ အတားအဆီးများ မတွေ့ရသောကြောင့်
အနည်းငယ်စိတ်သက်သာရာ ရကြလေသည်။

လမ်းများကတော့ တစ်ခါတစ်ရံ ကျောက်ခင်းလမ်း
များ တစ်ခါတစ်ရံမှာတော့ မြေသားလမ်းများအပြင် အလွ
ကြမ်းသော လမ်းများမှ မောင်းရသည့်အခါလည်း ရှိသည်

နောက်ဆုံးတော့ တိဗက်ကို သွားသည့် တောင်ဘက်
အကျဆုံး ဝင်ပေါက်ဖြစ်သော 'ဆာဂါ'သို့ ရောက်ခဲ့ကြသည်

သူတို့သည် ကင်းစခန်းအချို့ကို ကွင်းရှောင်မောင်းနှ
ခဲ့ကြသည်။ မြို့စွန်တစ်နေရာသို့ရောက်သောအခါ စားသော
ဆိုင်တစ်ဆိုင်ကို တွေ့သဖြင့် ဝင်ရောက် နားကြသည်။

မိတ္တကာ ကားကို ဆိုင်ရှေ့မျက်နှာစာဘက်မှာ မရ





ဘဲ ဆိုင်နောက်ဘက်ရှိ ထင်းများပုံထားသော နေရာအထိ
မောင်းဝင်သွားပြီးမှ ထင်းတုံးများကြားမှာ ထိုးရပ်ထားလိုက်သည်။

မြို့စွန်ဘက်မှ ဖွင့်ထားသော ဆိုင်ဖြစ်သောကြောင့်
သူမရှုပ်လှပေ။ သူတို့ဆိုင်ထဲဝင်သွားပြီး စားပွဲတစ်လုံးတွင်
ဝင်ထိုင်သည့်နှင့် မီးဖိုဆောင်ဘက်မှ မိန်းကလေးတစ်ယောက်
ထွက်လာသဖြင့် မိတ္တကာ တိဗက်ဘာသာဖြင့် သောက်ရေနှင့်
ဒုပ်ပြုတ်ရေတစ်ပွဲဆီ မှာလိုက်ရာ မိန်းကလေးက ပြုံး၍ ခေါင်း
ညိတ်ပြပြီး မီးဖိုဆောင်ဘက်သို့ ပြန်ဝင်သွားသည်။

နှစ်ယောက်သား ခရီးစဉ်နှင့် ပတ်သက်ပြီး တိုင်ပင်
ပြောဆိုနေကြနေစဉ် သောက်ရေချိုင့်လာချပေးသဖြင့် ရေတစ်
ငှက်စီ သောက်နေကြစဉ်မှ ဆိုင်ဘက်သို့ မောင်းဝင်လာသော
ခွဲကားစက်သံများကို ကြားလိုက်ရသဖြင့် တစ်ယောက်မျက်
နှာတစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြ
စဉ် မီးဖိုချောင်ဘက်မှ မိန်းကလေးတစ်ယောက် ထွက်လာ
ပြီး . . .

'အစ်ကိုတို့ ဒီနောက်ဘက်ခန်းထဲ ဝင်နေကြပါလား'

ဟု တိဗက်ဘာသာစကားဖြင့် ခေါ်သဖြင့် နှစ်ယောက်
သား ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ဟာထားသော

ပတ္တာတံခါးမှ ထမင်းဟင်း ချက်သော အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်ခဲ့ကြသည်။

နောက်ဘက်ခန်းမှာ သိပ်မကျယ်လှပေ၊ အထဲမှာတော့ မီးဖို၊ ထင်းပုံများ၊ အိုးခွက်ပန်းကန်များနှင့် အစားအသောက်ချက်ပြုတ်ရန်ပစ္စည်းဖြင့် ရှုတ်ထွေးလျက်ရှိသည်။

ထမင်းချက်နေသူ၊ အိုးခွက်ပန်းကန်ဆေးနေသူအပါအဝင် အရွယ်ကြီးကြီးမိန်းမတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက် သုံးယောက်ရှိသည်။

မီးဖိုခန်းနောက်ဘက်တံခါးကို ဖွင့်ထွက်သွားလျှင် ထင်းပုံကြားမှ ဝှက်ထားသော မိမိတို့ ဂျစ်ကားရှိရာသို့ ရောက်နိုင်သည်။

'အစ်ကိုတို့ ဒီကိုလာ . .'

ဟု ခေါ်သဖြင့် နောက်ဘက်ရှိအခန်းထဲသို့ ထည့်ပြီး အပြင်မှ တံခါးပြန်ပိတ်ထားလိုက်သည်။ ထိုအခန်းသည် ထမင်းချက်မိန်းကလေးများ အိပ်သော အခန်းဖြစ်ဟန်ရှိသည်။

ထိုအခန်းတွင်းမှ အပေါက်မှ ကြည့်လျှင်ဆိုင်၏ အရှေ့ဘက်မှ မြင်ကွင်းကိုကောင်းစွာ မြင်နေရသည်။

ဆိုင်ရှေ့သို့ ဂျစ်ကားနှစ်စင်းထိုးဆိုက်လာပြီး ကားထဲ





မှ ဂေါ်ရခါးစစ်ပုလိပ်များ ဆင်းလာပြီး စားသောက်ဆိုင်အတွင်းသို့ ဝင်လာကြသည်၊ ဆိုင်ထဲမှာ အနည်းငယ်ရှိနေသော စားသောက်နေသူများကို လိုက်လံစစ်ဆေးနေလေသည်။

အရာရှိဖြစ်ဟန်တူသောလူက ဆိုင်အပြင်ဘက်သို့ထွက်ကာ ဘေးတစ်ဖက် တချက်သို့ လျှောက်ကြည့်နေသည်။

သူသည်ဆိုင်နောက်ဘက်သို့ ရောက်လာသော်လည်း ထင်းပုံနားသို့ ရောက်အောင်မလာပေ။

အကယ်၍ . . . အနည်းငယ်ရှေ့တိုးပြီး ထင်းပုံနားသို့ ရောက်အောင်လာပါက ရပ်ထားသော ဂျစ်ကားကို မြင်တွေ့သွားမည်မှာ သေချာလှသည်။

ဒေါက်တာမင်းထင်ကျော်မှာ အိမ်ထဲမှလှမ်းကြည့်နေရင်း ရှေ့သို့ ဆက်မတိုးပါစေနှင့်ဟု ဆုတောင်းနေရသည်။

ခဏကြာတော့ ဆိုင်ထဲမှလူများကို အပြင်သို့ ခေါ်ထုတ်လာပြီး ကားပေါ်သို့ တင်နေသည်ကို လှမ်းမြင်ရသည်။

လူများ တင်ထားသော ကားတစ်စင်းက မောင်းထွက်သွားသော်လည်း အရာရှိနှင့် စစ်ပုလိပ်အချို့က ဆိုင်ရှေ့မှာ ကျန်နေသေးသည်။ အရာရှိက ဆိုင်အတွင်းဘက်သို့

မသက်သာသော အကြည့်ဖြင့် လှမ်းကြည့်ကာ တစ်စုံတစ်ရာ ညွှန်ကြားပြောဆိုနေလေသည်။

ထိုအချိန်မှာပင် မီးဖိုတံခါး ပွင့်လာပြီး မိန်းကလေး တစ်ယောက် ဝင်လာသည်။

'အစ်ကိုတို့ နောက်ဖက်အပေါက်က ထွက်ပြီး အမြန် သွားကြပေတော့၊ သူတို့ ဆိုင်ထဲကို ဝင်ဖို့ လုပ်နေကြပြီ'

ဟု လာပြောသဖြင့် နှစ်ယောက်သား နောက်ဖက် အပေါက်မှ ထွက်ကာ ကားရှိရာသို့ လာကြသည်။

သူတို့ ထွက်လာတော့ နောက်ဘက်တံခါးက ပြန်ပိတ် သွားသောကြောင့် ရှေ့ဘက်မှ လှမ်းကြည့်လျှင် မမြင်နိုင်တော့ပေ။ ထို့ပြင် ... ထင်းပုံကြီးက အကာအကွယ်ပေးထားသဖြင့် သူတို့ အတွက် အခွင့်အရေး ရနေသည်။

နှစ်ယောက်သားကား အနီးသို့ ရောက်သောအခါ ကားပေါ်သို့ ခုန်တက်ပြီးနောက် ဂီယာကို ဖြုတ်၍ နောက်ဘက် လမ်းကြားကလေးအတိုင်း လိမ့်ချလိုက်သည်။

အတော်ဝေးဝေးရောက်လာပြီး တစ်ဘက် လမ်းချိုး ကွေ့နားရောက်သောအခါမှ စက်နှိုးလိုက်သည်။

ထို့နောက် ...





ထိုလမ်းကျဉ်းကလေးအတိုင်း ခက်ခက်ခဲခဲ မောင်း လာရာ အတန်ကြာသောအခါ ဟိုင်းဝေးလမ်းမကြီးတစ်ခု ပေါ်သို့ရောက်လာပြီး ချောချောမောမော မောင်းလာကြသည်။

ယခု အခြေအနေအထိတော့ သူတို့နှစ်ယောက် အတွက် ကံကောင်းနေဆဲပင်ဖြစ်သည်။

'ကျွန်တော်တို့ကို ဟို စားသောက်ဆိုင်က မိန်းကလေး တွေက ကယ်တင်လိုက်တာပဲ၊ သူတို့ကို ကျေးဇူးတင်ရမယ်၊ ဒါထက် အဲဒီ မိန်းကလေးတွေက ခင်ဗျားနဲ့ သိတာလား'

'ဟင့်အင်း မသိပါဘူး၊ ဒါပေမယ့် တိဗက်လူမျိုး အချင်းချင်းတွေဆိုတော့ အရေးအကြောင်းကြုံလာရင် ဒီလိုပဲ အကူအညီပေးလေ့ရှိပါတယ်'

နှစ်ယောက်သား စကားတပြောပြောနှင့် မောင်းလာ ကြရာ တစ်နေရာရောက်သောအခါ ဂေါ်ရခါးစစ်ပုလိပ်များ က ခရီးသွားကားများကို ရပ်တန့် စစ်ဆေးနေသည်ကို လှမ်းမြင်ရသဖြင့် လမ်းချိုးတစ်ခုထဲသို့ မောင်းဝင်ခဲ့ရပြန်သည်။

ထိုနေရာမှ ခက်ခဲသော လမ်းများအတိုင်း ခက်ခက် ခဲခဲ မောင်းထွက်လာသောအခါမှ ကင်းစခန်းမှ အတန်ငယ် ဝေးသော လမ်းမပေါ်သို့ ပြန်ရောက်ပြီး ဆက်မောင်းခဲ့ရာ

လမ်းတစ်လျှောက်လုံးမှာ နောက်ထပ် မည်သည့် အခက်အခဲ
မတွေ့ရဘဲ ကားကို တစ်ယောက်တစ်လှည့် မောင်းလာခဲ့ကြ
နောက်ထပ် နှစ်ရက်ခန့် ကြာသောအခါ တောင်ပိုင်းလမ်း
ကြီးမှာ အနောက်မြောက်ယွန်းယွန်းသို့ ဦးတည်နေပြီး
မယွင်လတောင်ကြားသို့ ရောက်သောအခါ မြစ်တစ်ခုကို ဖြတ်
ကျော်ရသည်။ ဘေးတစ်ဖက်တစ်ချက် ဝဲယာတွင် ရေခဲမှုန်
ဖုံးလွှမ်း နေသည့် တောင်တန်းများကို လှမ်းမြင်နေရသည်။

ထိုနေ့ညက သူတို့နှစ်ယောက်သည် အော်ချီး ဇရပ်
တစ်ညအိပ်ကြပြီးနောက်တစ်နေ့ နံနက်လင်းသောအခါ
မနုယရောဝ ရေကန်တော်သို့ ခရီးဆက်ခဲ့ကြသည်။

'မနုသသရောဝ ရေကန်တပိုက်မှာ ဘုရားဖူးတွေ
ကမ္ဘာလှည့်ခရီးသည်တွေများသလို ကင်းစခန်းတွေကလည်း
သိပ်များတယ်၊ ကျွန်တော်တို့ သတိထားကြရမယ်'

ဟု လမ်းပြမိတ္တက သတိပေးသည်။

'ဒီမနုသသရောဝရေကန်နဲ့ ကေသာလတောင်ဟာ
အိန္ဒိယနီပေါ၊ တရုတ်ပြည်တွေက ဘုရားဖူးတွေရဲ့ အထွ
အမြတ်ထားတဲ့ နေရာတွေပဲ၊ စစ်ဆေးရေးတွေ အဲဒီနေ
တွေကို အထူးဂရုစိုက်ကြတယ်'





'တစ်နေရာက ကွေ့ရှောင်မောင်းသွားလို့ မရဘူး'

'တောလမ်းတွေထဲက မောင်းရင်တော့ ရတယ်၊
ဒါပေမယ့် လမ်းတွေက သိပ်ကြမ်းတော့ အချိန် သိပ်ကြာမယ်'

'အချိန်ကြာတာက အရေးမကြီးဘူး၊ အနှောက်အယှက်
မတွေ့ဘဲ အန္တရာယ်ကင်းဖို့ပဲ လိုတယ်'

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သဖြင့်
လမ်းပြမိတ္တက နယ်ခြားစစ်ဆေးရေး ကင်းစခန်းသို့ မရောက်
မီ ကားကို မိန်းလမ်းမကြီးမှ ကွင်း၍ တောလမ်းအတိုင်း
ကွေ့ပတ် မောင်းနှင်နေတော့သည်။

ထိုနေရာတပိုက် ရောက်သောအခါ ပတ်ဝန်းကျင်
သဘာဝရှုခင်းများက သာယာလှပလာ၏။ ပုလဲငွေရောင်
တောက်ပလျက်ရှိသော ကျောက် တောင်ကြီးများက သံလွင်
နှင့် ထင်းရှူးတောများ အုပ်ဆိုင်း နေသော တောတောင်များ
ကို ပိုမိုပေါ်လွင်စေရန် နောက်ခံ ကားချပ်သဖွယ် ကာရံထား
လေသည်။

ဂျစ်ကားလေးသည် မနုသသရောဝ ရေကန်တော်
အနီးမှ ဖြတ်မောင်းသွားစဉ် ဒေါက်တာမင်းထင်ကျော်က
ကင်မရာဖြင့် တွေ့သမျှ မြင်သမျှများကို မှတ်တမ်းရိုက်ယူ
ထားလေသည်။

လူအချို့တို့က ဝါးလုံးရှည်ထိပ်တွင် မေတ္တာပို့အလံများကို ချည်ကာ လျှောက်နေကြသည်။

'ဒါဟာ မေတ္တာပို့ အလံတွေလေ၊ မေတ္တာဓာတ်တွေကို အလံနဲ့ သင်္ကေတပြုတာ တိဗက်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး အလံတွေပေါ်မှာ လူတွေအားလုံး မေတ္တာခြံရံလုံပါစေ ဆိုတဲ့ စာတွေ ရေးထားတယ်၊ အလံတွေက လေတဖျပ်ဖျပ် ခတ်ထုတ်လိုက်တိုင်း မေတ္တာဓာတ်တွေမပြတ်ထွက်နေတယ်လို့ ယုံကြည်ကြတယ်'

လမ်းပြမိတ္တက ကားမောင်းနေရင်း ရှင်းပြပေးသည်။

မကြာမီ ကားကလေးသည် ကမ္ဘာပေါ်ရှိ အလှဆုံးတောင်များထဲမှာ တစ်ခု ပါဝင်သော ကေလာသတောင်တော်ကို အဝေးက မြင်နိုင်သောနေရာသို့ ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က ကားကို မြင်ကွင်းကောင်းသော နေရာတွင် ရပ်ကာ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူလေသည်။

ဒေါက်တာမင်းထင်ကျော်က ကမ္ဘာကျော်ဘုရင်များပင် တကူးတက လာရောက်ကြည့်ရှုရသော ကေလာသ





တောင်တော်၏ နေဝင်ချိန် ဆည်းဆာရောင် ရှုခင်းကို သက်တွေ့ကြည့်ရန် ထိုနေ့က ကေလာသတောင်ခြေမှာပင် ညအိပ်စခန်း ချကာ နားကြလေသည်။

တစ်သက်တစ်ခါ မြင်ရခဲသော သဘာဝရှုခင်းပင်ဖြစ်၏။

❖ ❖ ❖

# အခန်း (၆)

# ပဒူကျင်းထဲမှ တက်လာသော လူ

နောက်ဆုံးတော့ သူတို့နှစ်ယောက်သည် အန္တရာယ်အသွယ်သွယ်ကို ခက်ခက်ခဲခဲ ဖြတ်ကျော်ပြီး မရဏတောင်ရှိရာ နယ်စပ်ဘက်သို့ ရောက်ခဲ့ကြသည်။

ထိုနေရာသည် ကျောက်တောင်ကြီးများ၊ တောနက်ကြီးများ ပိတ်ဆီးနေသောကြောင့် လူသူ အရောက်အပေါက်ရှိသော နေရာဖြစ်သည်။

ပိတ်ပင်တားဆီးထားသော နေရာဟုပင် ပြောဆိုရ

လောက်အောင် လမ်းလည်း မရှိ၊ လူသွားလူလာဟူ၍ တ ယောက်တလေမှ မတွေ့ရတော့သည်။

ထိုနေရာသို့ ရောက်သောအခါ သူတို့စီးလာသော ကားကို လုံခြုံစိတ်ချရသော နေရာတွင် ထားခဲ့ပြီး ပစ္စည်း တင်ရန် လားတစ်ကောင်ကို ရှာဖွေဝယ်ယူကာ နှစ်ယောက် သား ခြေလျင်ခရီးကို စတင်ကြရလေသည်။

တကယ်တော့ ...

နှင်းတောင်တန်းများပေါ်နှင့် တောနက်ကြီးများထဲ မှာ လူနှစ်ယောက်တည်း ခရီးသွားရသည်မှာ အန္တရာယ်များ သော အလုပ်ဖြစ်သည်။

တောနက်ထဲမှာ ဆင်ရိုင်းအုပ်များ၊ ကိုးတောင်ကျား ကျားသစ်၊ ဝက်ဝံ၊ မျောက်ဝံ၊ လူဝံ အစရှိသည့် တောရိုင်း တိရစ္ဆာန်များ၏ အန္တရာယ် ရှိသည်က တစ်ကြောင်း၊ လူ သစ်ပင်၊ နွယ်ရှင်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှသည့် ရုက္ခအန္တရာယ်များကလည်း ရှိနေပေရာ တောနက်ထဲမှ ဖြတ် ကျော်စဉ် အတော့်ကို စွန့်စားကြရသည်။

တစ်ခါတစ်ရံ ကောနက်ထဲမှ ဖြတ်ကျော်ကြစဉ် ကြောက်မက်ဖွယ်ကောင်းသော ပဒူကျင်းများကို တွေ့ရ သည်။





ပဒူကျင်းများမှာ မြေပြင်ပေါ်မှာ အနေအထားကို ကြည့်ရုံနှင့် မသိနိုင်ပေ။

ကျင်းထဲ ကျသွားမှသာ ပြန်မတက်နိုင်ဘဲ ဒုက္ခတွေ့ ကြရခြင်းဖြစ်သည်။ ပဒူကျင်းထဲ ကျသွားပါက လူတစ်ယောက် မဆိုထားနှင့် ဆင်တစ်ကောင်ပင်လျှင် နာရီပိုင်း၊ မိနစ်ပိုင်း အတွင်း အရိုးကျသွားလောက်သည်။

'ဒီနားတဝိုက်မှာ ကျောက်ခြေတွေအောက်မှာ ကျင်း ဖွဲ့နေတဲ့ ပဒူကျင်းတွေ အများကြီးရှိတယ်၊ ကျွန်တော်တို့ သတိနဲ့ သွားကြရမယ်၊ နောက်ပြီး နည်းနည်းလေး မှောင်လာ ရင်လည်း သွားလို့ မကောင်းဘူး'

'ကျွန်တော် တွေ့ဖူးကြားဖူးတာက ပဒူတောင်ဆိုတာ မြေပွတဲ့ သဲဆွေး မြေကျင်းတွေမှာ အနေများတာပဲ၊ ဒီလို မှာ အနေများတာပဲ၊ ဒီလို မာကျောကျစ်လစ်တဲ့ ကျောက် တောင်တွေမှာ နေတယ်လို့ မကြားဖူးသေးဘူး'

'ဒီဘက်က ပဒူကောင်တွေက မြေကျင်းမှာ နေတဲ့ ပဒူတွေနဲ့ မတူဘူး ဆရာ၊ သူတို့က ကျောက်သားမြေကိုတောင် ကိုက်ဖဲ့ပြီး ကျင်းခတ်နိုင်တယ်ဆိုတော့ သူတို့ရဲ့ အစွယ်တွေ ဘယ်လောက်ထက်မလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့'

'ခင်ဗျားပြောပုံအရဆိုရင် တောကောင် အန္တရာယ်တွေနဲ့ ပဒုကင်းတွေကို ပိုပြီး သတိထားရမယ့်ပုံပဲ'

'သားရဲတိရစ္ဆာန်တွေက အကောင်ကြီးတွေဆိုတော့ လှမ်းမြင်နိုင်တယ်၊ အန္တရာယ်နဲ့ တွေ့လာရင် သူတင်ကိုယ်တင် တိုက်ခိုက်ဖို့ ဖြစ်နိုင်တယ်၊ ပဒုတောင်ဆိုတာ ပျားလောက်ပဲ အရွယ်ရှိတာ နောက်ပြီး သူတို့က တစ်ကျင်းမှာဆိုရင် ထောင်နဲ့သောင်းနဲ့ စုနေကြတာ ဆရာ ဘယ်လို တိုက်ခိုက်မလဲ'

'ခင်ဗျား ပြောတာနဲ့ လမ်းလျှောက်ရမှာတောင် ကြောက်လာပြီဗျ'

'ဒီလောက် မကြောက်ပါနဲ့ ဆရာ၊ ကျွန်တော်ရှိနေသရွေ့ ဆရာအတွက် ဘာမှ မဖြစ်ရအောင် ကျွန်တော် ကာကွယ်ပေးပါ့မယ်၊ ကဲ အချိန်မရှိတော့ဘူး၊ အလင်းရောင်ရှိတုန်း ဂူတစ်ဂူရှာပြီး စခန်းချကြရအောင်'

ဟု ပြောဆိုကာ ကျောက်တောင်တစ်လုံး၌ ရှိသော ဂူတစ်ဂူကို ရှာဖွေပြီး နှစ်ယောက်သား ထိုဂူထဲမှာ စခန်းချကြသည်။ ကားပေါ်မှ တင်လာသော ပစ္စည်းများကို အောက်သို့ ချပြီး လားကို ဂူပေါက်ဝမှာပင် ကြိုးဖြင့် လှန်ထားသည်။ နှစ်ယောက်သား မီးဖိုတစ်ဖို ပြုလုပ်ပြီး ယူဆောင်လာသော





အစားအသောက်များကို ချက်ပြုတ်စားသောက်ရင်း ခရီးစဉ်များ အကြောင်းကို ပြောနေကြသည်။

'တကယ်တော့ ဦးဗန်ကောင်းနဲ့ တွေ့ဖို့ ချိန်းထားတဲ့ တောင်ဆိုတာ အင်မတန် ကြောက်ဖို့ကောင်းတဲ့ တောင်တစ်လုံးပဲ တောင်ပေါ်တက်ဖို့ ကြိုးစားတဲ့သူမှန်သမျှ လိမ့်ကျပြီး သေကြတာပဲ၊ တောင်ပေါ်ကို ရောက်သွားတဲ့ လူမှန်သမျှလည်း တောင်အောက်ကို ဘယ်တော့မှ ပြန်မရောက်လာနိုင်တော့ဘူး၊ ဒါကြောင့် အဲဒီတောင်ကို မရဏ တောင်ရယ်လို့ အမည်ပေးထားတာပဲ'

လမ်းပြမိတ္တက ဖခါးရည်ပူပူတစ်ခွက်ကို သောက်ရင်း ပြောပြနေလေသည်။

'ဒါဖြင့် အဲဒီတောင်ပတ်လည်မှာ လူတွေ မရှိကြဘူးပေါ့'

'မိုင်တစ်ရာပတ်လည်အတွင်းမှာတော့ လူနေတဲ့ ရွာရယ်လို့ မရှိကြဘူး၊ အဲဒီ ပတ်ဝန်းကျင်မှာ နေဖို့ မပြောနဲ့ အနားရောက်အောင်တောင်မှ မသွားဝံ့ကြဘူး'

'ဘာကြောင့်လဲဗျ'

'အဲဒီ နားသွားရင် သေမယ်ချည်း ထင်နေတော့ မသွားဝံ့ကြတာ ဖြစ်မှာပေါ့'

'ဒါဖြင့် အဲဒီတောင်မှာ လူမရှိဘူးလား'

'မရဏတောင်ပေါ်မှာ လူတွေတော့ ရှိပါတယ်၊ ဒါပေမယ့် သူတို့က ကျွန်တော်တို့တတွေလိုမဟုတ်အုး'

'ဘယ်သူတွေလဲ . . .'

'လာမား ဘုန်းကြီးတွေပါ . . .'

'သူတို့ကရော တောင်ပေါ်ရောက်အောင် ဘယ်လို တက်ကြသလဲ'

'အဲဒီနည်းတော့ ကျွန်တော်မသိဘူး'

'သူတို့က တန်ခိုးသိဒ္ဓိတွေရှိလို့ ဈာန်ပျံပြီး အတက် အဆင်းလုပ်ကြတာလား'

'အဲဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ ကျွန်တော်သိရသလောက်ပြောရရင် အဲဒီတောင်ပေါ်ကို တက်တဲ့လျှို့ဝှက်လမ်း တစ်ခုရှိတယ်လို့ ကြားဖူးတယ်၊ အဲဒီလမ်းက ဗြဟ္မပုတ္တရ မြစ်ဘက်အထိ ရောက်တယ်လို့တော့ လူကြီးသူမတွေ ပြောပြလို့ ကြားဖူးတယ် . . .'

နှစ်ယောက်သား ဖခါးရည်သောက်ရင်း၊ မီးလှုံရင်း၊ စကားပြောနေကြရာ အပြင်ဘက်မှာပင် အတော်မှောင်လာချေပြီ။ မြူနှင်းများ ကျဆင်းနေသောလည်း ကောင်းကင်၌





လရောင်ရှိသောကြောင့် ဂူနှင့်မလှမ်းမကမ်းနေရာများကို အနည်းငယ်လှမ်းမြင်နိုင်သည်။

'အခု ခင်ဗျားရဲ့တာဝန်က ဘာလဲမိတ္တ . . .'

'ကျွန်တော်တာဝန်က ဆရာ့ကို မရဏတောင်ခြေရောက်အောင် လိုက်ပို့ပေးဖို့ပါပဲ . .'

'တောင်ပေါ်ရောက်အောင် တက်ဖို့ကရော ဘယ်လို လုပ်ရမလဲ'

'အဲဒီအတွက် စိတ်မပူပါနဲ့ ဆရာ၊ တကယ်လို့ ဆရာဟာ သူတို့အလိုရှိတဲ့လူမှန်ရင် တနည်းမဟုတ်တနည်းနည်းတော့ တောင်ပေါ်ရောက်အောင် ခေါ်သွားကြမှာပါ . .'

လမ်းပြမိတ္တ စကားကြားသောအခါ အနည်းငယ်တော့ စိတ်သက်သာမှု ရသွားသလို ခံစားရသည်။

'ခင်ဗျားကရော ကျွန်တော်နှင့် တစ်ပါတည်း လိုက်ခဲ့လို့ မရဘူးလား . .'

'ကျွန်တော်အမြင်ပြောရရင်တော့ အစီအစဉ်ထဲမှာ ကျွန်တော်မပါဘူးထင်တယ်၊ သူတို့ကျွန်တော့်ကို အသုံးချမှာက ဆရာ့ကို မရဏတောင်ရောက်အောင် မဖြစ်ဖြစ်တဲ့ နည်းနဲ့ ပို့ပေးရမယ့် တာဝန်ပဲထင်တယ်'

လမ်းပြမိတ္တူ စကားကြားသောအခါ အနည်းငယ် အံ့သြသွားလေသည်။

'ခင်ဗျားစကားကြားရတာ အံ့သြစရာပဲ၊ ကျွန်တော် သဘောပေါက်အောင် နည်းနည်းလောက် ရှင်းပြလို့ မရဘူးလား'

'ကျွန်တော်နားလည်သလို ရှင်းပြရရင်တော့ သာမန်လူတွေမှာတောင် သူ့အဆင့်နဲ့သူရှိကြသေးတာပဲ၊ အိန္ဒိယယောဂီတွေမှာပဲဖြစ်ဖြစ်၊ တိဗက်လားမားဘုန်းတော်ကြီးတွေမှာပဲဖြစ်ဖြစ်၊ သူတော်စင်တွေမှာပဲဖြစ်ဖြစ်၊ သူ့အဆင့်နဲ့သူ . . သူ့ကဏ္ဍနဲ့သူ ရှိကြတယ် . .'

'ဟုတ်ပါပြီ . .'

'အဆင့်မြင့်တဲ့လူတွေက တာဝန်ကြီးကြီးတွေ ယူထားကြသလို အောက်မှာအဆင့်ဆင့်ရှိတဲ့လူတွေကလည်း သူ့တာဝန်နဲ့သူ ကျေပွန်အောင်လုပ်ကြရတယ် . .၊ ကျွန်တော်တို့ကတော့ သာမန်အဆင့်လောက်ပဲ လုပ်ပေးကြရတာပါ'

'ဒါဖြင့် ခင်ဗျားက ဗုက်ဗဲလားက ပုဂ္ဂိုလ်တွေနဲ့ အဆက်သွယ်ရှိတဲ့လူလား'

'အဲဒီလောက် အဆင့်မရှိပါဘူး၊ ကျွန်တော့်အဆင့်က





ခိုင်းစရာတစ်ခုခုရှိရင် သတိရတဲ့ အဆင့်လောက်ပဲရှိပါတယ် ဥပမာတစ်ခုပြောရရင် ဘုန်းကြီးကျောင်းကြီးတစ်ကျောင်းမှာ ရှိတဲ့ ကိုရင်၊ ကျောင်းသားအားလုံးကို ကျောင်းထိုင်ဆရာတော်ကြီးက မမှတ်မိပါဘူး၊ ဒါပေမယ့် အရေးတကြီး ခိုင်းစရာကိစ္စပေါ်လာရင်တော့ ခိုင်းလို့ စိတ်ချရတဲ့ ကလေး၊ သွက်လက်ချက်ခြာတဲ့ကလေးကို အမှတ်ရသလိုမျိုးပါပဲ . .'

ဟု ရှင်းပြလေသည်။

'ဦးဗန်ကောင်းနဲ့က ဘယ်လိုအဆက်အသွယ်ရတာလဲ . . .'

'ဦးဗန်ကောင်းက ကျွန်တော်နှင့် သိခဲ့ကြတာကြာပြီ၊ သူက ဒီဘက်နယ်ကို မကြာခဏလာလေ့ရှိတယ်၊ သူဒီကိုလာတိုင်း ကျွန်တော့်ကို ခေါ်ပြီး သုံးလေ့ရှိပါတယ်'

'သူက တိဗက်ကို ဘာကြောင့်မကြာခဏလာတာလဲ၊ ခင်ဗျားသိသလား'

'ဟင့်အင်း မသိဘူး၊ ဒါပေမယ့် မရဏတောင်တစိုက်ကိုတော့ မကြာခဏသွားလေ့ရှိတယ်၊ သွားတိုင်းလည်း ကျွန်တော်က လမ်းပြပေးရတယ်၊ ဒါကြောင့် ဒီလမ်းဆိုရင် လမ်းမကြီးတွေသာမက လျှို့ဝှက်လမ်းတွေကအစ အားလုံး သိနေတာပေါ့'

ထိုအခါမှ အန္တရာယ် အခက်အခဲနှင့် ကြုံတိုင်း လွှ
မြောက်နိုင်ရာ လမ်းတစ်ခုမဟုတ်တစ်ခု သိနေသော လမ်းပြ
မိတ္တ၏ အရည်အချင်းကို အသိအမှတ်ပြုရလေတော့သည်

ထို့နောက် ...၊

ညဦးနက်လာပြီး အအေးဓာတ်ပိုလာသောအခါ မီးဖို
အနွေးဓာတ်ကို အားပြုပြီး နှစ်ယောက်သား အိပ်ကြလေသည်

လမ်းပြမိတ္တမှာ ထိုခရီးလမ်းကို သွားနေကျဖြစ်သော
ကြောင့် ခေါင်းချလိုက်သည်နှင့် တခူးခူးတခေါခေါနှင့် အိပ်
ပျော်သွားသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့
တော်တော်နှင့် အိပ်မပျော်သောပေ။

သူ့အတွက် ယခင်က ထိုကဲ့သို့ စွန့်စားရသော
ခရီးများကို အကြိမ်ပေါင်း များစွာ သွားလာခဲ့ဖူးသော်လည်း
မိမိနှင့်အတူ ခရီးသွားဖေါ်သွားဘက်များ အတူပါခဲ့သည်။

အရေးကိစ္စတစ်ခုခုရှိလျှင် တိုင်ပင်ဆွေးနွေးကာ
ကျော်ဖြတ်လေ့ရှိသော်လည်း ယခုခရီးစဉ်မှာတော့ အခြားသူ
များမပါဲ မိမိတစ်ယောက်တည်းပေမို့ အနည်းငယ် အားငယ်
သလိုတော့ ရှိသည်။

သို့သော်လည်း . .၊





မိမိအတွက် ခရီးသွားအတွေ့အကြုံ အသစ်အဆန်း
များ ရနိုင်ပြီး ထူးဆန်းသော အကြောင်းအရာများကို တွေ့နိုင်
သည်ဟု စိတ်ထဲမှာသိနေသောကြောင့် စိတ်ဝင်စားမှုတော့
ရှိပေသည်။

ထိုသို့ တစ်ယောက်တည်း အတွေးကောင်းနေစဉ်
အားထဲမှာ ပျားကောင်များ အုပ်စုလိုက် ပျံသန်းလာသော
အသံမျိုးကြားရသဖြင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဂူထဲမှ ထွက်နေသော မီးခိုးငွေ့နှင့် မြူနှင်းများက
တံဝန်းကျင်တဝိုက်တွင် ပြန့်နှံ့နေသောကြောင့် ဘာတစ်ခုမှ
တော့ သဲသဲကွဲကွဲ မမြင်ရပေ။

သို့သော် ...

ကြားနေသော တဝီဝီမြည်သံများကတော့ ပျားအုံကို
တုတ်ဖြင့်ထိုးလိုက်သလို ပိုမို ကျယ်လောင်လာသည်။

ထိုအသံများကြောင့် အိပ်ပျော်နေသော လမ်းပြမိတ္တ
င် လန့်နိုးလာသည်။

'ဘာသံတွေလဲ'

'မသိဘူး၊ ပျားတွေ အုပ်လိုက်ပျံနေတဲ့ အသံမျိုးပဲ'

'ဟင်'

နှစ်ယောက်သား ဂူပေါက်ဝနှင့် နီးနိုင်သမျှ နီးအော

တိုးသွားပြီး ကျောက်တုံးအကွယ်မှ ကပ်ကာ အခြေအနေ လှမ်းကြည့်လိုက်ကြရာ သူတို့ရှိနေရာ ဂူပေါက်ဝနှင့် မလှ မကမ်းတွင် ညီညာပြန့်ပြူးပြီး အနည်းငယ် မို့မောက်နေသ မြေကွက်လပ်တစ်ခု ရှိသည်။

ထို မြေကွက်လပ်ပေါ်သို့ မှုံဝါးသော အလင်းရော များက တစွန်းတစ်စ ကျဆင်းလျက်ရှိသည်။

ထိုသို့ ကြည့်နေရင်းမှာပင် ကျောက်မြေများ တဖြည်း ဖြည်း မောက်တက်လာပြီး အတန်ကြာသောအခါ ထိုနေ တဝိုက်မှ အလွန်ကြီးသော ပျားကောင်ကြီးများအပေါ် တက်လာသည်ကို လှမ်းမြင်ရသည်။

'ဟင် ပျားတွေ ပျံတက်လာပါလား။ ကျွန်တော် တွေ ဖူးသမျှ ပျားတွေထဲမှာတော့ အတော့်ကို အကောင်ကြီး ပျားတွေပဲ၊ ဝိတုန်းတွေလောက်ကို ရှိတယ်'

ဒေါက်တာမင်းထင်ကျော်က တိုးတိုး ပြောလိုက်သည

'အဲဒါ ပျားတွေ မဟုတ်ဘူးဗျ၊ ပဒူတွေ ပျံတက်လာတ

'ဟင် ... ဒီဂူထဲဘက်ကို လာရင်တော့ အခက်ပဲ'

'ဂူထဲမှာ မီးဖိုရှိတာပဲ မလာပါဘူး၊ ဒါပေမယ့် အခ အခါမဟုတ်ဘဲ၊ ဘာကြောင့် ပဒူတွေ စပျံနေတာပါလိမ့်'





ပဒူအုပ်ကြီးမှာ ၎င်းတို့ ခိုအောင်းရာ ကျင်းထဲသို့ ဘစ်စုံတစ်ခုက ဝင်ရောက် နှောက်ယှက်လိုက်သဖြင့် အလန့် ဘကြား ထပျံနေသည့် ပုံစံမျိုးပင် ...။

သူတို့နှစ်ယောက် ကြည့်နေစဉ်မှာပင် မြေကြီးများ ကြွတက်လာပြီး မည်းမည်းသဏ္ဌာန်တစ်ခု မြေအောက်မှ ဘက်လာလေသည်။

'ဟင် ...'

'ဟာ ...'

'မြေအောက်မှ တက်လာသော အရာမှာ အခြား ဟုတ်ပေ။ လားမားဘုန်းတော်ကြီးတစ်ပါးပင်ဖြစ်တော့သည်။

လားမားဘုန်းကြီးမှာ ပဒူကျင်းထဲမှ တက်လာပြီး ၎င်း ကိုယ်ပေါ်မှာ တွယ်ကပ်နေသော ဖုံမှုန်များကို သပ်ခါ နေသည်။

ပဒူကောင်များက သူ့ပတ်ဝန်းကျင်မှာ ဝဲပျံနေကြ သော်လည်း သူ့ကို ရန်မမူကြပေ။

ထို့နောက် လားမားဘုန်းတော်ကြီးက မီးရောင်ရှိနေ သော သူတို့ဂူဘက်သို့ တစ်ချက် လှည့်ကြည့်ပြီးနောက် အရှေ့ ဘက် တောင်ကျောအတိုင်း ဆင်းသွားလေတော့သည်။

'ဒီ လားမားကြီးက ပဒုကျင်းထဲက ထွက်လာပါလား အဲဒီထဲ ဘာဝင်လုပ်နေတာလဲ'

'တချို့ လားမားဘုန်းကြီးတွေဆိုရင် ပဒုကျင်းထဲ မဟုတ်ဘူး၊ မြွေတွင်းတို့ သားရဲတွင်းတွေထဲ ပါဝင်ပြီး တရား ကျင့်လေ့ရှိကြတယ်'

'တိရစ္ဆာန်တွေက အန္တရာယ် မပြုကြဘူးလား'

'မပြုပါဘူး၊ လားမားဘုန်းတော်ကြီးတွေရဲ့ ကျင့်စဉ် အတော်များများမှာ မေတ္တာစိတ်ပို့လွှတ်ခြင်းကို ပြုလုပ်ကြ ပါတယ်၊ သူတို့က မေတ္တာတရားရဲ့ စွမ်းအားကို ယုံကြည်ကြ တယ် . .၊ အရာရာကို မေတ္တာတရားနဲ့ လွှမ်းခြုံနိုင်ဘို့ အမိက ထားကြတယ်၊ သူတို့မှာ မေတ္တာစက်ကွင်းဆိုတဲ့ ဓာတ်တွေ ရှိ တယ်၊ ဒီမေတ္တာစက်ကွင်းနဲ့ လွှမ်းခြုံထားရင် ဘယ်လို အန္တရာယ်မျိုးမှ မနှောင့်ယှက်နိုင်ဘူးလို့ ယုံကြည်မှုနဲ့ သားရဲ တွင်းတွေ အထိဝင်ပြီး တရားအားထုတ်ကြတယ် . .'

'ဟင် အတော်ဆန်းကြယ်ပါလား'

'ဒါထက် ဆန်းကြယ်တာတွေ ရှိသေးတယ်၊ အချို့ လားမားကြီးတွေဆိုရင် အလင်းရောင်မရှိတဲ့ ကျောက်ဂူတွေ၊ သားရဲတွင်းတွေအထဲမှာ မထွက်တော့ပဲ နှစ်ပေါင်းရာနှင့်ချီပြီး





နေသွားကြတာတွေ ရှိတယ် . .'

(တိဗက်မှ ဂူအောင်းလားမားများ အကြောင်းကို ရှေ့ အခန်းများမှာ ဖော်ပြထားပါတယ်၊ စာရေးသူ)

သူတို့နှစ်ယောက် လှမ်းကြည့်နေစဉ်မှာ နှင်းတော ထဲမှာ တဝိုးဝိုး ပျံ့သန်းနေသော ပဒုကောင်များမှာ ၎င်းတို့ကျင်း ထဲသို့ တစ်စတစ်စ ပြန်ဝင်သွားရာ အတန်ကြာသောအခါ သို့နေရာတဝိုက်မှာ ပြန်လည် တိတ်ဆိတ်သွားလေတော့သည်။

✤ ✤ ✤

## အခန်း (၇)

## မုန်တိုင်းကြားမှ အလင်းရောင်

နောက်ထပ် နှစ်ရက်သုံးရက်ခန့် ခရီးဆက်ကြသော အခါ မရဏတောင်ကို လှမ်းမြင်နိုင်သော နေရာသို့ ရောက်လာကြလေတော့သည်။

'ကျွန်တော်တို့ ဒီတောင်ကျောကြီးပေါ်ကို တက်လိုက်ရင် မရဏတောင်ကို လှမ်းမြင်လို့ ရပြီ'

ဟု လမ်းပြမိတ္တက ပြောသည်။

'လှမ်းမြင်ရပြီဆိုတော့ ခရီးအတော်နီးပြီပေါ့'

'အင်း နီးတော့ နီးပါပြီ၊ ဒါပေမယ့် အဲဒီတောင်ကျော ကြီးကို ဖြတ်ရဦးမယ်၊ အနည်းဆုံးတော့ နှစ်ရက် သုံးရက် လောက် ကြာဦးမယ်'

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် စိတ်ပျက်သွားသလို ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူတို့တွင် ပါလာသော ရိက္ခာက အတော် နည်းနေ လေပြီ၊ နောက်ထပ် နှစ်ရက်သုံးရက်စာပင် လောက်တော့ မယ် မထင်ပေ။ နှင်းများ ဖုံးနေသော တောင်တန်းများပေါ် တွင် အကယ်၍ ရိက္ခာပြတ်သွားလျှင် အခက်ပဲဟူသော အတွေးကြောင့် စိတ်ထဲမှာ အနည်းငယ်လေးလံသွားသော် လည်း အခုမှတော့ ဘယ်လိုမှ မတတ်သာတော့ပေ။

မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှေ့ရောက်အောင် သွားဖို့သာ ရှိတော့သည်။ တစ်ဖက်မှလည်း မရဏတောင်သို့ ရောက်လျှင် ဦးဗန်ကောင်းနှင့် တွေ့ရတော့မည်ဟူသော အတွေးကြောင့် အားရှိသလို ခံစားရပြန်သည်။

သူတို့သည် လူနှစ်ယောက်နှင့် လားတစ်ကောင်ကို တောင်ကျောပေါ်သို့ ရောက်အောင် အတော်ကလေး





ကြိုးစား တက်တော့မှ ရောက်ကြလေသည်။တောင်ကျောဟု သာ ဆိုရသော်လည်း ပေအတော်မြင့်သည့် တောင်တန်းတစ်ခု ပင်ဖြစ်၏။

ထိုတောင်တန်းတစ်ခုလုံးမှာ သစ်ပင်ဟူ၍ တစ်ပင် တလေမှ မရှိဘဲ ကြည့်လေရာ နှင်းများ ဖုံးနေသည့် ကျောက် တောင်ကျောက်စွန်းများကိုသာ မြင်နေရသည်။

တောင်ကျော၏ အမြင့်ဆုံးနေရာမှ ရပ်ကာ အရှေ့ တောင်ယွန်းယွန်းဘက်သို့ မျှော်ကြည့်လိုက်လျှင် မြန်မာပြည် မှာရှိသော ပုပ္ပါးတောင်နှင့် တူလှသည့် ကျောက်တောင် တစ်တောင်ကို လှမ်းမြင်ရသည်။

ထိုကျောက်တောင်မှာ ဦးဗန်ကောင်း တစ်ခါက ပြော ပြသကဲ့သို့ အရွက်မရှိသော သစ်ပင်လုံးချောကဲ့သို့သော် လည်းကောင်း၊ ဖယောင်းတိုင်တစ်တိုင် ထောင်ထားကဲ့သို့ သော်လည်းကောင်း များစွာ တူလှပေသည်။

ပုပ္ပါးတောင်က ဈေး သိပ်မမြင့်လှသောကြောင့် တောင်ထိပ်ကို မြင်ရသော်လည်း ၎င်းတောင်ကတော့ မြူနှင်း များကြားသို့ တိုးဖောက် ဝင်ရောက်သွားသောကြောင့် တောင်ထိပ်သို့ မမြင်ရပေ။

ပမာဆိုရလျှင် မိုးပေါ်မှ မြေပြင်သို့တိုင် တိုင်တစ်လုံး ထိုးစိုက်ချထားသည်နှင့် တူလှပေသည်။

'အခု လှမ်းမြင်နေရတဲ့ တောင်ဟာ မရဏတောင်ပဲ၊ အခု မြင်နေရတဲ့အတိုင်းပဲ၊ တောင်ပတ်ဝန်းကျင်မှာ သစ်ပင်ဝါးပင်တွေလည်း မရှိဘူး၊ ဘေးပတ်လည်မှာလည်း ကျောက်စွန်းကျောက်ချွန်တွေ မရှိဘဲ လုံးချောကြီးပဲ တောင်ထိပ်ကို လှမ်းမမြင်ရတော့ ဘယ်လောက် မြင့်တယ်ဆိုတာလည်း မခန့် မှန်းနိုင်ဘူး'

ဟု လမ်းပြမိတ္တက အားရှိစရာ ပြောပြသည်။

'လားမားဘုန်းကြီးတွေဟာ တောင်ခြေကနေ တောင်ပေါ်ရောက်အောင် တက်နိုင်မှတော့ အပေါ်တက်လို့ရတဲ့ လျှို့ဝှက်လမ်း၊ ဒါမှမဟုတ် လျှို့ဝှက်တဲ့ နည်းတစ်နည်းနည်းတော့ မုချရှိမှာပါ'

ဒေါက်တာမင်းထင်ဇော်က သူ့ အယူအဆကို ပြောပြသည်။

'မြန်မာနိုင်ငံမှာရှိတဲ့ ပုပ္ပါးတောင်ကလပ်ဆိုတာ အခုလို မတ်မတ်ထောင်ထောင်ကြီးပဲ၊ ရှေးအခါကဆိုရင် အခုလို အပေါ်တက်လို့ရတဲ့ လှေခါးထစ်တွေ ဘာတွေလည်း မရှိသေးဘူး၊ သဘာဝအတိုင်းပဲ ရှိသေးတယ်၊ အဲဒီ အချိန်တုန်း





က တောင်မှ တောင်ထိပ်ပေါ်မှာ တက်ပြီး အဓိဋ္ဌာန်ဝင်ကြတဲ့ လူတွေရှိခဲ့တယ်'

'ဘယ်လို တက်တာလဲ သိဒ္ဓိတန်ခိုးနဲ့ တက်ကြတာလား'

'မဟုတ်ပါဘူး၊ ပုပ္ပါးတောင်ကလပ်ရဲ့ ထိပ်ပိုင်းမှာ နွယ်ရှင်ကြီးတွေ ရှိတယ်၊ အဲဒီ နွယ်ရှင်ကြီးတွေက တစ်ပတ်တစ်ခါဆိုသလို တောင်ခြေကို ရေသောက်ဖို့ ဆင်းလေ့ရှိတယ်၊ အပေါ်က အောက်ကို ဆင်းချင်တဲ့လူက နွယ်ရှင်ကြီးတွေ ဆင်းတဲ့အချိန်ကို စောင့်ပြီး ဆင်းကြတယ်'

'တယ်ဟုတ်ပါလား' '

'အပေါ်ကို တက်ချင်တဲ့လူကလည်း နွယ်လက်တံကြီးတွေကို ဖက်ပြီး တက်လိုက်လာရုံပဲ၊ ကိုယ်မသိသေးတာကလွဲပြီး အခက်အခဲတွေမှာ ထွက်ပေါက်တစ်ခုတော့ ရှိကြပါတယ်'

'ဆရာ အယူအဆကို ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့လို ဉာဏ်တစ်ထွာတစ်မိုက်လောက်ရှိတဲ့ သာမာန်လူတွေအဖို့ကတော့ တော်ရုံ လျှို့ဝှက်ချက်တွေကို ဘယ်သိနိုင်ပါ့မလဲဗျာ'

ဟု ပြောဆိုပြီးနောက် နှစ်ယောက်သား ကျောက်စွန်းကျောက်တောင်များ ထူပြောလှသည့် တောင်ကျောပေါ်မှ ခက်ခက်ခဲခဲ ခရီးဆက်ကြရသည်။ နေ့လည်ပိုင်းအချိန်သို့

ရောက်သောအခါ ပတ်ဝန်းကျင် အနေအထားမှာ သိသိသာသာကြီး ပြောင်းလဲလာတော့သည်။

သာမာန်နှင်းမှုံနှင်းဖွဲများ ကျလာရာမှ သိပ်သည်းစွာ ကျဆင်းလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည် သာမက အလင်းရောင်ပျောက်သွားပြီး မှုန်မှိုင်းလာတော့သည်။ သူတို့နှင့်အတူ ပါလာသော လားကလည်း တရှူးရှူး တရှဲရှဲနှင့် ဂဏှာမငြိမ် ဖြစ်လာလေသည်။

'ဒါ နှင်းမုန်တိုင်း ကျတော့မယ့် လက္ခဏာပဲ'

လမ်းပြမိတ္တာက ရိပ်မိသော်လည်း အခြေအနေကရှောင်လွှဲ၍ မရတော့ပေ . . .၊

ပတ်ဝန်းကျင်မှာ အတန်အသင့် အကာအကွယ်ရနိုင်သည့် ကျောက်ဂူ၊ ဒါမှမဟုတ်၊ ကျောက်တုံးကျောက်ဆောင်တစ်ခုခု တွေ့လိုတွေ့ခြား လိုက်လံရှာဖွေကြည့်သော်လည်း မတွေ့ရပေ . . .။ ခဏချင်းမှာပင် စောစောက ငြိမ်သက်နေသော ပတ်ဝန်းကျင်အခြေအနေက လှုပ်ရှားလာသည်။

ငြိမ်သက်နေသောလေက ပြင်းထန်တိုက်ခတ်လာသည်။

လေနှင့်အတူ နှင်းခက် နှင်းခဲများက ပါလာသည်။

'ဆရာရေ ဗွာစ်နေရာမှာ ဝပ်သာနေပေတော့ဗျို့'





လမ်းပြမိတ္တာ၏ အသံကို နောက်ဆုံးကြားလိုက်ရခြင်းပင်ဖြစ်၏။

သူလည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ မိမိနှင့်အတူပါလာသော အထုပ်ကို ပိုက်ပြီးချိုင့်ဝှမ်းတစ်ခုထဲသို့ လှဲချလိုက်လေတော့သည်။

အပေါ်သို့ မော့ကြည့်လိုက်သည်။

ကောင်းကင်ပြင်တစ်ခုလုံးသို့ မှောင်နေသည်။

စောစောက ရှိနေသော အလင်းရောင် ဖျော့ဖျော့ကလေးပင် ပျောက်ကွယ်သွားသည်။

အဝေးဆီမှ လူငြီးငြူသံလိုလို . .၊ ဝိတုံးကောင်များအုပ်စုလိုက် ပျံသန်းလာသော အသံမျိုးတွေကို နားထဲမှာကြားနေရသည်။ ကြည့်နေရင်းမှပင် အမှောင်ရိပ်က ကြီးစိုးလာသည်။ အအေးကလည်း တစ်ချိန်ထက် တစ်ချိန် ပိုလာသည်။ ပြင်းထန်လာသည်။ အဝတ်အစားများကို ထိုးဖောက်ဝင်လာပြီး အသားကိုပင် ထိုးဖောက်နေသလို ခံစားရသည်။

အအေးဓာတ်က ပြင်းထန်းလာသည်။

အမှောင်ရိပ်က နက်ရှိုင်းလာသည်။

ညည်းသံကလည်း ကျယ်သည်ထက်ကျယ်လာသည်။

သူ့ကိုယ်ပေါ်သို့ နှင်းအုပ်နှင်းခဲများက အစုလိုက်အခဲလိုက် ကျဆင်းလာလေတော့သည်။

ထိုအခါမှ လေပြင်းက ဝိတုန်းကောင်များ၊ အစုလိုက်အပြုံလိုက် ပျံဝင်လာသလို တရကြမ်း တိုက်ခတ်ရာ ကိုယ်ပေါ်မှ အဝတ်အစားများပင် စုတ်ပြတ်သပ်ကုန်သည်ဟု ထင်မိသည်။ လေနှင့်အတူ လွင့်မပါသွားစေရန် ကျောက်စွန်းတစ်ခုကို ကျားကုပ်ကျားခဲ ဆုပ်ကိုင်ထားရင်း တွယ်ကပ်ထားရသည်။ တော်သေးသည်မှာ ... သူ့အတွက် ဆုပ်ကိုင်ထားစရာ ကျောက်စွန်းများ ရှိနေသောကြောင့်ပင်။

နားထဲမှာတော့ လေပြင်းတိုက်ခတ်သံမှလွဲ၍ အခြားအသံများကို မကြားရတော့ပေ။

လမ်းပြမိတ္တူအသံကိုလည်း မကြားရ၊ လားအော်သံကိုလည်း တစ်စွန်းတစ်စမှပင် မကြားရတော့ပေ။

လေက လျော့မသွားဘဲ၊ တစ်ကျော့ပြီးတစ်ကျော့ တိုး၍ တိုး၍ လာလေရာ လေနှင့်အတူ ပါလာသော နှင်းမှုန်နှင်းခဲများက ကိုယ်ပေါ်သို့ တရကြမ်း ကျဆင်းနေရာ သည်အတိုင်း ဆက်နေပါက မကြာခင် နှင်းထုအောက်သို့ ရောက်သွားပြီး ဘယ်လိုမှ ပြန်တက်နိုင်တော့မည် မဟုတ်ပေ။





သူနှင်းတောထဲမှ ရုန်းထပြီး ပတ်ဝန်းကျင်ကိုကြည့်တော့ မလှမ်းမကမ်းမှ အက်ကြောင်းတစ်ခုကို တွေ့ရသည်။ ကိုယ်ကို ထိမ်းပြီး ထို အက်ကြောင်းနေရာသို့ ရောက်အောင် တရွေ့ရွေ့ သွားသည်။

အက်ကြောင်းက အတော်ကလေး ကျယ်သည်။

လေနည်းနည်းလျော့သွားသည်နှင့် အက်ကြောင်းထဲသို့ တရွေ့ရွေ့ ဆင်းနိုင်ခဲ့သည်။ အက်ကြောင်းထဲမှာ ခြေနင်းစရာနှင့် လက်ကိုင်စရာ ကျောက်စွန်းအချို့ရှိနေသဖြင့် တော်ပေသေးသည်။ အပြင်ဘက်မှ လေက ကြမ်းသည်ထက်ကြမ်းလာပြီး တဝေါဝေါ တိုက်ခတ်သံများကို ဆူညံစွာကြားရသည်။

သူ အက်ကြောင်းတစ်ခုကို အချိန်မီ ရှာတွေ့ခြင်းက ကံကောင်းလှသည်။ မဟုတ်လျှင် ယခုလောက်ဆိုလျှင် နှင်းထုအောက် နစ်မြုပ်ပျောက်ကွယ်ပြီး အသက်ပျောက်လောက်သည်။ တောင်ကြားထဲအထိတော့ လေပြင်းက သိပ်မရောက်ပေ။

သို့သော် ... ဆီးနှင်းများက အဆုပ်လိုက် အဆုပ်လိုက် ကျနေသည်။ လေပြင်းနှင့်အတူ ဆီးနှင်းများက ပါလာခြင်းဖြစ်သည်။ ဆီးနှင်းများက တောင်ကြားထဲအထိ ကျလာသည်။

ကျောက်စွန်းပေါ်တွင် ခြေထောက်များ ထုံကျင်လာသည်။ လက်များမှာလည်း တောင့်တင်းနေပြီ။

သို့စေကာမူ နေရာမှ တစ်ချက်ကလေးမှ မလှုပ်ဝံ့ပေ။ မတော်တဆ ခြေချော်ကျသွားပါက တောင်ကြားနှစ်ခုမှာ ဘယ်လောက် နက်ရှိုင်းသည်ကို မသိရပေ။

အောက်ခြေမှာလည်း ဘာတွေရှိလို့ရှိမှန်း မသိရပေ။

သို့ကြောင့် မလှုပ်ဝံ့ပဲ ဖွတ်ပေကာ ကိုင်ထားရသည်။

မျက်နှာပြင် တစ်ခုလုံး ဆီးနှင်းများ ကပ်နေသည်ကို ဖယ်ချပစ်ချင်သော်လည်း လက်နှစ်ဖက်ကို မလှုပ်ဝံ့သောကြောင့် သည်အတိုင်း ငြိမ်နေရသည်။

အတန်ကြာတော့ အပေါ်ဘက်မှ အသံများ အနည်းငယ် လျော့ကျသွားသည်၊ သို့စေကာမူ ဆီးနှင်းများကတော့ အဆက်မပြတ်ကျမြဲကျနေသည်။

တောင်ကြား မျက်နှာပြင်ပင် ပိတ်လှုပိတ်ခင်ဖြစ်နေသည်။ စိတ်မချသေးသောကြောင့် နေရာတွင်ငြိမ်နေပြီး လေပြင်း တိုက်ခတ်သံများ ရပ်စဲသွားတော့မှ တောင့်တင်းနေသော ခြေလက်များကို ကြိုးစားလှုပ်ရှားပြီး အပေါက်ဝမှာ ပိတ်ဆို့နေသော နှင်းခဲများကို ဖယ်ရှားပြီး အပေါ်သို့ ပြန်တက်သည်။





တောင်မျက်နှာပြင်ပေါ် ရောက်သည်နှင့် ဦးစွာမျက်နှာပေါ်မှာ တွယ်ကပ်နေသော နှင်းခဲများကို သပ်ဖယ်ချသည်။

အေးစက်ထုံကျင်နေသော လက်နှစ်ဖက်ကို သွေးပူသာစေရန် အချင်းချင်း ဆုပ်နယ်ထုရိုက်သည်။ အနည်းငယ်သွေးပူပြီး နေသာထိုင်သာရှိတော့မှ ပတ်ဝန်းကျင်ကို ကြည့်သည်။ မုန်တိုင်းက ငြိမ်သွားသည်။

လေအရှိန်က လျော့ကျသွားပြီ၊ ဆီးနှင်းများကလည်း ပါးသွားချေပြီ။ မိမိမအနေနှင့် ကံကောင်းလောက်မစွာဖြင့် အသက်ဘေးမှ လွတ်ခဲ့သော်လည်း လမ်းပြမိတ္တနှင့် လား တစ်ကောင်၏ ကံကြမ္မာကို မသိရသေးပေ။

တောင်ကျောတစ်ခုလုံးကတော့ ဆီးနှင်းမျက်နှာပြင်ကြီးကိုသာ တွေ့နေရသည်။ မျက်စိတစ်ဆုံး မြင်ရသော နေရာအထိတော့ သက်ရှိသတ္တဝါနှင့်တူတာဆို့လို့ ဘာမှမရှိပေ။

တမျှော်တခေါ်ကြီး နှင်းခဲနှင်းပြင်ကိုသာ မြင်နေရသည်၊ လမ်းပြမိတ္တ ဘယ်မှာလဲ။

ပစ္စည်းတင်ထားသော လားကရော ဘယ်ရောက်သွားပြီလဲ၊ အဆုံးအစ မမြင်နိုင်သော နှင်းခဲပြင်ပေါ်မှာ သက်ရှိသတ္တဝါဆိုလို့ သူတစ်ယောက်ထဲ ရှိနေသည်။

အဖော်မရှိသော စိတ်ထဲမှာ အားငယ်သလို ခံစားလ
ရသည်။ လမ်းပြမပါဘဲနှင့် တစ်ကြိမ်တစ်ခါမှ မရောက်ဘူ
သော ရေခဲပြင်ပေါ်မှာ ဘယ်သွားလို့ ဘယ်လာရမှန်း မသိပေ

'ငါ ဒီအတိုင်း နေလို့ကတော့ မဖြစ်ဘူး၊ ကြာရင် နှင်း
တောထဲမှာ သေွးခဲပြီး သေသွားနိုင်တယ်၊ မနက်လင်းမှ
ရာသီဥတု အခြေအနေ ကြည့်လုပ်ရမှာပဲ၊ အခု မမှောင်ခင်
တစ်ည နိုဖို့ နေရာတစ်ခုခုတော့ ရှာမှ ဖြစ်မယ်'

ဟု ဆုံးဖြတ်ကာ တောင်ကြောတပိုက် လိုက်လာရှ
ဖွေသောအခါ ကံအားလျော်စွာ ဂူပေါက်ဝတစ်ခုကို တွေ့
သဖြင့် ဝမ်းသာသွားသည်။

သူသည် နှင်းခဲများ ပိတ်နေသော ဂူပေါက်ထဲသို့
တိုးဝင်ကာ အိတ်ထဲမှ လက်နှိပ်မီးကို ထုတ်ပြီး ထိုးကြည့်တော့
ဂူက အတော်ကျယ်သည်။ အတွင်းမှာတော့ ဘာမှ မရှိပေ

သို့ကြောင့် အနည်းငယ်တော့ စိတ်သက်သာရာရ
သွားသည်။ စိတ်ချရတော့မှ လေလွတ်နှင်းလွတ်ရာ အတွင်း
ပိုင်းရောက်အောင် တိုးသွားပြီး ထိုင်ချလိုက်သည်။

လောလောဆယ် သူ့ဆီမှာ ကျောမှာ လွယ်ထား
သော အိတ်တစ်လုံးသာ ကျန်တော့သည်။ အခြားပစ္စည်း
များက ပျောက်သွားသော လားနှင့်အတူ ပါသွားလေပြီ။ ဂူထဲ





ရောက်မှ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေပြီး ခေါင်းထဲမှ
ဘဆစ်ဆစ် ကိုက်ခဲနေမှန်း သတိပြု မိသည်။

ဘာဆက်လုပ်ရမလဲဟု စိတ်ကို တင်းပြီး အကြံထုတ်
သည်။ ခတ္တမန္တ ရောက်ပြီး ဦးဇန်ကောင်းနှင့် လမ်းခွဲစက
ဘည်း မိမိနေရပ်သို့ လှည့်ပြန်သင့်သည်ဟူသော အတွေးက
ဦးစွာ ဝင်လာသဖြင့် ချက်ခြင်း ဖယ်ထုတ်ပစ်ရသည်။

ဒုက္ခတွေ့မှ နောင်တရနေခြင်းသည် လွတ်မြောက်
ရန် လမ်းအတွက် အနှောက်အယှက်ဖြစ်မှန်းသိသဖြင့် ထို
အတွေးကို လက်မခံပေ။

လောလောဆယ် ဘာလုပ်သင့်သလဲ။ ဘာလုပ်လို့
ရမလဲ။ လောလောဆယ်မှာတော့ ဘာမှ လုပ်လို့ မရပေ။

ဂူထဲမှာ တစ်ညအိပ်ပြီး မနက်လင်းတော့မှ ရာသီဥတု
နှင့် အခြေအနေကို ကြည့်ပြီး တစ်ခုခု လုပ်ရပေသည်။ အိပ်သာ
စောင် မရှိဘဲ ဂူထဲမှာ အိပ်လျှင် မနက်လင်း ပါက အေးလွန်း
သဖြင့် သွေးခဲ၍ သေသွားနိုင်သည်။ မတတ်နိုင်တော့။
အကောင်းဆုံး အခြေအနေက ဒါပဲ ရှိသည်။

သည်တစ်ညတော့ ဂူထဲမှာ အိပ်၊ ့ အိပ်ရပေမည်။
သေကံမရောက် သက်မပျောက်ဘဲ တစ်ညတာ ကုန်လွန်သွား
ဖို့သာ ဆုတောင်းရတော့မည်။ ထိုသို့ ဆုံးဖြတ်ပြီး ကျောပိုး

အိတ်ကို ချပြီး အထဲမှ ပစ္စည်းများကို ကြည့်သည်။ကင်မရာ တစ်လုံး၊ ဓားတစ်ချောင်း၊ ရိက္ခာခြောက် အနည်းငယ် အဝတ်အစားအချို့နှင့် လမ်းပြအိမ်မြှောင်တစ်ခုနှင့် အခြားပစ္စည်း အနည်းသာ ပါတော့သည်။

အဆိုးဆုံး အခြေအနေကတော့ နှင်းခဲနေသော ရေခဲပြင်ပေါ်မှာ အန္တရာယ်များသည်မှာ လုံလုံလောက်လောက် မပါခြင်းနှင့် ရိက္ခာမရှိတော့ခြင်းပင်၊ ကျောပိုးအိတ်ထဲမှာပါလာသော ရိက္ခာသည် သူ့အတွက် တစ်ရက်နှစ်ရက်စာထက် ပိုရှိတော့မည် မဟုတ်ပေ။

ဖြစ်လိုရာ ဖြစ်စေတော့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုသာ သဘောထားပြီး ကျောပိုးအိတ်ထဲမှာ ပါသော အပိုဆွယ်တာတစ်ထည်ကို ထပ်ဝတ်သည်။ ပေါင်မုန့်ခြောက်နှင့် ချောကလက်ကို စားပြီး ရေကို သောက်သည်။

ယခုအချိန်တွင် အရသာရှိခြင်း မရှိခြင်းထက် ဝမ်းပြည့်ဖို့သာ အရေးကြီးလေသည်။

ခဏကြာတော့ ဂူထဲမှာ မှောင်သွားလေသည်။ သူသည် နှင်းကျသံ၊ လေတိုးသံမှလွဲ၍ အခြား ဘာသံမှ မကြားရသော အမှောင်ထဲမှာ တစ်ယောက်တည်း နံရံကို ကျောမှီကာ ထိုင်နေလေသည်။





အကာယ်၍ အပြင်သို့ ထွက်ကြည့်လျှင်လည်း မျက်စိတဆုံး မြင်နေရသော နှင်းခဲပြင်ကြီးမှ လွဲ၍ အခြား ဘာမှ မြင်ရမည်မဟုတ်ပေ။ မျက်စိကို အသာမှိတ်ထားရင်း သူ့စိတ်က ယခင် အကြောင်းများကို ပြန်လည် တွေးမိသည်။

ရန်ကုန်တွင် သက်တောင့်သက်သာ အခြေအနေများ၊ လိုလေသေးမရှိသည့် စားနပ်ရိက္ခာများ၊ မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ၊ ယခင်က မိမိနှင့် ခရီးအတူတူ သွားခဲ့သော အပေါင်းအသင်း မိတ်ဆွေများကို တစ်ယောက်ချင်း သတိရနေသည်။

သူတို့နှင့်အတူ အန္တရာယ်အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြုံတွေ့ရပုံ၊ ဒုက္ခများကို ကျော်လွှားခဲ့ရပုံ၊ နောက်ဆုံး အောင်ပွဲများ ရခဲ့ပုံများက မျက်စိထဲမှာ ရုပ်ရှင်ကြည့်နေရသလို ပြန်လည် မြင်ယောင်နေမိသည်။

ယခုတော့ သူပိုင် ပစ္စည်းဆိုလို့ ကျောပိုးအိတ်တစ်လုံးသာ ရှိပြီး မိမိ၏ အပေါင်းအသင်းမိတ်ဆွေ၊ လက်တွဲဖော်များကလည်း အနားမှာ တစ်ယောက်မှ မရှိကြပေ။ ထိုညက တစ်ညလုံး ကျောက်ဂူနံရံကို ကျောမှီထားပြီး မှေးရုံသာ မှေးရသည်။ ထို့ထက်ပို၍ စိတ်ချလက်ချ မအိပ်ဝံ့ပေ။

အကာယ်၍ ကြမ်းပြင်ပေါ် လှဲပြီး စိတ်ချလက်ချ အိပ်

လိုက်ပါက မိနစ်ပိုင်းအတွင်း တစ်ကိုယ်လုံး သွေးခဲပြီး လှု
ရှား၍ ရတော့မှာ မဟုတ်ပေ။

ဤသို့ဖြင့် တစ်ညလုံး အမှောင်ထဲမှာ ထိုင်မှေးနေ
ပြီး ဂူအပြင်ဘက်တွင် အလင်းရောင် အချို့ပေါ်လာတော့
စိတ်ထဲမှာ ငါမသေသေးပါလား ဟု တွေးကာ ကျောပိုးအိတ်
ကို လွယ်ပြီး ဂူအပြင်သို့ ထွက်လာခဲ့သည်။

နံနက်ခင်းအလင်းရောင်နှင့်အတူ တောင်တကျော
လုံးမှာ နှင်းခဲတွေ ဖုံးလွှမ်းထားသည်ကို မြင်ရသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး မြူနှင်းများ ဆိုင်းထားသော်
လည်း အခြေအနေကတော့ ငြိမ်သက်နေပါသည်။

လမ်းပြမိတ္တအတူ ရှိစဉ်က သူ လှမ်းပြခဲ့သော မရ
တောင်ရှိရာသို့ လှမ်းမျှော်ကြည့်သည်။

မြူတွေဝေ့ဆိုင်းနေသည်မှလွဲပြီး အခြားဘာမှ မမြင်
ရပေ။ သူနှင့်အတူ ဆိုးအတူ ကောင်းဘက် ခရီးထွက်လာ
ကြသော လမ်းပြမိတ္တတစ်ယောက် ဘယ်ရောက်နေပြီလဲ။

ပုန်းခိုစရာ ရှာမတွေ့သောကြောင့် နှင်းထုအောက်
မှာပင် အသက်ပျောက်သွားခဲ့ပြီလား၊ အကယ်၍ မိမိကဲ့သို့
ကံကောင်းထောက်မပြီး အသက်ရှင်နေသေးရင်တော့ ယ
အချိန်လောက်ဆိုလျှင် အပြင်သို့ ထွက်လာလောက်ပေပြီ။





ယခုတော့ ... နှင်းသားပြင်ပေါ်မှာ သက်ရှိသတ္တဝါ
ဟူ၍ သူတစ်ယောက်တည်းသာ ရှိနေသည်။

လေထဲတွင် မြူတွေ ဆိုင်းနေပြီး အရာရာတိုင်းကို
ဆီးနှင်းများက ဖုံးလွှမ်းထားသည်။

သို့စေကာမူ ... ကျောက်ဆောင်ကျောက်တုံးများ
အသွင်သဏ္ဌာန်နှင့် ဖွဲ့စည်းပုံကိုတော့ ကောင်းစွာ မြင်နေရ
သည်။ မျက်စိတဆုံး မြင်နေရသော တောင်ကျောများကို
တစ်ချက်မျှော်ကြည့်ရင်း တောင်ကျောအတိုင်း ပြန်ဆင်းလာ
ခဲ့သည်။

ခြေကုပ်တိုင်း၊ လက်ကိုင်တိုင်း အသေအချာ စိတ်ချ
ရလောက်မှ သေသေချာချာ ရဲရဲတင်းတင်း ဆင်းလာဖို့ခြင်း
ဖြစ်၏။

သို့သော် ... တစ်ခါတစ်ရံတွင် ခြေကုပ်လွတ်ပြီး ခြေ
ချော်သွားတတ်သေးသည်။ တစ်ကိုယ်လုံး လေးလံပြီး
အားအင်ကုန်ခမ်းနေသည်။ ခြေတွေ လက်တွေကလည်း
လေးလံသော အရာဝတ္ထုတစ်ခု ဆွဲထားသလို မသယ်ချင်
လောက်အောင် ဖြစ်နေသည်။

သို့သော် ... ရပ်မကြည့်ဘဲ သွေးပူလာအောင် ဆက်၍

လှုပ်ရှားနေသည်။ ကျောက်ဆောင်ကျောက်တုံးများကို ဖိနပ်ဖြင့် ကန်သည်။ လေးလံနေသော ခြေထောက်များ သွက်လာသည်။ လက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်တော့ နွေးလာသည်။

လက်သီးကို ဆုပ်၍ အံကို ကြိတ်ထားလိုက်သည်။

နှင်းသားနှင်းထုများကို ဖောက်၍ အဝေးဆီမှ အလင်းရောင်အချို့ကို မြင်ရသည်။

ပထမတော့ နေရောင်ခြည်၏ အလင်းရောင်ဟု ထင်လိုက်မိသော်လည်း အသေအချာ ကြည့်တော့ မဟုတ်ပေ။

တစ်နေရာထဲမှ ကွက်ပြီး မှန်ထိုးပြနေသကဲ့သို့ ရှိအေည်၊ ထိုနေရာမှာ ပိတ္တပြခဲ့သော မရဏတောင်ရှိသော နေရာဘက်မှ ဖြစ်ပေသည်။

✤ ✤ ✤



## အခန်း (၈)

## ကျောင်းပျက်အတွင်းမှ ဝိညာဉ်

တကယ်တော့ ထိုအလင်းရောင်သည် သာမာန် အလင်းရောင် မဟုတ်မှန်းတော့ စိတ်ထဲမှ အလိုလို သိနေသည်။

'ငါ့ကို တစ်ယောက်ယောက်က အချက်ပြပေးနေတဲ့ ချီးပဲ၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီနေရာကိုပဲ မှန်းပြီးသွားမယ်'

ဟု ဆုံးဖြတ်ကာ လမ်းပြအိမ်မြှောင်ကို ထိုနေရာဘက်သို့ မှန်းပြီး ခရီးဆက်လေတော့သည်။

သူသည် ပါလာသော လမ်းပြအိမ်မြှောင်ကလေး

အားကိုးဖြင့် နောက်ထပ် တစ်ရက် ခရီးဆက်သောအခါ အနည်းငယ် ပြေပြစ်သော တောင်ကျောတစ်ခုပေါ်သို့ ရောက်သွားသည်။ လက်မှ နာရီကြည့်လိုက်တော့ မွန်းလွဲ ၃ နာရီ ကျော်နေပြီ။

'ဒီတစ်ညလောက်တော့ လေလုံမိုးလုံနဲ့ နွေးနွေးထွေးထွေး နားလို့ရမှ ဖြစ်မယ်၊ ဒီအတိုင်းသာ နှင်းတောထဲမှာ ဆက်အိပ်ရရင် ငါ တစ်ကိုယ်လုံး သွေးခဲပြီး သေသွားနိုင်တယ်'

ဟု တွေးတောကာ မမှောင်ခင် လုံခြုံနွေးထွေးသော နေရာတစ်ခု ရနိုင်ရန် ရှာဖွေလေတော့သည်။

ထိုသို့ နေရာတစ်ခုရှာနေစဉ်မှာ အရှေ့ဘက်တစ်နေရာမှ မှန်ထောင်ပြသကဲ့သို့ အလင်းရောင်စူးစူးတစ်ချက်ကို တွေ့ရပြန်သောကြောင့် ထိုနေရာဘက်သို့ လျှောက်သွားရာ နေဝင်ကာနီးအချိန်လောက်တွင် ကျောက်တောင်နံရံတစ်နေရာတွင် ဆောက်ထားသည့် ဘုရားကျောင်းပျက်ကြီးတစ်လုံးကို တွေ့ရလေသည်။

'ဘုရားကျောင်းပျက်ကြီးပါလား ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဒီကျောင်းပျက်ထဲမှာ ဝင်နားမှ ဖြစ်တော့မယ်'

ဟု ဆုံးဖြတ်ကာ ကျောင်းပျက်ကြီးရှိရာ တောင်ခြေဘက်သို့ လျှောက်လာခဲ့သည်။





အဆောက်အဦးပျက်ကြီးမှာ တောင်ရိုးထိပ်၌ တည်ရှိနေသည်။ ဘယ်ဘက် အခြမ်းမှ နံရံများ ပြိုကျနေပြီ။

ထိုကျောင်းပျက်ကြီးမှာ သုံးလေးထပ် အဆောက်အဦးဖြစ်ဟန်ရှိသော်လည်း အမိုးအကာများကတော့ ပျက်စီးယိုယွင်းနေပြီ။ အောက်မှ လှမ်းကြည့်စဉ်ကတော့ အထဲမှာ လူရိပ်လူခြည် မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က အထုပ်ကလေးကို ကျောပိုးပြီး ကျောင်းဆီသို့ တက်သော လှေခါးထစ်များအတိုင်း အပေါ်သို့ တက်သွားလေသည်။

ပေနှစ်ရာခန့် တက်မိသောအခါ ပတ်ဝန်းကျင်ကို လှည့်ကြည့်သောအခါ အမှောင်ရိပ်သမ်းစပြုနေသော ပတ်ဝန်းကျင်၌ နှင်းအုပ်ထားသော ကျောက်တောင်ဖြူဖြူများမှ လွဲ၍ အခြားဘာကိုမှ မမြင်ရပေ။

ကျောင်းပျက်ကြီးရှိရာ တောင်ပေါ်သို့ ရောက်သောအခါ ထိုကျောင်းကြီးမှာ နောက်ဘက်ရှိ ကျောက်တုံးတစ်တုံးပေါ်မှာ သီးခြားဆောက်လုပ်ခဲ့ကြောင်း တွေ့ရသည်။

သူသည် တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းပျက်ကြီး အခြေအနေကို တစ်ချက်အကဲခတ်ကြည့်ပြီး မိန်းတံခါး

ပေါက်ဆီသို့ ဦးတည်နေသော လမ်းကလေးအတိုင်း လျှောက် တင်လာခဲ့သည်။ အထဲရောက်သောအခါ ဖရိုဖရဲ ပြိုကျနေ သော ကျောက်တုံးအကြီးအသေးမျိုးစုံတို့ကြောင့် ရှုပ်ပွလျက် ရှိသည်။

အတွင်းပိုင်းသို့ ရောက်သောအခါ အလျားလိုက်ရှိ သည့် အခန်းကျဉ်းလမ်းကလေးအတိုင်း ထက်လျှောက်ရပြန် သည်။ စကြံန်လမ်းဘေးတစ်ဖက်တစ်ချက်ရှိ အခန်းငယ် အားလုံး တံခါးများ ဟင်းလင်းပွင့်နေသော်လည်း လူကတော့ တစ်ယောက်မှ မရှိပေ။ လမ်းကျဉ်းကလေး ဆုံးသွားသော အခါ အနောက်ဘက်အခြမ်းရှိ ခန်းမဆောင်ကျယ်ကြီးရှိရာသို့ ရောက်သွားသည်။

ကြီးမားသော ကျောက်တုံးကြီးတစ်တုံးက အခန်းထဲ သို့ ကျနေပြီး အခန်းနံရံတစ်ဝက်မှာ ပြိုကျနေလေပြီ။

သူသည် ကျောက်တုံးကြီးနောက်ဘက်သို့ လှမ်းကြည့် လိုက်သောအခါ ရိပ်ကနဲ ရွေ့လျားသွားသော သဏ္ဍာန်တစ် ခုကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

'ဟင် . . .'

သူ့စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားသည်။





သေချာအောင် စောင့်ကြည့်သော်လည်း နောက်ထပ် ထူးခြားမှု မတွေ့ရတော့ဘဲ ကျောက်တုံးကြီးနောက်ဘက်သို့ သွားကြည့်တော့ ဘာမှမရှိပေ။

အပြင်ဘက် ဘေးဘီဝဲယာမှာ ချောက်ကမ်းပါးများ သာ ရှိပြီး ထိုနေရာတဝိုက်မှာလည်း ဘယ်သူမှ မရှိပြန်ပေ။

'စောစောက ကျောက်တုံးကြီးနောက်ဘက်က တစ်စုံ တစ်ခုကို အသေအချာ မြင်လိုက်ရတာပဲ၊ အခုကျတော့လည်း ဘာမှ မတွေ့ရတော့ပြန်ဘူး။ ဆန်းတာတော့ အတော်ဆန်း တယ်၊ ဝိညာဉ်တွေ ဘာတွေ ဖြစ်လေမလား'

ဟု တစ်ယောက်တည်း တွေးနေမိသည်။

ဤသို့ဖြင့် အခြားနေရာများကို လိုက်ကြည့်ပြန်တော့ လည်း နောက်ထပ် ရိပ်ကနဲ ရိပ်ကနဲ ဖြတ်သွားသော သဏ္ဍာန် ကို တွေ့ရသည်။ ပထမတော့ စိတ်ထဲမှာ စိုးရိမ်ကြောက်ရွံ့မှု ရှိလာသောကြောင့် တောင်အောက်ပြန်ဆင်းရန် စိတ်ကူး မိသေးသည်။

ဘာထူးမှာလဲ။ နှင်းတောထဲ ပြန်ဆင်းတော့ လည်း အိပ်စရာ နေစရာမရှိနဲ့ သွေးခဲပြီး သေမှာပဲ၊ ဒီကျောင်း ပေါ်မှာမှ လုံလုံခြုံခြုံ ရှိသေးတယ်။ ဖြစ်ချင်ရာဖြစ်၊ ပြန်မဆင်း တော့ဘူး

ဟု ဆုံးဖြတ်ကာ အခန်းထဲမှာ တစ်ညတာ နားခိုနိုင်မည့် နေရာကို လိုက်လံရွေးချယ်နေသည်။ အပြင်ဘက်မှာ နှင်းများက ကျသည်ထက် ကျလာပြီး အအေးဓာတ်ကလည်း ပိုလာသည်။

သို့ကြောင့် ... ပင်မကျောင်းဆောင်ကြီးဘက်သို့ ပြန်လာကာ လေကွယ်မိုးကွယ် ရနိုင်သော နေရာတစ်နေရာကို ရွေးချယ်ပြီး မီးဖိုတစ်ဖိုလောက်ရအောင် မွှေးနိုင်ရင် ကောင်းမှာပဲဟု စိတ်ထဲမှာ တွေးမိသော်လည်း နှင်းအုပ်နှင်းခဲများ ကျနေသော နေရာတွင် လက်တွေ့အားဖြင့်တော့ မလွယ်ကူလှပေ။ ထိုအကြံကို လက်လျှော့လိုက်ပြီး အိတ်ထဲမှာ ပါလာသော စားစရာ အနည်းငယ်ကို ထုတ်ယူစားသောက်ပြီး နွေးနွေးထွေးထွေး အိပ်စက်ရန်သာ စိတ်ကူးမိလေသည်။

ထိုသို့ စိတ်ကူးနေစဉ်မှာ ကျောင်းကြီးအစွန်ဘက် တစ်နေရာဆီမှ နံရံပြိုကျသံများကို ကြားလိုက်ရသည်။

'နံရံတွေ တဝုန်းဝုန်း ပြိုကျနေပါလား၊ ဒီနေရာမှာ နေလို့ မဖြစ်ဘူးထင်တယ်'

ထိုစိတ်ကူးနှင့်အတူ ပစ္စည်းများကို ချက်ချင်း ပြန်သိမ်းပြီး ထိုနေရာမှ ထွက်ခဲ့လေသည်။ အခန်းထဲမှ အပြင်ထွက်လိုက်တော့ နှင်းခဲများ တိုက်ခတ်နေသော လေဟာပြင်ထဲသို့





ရောက်သွားလေသည်။ တောင်ကမ်းပါးယံသို့ ရောက်သွားသည်အထိ စိတ်ချလောက်သော နေရာမတွေ့ရသေးပေ။ ကျောက်လိုဏ်ဂူ၊ ဒါမှမဟုတ် လူတစ်ယောက် ဝင်နိုင်သော ကျောက်ပတ်ကြား တစ်ခုလောက် တွေ့ရင် ကောင်းမှာပဲဟု တွေးတောနေစဉ် ကျောက်တောင်နံရံတွင် ကပ်နေသည့် ရေခဲတုံးကြီးတစ်တုံးက သူ ရပ်နေရာနှင့် မလှမ်းမကမ်းနေရာသို့ ဝုန်းကနဲ ပြုတ်ကျလာသည်။

'ဟင် ...'

ရေခဲတုံးကြီးမှာ တန်ပေါင်းများစွာ လေးသဖြင့် အောက်ဘက်မှ ကျောက်စွန်းအချို့ပင် ပဲ့ကျသွားသည်။

အပေါ်သို့မော့ကြည့်လိုက်တော့ သူ့အပေါ်သို့မိုးနေသော ကျောက်နံရံတွင် ထိုကဲ့သို့သော ရေခဲတုံးမျိုး အများအပြား တွယ်ကပ်နေသည်ကို လှမ်းမြင်ရသဖြင့် ထိန့်လန့်သွားသည်။

သို့ကြောင့် ချက်ချင်း ကျောင်းပျက်ကြီးထဲသို့ ပြန်ပြေးဝင်ရပြန်လေသည်။ ထိုအခိုက်မှာပင် နောက်ဘက်မှ ဝုန်းကနဲ အသံကြားရသဖြင့် လှည့်ကြည့်၏။ စောစောက သူ ရပ်နေသောနေရာ သို့ အပေါ်မှ ရေခဲတုံးကြီးတစ်တုံး ပြုတ်ကျလာပြီး ထိုနေရာမှ ကျောက်စွန်းများပင် ချောက်ထဲသို့ ပြုတ်ကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။

'ဘုရား ... ဘုရား .. လက်မတင်လေးပါလား'

ကျောင်းထဲ ပြန်ရောက်သည့်တိုင် အအေးဓာတ်ကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေပြီဖြစ်ရာ လေကွယ်မိုးကွယ်နေရာတစ်ခုခု ရနိုင်ရန် အမြန်ဆုံး ရှာမှ ဖြစ်တော့မည်။ သူ့ အာရုံထဲမှာ ယခုလောလောဆယ် အကောင်းဆုံးအရာမှာ မီးပုံတစ်ပုံနံဘေးမှာ နွေးထွေးစွာ နေလိုခြင်းပင်။

ထိုသို့ တွေးတောရင်း အခန်းကျယ်ကြီးတစ်ခုအတွင်းမှ ဖြတ်လျှောက်သွားစဉ် နှာခေါင်းထဲမှ မီးခိုးငွေ့နံ့လိုလိုရလိုက်သည်။ မိမိစိတ်ထဲမှာ ထင်နေလို့လားဟု တွေးကာရပ်ပြီး အနံ့ခံကြည့်တော့ သစ်သားကို မီးလောင်နေသည့် ရနံ့တစ်ခုကို သတိပြုမိလိုက်သည်။

သို့ကြောင့် ... အခန်းများကို တစ်ခန်းပြီးတစ်ခန်းလိုက်လံရှာဖွေရာ မည်သည့်အခန်းများမှ မတွေ့ရဘဲ နောက်ဆုံး ပိတ်ထားသော အခန်းဆီသို့ ရောက်သွားသည်။

ကျောင်းပျက်ကြီးအတွင်းမှာ သူ ရှာဖွေရန် သည်တစ်ခန်းသာ ကျန်တော့သည်။

စိတ်ထဲမှာ ဇဝေဇဝါဖြင့် ပိတ်ထားသော အခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ အခန်းအလယ်မှာ မီးတောက်များဖြင့် အရှိန်ရနေသော မီးဖိုတစ်ဖိုကို မြင်ရသဖြင့် များစွာ





အံ့သြသွားလေသည်။ မီးဖိုနံဘေးမှာ ထင်းများကလည်း အဆင်သင့် ရှိနေပါလား။

တအံ့တသြဖြင့် အခန်းထဲဝင်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ရပေ။ အခန်းအပြင် ထွက်ကြည့်တော့လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ပိတ်ဆီးနေသော နှင်းများနှင့် အမှောင်ထုကသာ ပတ်ဝန်းကျင်ကို လွှမ်းခြုံထားလေသည်။ အပြင်ဘက် ထွက်ကြည့်ပြီး ပြန်လှည့်လိုက်စဉ် အခန်းထောင့်တစ်နေရာမှာ ရပ်နေသော လူတစ်ယောက်၏ သဏ္ဍာန်ကို မသဲမကွဲ တွေ့လိုက်ရသည်။

အသေအချာကြည့်လိုက်တော့ ဘာမှ မတွေ့ရပြန်ပေ။ စိတ်ထဲမှာတော့ ဦးဗန်ကောင်း၏ ပုံရိပ်လိုလို ...၊ လမ်းပြမိတ္တပုံရိပ်လိုလို မသဲမကွဲ ထင်လိုက်မိသည်။

ထိုအခန်းထောင့်သွားပြီး ကြမ်းပြင်ပေါ်မှာ ခြေရာလေး ဘာလေး ထင်လိုထင်ငြား ကြည့်ပြန်တော့လည်း သူ့ခြေရာမှလွဲပြီး အခြားခြေရာ မတွေ့ရပေ။

'ဦးဗန်ကောင်းတို့ လမ်းပြမိတ္တတို့များ တမလွန်ဘဝရောက်သွားကြပြီး ဝိညာဉ်ဘဝနဲ့များ ငါ့ကို လာနှုတ်ဆက်နေကြရော့သလား'

ဟု တွေးမိသည်။

ဘာပဲဖြစ်ဖြစ်၊ ယခုလို အချိန်မျိုးမှာ မီးပုံတစ်ပုံ ရှိခြင်းကတော့ သူ့အတွက် ရတနာပစ္စည်းများ အထုပ်အထည်နှင့် တွေ့ရသည်ထက် ဝမ်းမြောက်ဖွယ်ရာ ဖြစ်တော့သည်။

ယခုအချိန်တွင် ဝိညာဉ်များက သူ့ကို လာရောက်ခြောက်လှန့်ကြစေဦးတော့၊ သည်လိုအချိန်မှာ မီးပုံနံဘေးမှ ဘယ်မှ ထွက်သွားတော့မည်မဟုတ်ပေ။

မီးပုံနံဘေးမှာ ထိုင်ပြီး ပါလာသော အစားအသောက်များကို ထုတ်စားရန် ပြင်လိုက်စဉ် မီးပုံနံဘေးမှ တစ်စုံတစ်ယောက် ထသွားသည်ကို သတိပြုမိလိုက်သည်။

ထိုသူ ထသွားခြင်းကြောင့် လေဟပ်သွားရာ မီးတောက်များက လှုပ်ယမ်းသွားပြီး ပြာမှုန့်များက လွင့်စဉ်သွားလေသည်။

သေချာပြီ။ ကျောင်းပျက်ကြီးအတွင်းမှာ သူနှင့်အတူ မမြင်ရသော ဝိညာဉ်တစ်ခု ရှိနေလေပြီ။

သို့သော် ...

ထိုဝိညာဉ်မှာ မိမိအား ဒုက္ခပေးလိုဟန်မရှိဘဲ အကူအညီပေးနေမှန်း ရိပ်မိတော့ အနည်းငယ် ကြောက်စိတ်ပြေသွားလေသည်။





သို့ကြောင့် ...

ပါလာသော အစားအသောက်အချို့ကို စားပြီး အဝတ်ပိုများကို ခင်း၊ အထုပ်ကို ခေါင်းအုံးပြီး အိပ်လိုက်ရာ ပန်းထွေးမှုကြောင့် တချိုးတည်း အိပ်ပျော်သွားလေတော့သည်။

ထိုည အနှောက်အယှက် ကင်းစွာဖြင့် အိပ်ရသဖြင့် အိပ်ပျော်ရာမှ နိုးလာသောအခါ အားအင်များ ပြည့်နေလေ၏။ မီးပုံမှာ မီးသေစနေလေပြီ။

သို့သော် မီးပုံနံဘေးရှိ ကြမ်းပြင်ပေါ်မှာ မီးသွေးခဲဖြင့် ရေးထားသော စာတစ်ကြောင်း နှစ်ကြောင်းကို တွေ့ရလေသည်။

*'ဖွဲ့မလျှော့နဲ့ . . .*

*မရဏတောင်က စောင့်နေမယ်*

*ကံကောင်းနေတဲ့ ဇန်ကောင်း*

ဟူ၍ ဖြစ်သည်။

'ဟင် ...ဒီစာက ညတုန်းက မရှိပါဘူး၊ အခု ဘယ်သူလာရေးထားတာပါလိမ့်'

ဟု ဇဝေဇဝါဖြင့် တွေးတောနေစဉ် သူရှိနေသော

ကျောင်းပျက်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာသည်ကို သတိပြုမိလိုက်သည်။

'ဟင် ... ဘာဖြစ်တာလဲ၊ ငလျင်လှုပ်တာများလား'

ထိုသို့ တွေးနေစဉ် အပေါ်မှ ကျောက်တုံးကြီးများက နေရာအနှံ့အပြားသို့ တဝုန်းဝုန်းနှင့် ပြုတ်ကျလာရာ ပစ္စည်းများပင် မတိမ်းနိုင်တော့ဘဲ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးလေတော့သည်။

သူ အောက်ဖက်သို့ ရောက်သည်နှင့် လှည့်ကြည့်လိုက်သောအခါ ကျောက်တုံးကြီးများ ပြိုကျလာမှုကြောင့် ကျောင်းပျက်ကြီးတစ်ခုလုံး တဝုန်းဝုန်းဖြင့် ပြိုကျသွားသည်ကို နောက်ဆုံးမြင်လိုက်ရလေတော့သည်။

✤ ✤ ✤



# အခန်း (၉)
## ရေခဲပြင်တစ္ဆေ

တကယ်တော့ခါးဝတ်ခါးစားသာရှိပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် နှင်းတောင်တန်းများပေါ်မှာ အဖော်မပါပဲ တစ်ယောက်တည်း ဖြတ်သန်းရသော ကိစ္စမှာ လွယ်ကူသော အရာတော့ မဟုတ်ပါပေ။

နှင်းတောထဲမှာ တစ်ယောက် တည်း ခက်ခက်ခဲခဲ လျှောက်နေရသည်။ တစ်နေရာသို့ ရောက်သောအခါ အလွန်တရာမတ်စောက်သော ရေခဲတောင်ကြီးကို ခက်ခက်ခဲခဲ တက်ရသည်။

တောင်ထိပ်သို့ရောက်သောအခါ တောင်ခြေသို့ ရောက်အောင် မလျှောက်နိုင်တော့သဖြင့် ဖြစ်လိုရာဖြစ်စေဟု သဘောထားကာ လျှောချလိုက်ရသည်။ လမ်းခုလက်တွင် ကျောက်စွယ်ကျောက်စွန်းများဖြင့် တိုက်မိဆောင့်မိလဲ မတတ်နိုင်တော့။ သည်အတိုင်း ဆင်းနေလို့ကတော့ တော်တော်နှင့် ရောက်နိုင်မည်မဟုတ်ပေ။

နှင်းသားများနှင့်အတူ ဒလိမ့်ခေါက်ကွေးအောက်သို့ ပြုတ်ကျသွားသည်ကိုသာသိရသည်။ကျန်တာကို ဘာမှ မသိနိုင်တော့။ အတန်ကြာတော့ အောက်ဖက်ရှိ နှင်းသားထဲသို့ နစ်မြုတ်ကာ အရှိန်ရပ်တန့်သွားတော့မှ မျက်လုံးဖွင့် ကြည့်လိုက်သည်။

သူတောင်ခြေကို ရောက်နေပေပြီ။ သည်တစ်ကြိမ် လည်း အသက်ဘေးမှ လွတ်ခဲ့ရပြန်ချေပြီ၊ ကိုယ်ပေါ်မှ နှင်းစက်များကို သပ်ခါချပြီး နေရာမှ လူးလဲထသည်။

ထို့နောက် . . တောင်ကြားလွင်ပြင်တစ်ခုကို ဖြတ် လျှောက်လာစဉ် နားထဲမှာ လေတိုးသံလိုလို၊ ညီးပြူသံလိုလို အသံတစ်သံကို ကြားလိုက်ရသဖြင့် ရပ်ကာ နားစွင့်လိုက် တော့လည်း ဘာမှထပ်မကြားရပြန်တော့ မိမိစိတ်ထင်လို့ပဲဟု





တွေးကာ ဆက်လျှောက်လာပြန်တော့ ထိုအသံကို ထပ်ကြား ရပြန်သည်။

သို့ကြောင့် . . အသံကြားနေရသော တောင်ကြား ဘက်သို့ အရဲစွန့်ကာ လျှောက်လာခဲ့သည်။ ရှေ့ဘက်နားဆီမှာ နေရောင်ခြည်ကြောင့် နှင်းခဲများ ပြိုကျနေသံကို ကြားနေရ သည်။

ကျောက်လျှိုချိုင့်ကြားဘက်မှ အကာအကွယ်ယူပြီး အသံကြားရာဘက်သို့ တိုးသွားရာ ညီးပြူသံမှာ ပိုမိုနီးကပ်စွာ ကြားနေရသည်။

ချိုင့်ကို ကျော်လိုက်သောအခါ ကိုယ်ပေါ်မှာ နှင်းများ ဖုံးအုပ်ထားသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

'ဟင်'

ဒေါက်တာမင်းထင်ကျော်မှာ ယခုလို အခြေအနေမျိုး တွင် ဘဝတူ လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အားရှိ သွားသော်လည်း အသက်မှ ရှိသေးရဲ့လားဟု စိုးရိမ်စိတ်ဝင် သွားသဖြင့် ထိုသူရှိရာသို့ လျှောက်သွားရာ အနားရောက် သောအခါမှ တအံ့တသြ ဖြစ်သွားရလေတော့သည်။

နှင်းတောထဲမှာ လဲကျနေသူမှာ အခြားမဟုတ်ပေ။

နှင်းမုန်တိုင်းကျစဉ်က သူနှင့် လူချင်းကွဲသွားသော လမ်းပြမြင်း
တို့ ဖြစ်တော့သည်။

'မိတ္တ . . . မိတ္တ'

သူ့ခေါ်သံကြောင့် မိတ္တက သတိရလာပြီး မျက်လုံးဖွင့်
ကြည့်သည်။

'ဟင် ဆရာ . ဆရာမသေဘူးနော်'

'ကျွန်တော်ဘာမှမဖြစ်ဘူး၊ ခင်များ ဘာဖြစ်နေသလဲ'

'ကျွန်တော့်ဒူးမှာ ကျောက်တုံးနဲ့ စောင့်မိထားလို့
ဒဏ်ရာတစ်ခုရထားတယ် ဆရာ.. နောက်ပြီး အဖျားလည်း
ဝင်နေတယ်'

ဒေါက်တာ မင်းထင်ကျော်က မိတ္တကိုဆွဲပြီး နေရောင်
ခြည်ရသော နေရာသို့ ခေါ်သွားလေသည်။

'ကျွန်တော်မှာလည်း လွယ်အိတ်ကမပါတော့ဘူး
ဒဏ်ရာကိုဆေးထည့်စရာ ဘာမှမရှိဘူး'

'စိတ်မပူပါနဲ့ဆရာ ဒီရေခဲတောင်ပေါ်မှာ သဘာဝ
ဆေးမြစ် ဆေးဥ တွေပေါ်ပါတယ်၊ ရှီးပဒီးဆေးပင် ဒါမှမဟုတ်
ခန်းတောက်မြစ်နဲ့ မချစ်ဥ တစ်ခုခုရရင်လည်း ဖြစ်ပါတယ်'

ခန်းတောက်မြစ်နှင့် မချစ်ဥကိုတွေ့ဖူးမြင်ဖူးသော်
လည်း ရှီးပဒီးဆေးပင်ကို တော့မတွေ့ဖူးသေးပေ။





'ရှီးပဒီးကဘယ်လိုအပင်မျိုးလဲ....'

'သူကပေတစ်သောင်းကျော်မြင့်တဲ့ ရေခဲတောင်တန်း
တွေပေါ်မှာပဲ ပေါက်လေ့ရှိတယ်၊ ပိုးကောင်ဘဝနဲ့ (၆)လနေ
တယ်၊ ဆေးနွယ်ပင်ဘဝနဲ့(၆)လနေတယ်၊နောက်တော့
ဆရာကိုကျွန်တော်ရှာပေးပါမယ်၊ဒီတောင်တွေပေါ်မှာ
ခန်းတောက်မြစ်နဲ့ မချစ်ဥတွေကတော့ နေရာအနှံ့ရှိပါတယ်၊
အခုလိုနေရောင်ခြည်နဲ့တွေ့လို့ ရေခဲတွေပျော်ကျနေတဲ့
အချိန်ဆိုရင်ရှာရလွယ်ပါတယ်.....'

ဟုပြောသဖြင့် ထိုနေရာတဝိုက်သို့ လိုက်ရှာသောအခါ
ကံအားလျော်စွာခန်းတောက်မြစ်နှင့် မချစ်ဥအချို့ရလာ
လေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုဆေးမြစ်နှစ်မျိုးကို
ရောကြိတ်ပြီး မိတ္တဒူးမှ ဒဏ်ရာကို အုံ၍ အဝတ်စဖြင့် စည်း
ပေးလိုက်သည်။

တော်သေးသည်မှာ ... မိတ္တဆီမှာ ကျောပိုးအိတ် ရှိနေ
သေးရာ ပစ္စည်းပစ္စယအချို့တော့ရှိပေသည်။

ထိုနောက် တောင်ခြေတစ်နေရာတွင် မီးဖိုတစ်ဖို
ရအောင် ဖိုပြီးဝါးဆစ်ပိုင်းတစ်ပိုင်းနှင့် ရေနွေးဆူအောင်

တည်ကာ ခန်းတောက်မြစ်ကိုပြုတ်၍တိုက်ရာ မိတ္တ၏ အဖျားရောဂါမှာ ခဏချင်း သက်သာသွားလေတော့သည်။

တကယ်တော့ ရေခဲတောင်တန်းများပေါ်မှာသာ ပေါက်ရောက်လေ့ရှိသော ရှီးပဒီးနွယ်ပင်၊ ခန်းတောက်မြစ်၊ မချိုင်း တို့မှာ ဒေသခံတိုင်းရင်းသားတို့အတွက် အစွမ်းထက်သော သဘာဝဆေးပင်ဆေးမြစ်၊ ဆေးဥများပင်ဖြစ်တော့သည်။

ဝါးဆစ်ပိုင်းနှင့် ရေနွေးဆူအောင် တည်ထားပြီး ခန်းတောက်မြစ်ကို ပြုတ်တိုက်ရာ နှစ်ခွက်သုံးခွက်တိုက် လိုက်ရုံနှင့် လမ်းပြမိတ္တ၏ ရောဂါမှာ ပျောက်ကင်းသွားပြီး ဒူးမှ ဒဏ်ရာမှာလည်း အတော်အတန် သက်သာသွားတော့ သည်။

'ဆရာက နှင်းမုန်တိုင်းကျတုန်းက ဘယ်လိုဖြစ်သွား တာလဲ'

ဟု လမ်းပြမိတ္တက မေးသောအခါ ဒေါက်တာ မင်းထင်ကျော်က လမ်းခရီးတစ်လျှောက်လုံးမှာ ၎င်းကြုံတွေ့ ခဲ့ရသော အတွေ့အကြုံများကို ပြန်ပြောပြလိုက်သည်။

'ကျွန်တော်လည်း ဆရာနဲ့ ပြန်မတွေ့ရတော့ဘူး တောင် ထင်နေမိတာ၊ လမ်းတစ်လျှောက်လုံး ဒုက္ခတွေ





ရောက်လိုက်တာ မပြောပါနဲ့တော့၊ ဒါပေမယ့် ကျွန်တော် နှင်းတောထဲမှာ သတိမေ့နေတုန်း တစ်ယောက်ယောက်က ကယ်ပြီး အပြင်ကို လာထားသွားတာ ဖြစ်ရမယ်၊ ကျွန်တော် နောက်ဆုံး သိလိုက်တာက ချောက်တစ်ခုထဲကို ကျသွား တာပဲ၊ အခု သတိပြန်ရလာတော့ တောင်ခြေတစ်ခုကို ရောက် နေတယ်၊ မဆန်းကြယ်ဘူးလား'

'ဆန်းကြယ်ပါ့ဗျာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး တွေ့ကြုံရတာကတော့ အဆန်းတွေချည်းပဲ၊ ဒါပေမယ့် ကျွန်တော်တို့ကို မမြင်ရတဲ့ စွမ်းအားရှင်တွေက ကယ်တင်ပေး နေတာကတော့ သေချာတယ်'

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် ... လမ်းပြမိတ္တကို သစ်သားချိုင်းတောက် တစ်ခု ပြုလုပ်ပေးပြီး နှစ်ယောက်သား ခပ်ဖြည်းဖြည်း ခရီး ဆက်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်အဖို့ တစ်ယောက်တည်း အခက်အခဲပေါင်းများစွာကို ကျော်လာခဲ့ပြီး ယခုကဲ့သို့ လမ်းပြ မိတ္တနှင့် ပြန်တွေ့ရသောအခါ အတော်အတန် အားရှိလာ လေသည်။

ဤသို့ဖြင့် ကြိုးစားသွားကြရာ နောက်ဆုံးတော့ တောင်ကျောတစ်ခုပေါ်မှ မရဏတောင်ကို သဲသဲကွဲကွဲ လှမ်းမြင်ရသောနေရာသို့ ရောက်လာကြသည်။

သို့သော်လည်း … ထိုနေရာသို့ ရောက်အောင် နောက်ထပ် တစ်ရက်နှစ်ရက်လောက် သွားရဦးမည်ဟု မိတ္တက ပြောသည်။

'ဒီမရဏတောင်ရဲ့ မိုင်တစ်ရာပတ်လည်မှာ လူနေအိမ်ခြေ လုံးဝ မရှိဘူး၊ မိုင်ငါးဆယ်ပတ်လည်မှာ သစ်ပင်ဆိုလို့ တစ်ပင်တစ်လေမှ မမြင်နိုင်တဲ့ ရေခဲလွင်ပြင်ကြီးတွေပဲ ရှိတယ်'

'ဒါဖြင့် ဘယ်လို လုပ်မလဲ'

'ရေခဲလွင်ပြင်ကြီးတွေက မရဏတောင်ကြီးကို စက်ဝိုင်းသဏ္ဌာန်ပတ်ထားတာဆိုတော့ အဲဒါကို မဖြတ်နိုင်ဘဲနဲ့ မရဏတောင်ခြေကို မရောက်နိုင်ဘူး'

'ဖြတ်ရင် အန္တရာယ်ရှိနိုင်မလား'

'မိုင်ငါးဆယ်ပတ်လည် ရေခဲလွင်ပြင်ကြီးဆိုတော့ တကယ်လို့ အဲဒီအပေါ်က ဖြတ်ရင် လေပြင်းမုန်တိုင်းတွေနဲ့ တွေ့နိုင်တယ်၊ ဆီးနှင်းမုန်တိုင်းတွေနဲ့ တွေ့နိုင်တယ်၊ ဒါထက်ဆိုးတာက ရေခဲလွင်ပြင်ပေါ်က ဖြတ်နေချိန်မှာ အဆင်မသင့်





ရင် ရေခဲမြစ်ထဲ ကျွံကျသွားနိုင်တယ်၊ တကယ်လို့ ရေခဲတွေအောက် ရောက်သွားရင် ဘယ်လိုမှ ပြန်တက်လို့ မရနိုင်ဘူး'

'ဟင် …'

'နေရောင်ခြည်နဲ့ ထိလိုက်ရင်လည်း အဲဒီ ရေခဲမြစ်က ရေခဲတုံးတွေဟာ အရည်ပျော်ကျတတ်တယ်၊ လူကြီးတွေပြောတာ ကြားဖူးတာကတော့ အဲဒီ ရေခဲမြစ်ကြီးဟာ မရဏတောင်အတွင်းတစ်နေရာက ဖြတ်စီးသွားပြီး ဗြဟ္မပုတ္တရမြစ်အထိ ပေါက်တယ်လို့တော့ ပြောသံကြားဖူးတယ်'

ဟု လမ်းပြမိတ္တက ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က ရေခဲများ ဖွေးနေသော ရေခဲပြင်ကြီးကို မျက်စိတဆုံး မြင်ယောင်နေမိသည်။

'ဒါကတော့ မလွှဲမသွေ ဖြတ်ကျော်ရမှာပဲ၊ ဒါကို ကျော်နိုင်မှ ကျွန်တော်တို့ သွားချင်တဲ့နေရာကို ရောက်မှာဆိုတော့ ကျွန်တော်တို့ရဲ့ ဇွဲနဲ့ ကံတရားကို စမ်းသပ်တဲ့ နောက်ဆုံး အခက်အခဲတစ်ခုလည်း ဖြစ်မှာပါ'

ဟု ပြောဆိုကာ ကြိုးစား၍ ခရီးဆက်ကြရာ နောက်ဆုံးတော့ မျက်စိတဆုံး ကျယ်ပြန့်လှသော ရေခဲပြင်ကြီးရှိရာသို့ ရောက်သွားကြလေတော့သည်။

မိုင်ငါးဆယ်ပတ်ဝန်းကျင်မျှ အကျယ်အဝန်းရှိသည်ဆို တော့ အလယ်ခေါင်လောက်မှာ ရှိသော မရဏတောင်ကြီး ကိုပင် ခပ်ပြပြ လှမ်းမြင်ရသည်။

အမှန်တော့ မရဏတောင်၏ အနေအထားမှာ သမုဒ္ဒရာအလယ်ခေါင်လောက်မှာ ကောင်းကင်သို့ ထိုးတက် နေသော ကျောက်တိုင်ကြီးနှင့်ပမာ တူလှပေသည်။

'ကျွန်တော်တို့ ရေခဲပြင်ပေါ်မှာ မအိပ်မနေ သွားရင် တောင် နှစ်ရက်လောက် သွားရမယ်၊ ဆရာ ခံနိုင်ရည်ရှိပ့ါ မလား'

ဟု မိတ္တကာ မေးသည်။

'နောက်ဆုံးအနေနဲ့ ဒီလိုပဲ စွန့်စားရမှာပေ့ါ၊ ဒါထက် ခင်ဗျားက ဒူးမှာ ဒဏ်ရာနဲ့ ဆိုတော့ လိုက်လို့ ဖြစ်ပ့ါမလား'

'အမှန်တော့ ကျွန်တော့်တာဝန်က မရဏတောင်ခြေ ကို လှမ်းမြင်လောက်တဲ့ နေရာအထိ ဆရာကို ပို့ပေးရုံဆိုရင် ပြီးပါပြီ'

'ဟင် ဒါဖြင့် ခင်ဗျားက ဆက်မလိုက်တော့ဘူးလား'

'ဒါပေမယ့် ဆရာတစ်ယောက်ထဲဆို ပြန်တော့လည်း စိတ်မချပြန်ဘူး၊ ဒီတော့ အတွင်းစခန်းကလူတွေ သဘောတူ မတူတော့ မသိဘူး၊ ကျွန်တော်တစ်ပါတည်း လိုက်ခဲ့ပ့ါမယ်'





ဟု မိတ္တကာ ထူးဆန်းသော စကားကို ပြောလေသည်။

'ခင်ဗျားစကားထဲမှာ ပါတဲ့ အတွင်းစခန်းက လူဆို တာ ဘယ်သူတွေကို ပြောတာလဲ'

'မရဏတောင်အတွင်းမှာ နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာပ့ါ ဆရာ၊ ဂူထဲရောက်တော့ တွေ့ရမှာပါ၊ ဘာပဲဖြစ် ဖြစ် သူတို့က ကျွန်တော်တို့ကိုတော့ လက်ခံမှာပါ၊ ဘာကြောင့် လဲဆိုတော့ သူတို့လက်မခံချင်ရင် ကျွန်တော်တို့ ဒီနေရာအထိ တောင် ရောက်လာဖို့ အကြောင်းမရှိဘူး၊ လမ်းမှာတင် အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ပြီး သေလောက်ပြီ'

ဟု ပြောသောအခါ ဒေါက်တာမင်းထင်ကျော်မှာ ဆိုစကားကြောင့် အတော်အတန် အားရှိသွားလေသည်။

ထို့နောက် ... နှစ်ယောက်သား ရေခဲပြင်ကြီးအစပ် နားရှိ ကျောက်ဂူတစ်ခုထဲမှ အိပ်ရေးဝအောင် အိပ်ကြသည်။

'ကျွန်တော်တို့ ရေခဲပြင်ပေါ်မှ ဖြတ်ကြတော့မယ် ဆိုရင် သိပ်အေးတဲ့ ညအချိန်မှာ ဖြတ်တာ အကောင်းဆုံးပဲ၊ ဘာကြောင့်လဲဆိုတော့ ညဘက်တွေမှာ ဆီးနှင်းမုန်တိုင်းတွေ ကျလေ့မရှိဘူး၊ ရေခဲပြင်တွေလည်း မပျော်ဘူး၊ မကွဲတော့ စိတ်ချလက်ချ ခရီးနှင်ရတာပေ့ါ'

ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မိုင်ငါးဆယ်ခန့် အကွာအဝေးကို လမ်းလျှောက်မည်ဆိုလျှင် နာရီနှစ်ဆယ် လောက်တော့ အနည်းဆုံး လျှောက်ရပေမည်။

ယနေ့ညနေပိုင်း ၅ နာရီလောက်က စလျှောက်လျှင် နောက်တစ်နေ့ညနေပိုင်း အချိန်လောက်မှ မရဏတောင်ခြေ သို့ ရောက်သွားနိုင်သည်။

မိမိအနေနှင့် ခရီးသွား အတွေ့အကြုံရှိပြီး ဖြစ်သော ကြောင့် နာရီ နှစ်ဆယ်လောက် ဆက်တိုက် လျှောက်ရမည် ကို ကြောက်စရာမလိုပေ။

စိုးရိမ်ရသည်က ထိုနာရီ နှစ်ဆယ်အတော်အတွင်း မှာ ရေခဲမြစ်ထဲသို့ ကျွံကျသွားမှာကိုပင် ဖြစ်သည်။

တစ်ကြိမ်မဟုတ် တစ်ကြိမ်၊ တစ်နေရာမဟုတ် တစ်နေရာရာတွင် ခြေချော်လက်ချော် ကျွံကျသွားပါက ဘယ်နည်းနှင့်မျှ အပေါ်ကို ပြန်ရောက်နိုင်တော့မည် မဟုတ်ပေ။

သို့သော်လည်း မဖြစ်မနေ ကျော်ဖြတ်ရပေတော့မည်။ သူတို့ နှစ်ယောက်သည် တစ်နေကုန်အိပ်ရေးဝအောင် အိပ် ကြပြီး ညနေပိုင်း အချိန်တွင် မိတ္တအိတ်ထဲမှ ပါသော အစား





အသောက်များကို အကုန်စားသောက်ပြီး ပစ္စည်းအားလုံးကို ထားခဲ့ရလေသည်။

အဘယ်ကြောင့်ဆိုသော် ရေခဲပြင်ပေါ်သို့ ဖြတ်သန်း ရာတွင် ပစ္စည်းဝန်ပေါ့လေ အန္တရာယ်ကင်းလေ ဖြစ်သော ကြောင့်ပင်။

ထို့နောက် ... ညနေပိုင်းငါးနာရီအချိန်လောက်တွင် ရေခဲပြင်ပေါ်သို့ စတင် ဖြတ်ကြလေသည်။ ညနေပိုင်းအချိန် ဖြစ်သဖြင့် အလင်းရောင် သိပ်မရှိတော့ဘဲ ပတ်ဝန်းကျင် တစ်ခုလုံး မှုန်မှုန်မှိုင်းမှိုင်းရှိနေလေသည်။

ဆီးနှင်းများကလည်း တဖွဲဖွဲ ကျဆင်းလာသည်။

ရာသီဥတုက အတန်ငယ် အေးလာသော်လည်း ခရီးလမ်းအတွက်တော့ အတန်အသင့် စိတ်ချရသည်။

လမ်းပြမိတ္တတွင် တုတ်တစ်ချောင်းပါသဖြင့် ထိုတုတ် ဖြင့် ရေခဲမျက်နှာပြင်ကို ခေါက်ကြည့်လိုက်သွားလိုက်ဖြင့် ခပ်သွက်သွက်လျှောက်ကြလေသည်။

အချို့နေရာများမှာ လူတစ်ကိုယ် ခံနိုင်ဖို့ ဝေးစွ၊ တုတ် ဖြင့် ထောက်လိုက်သည်နှင့် မှန်ကွဲသလို ကျွံကျသွားပြီး အောက်မှ ရေစီးကြောင်းကြီးကိုပင် မြင်ကြရသည်။ ပတ်ဝန်း

ကျင်မှာ အအေးဓာတ်ပိုများလာသော်လည်း နှစ်ယောက်သား
သတိမပြုမိဘဲ ဇောချွေးပင် ပြန်နေလေပြီ။

အချို့နေရာများမှာတော့ တစ်နေရာနှင့် တစ်နေရာ
ခုန်ကျော်သွားရသည်လည်း ရှိသည်။

၎င်းတို့သည် အတန်ငယ် မောပန်းလာလျှင် ရေခဲတုံး
ကြီးများပေါ်မှာပင် ခေတ္တထိုင်၍ နားပြီး ပါလာသော အစား
အစာအချို့ကို ကပျာကယာ စားပြီး ခရီးဆက်ကြရသည်။

ဤသို့ဖြင့် သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ
ဆီးနှင်းများက ပိုမို များပြားစွာ ကျဆင်းလာသလို အအေး
ဓာတ်ကလည်း ပိုလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း အမှောင်ရိပ်မှာ
ဖုံးအုပ်သွားသောကြောင့် ဦးတည်ရာလမ်းပျောက်သွားပြီ
ဘယ်နေရာကို သွားရမှန်းမသိနိုင်အောင် ဖြစ်သွားတော့သည်။

'ကျွန်တော့်မှာ လမ်းပြအိမ်မြှောင်ကလည်း မပါတော့
ဘူး။ ကြည့်လေရာမှာလည်း ရေခဲပြင်တွေချည်းပဲ၊ ဘယ်ဘက်
သွားရမှန်း မသိတော့ဘူး'

ဒေါက်တာမင်းထင်ကျော်က ညီးညူလိုက်သည်။

'ဒီအတွက် စိတ်မပူပါနဲ့၊ ကျွန်တော့်မှာ လမ်း
အိမ်မြှောင်တွေရှိပါတယ် တစ်ခုမှမဟုတ်ဘူး အများကြီးရှိတယ်





'ဘယ်မှာလဲ'

'ဟိုကောင်းကင်မှာလေ နက္ခတ်တာရာတွေ အများကြီး
ပဲ မမြင်ဘူးလား၊ အဲဒါတွေက ကျွန်တော်တို့အတွက်မမှားနိုင်
တဲ့ လမ်းပြအိမ်မြှောင်တွေပဲပေါ့'

လမ်းပြမိတ္တက ကောင်းကင်မှာ မှိုဝါးဝါး မြင်နေရသော
နက္ခတ်တာရာများကို လက်ညှိုးထိုးပြသည်။

'လုပ်ပါဦး ဘယ်တာရာနက္ခတ်တွေကို ကြည့်ပြီး သွား
ရမှာလဲ'

'နက္ခတ်တာရာတွေဟာ အရှေ့အနောက် တောင်
မြောက် သူ့နေရာနဲ့သူ ရှိတာပဲ၊ အရှေ့အရပ်ဆိုတာ တေဇော
အရပ်ပဲ၊ ပွင့်လင်းတဲ့ အလင်းရောင်ဓာတ်ရှိတယ်၊ ဒါကြောင့်
မြတ်စွာဘုရားရှင်တိုင်း ပွင့်တော်မူတဲ့အခါမှာ အရှေ့အရပ်ကို
မျက်နှာမူပြီး ပွင့်တော်မူလေ့ရှိကြတယ်'

'တယ်ဟုတ်ပါလား'

'ဟုတ်တယ်လေ၊ အရပ်လေးမျက်နှာဟာ ဓာတ်လေး
ပါးရဲ့ သင်္ကေတတွေပဲ၊ အရှေ့အရပ်က တေဇောဓာတ်ကြောင့်
အလင်းရောင်ရှိတယ်၊ ဒါကြောင့် နေနဲ့လထွက်ရင် အရှေ့
အရပ်က ထွက်တာပေါ့၊ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါ
အရှေ့အရပ်ကို မျက်နှာမူလေ့ရှိကြတယ်၊ မြောက်အရပ်ကြ

တော့ ပထဝီဓာတ်လို့ခေါ်တဲ့ မြေဓာတ်ရှိတယ်၊ မြေဓာတ် ဆိုတော့ ခိုင်မာတယ်၊ ဒါကြောင့် မြောက်အရပ်မှာရှိတဲ့ ရူပကြွယ်ဟာ ဘယ်နေရာမှ မရွေ့ဘဲ တစ်နေရာထဲမှာ ရှိနေ တာဖြစ်မယ်၊ ကမ္ဘာ့တိုက်ကြီးတွေထဲမှာ မြေဓာတ်အများဆုံး ကျယ်ဝန်းတဲ့ ရုရှားလို နိုင်ငံမျိုးတွေဟာ မြောက်ဘက်မှာ ရှိတယ်'

'ဆက်ပါဦး'

'မြတ်စွာဘုရား ဖွားမြင်တော်မူစမှာ မြောက်အရပ်ကို မျက်နှာလှည့်ပြီး ခြေဖဝါးခုနစ်လှမ်းကြွတော်မူခြင်း မြေဓာတ် ရဲ့ ခိုင်မာတဲ့ သင်္ကေတကို ယူတာပါ'

'တယ်ဟုတ်ပါလား'

'ဟုတ်တယ်၊ တောင်အရပ်က အာပေါဓာတ်ကို သင်္ကေတ ပြုတယ်၊ ဒါကြောင့် ရေဓာတ်များတဲ့ ကမ္ဘာ့ သမုဒ္ဒရာကြီးတွေဟာ တောင်ဘက်ပိုင်းမှာ ရှိကြတယ် ရေဓာတ်ရဲ့ သဘောက ဖွဲ့စည်းစိမ့်ဝင်မှု သဘောရှိတယ် ဒါကြောင့် မြတ်စွာဘုရားရှင်တိုင်း မမွေစကြာတရားဟောရင် တောင်ဘက်အရပ်ကို မျက်နှာမူပြီး ဟောလေ့ရှိသည်။

'အင်း ... အကျိုးအကြောင်း ဆီလျော်ပါပေတယ်'





'အနောက်အရပ်က ဝါယောဆိုတဲ့ လေဓာတ်ရဲ့ သင်္ကေတပဲ၊ လေဓာတ်က ပြန့်နှံ့တဲ့ သဘောရှိတယ်၊ လေဆို ကာ တဖန် ပြန်ဖြစ်လေ့မရှိဘူး၊ လေမုန်တိုင်းကြီးတွေ လာရင် အနောက်ဘက်အရပ်က လာလေ့ရှိတယ်၊ မြတ်စွာဘုရားရှင် တို့ ပရိနိဗ္ဗာန်ပြုကြတဲ့အခါ မြောက်ဘက်ကို ဦးခေါင်းပြု၊ အနောက်ဘက် အရပ်ကို မျက်နှာမူလေ့ရှိတယ်၊ သံသရာမှာ နောက်တစ်ဖန် ပြန်မဖြစ်တော့တဲ့ သဘောပါပဲ၊ တကယ်တော့ မြတ်စွာဘုရားရဲ့ ဖွား၊ ပွင့်၊ ဟော၊ စံ ဆိုတဲ့ ဖြစ်တော်စဉ် လေးခုဟာ ဓာတ်ကြီးလေးပါးရဲ့သဘောကို ညွှန်ပြပေးခဲ့တာ ပဲ'

ဟု လမ်းပြမိတ္တက အကျိုးအကြောင်း ဆီလျော် အောင် ပြောပြလေသည်။

'အခုရော ကျွန်တော်တို့က ဘယ်နက္ခတ်တာရာတွေ ကြည့်ပြီး သွားကြမှာလဲ'

'အရှေ့ဘက်မှာ လေးလုံးအစုနဲ့ ဓာတကတာရာရှိ တယ်၊ နောက် ငါးလုံးရှိတဲ့ ပဥ္စကတာရာရှိတယ်၊ နောက် လှွင်းပုံသဏ္ဌာန် လေးလုံးစုရှိတဲ့ နေရဓူတာရာရှိတယ်၊ နောက် ၂၄ လုံး အစုရှိတဲ့ ပါဘာဒတာရာ ရှိတယ်၊ န်းတောင်းပန်းခံ သဏ္ဌာန်ရှိတဲ့ သျှုနတာရာနဲ့ ဗကတာရာ

တွေ ရှိတယ်၊ အဲဒီ တာရာတွေက အရှေ့ဘက်မှာ ရှိတဲ့ တာရာတွေပဲ၊ အဲဒီ တာရာတွေကို ကြည့်ရတာခက်ရင် မြောက်ဘက်မှာ ရူပကြယ်ရှိတာပဲ၊ အဲဒီ ရူပကြယ်က လက်ဝဲဘက်က ထားပြီး မျက်နှာမူတဲ့ အရပ်တည့်တည့်ကို လျှောက်ရင် အရှေ့ဘက် အရပ်ကို မလွဲမသွေ ရောက်နိုင်တာပေါ့'

ဟု ရှင်းပြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ လမ်းပြမိတ်ဆွေ၏ ဗဟုသုတကြွယ်ဝပုံကို သဘောကျမိလေသည်။

ဤသို့ဖြင့် ခရီးဆက်ခဲ့ကြရာ သန်းခေါင်ယံကျော်လာသောအခါ ကောင်းကင်ပြင်တစ်ခုလုံးရော၊ သူတို့ပတ်ဝန်းကျင်မှာပါ၊ နှင်းသားထုများက ထုထည်ကြီးမားစွာ ဖုံးအုပ်သွားလေတော့သည်။

ထိုအခါ ကောင်းကင်မှ ကြယ်ရောင်များကိုလည်း မမြင်ရတော့ဘဲ လမ်းပျောက်သွားလေတော့သည်။

'ဆီးနှင်းတွေ အရမ်းကျလာပြီ ဘယ်လိုလုပ်ကြမလဲ'

'ဒီအတိုင်းရပ်နေလို့မှ မရတာ၊ မှန်းပြီး လျှောက်ကြရမှာပဲ၊ ဒီလောက်အေးတဲ့ နှင်းတောထဲမှာ ရပ်နေလိုက်ရင် သွေးခဲပြီး သေသွားလိမ့်မယ်'





ဟု ပြောသဖြင့် လမ်းစမြင်ရသော်လည်း မရပ်မနားဝံ့ဘဲ မှန်း၍ လျှောက်ကြရလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းကာနီး အချိန်ရောက်လာသောအခါ လေက သာမန်တိုက်ခတ်နေရာမှ ခပ်ကြမ်းကြမ်းတိုက်ခတ်လာရာ လေနှင့်အတူ ဆီးနှင်းခဲများ ပါလာလေတော့သည်။

'ဘယ်လိုလုပ်ကြမလဲ'

'မတတ်နိုင်တော့ဘူး၊ မြန်နိုင်သမျှ မြန်မြန် ထလျှောက်ပေတော့'

ဟု ပြောကာ နှစ်ယောက်သား မပြေးရုံတမယ် ခပ်သွက်သွက် လျှောက်ကြရာ အချို့နေရာများမှာ ရေခဲမျက်နှာပြင်ကွဲပြီး အောက်သို့ ပြုတ်ကျလုမတတ် ဖြစ်ရာ တစ်ယောက်နှင့် တစ်ယောက် တွဲခေါ်သွားကြရသည်။

ထိုအခိုက်မှာပင် လေက ပြင်းထန်သည်ထက် ပြင်းထန်လာပြီး ဆီးနှင်းခဲများက အဆုပ်လိုက် အခဲလိုက် ကျလာရာ ရှေ့သို့ ခြေတစ်လှမ်းနှစ်လှမ်းစာပင် မမြင်ရတော့ပေ။

ထိုအခိုက်မှာပင် ...

ဒေါက်တာမင်းထင်ကျော် နင်းလိုက်သော ရေခဲမျက်နှာပြင်မှာ အပေါ်ယံ ပါးပါးလေးရှိနေရာ လူအလေးချိန်ကို မခံနိုင်ဘဲ ဝုန်းကနဲ အောက်သို့ ကျွံကျသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း ရေခဲပြင်အောက် ရောက်သွားပြီး သတိလစ်သွားလေတော့သည်။

✤ ✤ ✤



## အခန်း (၁၀)
## မရဏတောင်သို့ ရောက်ရှိခြင်း

အမှန်တော့ သွေးခဲမတတ် အေးလှသည့် ရေခဲပြင်အောက်သို့ ရောက်သွားသူတိုင်း အသက်ရှင်နိုင်စရာ အကြောင်းမရှိပေ။ ရေစီးကြောင်းထဲ ရောက်သွားပြီး တစ်နေရာသို့ ရွေ့သွားသောအခါ ဦးခေါင်းပြန်ဖော်လို့ မရတော့လောက်အောင် အပေါ်မှ ရေခဲထုများက ဖိထားသောကြောင့် အသက်ရှူခွင့် မရတော့ဘဲ သေဆုံးသွားခြင်းပင် ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်သည် ရေခဲပြင်အောက် ပြုတ်ကျသွားပြီး သတိလစ်သွားရာမှ ပြန်လည် သတိပြန်ရလာသည်။ နားထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းရှိနေသော်လည်း တစ်ကိုယ်လုံးမှာ နွေးထွေးလျက်ရှိသည်။

'ငါ သေသွားပြီး ဝိညာဉ်က တခြားဘုံဘဝတစ်ခုခုကို ရောက်သွားတယ် ထင်တယ်'

ဟု စိတ်ထဲမှာ ဇဝေဇဝါ တွေးနေမိသည်။

လေးလံနေသော မျက်စိကို အသာဖွင့်ကြည့်လိုက်သည်။ အနည်းငယ် မှောင်နေသော်လည်း ဂူတစ်ဂူထဲသို့ ရောက်နေမှန်းတော့ သိလိုက်သည်။

နားထဲမှာလည်း လေညှင်းတိုက်ခံသံနှင့်အတူ သာယာသော ခေါင်းလောင်းသံသဲ့သဲ့ကို ကြားနေရသည်။

သူ ရောက်နေသော နေရာက နှင်းခဲလွင်ပြင်ကြီးထဲမှာ မဟုတ်တော့ဘဲ ကျောက်ဂူတစ်ဂူအတွင်းမှ နွေးထွေးသော နေရာတစ်ခု ဖြစ်မှန်းတော့ ကောင်းစွာ သိရပြီ။

သူ၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာလည်း ပူနွေးလျက်ရှိနေသည်။

'ငါ ဘယ်နေရာရောက်နေတာလဲ၊ ငါ့ကို တစ်ယောက်ယောက်က ဒီဂူထဲကို ခေါ်လာတာ ဖြစ်ရမယ်'





ထိုသို့ တွေးနေမိစဉ် သူရှိရာသို့ လျှောက်လာသော ခြေသံတစ်သံကို ကြားလိုက်ရသဖြင့် ဦးခေါင်းထောင်ကြည့်လိုက်သည်။ ဦးခေါင်းကို ပြောင်နေအောင် ရိပ်စားပြီး ကိုယ်ပေါ်တွင် သင်္ကန်းကဲ့သို့ အဝတ်ဖားဖားကြီး ဝတ်ဆင်ထားကာ လက်ထဲ၌ မြေမီးခွက်တစ်လုံးကို ကိုင်ထားသော လူကြီးတစ်ယောက်က သူအိပ်နေရာဆီသို့ လျှောက်လာနေသည်။

၎င်းဝတ်ဆင်ထားသော အဝါရောင်ဝတ်ရုံရှည်ကြီးမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးပေ။

ထိုလူကြီးက မြေမီးခွက်ကြီးကို ခေါင်းရင်းဘက်နားမှာ ထင်ထားပြီး သူ့ နံဘေးနားမှာ ဝင်ထိုင်လေသည်။

'သင် သတိရပြီလား'

ထိုလူကြီးက သူ နားလည်သော ဗမာစကားနှင့်ပင် မေးသည်။

'ဟုတ်ကဲ့ သတိရပါပြီ၊ ခင်ဗျားက ဘယ်သူလဲ'

ထိုလူကြီးက အသာပြုံးလိုက်သည်။

'ဒီကျောက်ဂူထဲမှာနေတဲ့ သင်မမြင်ဖူးသေးတဲ့ လူတစ်ယောက်လို့ပဲ မှတ်ထားပါ'

'ခင်ဗျား နာမည်က ဘယ်သူလဲ'

'ကျုပ်နာမည်ကိုလည်း မသိချင်ပါနဲ့၊ နာမည်ဆိုတာ အစွဲအလန်းတစ်ခု ဖြစ်စေတယ်၊ ကျုပ်ကို လားမားလို့ ခေါ်ရင် ဖြစ်ပါတယ်'

'လားမားဆိုတာ တိဗက်ဘုန်းကြီးတွေကို ခေါ်တာပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ တိဗက်ဘုန်းကြီးတစ်ပါး ပါပဲ'

တိဗက်ဘုန်းကြီးက ဒါပဲပြောပြီး ကျောက်စင်ပေါ်တွင် တင်ထားသည့် ရေတာခေါင်းသဏ္ဌာန် မြေအိုးတစ်လုံးကို လှမ်းယူပြီး ခွက်တစ်လုံးထဲသို့ နီကြန်ကြန် အရောင်အသွေးရှိသည့် အရည်များကို ထည့်ပြီး သူ့ကို ကမ်းပေးသည်။

'ဒီဆေးရည်ကို သောက်လိုက်ပါ၊ မကြာခင်ပင် ကျန်းမာရေးပြန်ကောင်းလာပါလိမ့်မည်'

ဒေါက်တာမင်းထင်ကျော်က တိဗက်ဘုန်းကြီးပေးသော ဆေးရည်ကို သောက်ချလိုက်သည်။

ဆေးရည်အနံ့မှာ ပရုတ်နှင့် သစ်ဂျပိုးခေါက်အနံ့မျိုး ဖြစ်သည်။ အရသာမှာ ချိုသလိုလိုနှင့် ပူရှိန်းရှိန်း အရသာမျိုး ဖြစ်သည်။ ဆေးရည်သောက်လိုက်ပြီးသည်နှင့် တစ်ကိုယ်လုံး အခိုးအငွေ့များ ကန်ထွက်လာသလို ဖြစ်ကာ ပူနွေးလာသည်။





တိဗက်ဘုန်းကြီးအပြင်ဘက်သို့ တစ်ခေါက်ထွက်သွားပြန်သည်။

'ငါ ဘယ်လိုက နေတယ်လို့ ရေခဲပြင်အောက်က ဒီဂူထဲကို ရောက်နေရတာလဲ၊ ဒီ တိဗက်ဘုန်းကြီးက ကယ်ထားတာ ဖြစ်မယ်ထင်တယ်၊ ဒီနေရာက ဘယ်နေရာလည်း မသိဘူး၊ လမ်းပြမိတ္တတစ်ယောက်လည်း ဘယ်ရောက်နေပါလိမ့်၊ ငါလို အသက်မှ ရှင်နိုင်ရဲ့လား မသိဘူး'

ဟု တွေးနေစဉ် တိဗက်ဘုန်းကြီးက တစ်ခေါက်ပြန် ဝင်လာသည်။ သူ့လက်ထဲမှာ မြေပန်းကန်တစ်ချပ် ကိုင်လာသည်။

ပန်းကန်ထဲမှာ ဂျုံဖြင့် ပြုလုပ်ထားသော နံပြားသဏ္ဌာန်မျိုး မုန့်သုံးခုနှင့် ပဲနက်ဟင်းတစ်ခွက်ပါလာသည်။

'ရော့ ဒီ အာဟာရကို စားလိုက်ပါ'

ဟု လှမ်းပေးသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုကဲ့သို့ ပူပူနွေးနွေး အစာအဟာရမျိုး မစားရတာကြာပြီ ဖြစ်သောကြောင့် တိဗက်ဘုန်းကြီးပေးသော မုန့်နှင့် ပဲဟင်းကို အကုန်စားလိုက်သည်။

ထိုသို့ စားလိုက်မှ ဝမ်းထဲမှာ နေသာထိုင်သာရှိလာပြီး အတန်အသင့် အားရှိလာသလို ဖြစ်လာသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အစာဝအောင် မစားရတာ သုံးလေးရက်ရှိပါပြီ'

တိဗက်ဘုန်းကြီး ခေါင်းကို အသာအယာငြိမ့်ပြပြီး ကျောက်ဂူပေါက်ဖက်သို့ လှည့်ကာ လက်ခုပ်တီးလိုက်သည်။

ခဏကြာတော့ တခြား တိဗက်ဘုန်းကြီးတစ်ပါးက ရှည်မျောမျော ခွက်တစ်ခွက်ကို ကိုင်ကာ ဂူထဲသို့ ဝင်လာလေသည်။

'ဒီနို့ကို သောက်လိုက်ပါဦး၊ ပြီးရင် သင်တစ်ရေး ပြန်အိပ်လိုက်ပါဦး၊ မနက်ရောက်ရင် သင် နေကောင်းသွားပါလိမ့်မယ်'

သူက နို့ခွက်ကို ယူပြီး မော့သောက်လိုက်သည်။

ပြီးသောအခါ ဘုန်းကြီးနှစ်ပါးက သူ့အား စောင်ကြမ်းတစ်ထည် ခြုံပေးကာ ကျောက်ဂူအပြင်သို့ ပြန်ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဝမ်းကလည်းဖြည့်၊ သောက်ထားသော ဆေးအရှိန်ကလည်း တက်လာပြီ ဖြစ်သောကြောင့် ချက်ချင်း မျက်ခွံများ လေးလာကာ အိပ်ပျော်သွားလေတော့သည်။





နောက်တစ်နေ့ တစ်စုံတစ်ယောက်က ပခုံးကို လာပုတ်နိုးတော့မှ အိပ်ပျော်ရာမှ နိုးလာတော့သည်။ အိပ်ရာမှ နိုးလာသောအခါ သူ့တစ်ကိုယ်လုံး အားအင်များပြည့်ကာ လန်းဆန်းလျက်ရှိနေသည်။ သူ့ကို လာနိုးသူမှာ အခြား မဟုတ်ပေ။ ညက အစားအသောက်နှင့် ဆေးလာပေးသော တိဗက်ဘုန်းကြီးပင်ဖြစ်သည်။

'ကျွန်ုပ် နောက်ကို လိုက်ခဲ့ပါ'

ဟု ခေါ်သဖြင့် တိဗက်ဘုန်းကြီးနောက်မှ လိုက်သွားရသည်။ သူ့အား ကျောက်ဂူအပြင်ဘက်သို့ ခေါ်သွားလေသည်။

ကျောက်ဂူဝရောက်သောအခါ ကျောက်သားကို ထွင်းထားသော ကျောက်လှေခါးထစ်တစ်ခုက ဦးတိုက်ကာ ရှိနေသည်။ လှေခါးမှာ အထစ်ပေါင်း တစ်ရာကျော်ခန့် ရှိသည်။

ထိုလှေခါးထစ်များ ဆုံးသောအခါ ရင်ပြင်ကျယ်တစ်ခုသို့ ရောက်သွားလေသည်။

ပေနှစ်ရာပတ်လည်ခန့် ကျယ်ဝန်းသော ထိုရင်ပြင် ကျယ်ပေါ်တွင် တိဗက်ဘုန်းကြီးဆယ်ပါးခန့် နေစာလှုံနေကြသည်ကို မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်အား ခေါ်သွားသော ဘုန်းကြီးသည် စကားတစ်လုံးမှ မပြောဘဲ လှေခါးထစ်များကို နင်း

ပြီး ရင်ပြင်ရှိရာသို့ ဆင်းသွားသဖြင့် ဒေါက်တာမင်းထင်ကျော်ကလည်း တိတ်ဆိတ်စွာပင် နောက်မှ လိုက်သွားရသည်။

ရင်ပြင်ပေါ်သို့ ရောက်သောအခါမှ မိမိတို့ ထွက်လာသော ကျောက်ဂူရှိရာသို့ မော့ကြည့်သောအခါ တောင်နံရံအလယ်လောက်တွင် ဖောက်ထားသော ကျောက်ဂူပေါက်ကို လှမ်းမြင်ရပြီး အထက်ပိုင်းမှာလည်း အခြားကျောက်ဂူပေါက်များစွာတို့ကိုပါ မြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်ရှေ့မှ စကားတစ်ခွန်းမှ မပြောဘဲ တစိုက်စိုက် လျှောက်နေသော ဘုန်းကြီးသည် ရင်ပြင်အဆုံးသို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးကွေ့ကာ ကျောက်ဂူပေါက်တစ်ခုထဲသို့ ဝင်သွားလေသည်။

သူကလည်း နောက်မှ လိုက်သွားရသည်။ ထိုကျောက်ဂူမှာ သူနေခဲ့သော ကျောက်ဂူထက် ပိုမို ကျယ်ဝန်းလေသည်။

ပထမဦးဆုံး တွေ့ရသော ခန်းမကျယ်ကြီးမှာ ဧတစ်ရာပတ်လည်ခန့် ကျယ်ဝန်းလေသည်။

ခန်းမကျယ်ကြီး၏ တဖက်ထိပ်တွင် လေးပေသာသာခန့် မြင့်သော ကျောက်ခုံတစ်ခုရှိကာ ထိုကျောက်ခုံပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိလေသည်။





ထိုဗုဒ္ဓရုပ်ပွားတော်မှာ လေးပေသာ ခန့်မြင့်ပြီး
စ်ဆူလုံး ရွှေရောင်ဝင်းလက်နေလေ၏။

နောက်မှ သိရသည်မှာ ... ထိုရုပ်ပွားတော်မှာ ရွှေ
းကြီးကို ထွင်းထုပူဇော်ထားခြင်းပင် ဖြစ်၏။

ရုပ်ပွားတော်မှာ ရွှေတုံးကြီးကို ထွင်းထုပူဇော်ထား
င်းပင်ဖြစ်၏။

ရုပ်ပွားတော်ရှေ့၌ တိဗက်ဘုန်းတော်ကြီး ၃ ပါးက
ရားဝပ်ပြုလျက် ရှိနေသည်။

ရှေ့မှ လျှောက်နေသော ဘုန်းတော်ကြီးသည် ခန်းမ
း၏ ညာဘက်တွင်ရှိသည့် အပေါက်တစ်ခုထဲသို့ ဝင်သွား
ရာ နောက်မှ လိုက်သွားရပြန်သည်။

တိဗက်ဘုန်းကြီး ဝင်သွားသော အပေါက်မှာ ဂူ
ောင်းလမ်းကလေး၏ ဝင်ပေါက်တံခါးပင်ဖြစ်၏။

အူလမ်းကြောင်းကလေး၏ တစ်ဖက်တစ်ချက်တွင်
ခန်းကလေးများ အစီအရီရှိသော ထိုအခန်းကလေးများ
တွင် တိဗက်ဘုန်းကြီးများ တင်ပ်လွှင်ခွေကာ ထိုင်နေသည်
တွေ့ရသည်။

ထို ဂူမြောင်းလမ်းကလေး ဆုံးသော် ခန်းမကျယ်
းတစ်ခုကို တွေ့ရလေသည်။

ထိုခန်းမကျယ်ကြီးမှာ ထမင်းစားခန်းဖြစ်ဟန်ရှိသည်။ ခန်းမကြီးအလယ်တွင် အမြင့်လေးပေ၊ အကျယ်အားဖြင့် ပေနှစ်ဆယ်ခန့် ရှိသော ကျောက်ခုံရှည်ကြီးတစ်ခု ရှိကာ ခုံရှည်ကြီး ဘေးတစ်ဖက်တစ်ချက်၌ ဝါးထိုင်ခုံကလေးများ အစီအရီ ချထားသည်ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်အား ခေါ်လာသော ဘုန်းကြီးက ထမင်းစားခန်းမကြီး၏ လက်ဝဲဘက်၌ရှိသော အခန်းကလေးတစ်ခု၏ တံခါးကို ဖွင့်ပေးလိုက်သည်။

အခန်းကလေး၏ တစ်ဖက်နံရံတွင် ကျောက်ရေ... တစ်ခုရှိကာ ထိုကျောက်ရေခွက်ဘောင်ပေါ်တွင် အ... တထောင်းထောင်း ထွက်နေသော မြေအိုးတစ်အိုးက... သည်။

'အဲဒီမှာ ရေပူရှိတယ်၊ သင်ရေချိုးပြီးတော့ အပြင် ထွက်လာပါ၊ ကျုပ်ပ် အပြင်က စောင့်နေပါ့မယ်'

ဟု ပြောသဖြင့် အခန်းထဲသို့ဝင်ကာ ရေပူနှင့် ရေ... စပ်ကာ ရေချိုးလေသည်။

နှင်းတောထဲမှာ ဖြတ်သန်းနေရစဉ် ကာလအ... ရေမချိုးတာ ကြာပြီဖြစ်သောကြောင့် ယခုကဲ့သို့ ... လိုက်ရသောအခါ တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းလာ...





...တော့သည်။ ရေချိုးပြီးသောအခါ အဝတ်အစား ပြန်ဝတ်ပြီး အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

သူ့အား ရေချိုးခန်းသို့ လိုက်ပို့သော ဘုန်းကြီးက ...ပြတင်းပေါက်နားမှာ ရပ်ကာ အပြင်ဘက်သို့ လှမ်းကြည့်နေ ...လေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုပြတင်းပေါက်နား သို့ ...လျှောက်သွားကာ အပြင်သို့ လှမ်းကြည့်လိုက်သည်။

မျက်စိတစ်ဆုံးမှာတော့ နှင်းဖုံးနေသော တောင်ကုန်း ...များကိုသာ မြင်ရသည်။ အဝေးသို့ ကြည့်နေရာမှ အောက်သို့ ...ကြည့်လိုက်သည်။

'အို: ..'

ဒေါက်တာမင်းထင်ကျော်နှုတ်မှ အာမေဋိတ်သံ ...ထွက်သွားလေသည်။ သူ့စိတ်ထဲမှာ ထင်နေတာက သူ ရောက် ...နေသော နေရာမှာ တောင်ခြေတစ်နေရာဟု ထင်ထားလေရာ ...ယခုအခါမှ တောင်ကြီး၏ အလယ်နေရာတွင်ရောက်နေမှန်း ...သိရသဖြင့် များစွာ အံ့ဩသွားခြင်းဖြစ်သည်။

'သင် အံ့ဩသွားသလား'

'ဟုတ်တယ်၊ အခုလောက်မြင့်တဲ့ နေရာရောက်နေ ...မှန်း အစက မသိဘူး၊ တောင်ခြေတဝိုက်မှာ ရှာရှိသလား'

တိဗက်ဘုန်းကြီးက ခေါင်းရမ်းပြသည်။

'တောင်ခြေမှာ ရွာ မရှိပါဘူး၊ ဒီတောင်ခြေက မိုင်တင်ရာကျော် ဝေးတဲ့ နေရာလောက်မှာပဲ ရွာတစ်ရွာ ရှိတယ်၊ မိုင် ငါးဆယ်လောက်မှာတော့ ရေခဲပြင်ကြီးပဲ ရှိပါတယ်'

'ဟင် ... ဒီတောင်က ..'

'လူသူ မရောက်နိုင်တဲ့ မရဏတောင်လို့ ခေါ်ပါတယ်'

သူသည် ပါးစပ်အဟောင်းသား ဖြစ်လောက်အောင် အံ့သြသွားလေသည်။

သူတို့သည် ထို မရဏတောင်ရှိရာသို့ ရောက်နိုင်ရန် အခက်အခဲ အန္တရာယ်အသွယ်သွယ်တို့ကို ကျော်ဖြတ်ခဲ့သည်။

ယခုတော့ မမျှော်လင့်ဘဲ မရဏတောင်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေခဲ့ပြီ။

'ဒီတောင်ပေါ်ကို ရွာက လူတွေလာသလား'

'မလာပါဘူး၊ သူတို့ လာလို့ မရပါဘူး'

'ဘာကြောင့်လဲ၊ ဒီက လူတွေက ပိတ်ပင်ထားလို့လား'

'မဟုတ်ပါဘူး၊ သူတို့တောင်ပေါ်ကို ရောက်အောင် တတ်နိုင်တဲ့ လမ်း မရှိပါဘူး'





နောင်သောအခါမှ သိရသည်မှာ ...

မရဏတောင်ပေါ်သို့ ရောက်အောင် တတ်နိုင်သည့် လမ်းမရှိပေ။

တောင်နံရံများမှာ အဖုအထစ်မရှိဘဲ ပြောင်ချောနေပြီး ကျောက်တိုင်ကြီးတစ်တိုင် ထောင်ထားသကဲ့သို့ မတ်မတ်ကြီး ရှိနေသောကြောင့် သာမာန်စွမ်းအားဖြင့် တက်လို့ကတော့ အပေါ် ရောက်နိုင်စရာ မရှိပေ။

ငှက်ကဲ့သို့ အတောင်ပံများနှင့် ပျံတက်မှသာ အပေါ်သို့ ရောက်နိုင်ပေတော့သည်။

'ဒါဖြင့် ကျွန်တော့်ကို ဒီတောင်ပေါ်ရောက်အောင် ဘယ်လို သယ်လာခဲ့ကြသလဲဟင်'

'သင့်ကိုတော့ ကျွန်ုပ်တို့သာ သိတဲ့လမ်းက ခေါ်လာခဲ့ဘာပါ'

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ဝင်လမ်းရှိလျှင် ထွက်ပေါက်လမ်းလည်း မုချ ရှိပေလိမ့်မည်ဟု ခန့်မှန်းလိုက်မိသည်။

ထိုအခိုက်မှာပင် သာယာသော ခေါင်းလောင်းသံကို ကြားရလေသည်။

'ဒီခေါင်းလောင်းက ဘာအတွက် ထိုးတာလဲ'

'ဘုရားဝပ်ပြုဖို့ အချက်ပေးတာပါ။ ကျွန်ုပ်တို့ ဘုရားဝတ်ပြုပြီးရင် မနက်စာ စားကြရမယ်'

ဟု ပြောကာ တိဗက်ဘုန်းကြီးက ဒေါက်တာမင်းထင်ကျော်အား ဘုရားဝပ်ပြုခန်းမထဲသို့ ခေါ်သွားလေသည်။ ခန်းမကြီးထဲတွင် တိဗက်ဘုန်းကြီး အပါးနှစ်ဆယ်ခန့်ပဆစ်ဒူးတုပ်ကာ ထိုင်နေကြလေသည်။

သူနှင့် တိဗက်ဘုန်းကြီးတို့က ထို ဘုန်းကြီးများနောက်ဘက်တွင် ဝင်၍ ထိုင်လိုက်ကြသည်။ နောက်ထပ်အချိန်အနည်းငယ် ကြာသောအခါ ထိုခန်းမထဲသို့ အသက်အရွယ် ကြီးရင့် အိုမင်းလှပြီဖြစ်သော တိဗက်ဘုန်းကြီးအိုကြီးတစ်ပါး ဝင်လာလေသည်။

ဘုန်းကြီးအိုကြီးက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်လှမ်းကြည့်ကာ ခန်းမထဲမှ ဖြတ်၍ ဗုဒ္ဓရုပ်ပွားတော်ရှိသော ကျောက်ခုံကလေးရှိရာသို့ လျှောက်သွားလေသည်။

ကျောက်ခုံကလေးရှေ့သို့ ရောက်သောအခါ မတ်တပ်ရပ်ပြီးနောက် သေးငယ်သော သစ်သားချောင်းကလေးများကို မီးရှို့လိုက်သောအခါ ခဏချင်းမှာပင် ခန်းမဆောင်ကြီးအတွင်းမှာ သင်းပျံ့သော အမွှေးရနံ့များ ပျံ့လွင့်လာလေသည်။





ထိုအခါ ထိုင်နေကြသော တိဗက်ဘုန်းတော်ကြီးများသည် နေရာမှ ထရပ်လိုက်ကြပြီး တိဗက်ဘာသာစကား၊ ဗက်ထုံးစံဓလေ့အတိုင်း ဘုရားဝပ်ပြုခြင်းကို စတင် ပြုလုပ်ကြလေသည်။

၎င်းတို့ ဘုရားဝပ်ပြုခြင်းမှာ နာရီဝက်ခန့် အချိန်ကြာလေသည်။ ဘုန်းကြီးအိုကြီးက ငွေခေါင်းလောင်းကလေး တီးခေါက်မှသာ နေရာသို့ အသီးသီး ပြန်ထိုင်ကြသည်။

ထိုအခါ ဘုန်းကြီးအိုကြီးက ဒေါက်တာမင်းထင်ကျော်နှင့် သူ့ကို ကယ်ထားသော တိဗက်ဘုန်းကြီးကို လှမ်းခေါ် လိုက်သည်။

'သင့်ကို ဆရာတော်က ခေါ်နေပါတယ်'

ဟု ပြောကာ ဘုန်းကြီးအိုကြီး အနားသို့တိုးသွားကြသည်။

'သင် ဘယ်အရပ်က လာသလဲ'

ဟု မေးသည်။

'မြန်မာပြည်ကပါ။ ကျွန်တော်က မြန်မာလူမျိုးတစ်ယောက်ဖြစ်ပါတယ်'

'ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ တိုင်းပြည်ကလဲ ဘယ်လိုကြောင့် အခုလောက် အန္တရာယ်များတဲ့ နေရာဒေသကို ရောက်လာရသလဲ'

'ကျွန်တော်တို့က ဒေသန္တရဇဟုသုတ ရှာဖွေ
ဒီအရပ်ဒေသကို ရောက်လာတာပါ။ လမ်းမှာ ဒုက္ခအမျိုးမျိုး
ရောက်ပြီး ဒီကို ရောက်လာတာပါ'

ဘုန်းကြီးအိုကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်
သည်။

'သင် ဒုက္ခရောက်နေတာကို သိလို့ ကျွန်ုပ် လက်ား
ကို ကယ်ဖို့လွှတ်လိုက်တာပါ'

လက်ာဆိုတာ သူ့ကို ခေါ်လာသော တိဗက်ဘုန်းကြီး
ဖြစ်သည်။

'ဒုက္ခဆိုတာ တခြားသူက ပေးတာ မဟုတ်ဘူး၊ ကိုယ့်
ဖာသာ ရှာယူကြတာပါ။ ဒုက္ခဆိုတာ ရှာသင်တဲ့အရာတော့
မဟုတ်ဘူး၊ ဒါပေမယ့် လူတွေက ဒုက္ခကိုပဲ သုခလို့ ထင်နေ
ကြသော ဇွတ်တိုးပြီး ရှာချင်နေကြတယ်'

'ကျွန်တော်အသက်ကို အခုလို ကယ်တင်ပေးတဲ့
အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဘယ်ပုံဘယ်နည်းနဲ့
ကိုယ့်အရပ်ဒေသကို ရောက်အောင် ပြန်ရမယ်ဆိုတာကိုလည်း
လမ်းညွှန်ပြပေးပါဦး'

ဘုန်းကြီးအိုကြီးက ဘာမှ ပြန်မပြောဘဲ သူ့မျက်နှာ
ကိုသာ ငေးကြည့်နေလေသည်။





ဆရာတော်ဘုန်းကြီး၏ ရုပ်ရည်မှာ အတော်အိုမင်းလှ
ပေပြီ။ မျက်ခုံးမွေးနှင့် မျက်တောင်မွေးတို့မှာ ငွေရောင်ကဲ့သို့
ဖြူဆွတ်လျက်ရှိသည်။ အသားအရေမှာလည်း ပျော့အိကာ
အရေးအကြောင်းများ ထနေလေသည်။

သို့ရာတွင် ၎င်း၏ မျက်လုံးများကတော့ ထူးခြားစွာ
စူးရှတောက်ပြောင်လျက်ရှိနေသည်။

'ဒုက္ခကို အမြဲတစေ ရှာဖွေနေသူတွေအဖို့ ကံကြမ္မာ
ကို ပြုပြင်ပြောင်းလွဲလို့ မရနိုင်ဘူး၊ ဒုက္ခကို လွတ်အောင် ရုန်း
ထွက်နိုင်မှ ကံကြမ္မာကိုလည်း ပြုပြင်ပြောင်းလဲလို့ ရမယ်၊
တကယ်ဆိုရင် သင့်ကို နေရပ်ပြန်ရောက်အောင် လမ်းပြ
အကူအညီပေးချင်ပါတယ်၊ ဒါပေမယ့် အခုလို ဆောင်းရာသီ
ရောက်လာတဲ့အခါမှာ ဒီကနေ လာဆာရောက်အောင်တောင်
သွားဖို့ မလွယ်လှဘူး၊ တကယ်လို့ သွားရင်လည်း လမ်းမှာပဲ
သေဘေးကြုံလိမ့်မယ်၊ ဒီတော့ ဆောင်းရာသီ မကုန်မချင်း
သင် ဒီမှာပဲ နေရလိမ့်မယ်'

'ကျွန်တော်က ဒီမှာ ဘယ်လောက်ကြာကြာနေရမလဲ
ဆရာတော်'

'သုံးလေးလလောက်ပါပဲ၊ နွေဦးပေါက်ရာသီ

ရောက်တဲ့အခါ သင့်ရဲ့ နေရပ်ကို ရောက်အောင် ပြန်ပို့ပေးပါ့မယ်'

ဟု ပြောလေရာ ထိုစကားကြားသောအခါ ဒေါက်တာ မင်းထင်ကျော် စိတ်ထဲမှာ အားငယ်သွားသလို ခံစားလိုက်ရသည်။

တစ်ဖက်ကလည်း မိမိမှာ ကံကောင်းထောက်မစွာဖြင့် လူသူ မရောက်နိုင်သော မရဏတောင်အတွင်းသို့ပင် ရောက်နေလေပြီ။ ယခုကဲ့သို့ အခွင့်သာသဖြင့် နေရခိုက်တွင် မိမိ သိလိုသော အကြောင်းအရာများကို လေ့လာလိုက်မည်ဟု စိတ်ကူးလိုက်သည်။

ထိုသို့ တွေးနေစဉ်မှာပင် ဘုန်းကြီးအိုကြီးက ...

'သင့်ကို တစ်ခု သတိပေးထားရမယ်၊ ဒီမှာနေတဲ့ အခိုက်အတန့် အချိန်အတွင်းမှာ ကျုပ်တို့ ခွင့်ပြုထားတဲ့ နေရာများမှလွဲပြီး အခြားနေရာများကို ဝင်ထွက်သွားလာခွင့် မရှိပါဘူး၊ အကယ်၍ ကျုပ်တို့ ကန့်သတ်ထားသော နေရာများသို့ ဝင်ထွက်သွားလာမိပါက ဘေးအန္တရာယ်ဆိုးကြီးနှင့် ကြုံတွေ့၍ အသက်ဆုံးရှုံးမှု ဖြစ်လိမ့်မယ်'

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့ဩသွားမိလေသည်။





ဆရာတော်ကြီးသည် ဒေါက်တာမင်းထင်ကျော်အား သတိပေးစကား ပြောကြားလိုက်ပြီး နောက်ထပ်ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ရုပ်ထုတော်ဘက်သို့ လှည့်ကာ ဘုရားဝတ်ပြုနေလေရာ လက်ာဟူသော ဘုန်းကြီးက သူ့ကို လက်တို့ပြီး အပြင်သို့ ခေါ်ထုတ်လာလေသည်။

အပြင်ဘက်သို့ ရောက်သောအခါမှ ...

'ဆရာတော်ပြောတဲ့အတိုင်းနေပါ၊ ဆရာတော် သတိပေးတာကို နားမထောင်ခဲ့ရင် သင့်ရဲ့ အသက်အားနှင်းတောထဲမှာ သေရတာထက် အသေဆိုးနဲ့ သေရလိမ့်မယ်'

ဟု ထပ်မံ သတိပေးပြန်လေသည်။

'စိတ်ချပါ၊ ကျွန်တော် ကန့်သတ်ပြီး တားမြစ်ပိတ်ပင်ထားတဲ့ နေရာတွေကို မသွားပါဘူးလို့ ကတိပေးပါတယ်'

ထိုစကားကြားသောအခါမှ လက်ာဆိုသော တိဗက်ဘုန်းကြီးက ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်လေသည်။

ထိုအချိန်မှာပင် ငွေခေါင်းလောင်းလှုပ်ခတ်သံကို ကြားရပြန်သည်။

'မနက်စာ စားဖို့ ခေါ်နေပြီ သွားကြစို့'

သူ့ကို ထမင်းစားခန်းသို့ ခေါ်သွားလေသည်။

တိဗက်ဘုန်းကြီးများ၏ မနက်စာမှာ ဆံပြုတ်နှင့် ပဲနက်ကို မုန်လာဥဖြင့် ရောကြော်ထားသော ဟင်းတစ်ခွက်သာ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အတွက်ကိုမူ ဂျုံဖြင့် လုပ်ထားသော မုန့်လုံးချပ်နှင့် အာလူးဟင်းတစ်ပွဲပါ အပိုဆောင်းပေးလေသည်။

✣ ✣ ✣



## အခန်း (၁၁)
## ဝိညာဉ်ခေါ်ပွဲ

တကယ်တော့ မရဏတောင်သို့ ဦးဇန်ကောင်းကို အကြောင်းပြု၍ လာခဲ့ရသော်လည်း ယခု မရဏတောင်သို့ ရောက်နေပြန်တော့လည်း ဦးဇန်ကောင်းကို မတွေ့ရပေ၊ သူသိရသလောက်ဆိုလျှင် မရဏတောင်ပေါ်သို့ သာမန်လူတို့ ရောက်နိုင်ဖို့ မလွယ်ကူလှပေ။

သူတောင် တိဗက်ဘုန်းကြီးများက ကယ်တင်ထားသောကြောင့် မမျှော်လင့်ဘဲ ရောက်နေရခြင်းဖြစ်သည်။

ယခုကဲ့သို့ မရဏတောင်အတွင်းသို့ ရောက်နေပြန်

တော့လည်း သူ့အနေနှင့် ဘာအလုပ်မှ မယ်မယ်ရရ မရှိပေ။ ပိတ်ပင်တားမြစ်ထားသော ကန့်သတ်ထားသည့် နေရာများသောကြောင့်လည်း သူနေသော ကျောက်ဂူအခန်းမှလွဲပြီး အခြားနေရာများသို့ သွားဖို့ မလွယ်ပေ။

အကယ်၍ သွားပြန်လျှင်လည်း အခြားအခန်းများမှာ တရားကျင့်နေသော ဘုန်းကြီးများသာ ရှိပြီး အခြား ဘာမှ ထွေထွေထူးထူး မရှိပေ။

တိဗက်ဘုန်းကြီးများမှာလည်း တရားကျင့်သည့် အလုပ်မှလွဲပြီး အခြား ဘာကိုမှ စိတ်ဝင်စားမှု မရှိကြပေ။ မရဏတောင်ဂူထဲမှာ အခြား တိဗက်ဘုန်းကြီးများ သာရှိပြီး လူဝတ်ကြောင်နှင့် သူတစ်ယောက်တည်းသာ ရှိသဖြင့် သုံးလေးလကြာအောင် သည်အတိုင်း နေသွားရလျှင် ပျင်းရိငြီးငွေ့ဖွယ်ရာ ရှိတော့မည်။

ဒါပေမယ့် ... တစ်ခါတစ်ရံမှာတော့ လက်ာဆိုသော တိဗက်ဘုန်းကြီးက သူ့ဆီလာပြီး စကားပြောသဖြင့် တိဗက်ဘုန်းတော်ကြီးများ၏ အကြောင်းကို တစ်စွန်းတစ်စ သိရလေသည်။





'ဘုန်းကြီး ဘုရားဝတ်ပြုတဲ့ အခန်းထဲမှာ ကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးက အတော်ကြီးတယ်၊ တစ်ဆူလုံးလည်း ဝင်းလက်နေတာပဲ၊ ဘယ်လို အရာဝတ္ထုတွေနဲ့ လုပ်ထားတာလဲဟင်'

'တစ်ဆူလုံး ရွှေနဲ့ သွန်းလုပ်ထားတာပါ'

'ဟင် ဒီလောက်ကြီးတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ရွှေတွေနဲ့ချည်း လုပ်ထားတာဆိုတော့ ပိဿာချိန် အတော်များမှာပဲနော်'

'ပေါင် ၂၇၀၀၀၊ ပိဿချိန် ၁၀၀ ကျော်ရှိပါတယ်'

'ပိဿာချိန်က အများကြီးပါလား၊ ဘယ်အချိန်ကတည်းက သွန်းလုပ်ခဲ့တာလဲဟင်'

'လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်က ဒီ မရဏတောင်ပေါ်မှာ သီတင်းသုံးခဲ့တဲ့ ဆရာတော်တစ်ပါးက သွန်းလုပ်ပြီး ကိုးကွယ်ထားခဲ့တာပါ'

'ရွှေပိဿာတစ်ရာကျော်ဆိုတော့ ဒီလောက်များတဲ့ ရွှေတွေကို ဘယ်က ရတာလဲဟင်'

'ရွှေဆိုတာ သင်တို့ လူတွေအတွက် အဘိုးတန်ရတနာဖြစ်ပေမယ့် ကျုန်ုပ်တို့လို ဘုန်းကြီးတွေအတွက်ကတော့ ကျောက်ခဲသလဲလောက်ကို ပေါပါတယ်'

'ဒီတောင်ပေါ်မှာ ရွှေထွက်တဲ့ တွင်းရှိလို့လား'

'မဟုတ်ပါဘူး၊ ရွှေကို လုပ်ယူရင် ရပါတယ်'

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က အံ့သြသွားလေသည်။

'ဒါဖြင့် တိဗက်ဘုန်းတော်ကြီးတွေက ရွှေဖြစ်အောင် လုပ်နိုင်ကြတယ်ပေါ့၊ ဘုန်းကြီးရော ရွှေဖြစ်အောင် လုပ်တတ်ပါသလား'

ဟု မေးလိုက်သည်။

'ကျွန်ုပ်ကတော့ ရွှေဖြစ်အောင် မလုပ်နိုင်ပါ၊ ကျွန်ုပ်တို့ တိဗက်ဘုန်းကြီးတွေထဲမှာ ရွှေဖြစ်အောင် လုပ်နိုင်သော ဘုန်းကြီးအချို့ရှိပါတယ်၊ သို့သော် ထိုဘုန်းကြီးများက ရွှေပြုလုပ်သောနည်းကို မည်သူကိုမှ ပြောပြလိမ့်မယ် မဟုတ်ပေ။ ရွှေဖြစ်သော နည်းသည် သူ့အသက်ကို ရန်ရှာသော အန္တရာယ်ဖြစ်စေနိုင်သောနည်းဖြစ်သဖြင့် အခြားသူများအား လုံးဝ ပြောဆိုခြင်း မပြုရန် ဆရာတော်က တားမြစ်ထားပါတယ်'

'ဒါဖြင့် အဲဒီမှတ်တမ်းတွေကတော့ ရှိမှာပေါ့'

'ရွှေဖြစ်အောင် ပြုလုပ်နိုင်တဲ့ မှတ်တမ်းပုရပိုဒ်များနှင့် ရွှေဖြစ်စေရန် အသုံးပြုသည့် ဆေးရည်ပုလင်းများကို





ဉ်ကျောက်တောင်ကြီးရဲ့ တစ်နေရာမှာ လျှို့ဝှက်စွာ ထားပါတယ်'

'ဒါဖြင့် ကမ္ဘာဦးအစပိုင်းလောက်က ပေါ်ပေါက်ခဲ့တဲ့ ရဏသံဟိတဆေးကျမ်းရော ဒီဂူထဲမှာ ရှိပါသလား'

'မရဏသံဟိတဆေးကျမ်းအပြင် အခြား ဝိဇ္ဇာကျမ်း၊ သုတကျမ်းတွေလည်း ရှိပါတယ်'

'ကျွန်တော်ကို ဗဟုသုတအနေနဲ့ ဘုန်းကြီးသိသမျှ ည်းနည်းလောက် ပြောပြပေးပါလား'

ဟု ပြောလိုက်ရာ လက်ာက အောက်ပါအတိုင်း ပြောပြလေသည်။

အာယုဗေဒ ဆိုသည်မှာ – အာယု + ဝေဒ ဖြစ်သည်။ ရီယ၊ ဣန္ဒြေယ၊ မန၊ အတ္တ လေးမျိုးပေါင်းကို အာယု ဟု ခေါ်သည်။ အာယုပုဒ်နှင့် ပတ်သက်၍ ခေတ်၊ လူမျိုး၊ ဘာသာ ယူအဆကို လိုက်ပြီး အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း ဒိုရင်းအချုပ်မှ အသက် ဇီဝိတိန္ဒြေ ဖြစ်ကြောင်းကား တညီ ညွှတ်တည်း လက်ခံကြရပေသည်။

ဝေဒသဒ္ဒါသည် သိမှု ခံစားမှု အဓိပ္ပါယ်ဖြစ်သော ကြောင့် အာယုဗေဒ (အာယုဝေဒ) သည် အသက်နှင့် ဇီဝိတိန္ဒြေ အကြောင်းကို သိရှိနားလည်မှုဟု အဓိပ္ပါယ်ရပါသည်။

အာယုဟုခေါ်သော အသက်ဇီဝိတိန္ဒြေ၏ အကျိုး မှု မရှိမှု၊ အနာရမှု၊ မရမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ တိုးပွားမှု ဆုတ်ယုတ်မှု၊ တိုမှု ရှည်မှုတို့ကို သိတတ်သည့် ဝိဇ္ဇာနှင့် ကုထုံး တတ်သည့် သိပ္ပနှစ်မျိုးစလုံးတို့၏ တည်ရာဖြစ်သော အတတ် သည် 'အာယုဗ္ဗေဒ' ပညာသာ ဖြစ်သည်။

အာယုဗ္ဗေဒ ပညာပေါ်ပေါက်ခဲ့ပုံမှာ အနာဒိကာလ အချိန်အပိုင်းအခြား မဖော်နိုင်သော်လည်း ရှေးဟောင်းကျမ်း များ၌မူ ထို အာယုဗ္ဗေဒပညာကို ... ဗြဟ္မာမှ ဒက္ခပဇာပတိသို့ လည်းကောင်း၊ ဒက္ခပ ဇာပတိမှ အဿနိကုမာရသို့ လည်း ကောင်း၊ အဿနိကုမာရ နှင့် ဣန္ဒြ (သိကြား) သို့လည်း ကောင်း၊ အသီးသီး ဆောင်ယူလာခဲ့သည်။

ဣန္ဒြ (သိကြား) ကား အဿနိကုမာရထံမှ သင်ယူ ရုံ သင်ယူထားပြီး အခြားသူများအား လက်ဆင့်မကမ်းဘဲ နေခဲ့လေသည်။ ကတ (သန္တ) ယုဂ်၏အဆုံး အနာရောဂါများ ဝင်ရောက်လာသောအခါ ကိုယ်ကျင့်တရား (တပစသည်) နှောင့်နှေးသွားသည့်အတွက် သတ္တဝါတို့အား သနားခြင်းကို အလေးပြုလျက် ဣသိတ၊ ဣသိပုတ္တ၊ ဒေဝဣသိ၊ မဟာဣသိ ဟူသော ရသေ့လေးမျိုး အရေအတွက် (၅၀)ကျော်တို့နှင့် တကွ အခြားမဟေသီတို့သည် အာယုဗ္ဗေဒပညာ ရရှိရေး





အတွက် သိကြားမင်းအား တောင်းပန်ရန် ဟိမဝန္တာတောင်ပြန့် တစ်နေရာတွင် စုဝေးတိုင်ပင်ကြသည်။

ထိုအချိန်က သိကြားမင်းသည် အာယုဗ္ဗေဒ ဆေး ပညာကို ပိုင်ဆိုင်ထားသော ဆေးပညာပါရမီတစ်ဦးဖြစ်သည်။

ဟိမဝန္တာ အစည်းအဝေးတွင် ပါဝင်သော ဣသိများ တွင် ပါဝင်သော အာရဒွါဇရသေ့သည် ရသေ့အများစုကိုယ် စား၊ သိကြားမင်းထံမှ အာယုဗ္ဗေဒ ဆေးပညာများကို သွားသင့်လေ၏။

ထို့နောက်တွင် ဘာရဒွါဇရသေ့ထံမှ အခြားရသေ့များ က ထပ်မံသင်ယူခဲ့ကြသည်။

အဆိုပါရသေ့များထဲတွင် ပါဝင်သော အဂ္ဂိဝေဿမဟာ ဣသိသည် စရက၏ မူရင်းဖြစ်သော 'အဂ္ဂဝေသတန္တ' ကို ရေးသားခဲ့သည်။

ယင်းသို့ စရကဆရာက ပြုပြင်၍ မရဏသံဟိတ ကျမ်း ဟူသောအမည်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်။

'ကျွန်ုပ်တို့ မရဏတောင် တစ်နေရာမှာ လျှို့ဝှက်စွာ ထားသော ဆေးကျမ်းမှာ မရဏသံဟိတဆေးကျမ်း၏ မူရင်း မှတ်တမ်းများပင် ဖြစ်ပေတယ်'

ဟု လက်ာက ပြောပြလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ မရဏာသံဟိတဆေးကျမ်းကို ကူးယူချင်၍ သက်စွန့်ဆံဖျား ခရီးထွက်လာသော ဦးဗန်ကောင်းတစ်ယောက် ယခုအခါ မိမိနှင့်အတူ ရှိနေလျှင် ကောင်းမှာပဲဟု တွေးတောနေမိသည်။

မရဏာတောင်ဂူထဲသို့ ရောက်နေခဲ့ပြီး တစ်ပတ်နှစ်ပတ်ခန့်ကြာသောအခါ တစ်ညအိပ်ပျော်နေစဉ် နားထဲမှာ အသံအချို့ ကြားရသဖြင့် အိပ်ပျော်ရာမှ လန့်နိုးလာသည်။ သူ့နားထဲမှာ လေးလံသော အရာဝတ္ထုတစ်ခုကို ထမ်း၍ လျှောက်လာသော အသံမျိုး ဖြစ်သဖြင့် စိတ်ဝင်စားလာသောကြောင့် အိပ်ယာပေါ်မှထကာ အခန်းအပြင်သို့ထွက်ခဲ့လေသည်။

ဂူပေါက်ဝနားမှာ ရပ်၍ အခြေအနေကို ကြည့်နေစဉ် သူ့အပေါ်ဘက်ဆီမှ စကားပြောသံအချို့နှင့် ခြေသံများ ကြားရသောကြောင့် ဂူနံ့ယံအကွယ်သို့ ကပ်ကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

ခဏကြာသောအခါ အပေါ်ဘက် ဂူပေါက်များရှိရာမှာ တိဗက်ဘုန်းကြီးနှစ်ပါးတို့သည် ရှည်မျောမျောသဏ္ဌာန်တစ်ခုကို ထမ်းပြီး အောက်သို့ဆင်းလာသည်ကို လှမ်းမြင်ရသည်။





ဘုန်းကြီးနှစ်ပါးသည် လူသေအလောင်းကဲ့သို့ အရာတစ်ခုကို ရှေ့တစ်ယောက် နောက်တစ်ယောက်ထမ်းကာ သူရှိနေသော ဂူပေါက်ဝရှေ့မှ ဖြတ်ကာ အောက်ဘက်ရှိ ကွက်လပ်ရှိရာသို့ ဆင်းသွားကြသည်။

ရင်ပြင်ပေါ်သို့ ရောက်သောအခါ ဘုရားဝပ်ပြုခန်းအတွင်းသို့ ဝင်သွားကြလေသည်။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ တစ်ခုခု ထူးခြားနေသည်ဟု ထင်ကာ စိတ်ဝင်စားသွားသဖြင့် ခြေသံမကြားအောင် အောက်သို့ ဆင်းလိုက်သွားကာ ထိုအခန်းထဲသို့ ဝင်လိုက်ခဲ့သည်။

ဘုရားဝပ်ပြုခန်းထဲမှာ ဘုန်းကြီးအပါးနှစ်ဆယ်ခန့် အပေါက်ဝဘက်သို့ ကျောပေးကာ ရပ်နေကြသည်ကို လှမ်းမြင်ရသည်။

ထိုဘုန်းကြီးများရှေ့တွင် လူသေအလောင်းတစ်လောင်းကို ချထားလေသည်။ စောစောက ထမ်းယူသွားသော လူသေအလောင်းပင်ဖြစ်ဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသဖြင့် အမှောင်ရိပ်မှ ကွယ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။

နောက်ထပ် ဆယ်မိနစ်လောက်ကြာသည်အထိ အချိန်က ငြိမ်သက်နေဆဲပင်။

အတန်ကြာသောအခါမှ ခန်းမကြီး၏ လက်ယာဘက်ရှိအခန်းပေါက်ထဲမှ မီးခွက်ကိုင်ထားသော ဘုန်းကြီးနှစ်ပါး ထွက်လာလေသည်။

ထိုဘုန်းကြီးနှစ်ပါးနောက်မှ အားလုံးက ဆရာတော်ဟုခေါ်သော ဘုန်းကြီးအိုကြီး လိုက်လာသည်။

ဘုန်းကြီးအိုကြီးက လူသေအလောင်းရှေ့တွင်ရပ်ကာ အမွှေးတိုင်များကို မီးထွန်းပြီး တိဗက်ဘာသာစကားဖြင့် ရွတ်ဆိုလေတော့သည်။

၎င်းရွတ်ဆိုမှုများမှာ အောက်ပါအတိုင်း ဖြစ်၏။

*(မြန်မာတို့၏ ဓလေ့ထုံးစံမှာ သေခါနီး လူတစ်ယောက်အနီးတွင် ပရိတ်ရွတ်ခြင်း၊ ကောင်းမှုကုသိုလ်အကြောင်းများကို ပြောပြ၍ ဘဝကူးကောင်းစေရန် အယူဖြောင့်စေရန် အနားမှ ဆွေမျိုးသားချင်းများက ပြုလုပ် ပေးကြသလို သေဆုံးသွားပြီးနောက်မှာလည်း ဘဝကူးကောင်းစေရန် သရဏဂုံတင်ခြင်း၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ပေးသကဲ့သို့...၊ တိဗက်လူမျိုးတို့မှာလည်း သေခါနီး လူတစ်ယောက် ဒါမှမဟုတ် သေဆုံးသွားသော လူတစ်ယောက်အနီးတွင် ရွတ်ဖတ်သရဇ္ဈာယ်မှုများ ပြုလုပ်ပေးလေ့ရှိပါ*





*သည်။ ဒါကို သေဆုံးသူ၏ ဝိညာဉ်အား အနာဂတ် လမ်းညွှန်ပေးသည်ဟု ခေါ်ပါသည်။*

*စာရေးသူ)*

ဆရာတော်ကြီးနှင့် ဘုန်းကြီးများ ရွတ်ဆိုပုံမှာ ဤသို့ဖြစ်ပါသည်။

'နယ်ကြားတွင် လမ်းပြမရှိ၍ တလည်လည်နေရသော် ယခု ကျွန်ုပ်တို့ ဝိညာဉ်ပြောသံကို နားထောင်ကြလော့သေသူသည် ရှင်သူနှင့်အတူ ရ၏။

ကွယ်လွန်သွားသူ၏ မျက်နှာကို မည်သို့မှ မမြင်နိုင်၊ အသံကိုလည်း မကြားနိုင်။

ထို့ကြောင့် မျက်စိလည်နေသော ဝိညာဉ်အားလမ်းပြပေးပါမည်။ ဤနေရာသို့ လာခဲ့ကြလော့၊ သင်တို့ လာနိုင်အောင် ကျွန်ုပ်တို့က•ပထမအမွှေးတိုင်တစ်တိုင်ကို မီးရှို့ပေးသည်။

ဟု ပြောဆို ရေရွတ်ကာ အမွှေးတိုင်တစ်တိုင်ကို မီးရှို့လိုက်ရာ အမွှေးတိုင်မှ ထွက်လာသော အခိုးအငွေ့များသည် ဘွန့်လိမ်ယှက်ထွေးလျက် အခန်းထဲမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်ကာ ပြန့်လွင့်နေလေသည်။

'ယခု သေဆုံးသွားသူ၏ ဝိညာဉ်သည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ရှိနေသေးပါက ဤအခန်းထဲသို့ ဝင်ရောက်လာနိုင်ရန် ကျွန်ုပ်တို့က ဒုတိယအမွှေးတိုင်ကို မီးရှို့ပေးမည်'

ဟု ရွတ်ဆိုကာ ဒုတိယအမွှေးတိုင်ကို မီးရှို့လိုက်ပြန်သည်။ ခဏကြာအောင် ငြိမ်သက်နေပြီး အတန်ကြာလျှင် မီးခိုးငွေ့များ လှုပ်ခတ်လာပြီး ဘုန်းတော်ကြီးများ ကိုင်ထားသော မီးတိုင်မှ မီးညွန့်များ လေပြင်းတစ်ချက် တိုက်ခတ်လိုက်သလို လှုပ်ယမ်းသွားသည်ကို လှမ်းမြင်လိုက်ရသည်။

ဝိညာဉ်ပဲ ရောက်လာလေသလား။ ဒါမှမဟုတ် လေပြင်းတစ်ချက် တိုးဝင်လာလေရော့သလား မပြောတတ်ပေ။ ဆရာတော်ကြီးက ဆက်လက် ရွတ်ဆိုပြန်လေသည်။

'တောတောင် သမုဒ္ဒရာတို့ကို စိုးမိုးအုပ်ချုပ်ခဲ့ဖူးသော ဝိညာဉ်များလည်း ကျွန်ုပ်တို့ ဝိညာဉ်၏ အသံကို နားထောင်ကြလော့၊ သင်တို့ စိုးမိုးခဲ့သည်မှာ တဒင်္ဂသာ ဖြစ်၏။ သက်ဦးဆံပိုင်တို့၏ ဝိညာဉ်တို့အား လမ်းပြပေးမည်၊ ဤနေရာသို့ လာကြလော့၊ သင်တို့ လာနိုင်အောင် ကျွန်ုပ်တို့က လေးခုမြောက် အမွှေးတိုင်ကို မီးရှို့ပေးမည်'





ဘုန်းတော်ကြီးအိုကြီး တစ်ပါးက အမွှေးတိုင်တစ်တိုင်ကို မီးရှို့ပေးလိုက်သည်။

'တိုင်းပြည်ကို ထိပါးရန်ပြုလာသော ရန်သူတို့ကို ခုခံတိုက်ခိုက်ရင်း သေဆုံးခဲ့ကြသော စစ်သည်ဗိုလ်ပါအပေါင်းတို့၊ ကျွန်ုပ်တို့ ဝိညာဉ်အသံကို နားထောင်ကြလော့၊ သင်တို့၏ ဂုဏ်ယူထိုက်သော စွန့်လွှတ်စွန့်စားမှုများက ကျန်ရစ်ခဲ့သော်လည်း သင်တို့ကား မရှိကြတော့ပေ၊ သင်တို့၏ ဝိညာဉ်များအား လမ်းပြမေးမည်၊ ဤနေရာသို့ လာကြလော့၊ သင်တို့ လာနိုင်ရန်အတွက် ကျွန်ုပ်တို့က ငါးခုမြောက်အမွှေးတိုင်ကို မီးရှို့ပေးမည်'

ဘုန်းကြီးတစ်ပါးက အမွှေးတိုင်တစ်တိုင်ကို မီးရှို့လိုက်ပြန်သည်။

'စာပေ၊ ပန်းချီ၊ အနုလက်ရာနှင့် အနုပညာများစွာတို့ကို ဖန်ဆင်းခဲ့ကြသော အနုပညာရှင်အပေါင်းတို့၏ ဝိညာဉ်တို့၊ ကျွန်ုပ်တို့ ဝိညာဉ်မှ ပြောသော စကားသံများကို နားထောင်ကြပါလော့၊ သင်တို့ဖန်တီး၊ တီထွင် ပြုလုပ်ခဲ့ကြသော အနုပညာများဟာ ကမ္ဘာပေါ်ရှိ နေရာအနှံ့အပြား၌ ကျန်ရှိခဲ့ကြပေ၏။ သင်တို့ကား မရှိကြတော့ပေ။ လူတို့က

လည်း သင်တို့ကို မေ့လျော့ခြင်း ဖြစ်နေကြပေပြီ၊ အနုပညာရှင်တို့၏ ဝိညာဉ်အပေါင်းတို့ ... သင်တို့၏ ဝိညာဉ်များကို ကျွန်ုပ်တို့က လမ်းပြပေးမည်။ ဤနေရာသို့ လာကြကုန်လော့၊ သင်တို့လာနိုင်ရန် ခြောက်တိုင်မြောက် အမွေးတိုင်ကို မီးရှို့ပေးမည်'

ဆရာတော်ကြီးသည် မီးရှို့ထားသော အမွေးတိုင်တစ်တိုင်ကို ကိုင်၍ အရပ်ရှစ်မျက်နှာသို့ ဦးညွှတ်ကာ အမွေးတိုင်ခွက်ထဲမှာ စိုက်လိုက်သည်။

'ဤလောကကို အလှအပတို့ဖြင့်လည်းကောင်း၊ မိခင်တို့၏ ဂုဏ်ဖြင့်လည်းကောင်း၊ အလှဆင်ခဲ့ကြသော မိန်းမပျို အပေါင်းတို့၊ တစ်ချိန်က သင်တို့၏ အလှအပ ဂုဏ်သတင်းကား ပန်းရနံ့တို့ကဲ့သို့ မွှေးကြိုင်သင်းပျံ့ခဲ့ကြပေ၏။ သင်တို့ကြောင့် လူသားတို့၏ မျိုးနွယ်ဆက်တို့ကား ပေါက်ဖွား ပြန့်နှံ့ခဲ့ကြပေသည်။ ယခုကား သင်တို့ကား မရှိတော့ပေပြီ။ ကျန်ရစ်သူ မျိုးဆက်သစ်တို့ကား သင်တို့၏ အလှအပများကိုသော်လည်းကောင်း၊ ကျေးဇူးတရားများကိုသော်လည်းကောင်း သတိမရ ကြာတော့ပြီ၊ သင်တို့အား လမ်းပြပေးနိုင်ရန် အတွက် ဤနေရာသို့ လာကြကုန်လော့၊ သင်တို့





လာရောက်နိုင်ရန် ခုနစ်တိုင်မြောက် အမွေးတိုင်ကို မီးရှို့ပေးမည်'

နောက်ထပ်အမွေးတိုင်တစ်တိုင်ကို ထွန်းပြီး အရပ်ရှစ်မျက်နှာကို လှည့်လည်ဦးညွှတ်ကာ အမွေးတိုင်ခွက်ထဲသို့ စိုက်ထူလိုက်ပြန်လေသည်။

'သူခိုး၊ ဓားပြ၊ သူတောင်းစားများနှင့် ပြစ်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့ကြသူတို့၊ သင်တို့ မရှိကြသော်လည်း သင်တို့ ပြုခဲ့ကြသော ပြစ်မှုကြွေးများက ကျန်ရစ်ခဲ့ကြပေသည်။ သင်တို့မှာ အားကိုးစရာမရှိကြတော့ပြီ၊ သင်တို့အား ကျွန်ုပ်တို့က လမ်းပြပေးမည်။ ဤနေရာသို့ လာကြလော့၊ သင်တို့ လာနိုင်ရန်အတွက် ရှစ်တိုင်မြောက် အမွေးတိုင်ကို မီးရှို့ပေးမည်'

ဟု ရွတ်ဆိုပြီးနောက်ထပ် အမွေးတိုင်တစ်တိုင်ကို မီးရှို့ပြီး စိုက်ထူလိုက်ပြန်သည်။

'ကိုယ်ခန္ဓာအား ရင်းနှီးကြရသော ပြည့်တန်ဆာ ဝိညာဉ်အပေါင်းတို့၊ ကျွန်ုပ်တို့ ဝိညာဉ်များမှ စကားပြောသံကို နားထောင်ကြလော့၊ သင်တို့သည် မကောင်းမှုကို ပြုလုပ်ခဲ့ကြသောကြောင့် ယခုအခါ ခိုကိုးရာမဲ့ဘဝသို့ ရောက်နေကြပေပြီ၊

လောကကို တွယ်တာနေသော နှောင်ကြိုးအားဖြတ်ပေးမည်။ ဤနေရာသို့ လာကြလော့၊ သင်တို့ လာနိုင်အောင် ကိုးခု မြောက် အမွှေးတိုင်အား မီးရှို့ပေးမည်'

ဆရာတော်ကြီးက ရွတ်ဆိုလိုက် အမွှေးတိုင်များကို ထွန်းညှိလိုက်နှင့် ပြုလုပ်နေရာ ခန်းမကြီးတစ်ခုလုံး မီးခိုးငွေ့များဖြင့် မှောင်နေပါသည်။

မီးခိုးငွေ့များမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားနေလေသည်။

ဘုန်းကြီးများ ကိုင်ထားသော ထောပတ်မီးတိုင်များမှ မီးအလင်းရောင်ဖြင့် နံရံပေါ်တွင် ထင်နေသော အရိပ်များမှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

ပွဲခင်းတစ်ခုထဲသို့ တိုးဝှေ့ဝင်ရောက်နေသော လူတို့၏ လှုပ်ရှားမှုကဲ့သို့ ထင်ဟပ်နေလေသည်။

ထိုသို့ ရွတ်ဆိုပြီး နောက်တွင် ဆရာတော်ကြီးနှင့် တိဗက်ဘုန်းကြီးများမှာ ငြိမ်သက်စွာဖြင့် ရှိနေကြရာ ခန်းမကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ဒေါက်တာမင်းထင်ကျော် ရပ်နေသောနေရာမှာ အခန်းပေါက်ဝ၏ အမှောင်ရိပ်တွင် ဖြစ်သဖြင့် အကောင်အထည်ကို မမြင်ရ





သော်လည်း ၎င်းအနီးမှ တစ်စုံတစ်ခု ဖြတ်သွားသဖြင့် လေဟပ်သွားသော ခံစားမှုမျိုးကို မကြာခဏ သတိပြုမိလေသည်။

အတန်ကြာသောအခါ ဘုန်းကြီးများထံမှ တိဗက်ဘာသာဖြင့် ရွတ်ဆိုသံများ ပေါ်လာသည်။ တဆက်တည်းမှာပင် တစ်နေရာမှ တီးခတ်လိုက် သော စည်တိုးသံသဲ့သဲ့ကိုပါ ကြားရသည်။

၎င်းတို့ ရွတ်ဆိုသံနှင့် စည်ကို တီးခတ်သံမှာ လိုက်လျောညီထွေရှိလှပြီး သာယာနာပျော်ဖွယ်ရာ ကောင်းလှပါသည်။ အတော်ကြာအောင် ရွတ်ဆိုတီးခတ်ပြီးသော အခါမှ အသံများမှာ တဖြည်းဖြည်း တိုး၍ သွားရာ အခန်း တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထို့နောက် ဆရာတော်ကြီးနှင့် မီးတိုင်ကိုင်ထားသော ဘုန်းကြီးနှစ်ပါးတို့မှာ ၎င်းတို့ လာရာလမ်းအတိုင်း ပြန်ဝင်သွားလေတော့သည်။

✤ ✤ ✤

# အခန်း (၁၂)

# မြေအောက်ခန်းထဲမှ လျှို့ဝှက်ချက်

ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားလွန်းသောကြောင့် နေရာမှ မပြန်သေးဘဲ အခန်းထဲမှ အခြေအနေကို လှမ်းကြည့်နေလေသည်။

ဆရာတော်ဘုန်းကြီးသည် ၎င်းထွက်လာသော အခန်းထဲသို့ ပြန်ဝင်သွားပြီးနောက် ကျန်ခဲ့သော ဘုန်းကြီးများသည် လူသေအလောင်းကို ထမ်းပြီး ထိုအခန်းထဲသို့ ဝင်လိုက်သွားကြလေသည်။

မထူးတော့ပြီမို့ ... ဒေါက်တာမင်းထင်ကျော်လည်း သူတို့ဝင်သွားသော အခန်းထဲသို့ နောက်မှ တိတ်တဆိတ် ဝင်ရောက်လိုက်သွားလေတော့သည်။

သို့သော် ... သူအခန်းထဲ ရောက်သွားသောအခါ ဆရာတော်ဘုန်းကြီးနှင့် အခြားဘုန်းကြီးများကို တစ်ပါးမှ မတွေ့ရတော့ပေ။

'ဟင် ...'

တအံ့တသြဖြင့် အခန်းထဲသို့ လိုက်ကြည့်ပြန်တော့လည်း သူဝင်လာသော အပေါက်တစ်ပေါက်မှ လွဲ၍ အခြားအပေါက် မတွေ့ရပေ။ ဒေါက်တာမင်းထင်ကျော်မှာ အမှောင်ရိပ်၌ ရပ်ပြီး အံ့သြနေလေသည်။

လူသေအလောင်းကို သယ်ယူသွားကြသော တိဗက်ဘုန်းကြီးတစ်ပါး နှစ်ဆယ်ကျော်မှာ ပျောက်ခြင်းမလှ ပျောက်သွားကြလေပြီ၊ ဘယ်ရောက်သွားကြပြီလဲ၊ အခန်းထဲမှာလည်း မှောင်နေသောကြောင့် အရာ အားလုံးကို သေသေချာချာ မမြင်ရပေ။

သို့ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် မိမိအခန်းသို့ ပြန်တော့မည် စိတ်ကူး၍ နောက်သို့ လှည့်လိုက်စဉ် မိမိနောက်





ဘက်မှ ကျောက်တုံးရွေ့သံကြားလိုက်ရသောကြောင့် အမှောင်ရိပ်အကွယ်နေရာသို့ ပြေးဝင်ကပ်နေလိုက်သည်။

အသံကြားရာသို့ မျက်တောင်မခတ်ကြည့်နေစဉ် အခန်းထောင့်ဘက်ရှိ ကျောက်တုံးကြီးတစ်တုံးမှာ တအိအိ လှုပ်လှုပ်ဖြင့် နေရာရွေ့နေသည်ကို လှမ်းမြင်ရသည်။ ခဏကြာတော့ အပေါက်တစ်ခုပေါ်လာပြီး ထိုအပေါက်မှ အခန်းထဲမှ အလင်းရောင်များ ထွက်လာသည်။ ထိုအလင်းရောင်နှင့်အတူ အခန်းထဲမှ ဘုန်းကြီး တစ်ပါး ထွက်လာလေသည်။

မီးတိုင်ကို ကိုင်ပြီး မြေအောက်အခန်းထဲမှ ထွက်လာသူမှာ သူ့မိတ်ဆွေ လက်ဂ်ာဆိုသော တိဗက်ဘုန်းကြီးပင်ဖြစ်၏။ လက်ဂ်ာမှာ အမှောင်ရိပ်တွင် သူရှိနေသည်ကို သိဟန် မတူဘဲ အခန်းမကျယ်ကြီးထဲသို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်သည် အမှောင်ရိပ်တွင် ရပ်နေရင်း လက်ဂ်ာထွက်လာသည့် မြေအောက်လိုဏ်ခေါင်းထဲသို့ ဝင်ကြည့်ရကောင်းမလားဟု စဉ်းစားနေသည်။ လက်ဂ်ာ ဖွင့်ထားခဲ့သော အပေါက်မှာ သည်အတိုင်းပင် ရှိနေဆဲပင်။

တစ်ယောက်တည်း ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ခဏကြာသော လက်ဂ်ာပြန်ရောက်လာသည်။ သူ့လက်ထဲမှာလည်း

အထုပ်တစ်ထုပ်ကိုင်လာကာ မြေအောက်ခန်းထဲသို့ ပြန်ဆင်းသွားလေသည်။ ဒေါက်တာမင်းထင်ကျော်သည် စိတ်ကို တင်းပြီး လက်ဝင်သွားသော မြေအောက်ဆင်းသည့် လိုဏ်ခေါင်း ရောက်လာသည်။

ထိုနေရာသို့ ရောက်သောအခါမှ ဆင်းလိုက်သွား ကောင်းနိုးနိုး၊ မလိုက်ရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ် လေသည်။

ယခုနေ ဆင်းလိုက်သွားလျှင် မြေအောက်ခန်းထဲ ရှိနေသော တိဗက်ဘုန်းတော်ကြီးများနှင့် ပက်ပင်းတိုးနိုး သည်ကို တွေးမိသဖြင့် ချက်ချင်းဆင်းမသွားဘဲ နောက်ကြောင်း ပြန်လှည့်ကာ မိမိအခန်းရှိရာသို့ ပြန်တက်လာခဲ့သည်။

မိမိအခန်းသို့ ပြန်ရောက်သော်လည်း ဒေါက်တာ မင်းထင်ကျော်မှာ စိတ်မဖြောင့်နိုင်အောင် ဖြစ်နေသည်။ သူ့ စိတ်ထဲမှာ လူသေအလောင်းကို သယ်ယူသွားသော မြေ အောက်အခန်းကို စိတ်ဝင်စားနေမိသည်။

မြေအောက်ခန်းထဲမှာ မည်သို့သော လျှို့ဝှက်ချက် များ ရှိနေသလဲ။ လူသေအလောင်းတွေကို ဘယ်လို စီ ထားသလဲ။ ဒါမှမဟုတ် အခြား ဘာတွေ ရှိနေသေးလဲ။





လိုဏ်ခေါင်းထဲမှ ဆက်သွားလျှင် ဘယ်နေရာကို ရောက်နိုင်သလဲ။ တိဗက်ဘုန်းကြီးများအသုံးပြုသော လျှို့ဝှက်လမ်းပေါက်သည် ထိုနေရာမှာ ရှိနေရော့သလား ... ဟူသော အတွေးများက ဆက်ကာဆက်ကာ ဝင်လာလေသည်။

သို့ကြောင့် တိဗက်ဘုန်းတော်ကြီးများ အိပ်ချိန်၌ ထိုနေရာသို့ တိတ်တဆိတ် ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် သူ့ကို ပေးထားသော ထောပတ်ဆီနှင့် ထွန်းရသည့် မီးတိုင်ကို အဆင်သင့် ဆောင်ထားလိုက်သည်။ တစ်မှေးမှ မအိပ်ဖြစ်ဘဲ ထိုင်စောင့်နေရာ ဘစ်စတစ်စ ညဉ့်နက်လာချေပြီ။

သူ့လက်မှ နာရီကို ကြည့်လိုက်သော နာရီလက်တံများက သန်းခေါင်ကျော်အချိန်သို့ ညွှန်ပြလျက်ရှိသည်။ ဒီအချိန်လောက်ဆိုလျှင် တိဗက်ဘုန်းကြီးများ ၎င်းတို့ ဂူရှိရာသို့ ပြန်ရောက်နေကြလောက်ပြီ။

ကျောက်တောင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ဒေါက်တာမင်းထင်ကျော်သည် ၎င်း အခန်းမှ ထွက်လာပြီးအပြင်ဘက်မှ အခြေအနေကို ကြည့်သည်။

အပြင်ဘက်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ပတ်ဝန်းကျင် အခြေအနေစိတ်ချရတော့မှ ကျောက်လှေခါးထစ်များကို နင်းပြီး ရင်ပြင်ပေါ်သို့ ဆင်းလာခဲ့သည်။

ထိုမှတဖန် ရင်ပြင်ကို ဖြတ်ပြီး ဘုရားခန်းထဲသို့ ဝင်လာသည်။

ဘုရားခန်းဝမှာ အခြေအနေကြည့်စဉ်ကပင် အခြေအနေ ကောင်းမွန်လျက်ရှိပြီး အခန်းထဲမှာလည်း တိဗက်ဘုန်းကြီးတစ်ပါးမှ မတွေ့ရပေ။

သူ့အတွက်ကတော့ အခြေအနေက ကောင်းမွန်လျက်ရှိသည်။

ဘုရားခန်းထဲမှာ အခြေအနေစိတ်ချရတော့မှ အခန်းအလယ်မှ ဖြတ်ကာ မြေအောက်လိုဏ်ခေါင်းသို့ ဆင်းနိုင်သော အပေါက်ရှိရာ အခန်းထဲသို့ ဝင်ခဲ့လေသည်။

အဝသို့ ရောက်သောအခါ လိုဏ်ခေါင်းအပေါက်ဝကို ပိတ်ထားသော ကျောက်တုံးကြီးကို တွန်းဖယ်လိုက်သောအခါ မြေအောက်သို့ ဆင်းသော ကျောက်လှေခါးတစ်ခုကို တွေ့ရလေသည်။





ဒေါက်တာမင်းထင်ကျော်သည် အမှောင်ထဲမှာပင် ကျောက်လှေခါးထစ်များကို တဖြည်းဖြည်းစမ်းပြီး ဆင်းခဲ့သည်။ မီးတိုင်ပါလာသော်လည်း အသုံးမပြုဝံ့ပေ။

အမှောင်ထဲမှာ ဖြစ်သောကြောင့် မီးရောင်က အဝေးမှပင် အလွယ်တကူ မြင်နိုင်ရာ အကယ်၍ ပတ်ဝန်းကျင်မှာ တိဗက်ဘုန်းကြီးတစ်ပါးပါးရှိနေပါက သိရှိသွားနိုင်ပေသည်။

မြေအောက်ခန်းအောက်ခြေသို့ ရောက်ရန် ကျောက်လှေခါးနှစ်ဆယ်ကျော်မျှ ဆင်းရလေသည်။ အောက်ခြေသို့ ရောက်သွားသောအခါ အမှောင်ထဲမှာပင်ရပ်ပြီး ပတ်ဝန်းကျင်မှာ လူ ရှိမရှိကို နားစွင့်ကြည့်လိုက်သည်။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း အခြေအနေမထူးတော့မှ လက်ထဲမှ မီးတိုင်ကို မီးညှိလိုက်သည်။

ထောပတ်ဆီမီးတိုင်က လူအောက်ပတ်ဝန်းကျင်သို့ ပြန့်နှံ့သွားလေသည်။ မီးရောင်ဖြင့် အသေအချာ ကြည့်လိုက်သောအခါ သူရောက်နေသော မြေအောက်ခန်းထဲမှာ ဘာမှမရှိပေ။။ အခန်းတစ်ခုလုံး ရှင်းလင်းနေသည်။

သို့သော်လည်း အခန်းထောင့်တစ်နေရာမှာတော့ ထူးထူးခြားခြား ချထားသည့် လေးထောင့်ပုံသဏ္ဍာန်

ကျောက်တုံးတစ်တုံးကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

တစ်ပေခွဲနှစ်ပေနီးပါးမြင့်သော ထိုကျောက်တုံးကို တွန်းဖယ်လိုက်သောအခါ လိုဏ်ခေါင်းဝတစ်ခု ပေါ်လာသည်။ အပေါက်ဝ ပွင့်သွားသည်နှင့် နှာခေါင်းထဲသို့ ဆေးရည်နံ့ကဲ့သို့ ထူးခြားသော အနံ့တစ်မျိုးက ဝင်လာသည်။

ထိုအဝင်ပေါက်မှ တဆင့် ကျောက်လှေခါးထစ်များကို နင်းကာ အောက်သို့ ဆင်းရပြန်လေသည်။ ကျောက်လှေခါးထစ်များ ဆုံးသောအခါ အခန်းမကျယ်ကြီးတစ်ခု အတွင်းသို့ ရောက်သွားလေသည်။

ထိုအခန်းမမှာ ရေတံခွန်တစ်ခုနှင့် နီးဟန်ရှိသည်။ အပြင်ဘက်မှ တဝေါဝေါနှင့် ရေစီးသံများကို ကြားနေရသည်။

သူသည် အပြင်ဘက်မှ ရေစီးသံကို အာရုံစိုက်နေသောကြောင့် အခန်းထဲမှ အခြေအနေကို မသိသေးပေ။

'ဒီထဲကနေ ရေစီးသံကြားနေရပုံလောက်တော့ အပြင်ဘက်နဲ့ အတော်နီးနေပုံရတယ်'

ဟု မှတ်ချက်ချကာ တစ်ဖက်သို့ လှည့်လိုက်သော အခါ မီးရောင်ဖြင့် မြင်ရသော မြင်ကွင်းကြောင့် အထိတ်





တလန့်ဖြစ်ကာ လက်ထဲမှ ကိုင်ထားသော မီးတိုင်ပင် လွတ်ကျသွားမှုမတတ် ဖြစ်သွားသည်။ အခန်းထဲမှာ နှစ်ပေခန့်မြင့်သော ကျောက်ခုံကလေးများရှိပြီး ထိုကျောက်ခုံကလေးများ ပေါ်မှာ တိဗက်ဘုန်းကြီးများ အိပ်နေကြလေသည်။

'ဟင်'

သူဝင်လာတာကို တိဗက်ဘုန်းကြီးများ သိသွားလောက်ပြီဟု ပွေးကာ ချက်ချင်းအပေါ်သို့ ပြန်တက်ပြေးရန် ဆုံးဖြတ်လိုက်သေးသည်။

သို့စေကာမူ ... အခြေအနေက သူထင်သလို ဖြစ်မလာဘဲ၊ အခန်းထဲမှာ လူမရှိသကဲ့သို့ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသောကြောင့် နည်းနည်းတော့ စိတ်သက်သာရာ ရသွားမိသည်။

သို့ကြောင့် မီးတိုင်ကို မြှောက်ပြီး နောက်တစ်ကြိမ် ကြည့်လိုက်သောအခါ ကျောက်ခုံများပေါ်မှ ပက်လက်အနေ အထားရှိနေကြသော တိဗက်ဘုန်းကြီးများမှာ အသက်ရှိသူများ မဟုတ်ဘဲ လူသေအလောင်းများသာ ဖြစ်မှန်း သိရလေတော့သည်။

'ဟင် ...'

တကယ်ဆိုမူ လူသေများထားသော အခန်းထဲကို ကြည့်ချင်စိတ်ကြောင့် ခက်ခက်ခဲခဲ ဆင်းလာခဲ့ပြီးမှ ယခုလို တိတ်ဆိတ်ငြိမ်သက်သောအချိန်မှာ လူသေအလောင်းများနှင့် အတူ ရှိနေမှန်း သိရသောလူက မကြောက်ဟု ထင်ထားသော်လည်း မမြင်ရသော စိတ်အတွင်းမှာတော့ စိမ့်ကြောက်လျက် ရှိနေသည်။

'ဟင် .. လူသေတွေကတော့ သူတို့ ငါ့ကို ဘာမှ လုပ်နိုင်ကြမှာ မဟုတ်ပါဘူး'

ဟု မိမိစိတ်ကို ပြန်တင်းလိုက်သည်။ မထူးတော့ပြီမို့ အလောင်းများထားသော နေရာများကို လျှောက်ကြည့်လေသည်။ အလောင်းတစ်လောင်းနှင့် တစ်လောင်းမှာ လေးပေလောက်ခြားသဖြင့် ကြားထဲမှ လူတစ်ယောက် လျှောက်ဝင်သွားလို့ ရသည်။

အလောင်းများကို သင်္ကန်းများဖြင့် ပတ်ထားသော်လည်း နှစ်ပရိစ္ဆေတ ကြာမြင့်ဟန်ရှိသော ကြောင့် ပတ်ထားသောအဝတ်များပင် ဆွေးမြေ့ပျက်စီးလျက် ရှိနေသည်။

သို့ကြောင့် ခြေနှင့်လက်တို့က အပြင်သို့ ထွက်နေရာ ကြားထဲမှ ဖြတ်လျှောက်သွားစဉ်-မလွတ်မလပ်ဖြစ်ပြီး အချို့





က လက်နှင့် ဖမ်းဆွဲလိုက်သလို၊ အချို့က ခြေနှင့် လှမ်းကန်လိုက်သလို အထိတ်တလန့် ဖြစ်ဖွယ်များလည်း ကြုံရသည်။

တစ်ကြိမ်တွင် သူ့နောက်မှ တစ်စုံတစ်ယောက်က ဖမ်းဆွဲလိုက်သလို ရှိသဖြင့် ရှေ့သို့ ရုန်းထွက်လိုက်ရာ နောက်မှ အလောင်းကောင်က ဆတ်ကနဲ ထထိုင်လိုက်သလို မြင်လိုက်ရသဖြင့် အသက်ရှူရပ်မတတ် ထိတ်လန့်တုန်လှုပ်သွားလေသည်။

နောက်မှ စိတ်ကို တင်းပြီး လှည့်ကြည့်လိုက်တော့ အလောင်းတစ်လောင်းမှ ထွက်နေသော လက်မှ လက်ချောင်းများက ကုပ်နေရာ သူဘောင်းဘီစနှင့် ချိတ်မိပြီး ပါလာမှန်း သိရတော့မှ ပြန်ဖြုတ်ချလိုက်ရသည်။

ထိုအခါ နောက်ဘက်မှ ဝေါက်ကနဲ ထထိုင်လာသော အလောင်းမှာလည်း ဘုတ်ကနဲပြန်လဲကျသွားလေသည်။

လူသေအလောင်းများမှာ သည်အခန်းထဲမှာ ကြာမြင့်စွာ ရှိနေကြောင်းကို ဆွေးမြေ့နေသော အဝတ်အစားများကို ကြည့်ရုံနှင့် သိနိုင်ပေ၏။

သို့ဖြစ်ပါလျက်နှင့် ဘာကြောင့် မပုတ်မသိုးရှိနေသနည်း၊ တောင့်တင်းမနေဘဲ အသက်ရှိသည့် လူတစ်ယောက်

ကွဲသို့ ပျော့ပျော့ပြောင်းပြောင်းရှိနေသေးတာ ဘာကြောင့်လဲ ဟူသော အတွေးများက ဝင်လာသည်။

ရှေးက အီဂျစ်ဘုရင်များ သေဆုံးသောအခါ နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ မပုတ်မသိုးအောင် စီမံထားခဲ့ကြသည်။

သို့ဆိုလျှင် တိဗက်ဘုန်းကြီးများလည်း အီဂျစ်တို့နည်းအတိုင်း လူသေအလောင်းကို နှစ်ပေါင်းများစွာ ကြာသည်အထိ မပုတ်မသိုးအောင် စီရင်ထားကြလေသလားဟု တွေးမိသည်။

ထိုသို့ တွေးတောနေစဉ် တိတ်ဆိတ်နေသော အခန်းထဲသို့ မြွေတစ်ကောင်နှာမှုတ်သံမျိုးကဲ့သို့ တရှူးရှူး တရှဲရှဲ အသံအချို့ကို ကြားလာရသည်။

သူသည် မီးရောင်ကို ဖျောက်ပြီး အခန်းထောင့်တစ်နေရာမှာ ငြိမ်သက်စွာ ရပ်နေသော်လည်း တရှူးရှူးမြည်သံကတော့ ကြားမြဲ ကြားနေရသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ထိုအသံသည် သတ္တဝါတစ်ကောင်ဆီမှ အသံမဟုတ်မှန်းသိသဖြင့် အမှောင်ထဲမှာပင် စမ်း၍ ထိုအသံကြားနေရာဘက်သို့ တိုးသွားလေသည်။





ကြားနေရသောအသံမှာ သူရောက်နေသော အခန်းထဲမှ မဟုတ်ပေ။

ကျောက်နံရံခြားနေသော တစ်ဖက်အခန်းဆီမှ ဖြစ်ကြောင်းသိရသဖြင့် ထိုနေရာနှင့် နီးနိုင်သမျှ နီးအောင် လျှောက်သွားလေသည်။

အမှောင်ထဲမှာ လျှောက်ရသဖြင့် လူသေအလောင်းများနှင့် ဝင်တိုက်မိသော်လည်း ဂရုမပြုအားတော့ပေ။

သူသည် ကျောက်နံရံကို နားဖြင့်ကပ်ကြည့်ပြီး ကြားနေရသောအသံဖြင့် နီးနိုင်သမျှ နီးအောင် လျှောက်လာသည်။

နံရံအဆုံးနေရံသောအခါ ကျောက်ကြားမှ တစ်ဖက်အခန်းမှ အလင်းရောင်တန်းကလေးတစ်ခု တိုးဝင်နေသည်ကို မြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားသည်။

အလင်းရောင်မှာ ကျောက်ပတ်ကြားတစ်ခုမှ တိုးထွက်လာနေခြင်း ဖြစ်၏။

သို့ကြောင့် ထိုအလင်းရောင်ဝင်လာရာ အပေါက်မှ ချောင်းကြည့်လိုက်သည်။

တစ်ဖက်ခန်းထဲတွင် တိဗက်ဘုန်းကြီးအိုကြီး တစ်ပါးက မြေအိုးကြီးတစ်လုံးရှေ့မှာ ထိုင်ကာ သစ်သားယောက်မကြီးတစ်ချောင်းဖြင့် မွှေပေးနေသည်။

ထိုဘုန်းကြီးနှင့် မနီးမဝေးတွင် အခြားဘုန်းကြီးတစ်ပါး ဘောလုံးသဏ္ဍာန် အလုံးကြီး တစ်လုံးကို ဝါးခြမ်းနှစ်ခုဖြင့် ညှပ်ကာ ဟလိုက်စေ့လိုက် လုပ်ပေးနေသည်။

ဝါးခြမ်းနှစ်ခု ဖိညှပ်လိုက်သည်နှင့် မြေအိုးအောက်မှ မီးတောက်က ပိုပြင်းလာသည်၊ တရှူးရှူးမြည်နေသော အသံမှာ ထိုဘောလုံးမှ မြည်နေခြင်းဖြစ်သည်။

တကယ်တော့ ထိုကိရိယာမှာ ဖိုထိုးရာ၌ အသုံးပြုသည့် ဖားဖိုကဲ့သို့ ကိရိယာမျိုးပင်ဖြစ်၏။

ခဏကြာသောအခါ ယောက်မကိုင်ကာ မွှေပေးနေသော ဘုန်းကြီးကရပ်ရန် အချက်ပြလိုက်ပြီး မြေအိုးထဲမှ အငွေ့တထောင်းထောင်းထနေသော အရည်များကို ခရားသဏ္ဍာန်ရှိသည့် ကြေးနီအိုးထဲသို့ လောင်းထည့်နေသည်။

ကြေးနီအိုးထဲသို့ အရည်များ လောင်းထည့်ပြီးနောက် နံရံတွင် ကပ်ထားသော သစ်သားစင်ပေါ်မှ ပုလင်းတစ်လုံးကို ယူလိုက်ကာ ထိုပုလင်းထဲမှ အစိမ်းရောင်အရည်များကို ကြေးနီအိုးထဲသို့ လောင်းထည့်လိုက်ပြန်သည်။

ချက်ချင်းပင် ကြေးနီအိုးထဲမှ မီးခိုးလုံးများ ထွက်လာလေသည်။





ထိုမီးခိုးလုံးများ ငြိမ်ကျသွားသောအခါ ကြေးနီအိုးကို ကိုင်ပြီး ဘုန်းကြီးနှစ်ပါးက ဒေါက်တာမင်းထင်ကျော် ချောင်းကြည့်နေရာဘက်သို့ လျှောက်လာသည်ကို တွေ့ရသဖြင့် ထိုနေရာမှ ခွာကာ အခန်းအလယ်သို့ ပြန်လျှောက်လာခဲ့ပြီး တိဗက်ဘုန်းကြီး အလောင်းတင်ထားသော ကျောက်ခုံနံဘေးတွင် ဝပ်ချလိုက်ကာ တစ်ဖက်နံရံသို့ လှမ်းကြည့်လိုက်သည်။

စောစောကမှ သူ ချောင်းကြည့်နေသော ကျောက်နံရံကြီးမှာ တကျိကျိ ပွင့်လာသည်ကို မြင်ရပြီး ထိုအပေါက်မှ တိဗက်ဘုန်းကြီးနှစ်ပါး ဝင်လာကြသည်။ တစ်ပါးက မီးတိုင်ကို ကိုင်ထားပြီး ကျန်တစ်ပါးက ကြေးနီအိုးကို ကိုင်လာလေသည်။

၎င်းတို့နှစ်ယောက်သည် အလောင်းများရှိရာဘက်သို့ လျှောက်လာကြသည်။ ဒေါက်တာမင်းထင်ကျော်က သူ ပုန်းနေရာနေရာသို့ ရောက်လာလေမလားဟု ရင်တမမ ဖြစ်နေမိသည်။ တိဗက်ဘုန်းကြီးနှစ်ပါးသည် လူသေအလောင်းတစ်လောင်းအနီးသို့ ရောက်သောအခါ ရပ်လိုက်ကြပြီး မီးတိုင်ကို တစ်နေရာမှ တင်ထားလိုက်ပြီး ဘုန်းကြီးတစ်ပါးက လူသေအလောင်းကို ဆွဲထူလိုက်သည်။

ထိုဆွဲထုလိုက်သောအလောင်းမှာ ညဦးပိုင်းက သယ်ယူလာသော အလောင်းပင်ဖြစ်သည်။

ဘုန်းကြီးအိုကြီးက လူသေအလောင်း၏ ပါးစပ်ထဲသို့ ကြေးနီခရားနှုတ်သီး ထိုးသွင်းကာ ဆေးရည်များကို လောင်းချလိုက်သည်နှင့် လူသေအလောင်း၏ နှာခေါင်းပေါက်နှင့် နားနှစ်ဘက်အပေါက်မှ အခိုးအငွေ့များထွက်လာလေတော့သည်။

၎င်းတို့သည် လူသေအလောင်းကိုယ်ထဲသို့ ဆေးရည်များ ကုန်စင်အောင် လောင်းထည့်ပြီးနောက် အတန်ကြာသည်အထိ အခြေအနေကို စောင့်ကြည့်နေကြသေးသည်။

အလောင်းကောင်၏ နှာခေါင်းနှင့် နားရွက်ပေါက်ထဲမှ အခိုးအငွေ့များ တလူလူ ထွက်နေသည်ကို အဝေးမှ မြင်နေရသည်ကိုပင် ကျောထဲမှ စိမ့်လာသလို ဖြစ်လာသည်။

အတန်ကြာသောအခါ အခိုးအငွေ့များ ရပ်သွားသောအခါမှ လူသေအလောင်းကို နေသားတကျ ပြန်ချပြီး အပေါ်မှ အဝတ်ဖုံးကာ ဘုန်းကြီးနှစ်ပါးက မူလဝင်လာသောအပေါက်မှ အပြင်သို့ ပြန်ထွက်သွားသည်။

ခဏကြာတော့ ဝင်ပေါက်ကျောက်တုံးကြီးပြန်ပိတ်လိုက်သဖြင့် အခန်းထဲမှာ မှောင်သွားပြန်သည်။





ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် အမှောင်ထဲမှာ ရပ်စောင့်နေပြီး အခြေအနေမထူးတော့မှ မိမိ မီးတိုင်ကို ထွန်းပြီး စောစောက အလောင်းနားသို့ သွားကြည့်သောအခါ လူသေအလောင်းမှ ထွက်နေသော အနံ့မှာ မင်သော်(ပရုပ်)နံ့ပင် ဖြစ်သည်။

ထိုအနံ့မျိုးကို မြေအောက်ခန်းထဲသို့ ဝင်လာကတည်းက ရလေသည်။ မင်သော် (ပရုပ်) ၏ သဘောမှာ ပုတ်သိုးခြင်းကို ကာကွယ်နိုင်လေသည်။

သူလက်မှ နာရီကို ကြည့်တော့ ည ၃ နာရီကျော်နေပြီ၊ ၄ နာရီထိုးလျှင် ဘုရားခန်းထဲသို့ ဘုရားဝပ်ပြုရန် တိဗက်ဘုန်းကြီးများ ရောက်လာကြတော့မည်မို့ မိမိအခန်းရှိရာသို့ အလျှင်အမြန် ပြန်ထွက်ခဲ့ရလေတော့သည်။

သူ့အခန်းသို့ ပြန်ရောက်ရုံရှိသေး။

ဘုရားဝပ်ပြုရန် အချက်ပေးခေါင်းလောင်းသံများ ပေါ်ထွက်လာလေတော့ သည်။

✤ ✤ ✤

# အခန်း (၁၃)
# ရွှေဖြစ်နည်းနှင့် လျှို့ဝှက်အကြံအစည်

နောက်တစ်နေ့ နံနက်ပိုင်း မနက်စာစားချိန် ထမင်း
ားခန်းထဲသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က
ာ်ဗက်ဘုန်းတော်ကြီးများကို လိုက်လံရေတွက်ကြည့်သော
အခါ ခါတိုင်းတွေ့နေကျထက် တစ်ပါး လျော့နေသည်ကို
သတိပြုမိသည်။

သို့ကြောင့် နံနက်စာ စားပြီးသောအခါ ဘုန်းကြီးတစ်
ါးလျော့နေကြောင်း လက်ာအား ပြောပြလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ ဘုန်းတော်ကြီးတစ်ပါးက
နေ့ညကပဲ သေဆုံးသွားပါတယ်'

'ဘာရောဂါကြောင့် သေဆုံးသွားတာလဲ၊ မနေ့က ထမင်းစားပွဲမှာ ဒီမှာရှိတဲ့ ဘုန်းကြီးတွေ အားလုံးကျန်းမာမာနဲ့ တွေ့လိုက်ရတာပဲ'

ထိုသို့ ပြောလိုက်သောအခါ လက်ာက ထိုမေးခွန်းကို ဖြေလိုဟန် မရှိပေ။ သို့ကြောင့် အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

'သူသေတာ ရောဂါကြောင့် မဟုတ်ပါဘူး၊ သူ့အတွက် သေဖို့ အချိန်ရောက်လာလို့ သေသွားတာပါ'

ဟု မဖြေချင်ဖြေချင် အဖြေပေးလိုက်လေသည်။

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်အဖို့ တအံ့တသြ ဖြစ်သွားမိသည်။

'သေချိန်ရောက်လို့ သေရတယ်ဆိုတော့ သေချိန်မကျေသေးရင် ဆက်ပြီး အသက်ရှင်နေလို့ရတဲ့ သဘောလားဟင်'

'ဟုတ်ပါတယ်၊ စိတ်စွမ်းအင်ကို ချုပ်တည်းနိုင်တဲ့သူတွေဟာ ရုပ်ခန္ဓာကိုလည်း လိုသလို ထိန်းချုပ်ထားလို့ရပါတယ်'

'ဒါဖြင့် ဗုဒ္ဓရဲ့ အနတ္တတရားနဲ့ ဘယ်လိုကွာခြားပါသလဲ'

'စိတ်ကို ထိန်းချုပ်ထားနိုင်လို့ ကာလအပိုင်းအခြားကြာမြင့်အောင် နေနိုင်ပေမယ့် ရုပ်ခန္ဓာရဲ့ ပျက်စီးမှုကိုတော့ ပြုပြင်ထိန်းသိမ်းလို့ မရပါဘူး၊ ဒါကြောင့် အိုမင်းရင့်ရော်ခြင်း





နဲ့ သေချင်းကိုတော့ မလွဲမသွေ လက်ခံရတာပါ။ ဒါဟာ အနတ္တတရားရဲ့ အနှစ်သာရပဲ မဟုတ်လား'

'မှန်ပါတယ်'

'လူတစ်ယောက်မှာ ခန္ဓာကိုယ်နှစ်ခုရှိပါတယ်၊ ရုပ်ခန္ဓာနဲ့ ဝိညာနက္ခန္ဓာပါ။ ဝိညာနက္ခန္ဓာကို အထက်ကိုယ် (upper body) လို့ ခေါ်ပါတယ်၊ လူတစ်ယောက်အိပ်ပျော်နေတဲ့အခါ ဖြစ်ဖြစ်၊ သေတဲ့အခါမှာပဲဖြစ်ဖြစ်၊ စိတ်ဝိညာဉ်ဟာ ကိုယ်က ခွာထွက်သွားပြီး အထက်ကိုယ်ထဲကို ရောက်သွားပါတယ်၊ လူတစ်ယောက်အိပ်ပျော်သွားတဲ့အခါ စိတ်ဟာ ရုပ်ခန္ဓာထဲကာ ထွက်သွားလေ့ရှိပါတယ်'

'ဒါဆိုရင် သေသလို ဖြစ်သွားတာပေါ့'

'အိပ်ပျော်နေတဲ့အခါ အသက်ရှူနေပေမယ့် တကယ်တော့သေခြင်း တစ်မျိုးပါပဲ၊ ဒါပေမယ့် သေသွားသလိုတော့ စိတ်နဲ့ ရုပ်ခန္ဓာက ပြတ်စဲသွားတာမျိုးတော့ မဟုတ်ဘူး၊ ရုပ်ခန္ဓာနဲ့ ဝိညာနက္ခန္ဓာကို ကြိုး(silver cord) က ဆက်သွယ်ထားပေးပါတယ်'

'အဆန်းပါလား'

'ဟုတ်တယ်၊ အိပ်နေတဲ့အခါမှာ ငွေကြိုးက ဝိညာဉ်ကို ချိတ်ထားပေမယ့် သေဆုံးတဲ့ အခါမှာတော့ အဲဒီကြိုးက ပြတ်

သွားလေ့ရှိပါတယ်၊ ကျွန်ုပ်တို့ တိဗက်ဘုန်းကြီးတွေက အဲဒီကြိုးကို ထိန်းပေးနိုင်တဲ့ စွမ်းအင်တွေ ရှိကြပါတယ်၊ သူသေရတော့မယ့် အချိန်ရောက်ရင် အဲဒီငွေကြိုးကို သူ့ဘာသာဖြတ်ပေးလိုက်တာပါ၊ ကျွန်ုပ်တို့ မြတ်စွာဘုရားဟာ သူသာနေလိုတယ်ဆိုရင် နှစ်ပေါင်းထောင်သောင်းအထိ နေလို့ရပေမယ့် မနေခဲ့ပါဘူး၊ အချန်ရောက်တဲ့အခါ ခန္ဓာကိုယ်ကို စွန့်လွှတ်လိုက်တာပါပဲ'

ဟု ရှင်းပြတော့မှ ဒေါက်တာမင်းထင်ကျော်မှာ အတန်အသင့်သဘောပေါက်လာမိတော့သည်။

လက်ပါက သူ့အနီးမှ သွားရန်ပြင်သောအခါ . . .

'ကျွန်တော်ဒီရောက်နေတာ ၃ လပြည့်တော့မယ်၊ ကျွန်တော်ပြန်ရတော့မယ် အချိန်နီးပြီလား'

ဟု မေးလိုက်သည်။

ထိုအခါ လက်ပါက . . .

'ဆရာတော်က မကြာခင်မှာ သင့်ကို လာဆာရောက်အောင် ပြန်ပို့ပေးရမယ်လို့ အမိန့်ချတယ်၊ ဘာကြောင့်လဲဆိုတော့ သင်ဒီမှာဆက်နေရင် ကန့်သတ်ချက်တွေကို ဖောက်ဖျက်လို့ မကြာခင်မှာ အန္တရာယ်စိုးတွေနဲ့ တွေ့ရတော့ မယ်လို့ ပြောပါတယ်'





ဟု ပြောကာ သူ့အနီးမှ ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူလျှို့ဝှက်ခန်းများထဲသို့ ဝင်ရောက်ခဲ့သော ကိစ္စအား ဆရာတော်ကြီးသိများသိသွားလေပြီလားဟု စိုးရိမ်မိလေသည်။

သူပြန်ဖို့ အချိန်နီးလာပြီဟု သိရသောအခါ တဖက်မှဝမ်းသာမိသော်လည်း တဖက်မှလည်း နောက်တစ်ကြိမ်ဘယ်လိုမှ ရောက်ဖို့ရန်မဖြစ်နိုင်သော မရဏတောင်လိုဏ်ဂူထဲမှာသုံးလေးလနေခဲ့ပြီးမှ မိမိဘဝအတွက် အမှတ်တရတစ်ခုခု မပါသွားလျှင် ဆုံးရှုံးနစ်နာမှုတစ်ခုခုဖြစ်မည်ကို တွေးမိသည်။ သို့ကြောင့် မရဏတောင်မှ မထွက်ခွာမီ သူ့အတွက်အမှတ်တရ တစ်ခုခုတော့ ပါအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ကာ နောက်တစ်နေ့ သန်းခေါင်ယံအချိန်လောက်တွင် သူ့အခန်းမှ ထွက်ကာ ဘုရားခန်းထဲသို့ ဝင်လာခဲ့လေသည်။

ဘုရားခန်းထဲမှာ တိဗက်ဘုန်းကြီးတစ်ပါး တရားထိုင်နေသည်။

ခါတိုင်းနေ့တွေမှာ သည်အချိန်ဆိုလျှင် တိဗက်ဘုန်းကြီးတစ်ပါးမှ မတွေ့ရဘဲ သည်ကနေ့မှ ရွှေသားရုပ်ထုတော်အနီးမှာ ထူးထူးဆန်းဆန်း ဘုန်းကြီးတစ်ပါးကို တွေ့ရသဖြင့် အံ့ဩသွားလေ့သည်။ သို့သော်လည်း ကိစ္စမရှိပေ။

တိဗက်ဘုန်းကြီးများ တရားထိုင်နေလျှင် တရားမှလွဲပြီး အခြားဘာမှ အာရုံဝင်စားခြင်း မရှိသဖြင့် ထိုဘုန်းကြီးနောက်မှပင် တိတ်တဆိတ်ဖြတ် ကာ လူသေများထားသော အခန်းထဲ ရောက်အောင် ဆင်းလာခဲ့သည်။

သူ့အကြံအစည်က တလောက ဘုန်းကြီးနှစ်ပါး ဆေးရည်ကျိုနေသော အခန်းထဲသို့ ဝင်ကြည့်ရန်ဖြစ်သည်။ ထိုဆေးစီရင်သော အခန်းထဲမှာ ဦးဗန်ကောင်း အလိုရှိသော စရဏသံပိတဆေးကျမ်းမျိုးလည်း ရှိနိုင်သည်ဟု တွက်ဆမိသည်။ လှိုဏ်ဂူအပေါက်နားရောက်သောအခါ ကျောက်ကြားနှစ်ခုမှ ထွက်နေသော မီးရောင်က သည်ဘက် အခန်းထဲသို့တိုင် ရောက်နေသဖြင့် စိတ်ပျက်သွားလေသည်။ ဆေးစီရင်သော အခန်းထဲတွင် တိဗက်ဘုန်းကြီးတစ်ပါးပါး ရောက်နေသည်ကို သိလိုက်သဖြင့် ထိုနေရာသို့ လျှောက်သွားကာ တစ်ဖက်ခန်းသို့ ချောင်းကြည့်လိုက်သည်။

သူရှိရာဘက်သို့ ဘေးစောင်းအနေအထားထိုင်ပြီး ဖိုထိုးနေသော တိဗက်ဘုန်းကြီးတစ်ပါးကို လှမ်းမြင်ရသည်။

ထိုဘုန်းကြီး၏ မျက်နှာကို မြင်သောအခါ တစ်နေရာရာမှာ မြင်ဖူးတယ်ဟု ထင်မိပြီး ထိုဘုန်းကြီးမှာ မရဏတောင်ဂူသို့ရောက်လာတာ သိပ်မကြာသေးမှန်းလည်း သတိပြုမိ





သည်။ ထိုဘုန်းကြီးကတော့ အခန်းပေါက်မှ သူချောင်းကြည့်နေမှန်း မသိဘဲ ဘောလုံးသဏ္ဍာန်အလုံးဖြင့် မီးဖိုမှ မီးတောက်များ ပြင်းသည်ထက်ပြင်းအောင်လုပ်ကာ ကျောက်ခွက်ထဲမှ ကြေးစများကိုယူကာ ကျောက်အိုးကြီးတစ်လုံးထဲသို့ ထည့်ပြီး ဖားဖိုပေါ်သို့ တင်လိုက်သည်။

ထို့နောက် သူ့ဝတ်ရုံထဲမှာ ဝှက်ထားဟန်ရှိသော ကြေးပုရပိုဒ်တစ်ခုကို ထုတ်ကာ ကြေးပုရပိုဒ်မှ စာများ ဖတ်ကြည့်နေသည်။

ထိုသို့ ဖတ်ပြီး ကျောက်နံရံပေါ်၌ တင်ထားသော သစ်သားစင်ကလေးပေါ်မှ ဖန်ပုလင်းကြီးနှစ်ပုလင်းကို ယူလိုက်သည်။ ထိုဘုန်းကြီးမှာ ပုရပိုဒ်ကို ကြည့်လိုက်၊ လုပ်စရာရှိသည်တို့ကို အလျင်အမြန်လုပ်လိုက်ဖြင့် ပြုလုပ်နေရာ သူ့အမူအရာမှာ လုပ်နေကျပုံစံမျိုးမဟုတ်ပဲ စမ်းသပ်လုပ်ကိုင်နေဟန်ရှိပြီး အလျင်စလိုဖြစ်နေလေသည်။

မကြာခဏဆိုသလို အပေါက်ဝဘက်သို့ စိတ်မချသလို လှမ်းလှမ်းကြည့်နေရာ ခိုးကြောင်ခိုးဝှက်ပြုလုပ်နေဟန်ရှိသည်။ဆယ်မိနစ်ခန့်ကြာသောအခါ ဖားမိုပေါ်မှာ တင်ထားသော ကျောက်အိုးကြီးမှာ အပူရှိန်ပြင်းလာလေသည်။အခိုးအငွေ့များ တထောင်းတထောင်းထလာသည်။

ဘုန်းကြီးသည် ဖန်ပုလင်းထဲမှ ဆေးရည်တစ်စက်နှစ်စက်ကို ကျောက်အိုးထဲသို့ ထည့်လိုက်ရာ ချက်ခြင်းဆိုသလို အိုးထဲမှ မီးခိုးလုံးနှင့် မီးတောက်ကြီးများ စုန်းကနဲ ထွက်လာသည်။ ထိုအခြေအနေကို ကြည့်ပြီး ထိုဘုန်းကြီးမှာ အတော်တလေးသဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။ ထို့နောက် ကြေးပုရပိုဒ်ကို ထပ်ဖတ်ပြီး နောက်ထပ်ပုလင်းထဲမှ ဆေးရည်လေးစက်ခန့် ထပ်မံလောင်းထည့်လိုက်သောအခါ ကျောက်အိုးထဲမှ အပြာရောင်အခိုးအငွေ့များ တက်လာပြီး ခဏကြာတော့ အရောင်ပြောင်းသွားကာ အနီရောင်သို့ ပြောင်းသွားလေတော့သည်။ အနီရောင်မှ လိမ္မော်ရောင်သို့ ကူးပြောင်းလာသည်။

နောက်ဆုံး လိမ္မော်ရောင်မှ ရွှေရောင်သို့ ကူးပြောင်းလာကာ မြေအောက်လှိုဏ်ခန်းတစ်ခုလုံး ရွှေရောင်များ တောက်ပနေလေတော့သည်။

'ဟင် ...'

တိဗက်ဘုန်းကြီးသည် ၎င်း၏ လုပ်ရပ်အတွက် ကျေနပ်အားရသော အမူအရာဖြင့် ပြုံးကား လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေလေတော့သည်။

ထို့နောက် ကြေးညှပ်ကြီးနှစ်ချောင်းဖြင့် မီးဖိုပေါ်မှ ကျောက်အိုးကို မ,ယူပြီး အောက်သို့ချသည်။ ကျောက်အိုးထဲမှ





အရည်များကို ဖားဖိုနံဘေးရှိ ကျောက်ခွက်ထဲသို့ လောင်းချလိုက်သည်။ ကျောက်ခွက်ထဲရှိသော အနက်ရောင်အဆင်းရှိသည့် ရေများမှာ အပူရှိန်ကြောင့် ပွက်ပွက်ဆူနေတော့သည်။

တိဗက်ဘုန်းကြီးသည် ကျောက်ခွက်ခုံဘေးမှာ ထိုအပူအငွေ့များ အေးသည်အထိ ထိုင်စောင့်နေလေသည်။

အပေါက်မှ ချောင်းကြည့်နေသည့် ဒေါက်တာမင်းထင်ကျော်မှာလည်း အဖြေ ဘယ်လိုထွက်မည်ကို သိလိုသောကြောင့် သည်အတိုင်းပင် စောင့်ကြည့်နေလေသည်။

အတန်ကြာသောအခါ ကျောက်ခွက်ထဲမှ ရေများ အေးသွားဟန်ဖြင့် ဘုန်းကြီးက ရေထဲသို့ လက်နှိုက်လိုက်ပြီး ပြန်ဖော်လိုက်သောအခါ ၎င်းလက်ထဲမှာ အရောင်ဝင်းလက်နေသော ရွှေကဲ့သို့ အတုံးတစ်တုံး ပါလာသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ရွှေတုံးဖြစ်မည်ဟု ထင်လိုက်သည်။ တိဗက်ဘုန်းကြီးသည် ဝမ်းသာအားရ အမူအယာဖြင့် ၎င်းရွှေတုံးကြီးကို သူ ဝတ်ထားသောဝတ်ရုံစဖြင့် ပွတ်ကာနံဘေးနားမှာ ချထားသော ဆိတ်သားရေအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် ဆေးရည်ထည့်ထားသော ဖန်ပုလင်း

နှစ်လုံး၊ ကြေးပုရပိုဒ်တို့ကိုလည်း ဆိတ်သားရေအိတ်ထဲသို့ ထည့်လိုက်ပြီး ဖားဖိုမှ မီးများကို ရေဖြင့် ငြိမ်းသတ်လိုက်သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ အခြေအနေ မှန်ကို သဘောပေါက်လိုက်တော့သည်။ ထိုဘုန်းကြီးမှာ တိဗက်ဘုန်းကြီးအစစ်တစ်ယောက် မဟုတ်ဘဲ ရွှေပြုလုပ်နည်းကို လိုချင်၍ အယောင်ဆောင်ကာ ဝင်ရောက်လာသူ တစ်ယောက်ဖြစ်မှန်း ရိပ်မိလိုက်သည်။

ထိုလူသည် ပစ္စည်းများ ထည့်ထားသော ဆိတ်သားရေအိတ်ကို သူ၏ ဝတ်ရုံအောက်သို့ ဝှက်ကာ နေရာမှ ထလိုက်သည်။ ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးကြီးကို တွန်းဖယ်ကာ လျှို့ဝှက်ခန်းထဲသို့ ဝင်သွားလေသည်။ သူသည် ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အထိတ်တလန့် ဖြစ်သွားဟန်ရှိသည်။ ပြီးမှ အမူအယာကို ချက်ချင်းပြင်လိုက်ပြီး ...

'ကျွန်ုပ်တို့ ဘုန်းကြီးများသာဝင်ရသော လျှို့ဝှက်အခန်းထဲကို ဘာကြောင့် ဝင်လာရတာလဲ'

ဟု လေသံမာမာဖြင့် မေးလိုက်သည်။

'ခင်ဗျားကရော ဘာကြောင့် ဒီအခန်းထဲကို ဝင်ရတာလဲ'





ဒေါက်တာမင်းထင်ကျော်က တည်ငြိမ်စွာပင် ပြန်မေးလိုက်သည်။

'ကျွန်ုပ်က ဂိုဏ်းဝင်ဘုန်းတော်ကြီးဖြစ်လို့ ဒီအခန်းထဲကို ဝင်နိုင်ခွင့်ရှိသည်'

'ဂိုဏ်းဝင်ဘုန်းကြီးတစ်ယောက်က ဒီအခန်းထဲမှာ ထားတဲ့ ဆေးရည်ပုလင်းတွေ၊ ပုရပိုဒ်တွေကို ခိုးကြောင်ခိုးဝှက် ယူဖို့ ဘာကြောင့် ကြံစည်နေရတာလဲ၊ ဒီအကြောင်းတွေကို ပြန်ပြောလိုက်ရင် ခင်ဗျား ဘယ်လို ဒုက္ခမျိုးတွေ့နိုင်တယ်ဆိုတာ သိတယ်မဟုတ်လား၊ ဒီတော့ အမှန်ကို ပြောပြပါ၊ ခင်ဗျား ဘယ်သူလဲ'

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်ဘက်သို့ မျက်နှာလှည့်လာသည်။

'ဟင် ...'

ထိုသူ့မျက်နှာကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေသည်။

တိဗက်ဘုန်းကြီး အယောင်ဆောင်ထားသူမှာ အခြားမဟုတ်ပေ။ အီမာလီယာဟော်တယ်မှာ ဆုံခဲ့ကြသော ဦးဇမ်လျောင်းပင်ဖြစ်ပေသည်။ ဟော်တယ်မှာ တွေ့စဉ်က

ဆံပင်ရှည်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ရှိပြီး အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်ကိုလည်း ပြန်သတိရမိသည်။

ယခုတော့ ဦးဝမ်လျောင်းက မူပြောင်းနေချေပြီ။ ကတုံးပြောင်အောင်တုံးထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများလည်း မရှိတော့ဘဲ သင်္ကန်းကိုဝတ်ဆင်ထားသောကြောင့် ရုတ်တရက် မမှတ်မိနိုင်ဘဲ ဖြစ်သွားခြင်းပင်။

'ဦးဝမ်လျောင်းပါလား'

'ဟုတ်ပါတယ်၊ ကျုပ် ဝမ်လျောင်းပါ၊ ခင်ဗျားနဲ့ အခုလို ပြန်ဆုံရတာ ကျုပ်ဖြင့် အံ့ဩလို့ကို မဆုံးပါဘူး၊ ကိုင်း ဒီနေရာက သူတို့ရဲ့ လျှို့ဝှက်ခန်းဆိုတော့ သိပ်ကြာကြာနေလို့ မသင့်ဘူး၊ ခင်ဗျား အခန်းကို သွားကြစို့၊ အဲဒီရောက်မှ အခြေအနေတွေကို အေးအေးဆေးဆေး ပြောပြမယ်'

ဟု ပြောဆိုကာ လျှို့ဝှက်ခန်းမှ ပြန်ထွက်ခဲ့ကြလေသည်။ ဂူကြီးထဲမှာတော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေဆဲပင်။

✤ ✤ ✤



# အခန်း (၁၄)

## မရဏတောင်မှ လွတ်မြောက်ခြင်း

လူနေသော ကျောက်ဂူအခန်းသို့ ရောက်သွားသောအချိန်မှာ ညဥ့်နှစ်နာရီကျော်ရုံပဲ ရှိသေးသောကြောင့် အချိန်အနည်းငယ် ရနေသေးသည်။

'ကျုပ်နာမည်က စီချန်လို့ ခေါ်ပါတယ်၊ ကျုပ်တို့ရဲ့ ဇာတိက တိဗက်နဲ့ တရုတ်ပြည်နယ်စပ်က မြို့လေးတစ်မြို့ကပါပဲ၊ ကျုပ်ငယ်စဉ်က မိဘတွေက ကိုကိုတက်ချမ်းသာခဲ့ကြတယ်၊ ကျုပ် အရွယ်ရောက်လာပြီး တက္ကသိုလ်တက်နေတဲ့အချိန်မှာပဲ ကျုပ်တို့မြို့က နယ်ချဲ့အင်္ဂလိပ်တွေ လက်

အောက်ရောက်ခဲ့ပြီး ပစ္စည်းတွေကိုလည်း မတရားအသိမ်းခံခဲ့ရတယ်၊ ဒါကြောင့် ဆင်းရဲသွားခဲ့ရတယ်'

ဦးဝမ်လျောင်း ရေတာဂေါင်းထဲမှ ရေတစ်ခွက်ကို ငှဲ့သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။

'အဲဒီလို စီးပွားတွေ ပျက်သွားပြီးတဲ့နောက်မှာ ကျုပ်ရဲ့ မိဘတွေလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးသွားခဲ့ကြတယ်၊ ကျုပ်လည်း ငယ်ငယ်ကတည်းက ချမ်းချမ်းသာသာနေလာရတော့ ဆင်းရဲချို့တဲ့တဲ့ဘဝနဲ့ မနေချင်ဘူး၊ ဒါကြောင့် နည်းအမျိုးမျိုးနဲ့ ချမ်းသာတဲ့နည်းလမ်းကို လိုက်ရှာရင်းနဲ့ ဦးဗန်ကောင်းနဲ့ တွေ့ခဲ့ကြတာပါ'

'ဪ ဒါကြောင့် ဦးဗန်ကောင်းနဲ့ သိနေတာကိုး'

'ဟုတ်တယ်၊ ဦးဗန်ကောင်းဆီကပဲ ဟောဒီ မရဏတောင်ပေါ်က တိဗက်ဘုန်းကြီးတွေဆီမှာ ရွှေဖြစ်တဲ့နည်းတွေ ရှိတယ်ဆိုတာကို သိခဲ့ရတယ်၊ ဒီတောင်ပေါ်ကို ဘယ်ပုံဘယ်နည်း ဝင်ရမယ်ဆိုတာပါ ပြောပြသွားခဲ့ပါတယ်'

'ဒီအထဲ ရောက်အောင် ဘယ်လိုဝင်ခဲ့တာလဲ ပြောပါဦး'

'ပထမဆုံး တိဗက်လားမားတွေရဲ့ ဓလေ့ထုံးစံတွေကို သိအောင် လေ့လာရတယ်၊ နှစ်နှစ်သုံးနှစ်လောက်ကြာ





အောင် လေ့လာတော့မှ ကိုယ်သိချင်တာတွေ သိရပြီဆိုတော့ သူတို့ရဲ့ တိဗက်လားမားဂိုဏ်းဝင်အဖြစ် ဝင်ရတယ်၊ ခင်ဗျားနဲ့ ဟော်တယ်မှာ တွေ့တဲ့အချိန်ဟာ ကျုပ်အတွက် ဒီတောင်ပေါ် ရောက်အောင်အတော်နီးစပ်နေပြီလို့ ဆိုရမှာပဲ'

'ဆက်ပြောပါဦး'

'နောက်တော့ တိဗက်ဘုန်းကြီးအသွင်ပြောင်းပြီး သူတို့ ယုံကြည်အောင် လုပ်ပြရတယ်၊ နောက်တော့ ကျုပ်ကို ဂိုဏ်းဝင်ဘုန်းကြီးအဖြစ် လက်ခံပြီး ဒီတောင်ပေါ် ရောက်အောင် ခေါ်လာခဲ့တယ်'

'ဒီတောင်ပေါ်ရောက်အောင် ဘယ်လမ်းက ခေါ်လာခဲ့တာလဲ'

ဒေါက်တာမင်းထင်ကျော်က ဖြတ်ပြီး မေးလိုက်သည်။

'ဒါကို ကျုပ်နောက်မှ ပြောပြပါ့မယ်၊ ဒီတောင်ပေါ်ရောက်တော့ သူတို့ တရားကျင့်သလို ကျင့်ပြနိုင်တော့ ကျုပ်အပေါ် တဖြည်းဖြည်း ယုံကြည်လာပြီး လျှို့ဝှက်အခန်းတွေနေရာတွေကို ဝင်ခွင့်ရလာတယ်၊ မနေ့က ဒီတောင်ပေါ်က ဘုန်းကြီးတစ်ပါး သေတော့ မြေအောက်အခန်းထဲ လိုက်ပို့တော့ ကျုပ်ပါလာတယ်၊ အဲဒီ ဘုန်းကြီးကို မပုတ်မသိုးအောင်

ဆေးရည်သွင်းဖို့ စီရင်တဲ့အခါ ဆရာဘုန်းကြီးနဲ့အတူ လှိုဏ်ဂူ အခန်းထဲကို ပထမဆုံးအကြိမ် ဝင်ခွင့်ရတာနဲ့ ဘယ်လိုဝင်ရတယ်၊ ဘယ်လို ထွက်ရတယ်၊ ပစ္စည်းတွေ ဘယ်နေရာမှာ ထားတယ်ဆိုတာကို တစ်ခါတည်း မှတ်ထားခဲ့တယ်၊ ဆေးစီရင်နေရင်းနဲ့ ဆရာဘုန်းကြီးကို မသိမသာ မေးကြည့်တော့ ရွှေပြုလုပ်ပုံ ပြုလုပ်နည်းတွေပါတဲ့ ကြေးပုရပိုဒ်နဲ့ ဆေးရည်ပုလင်းတွေကိုပါ သိခဲ့ရတာကြောင့် ဒီညဝင်ပြီး လက်တွေ့စမ်းသပ်ကြည့်တာပဲ၊ အခုတော့ နှစ်ရှည်လများ ကြိုးစားခဲ့ရတဲ့ ကျုပ်ရဲ့ အကြံအစည်တွေ အောင်မြင်ပြီဗျ၊ ပုရပိုဒ်နဲ့ ဆေးရည်တွေလည်း ကျုပ်ရခဲ့ပြီလေ'

ဟု ဦးဝမ်လျောင်းက ဝမ်းသာအားရ ပြောပြနေသည်။

'ရွှေလုပ်တဲ့နည်းနဲ့ ဆေးရည်တွေရတာကတော့ ဟုတ်ပါပြီ၊ အဲဒါတွေ ကုန်သွားတော့ ဘယ်လိုလုပ်မလဲ'

'ကျုပ် ယူလာတဲ့ ကြေးပုရပိုဒ်ထဲမှာ ဆေးရည်ဖော်စပ်တဲ့နည်းတွေ ပါပါတယ်၊ လောလောဆယ် ရထားတဲ့ဆေးရည်နဲ့ လုပ်ရင်တောင် ရွှေပိဿချိန် အများကြီး ရနိုင်ပါတယ်'

'ဒီနည်းတွေ ရတာထက် ဒီတောင်ကနေ ထွက်ဖို့ ကိစ္စရယ်၊ အပြင်ရောက်ပြန်တော့လည်း လာဆာရောက်အောင်ပြန်ဖို့ကိစ္စတွေက လွယ်ပါ့မလား'





'ဒီအတွက် မပူပါနဲ့ ဒေါက်တာ၊ ဒီမရဏတောင်ထဲက ထွက်နိုင်တဲ့လမ်းရော၊ လာဆာကို ရောက်အောင်သွားတဲ့ လမ်းတွေပါ ကျုပ်သိပါတယ်၊ ဒီတစ်ရက်နှစ်ရက် ကျုပ် ဒီကနေ ထွက်တော့မှာဆိုတော့ ခင်ဗျားပါ တစ်ခါတည်း လိုက်ခဲ့မယ် ဟုတ်လား'

'လိုက်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကျွန်တော်က ဦးဇန်ကောင်းကို တွေ့အောင်ရှာရဦးမယ်၊ သူ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိမလားဟင်'

ဟု မေးလိုက်ရာ ဦးဝမ်လျောင်းက အတန်ကြာအောင် စဉ်းစားနေပြီးမှ သက်ပြင်းတစ်ချ ချလိုက်လေသည်။

'ပြောရမှာတော့ စိတ်မကောင်းစရာပဲဗျာ၊ ဦးဇန်ကောင်းတစ်ယောက် တိဗက်ဘုန်းကြီးတွေရဲ့ အကျဉ်းစခန်းထဲမှာ ရောက်နေတယ်'

'ဟင် ... ဒီမှာ အကျဉ်းစခန်းရှိတယ် ဟုတ်လား'

'ဟုတ်တယ်၊ တိဗက်ဘုန်းကြီးတွေမှ မကောင်းတဲ့လူတွေ၊ အပြစ်ရှိတဲ့လူတွေကို ချုပ်နှောင်ထားတဲ့ အကျဉ်းထောင်ဆိုတာ ရှိတယ်၊ ဒါပေမယ့် အကျဉ်းသားတွေကို ဆေးကုပေးတယ်၊ ကောင်းမွန်စွာ ကျွေးမွေးကြပါတယ်'

'ဒီလိုဆိုရင် ကျွန်တော်တို့ ဦးဇနကျောင်းကို ကယ်တင်ပြီးမှ ထွက်ကြရင် ကောင်းမယ် သူက ဘယ်လိုဖြစ်ပြီး အကျဉ်းသားဘဝရောက်သွားရတာလဲ'

'ဒီလူလည်း လူတော်တစ်ယောက်ပဲ၊ သူ့နည်းသူ့ဟန်နဲ့ ဒီဂူထဲရောက်အောင် ဝင်ကာ နိုင်တာကတော့ ချီးကျူးစရာပဲ၊ သူ့ရည်ရွယ်ချက်က ဒီက လျှို့ဝှက်ခန်းထဲမှာ ထားတဲ့ စရဏသံဟိတ ဆေးကျမ်းကို ကူးယူဖို့ အစီအစဉ်ပဲ အခန်းထဲမှာ စရဏသံဟိတဆေးကျမ်းကို ယူဖို့ လုပ်နေတုန်း၊ ဖမ်းမိသွားတာဖြစ်မယ်'

'ဒါဖြင့် ဘယ်လိုကယ်မလဲ၊ အကျဉ်းထောင်က ဘယ်နေရာမှာလဲ'

'ဒီဂူကြီးရဲ့ အနောက်ဘက်မှာရှိတယ်၊ သိပ်လည်း စိတ်မပူပါနဲ့၊ အကျဉ်းထောင်ကို တစ်ညမှာ ဘုန်းကြီးနှစ်ပါး စောင့်ပေးရတယ်၊ ဒီကနေ့ညမှာ ကျုပ်နဲ့ အခြားဘုန်းကြီးတစ်ပါး အစောင့်ကျတယ်၊ အခြေအနေကောင်းရင် ကျုပ်တို့ ဒီနေရာကနေ တခါတည်း ထွက်ကြမှာဆိုတော့ အဆင်သင့် ပြင်ထားပေတော့'

'စိတ်ချပါ'





ထိုအချိန်မှာပင် နံနက်လေးနာရီထိုးပြီမို့ အချက်ပေးခေါင်းလောင်းသံများ ပေါ်ထွက်လာရာ တိဗက်ဘုန်းကြီးအဝတ်ဆောင်ထားသော ဦးဝမ်လျောင်းသည် ဘုရားဝပ်ပြုရန်အတွက် ဘုရားခန်းရှိရာဘက်သို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ညဘက် ဘုရားဝပ်ပြုချိန်ပြီးဆုံး၍ အခြားဘုန်းကြီးများ တရားထိုင်နေချိန်မှာ ဦးဝမ်လျောင်း ရောက်လာလေတော့သည်။

'ကဲ သွားကြစို့'

'ဘယ်ကို သွားမှာလဲ'

'အကျဉ်းထောင်ကို သွားကြမယ်၊ ဒီည ကျုပ်က အဲဒီမှာ တာဝန်ကျတယ်'

'ဟန်ကြတာပေါ့'

နှစ်ယောက်သား အမှောင်ရိပ်ခိုပြီး သွားကြလေသည်။

အကျဉ်းထောင်ရှိသော နေရာမှာ ကျောက်တောင်ကြီး၏ အနောက်ဘက်တွင် ဖြစ်သည်။

အကျဉ်းထောင်၏ နံရံအမြင့်မှာ သုံးပေခန့်သာ မြင့်သော်လည်း မြေအောက်ထဲမှာမူ ပေ ၃၀ ခန့် နက်လေသည်။

အကျဉ်းထောင်၏ အဝမှာ ၉ ပေခန့် ကျယ်ဝန်းပြီး အပေါက်ဝကို ပေါင်လုံးခန့်ရှိသည့် ကျောက်တိုင်လုံးကြီးများဖြင့် စီ၍ ပိတ်ထားပါသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါ အကျဉ်းထောင်အနီးတွင် တိဗက်ဘုန်းကြီးတစ်ပါး ရှိနေသဖြင့် ဒေါက်တာမင်းထင်ကျော်က မှောင်ရိပ်နေရာတွင် ကျန်နေခဲ့ပြီး ဦးဝမ်လျောင်းတစ်ယောက်တည်း အပြင်သို့ ထွက်သွားသည်။

'ကိုယ်တော် ဘယ်သွားနေတာလဲ'

'ဆရာတော် ခေါ်လို့ သွားတွေ့နေတာပါ၊ ကိုယ်တော့ကိုလည်း လာတွေ့ဖို့ ဆရာတော်က မှာလိုက်တယ်'

'ဆရာတော်က ဘယ်မှာလဲ'

'ဘုရားခန်းထဲမှာ'

ဟု ခပ်တည်တည် ပြောလိုက်ရာ ထိုဘုန်းကြီးက အဟုတ်မှတ်ပြီး အပေါက်တစ်ခုထဲသို့ဝင်သွားရာ ဦးဝမ်လျောင်းက ထိုအပေါက်ဝကို ကျောက်တုံးကြီးဖြင့် ပိတ်ထားလိုက်သည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်ကို ခေါ်ပြီး အကျဉ်းထောင်အပေါက်ဝတွင် ပိတ်ထားသော ကျောက်လုံးများကို မ၍ ဖယ်လိုက်ကြသည်။





ထိုသို့ ဖယ်ပြီး မလှမ်းမကမ်းတွင် အဆင်သင့် တင်ထားသော သားရေကြိုးကို ယူလိုက်သည်။ သားရေကြိုးမှာ အတော်ခိုင်ခန့်ပြီး နှစ်ဘက်ထိပ်တွင် ကွင်းများပါလေသည်။

'ဒေါက်တာက ကြိုးကွင်းတစ်ခုကို သေသေချာချာ ကိုင်ထားပါ၊ ကျုပ်က ကြိုးစကို တွင်းထဲ လျှောချပေးလိုက်မယ်'

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ကြိုးကွင်းတစ်ပတ်စကို ကိုင်ထားပြီး တွင်းထဲသို့ ငုံ့ကြည့်လိုက်တော့ မှောင်နေသောကြောင့် ဘာမှ မမြင်ရပေ။

ကြိုးစဆုံးသွားသောအခါ ဦးဝမ်လျောင်းကပါ ကြိုးစတစ်ဖက်ကို လာရောက် ကိုင်ထားလေသည်။

ခဏကြာတော့ ကြိုးစကို ကိုင်ပြီး လူတစ်ယောက် ဆွဲတက်လာနေသဖြင့် နှစ်ယောက်သား တောင့်ထားကြရသည်။ အတော်ကြီးကြာမှ အပေါ်သို့ လူတစ်ယောက် ရောက်လာသည်။ ဦးဗန်ကောင်းပင်ဖြစ်၏။

ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဝမ်လျောင်းတို့ နှစ်ယောက်စလုံးကို တွေ့ရသဖြင့် များစွာ အံ့သြနေဟန်ရှိသည်။

'အား ... ဒေါက်တာရော ဦးဝမ်လျှောင်းရော နှင့် ယောက်စလုံး တွေ့နေရပါလား။ အံ့ဩစရာပဲဗျို့၊ ကျုပ်ကို အခုလို လာကယ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဗန်ကောင်းတို့ ကံကောင်းစ ပြုလာပြီလို့ ဆိုရမယ်'

ဟု ဝမ်းသာအားရ ပြောဆိုနေလေသည်။

'ကဲ ... ကံကောင်းတာ မကောင်းတာ အသာထားဦး အခု ကျုပ်တို့က ဒီကနေ ထွက်ကြမယ်၊ ခင်ဗျားရဲ့ အခြေအနေ ကရော ဘယ်လိုလဲ'

ဦးဝမ်လျှောင်းက မေးလိုက်သည်။

'ကျုပ်က ဆေးကျမ်းကို တွေ့ရုံပဲ တွေ့ရသေးတယ် ဆေးကျမ်းကို ဝင်ကြည့်နေတုန်း၊ တိဗက်ဘုန်းကြီးတွေနဲ့ တွေ့ပြီး အဖမ်းခံရတာပဲ၊ ဆေးကျမ်းကို မယူရသေးဘူး'

'ဒါဖြင့် ဘယ်လိုလုပ်မလဲ'

'ကျုပ်တို့ သုံးယောက်တစ်စု တစ်ခါတည်း အဲဒီအခန်းထဲကို သွားကြမယ်၊ ကျုပ်ဆေးကျမ်းထားတဲ့ နေရာကို သိတယ်၊ ဆေးကျမ်းကို ယူပြီးတာနဲ့ တစ်ခါတည်း သွားကြတာပေါ့'

ဟု တိုင်ပင်ကာ မြေအောက်ခန်းဆင်းသော လှေခါးထစ်များအတိုင်း အောက်ဘက်သို့ဆင်းခဲ့ကြသည်။





ဦးဗန်ကောင်းဆေးကျမ်းတွေ့ခဲ့သော အခန်းမှာ ဦးဝမ်လျှောင်း ရှေ့ပြုလုပ်ခဲ့သော အခန်းနှင့် ကပ်လျက်နေရာမှာပင် ရှိသည်။

ထိုနေရာသို့ ရောက်သောအခါ ဦးဗန်ကောင်းက ...

'ခင်ဗျားတို့နှစ်ယောက် ဒီနေရာက ခဏလေး စောင့်နေ၊ ကျုပ် လျှို့ဝှက်ခန်းထဲ ဝင်လိုက်ဦးမယ်'

ဟု ပြောဆိုနေကြစဉ် တိဗက်ဘုန်းကြီး အများအပြားတို့သည် အကျဉ်းထောင်ဆီသို့ သွားရာ တံခါးပေါက်ရှိရာသို့ အရေးတကြီး သွားနေကြသည်ကို လှမ်းမြင်သဖြင့် ဦးဝမ်လျှောင်းက ...

'ခပ်သုတ်သုတ်လုပ်နော်၊ သူတို့ အကျဉ်းထောင်ရှိတဲ့ နေရာသွားနေကြပြီ၊ ဟိုရောက်လို့ အခြေအနေမှန်ကို သိလို့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်လိုက်ရင် ကျုပ်တို့ ထွက်ဖို့ ခက်လိမ့်မယ်'

ဟု သတိပေးသည်။

'စိတ်ချပါ'

ဦးဗန်ကောင်းက ပိတ်ထားသော ကျောက်တုံးကြီးကို တွန်းရွှေ့ပြီး အတွင်းသို့ ဝင်လာသည်။

အထဲရောက်သောအခါ မှောင်နေသဖြင့် နံရံ၌ ထောင်ထားသည့် ဆီမီးတိုင်ကို မီးထွန်းလိုက်သည်။ မီးထွန်းလိုက်မှ အခန်းထဲမှ အခြေအနေကို ကောင်းစွာ မြင်ရတော့သည်။

ဂူ၏ နံရံများတလျှောက်တွင် သစ်သားဖြင့် ပြုလုပ်ထားသော စာအုပ်စင်များရှိပြီး ထိုစာအုပ်စင်များပေါ်မှာ ဘာသာမျိုးစုံဖြင့် ရေးသားထားသော စာအုပ်များစွာ ရှိသည်။

စာအုပ်များ၏ အနှောင့်များကို သားရေများဖြင့် အုပ်ထားပြီး ရွှေစာလုံးများ ကပ်ထားသည်။ ပေစာထုပ်များကတော့ သီးသန့်စင်ဖြင့် ထားလေသည်။

ပေစာများမှာ အများအားဖြင့်တော့ ကြေးပြား ရွှေပြားများဖြင့် ပြုလုပ်ထားလေသည်။ စာအုပ်များမှာ တရုတ် အိန္ဒိယ၊ တိဗက်ဘာသာဖြင့် ရေးထားပြီး ဆေးကျမ်း အတော်များများကတော့ သက္ကတ ဘာသာဖြင့် ရေးထားသည်။

အထူးသဖြင့် ဆေးကျမ်း၊ အင်္ဂရတ်ကျမ်း၊ ဂမုန်းကျမ်း ကျောက်ကျမ်း၊ မာတြာယာကျမ်းများကိုတော့ သီးသန့်ထား လေသည်။

စရဏသံဟိတဆေးကျမ်းမှာ အရွယ်အစား မကြီးလှပေ။ အလျား ၁၀ လက်မ၊ အနံ ၇ လက်မနှင့် ဗျက်ထု ၃ လက်မခန့်ရှိကာ သက္ကတဘာသာဖြင့် ရေးထားသည်။





ဆေးကျမ်းစာအုပ်ကို ဆီစိမ်စက္ကူဖြင့် ပတ်ထားကာ သားရေပြားဖြင့် အုပ်ထားသည်။ စရဏသံဟိတဆေးကျမ်းကို ကျောက်ကလပ်ပေါ်တွင် တင်ထားလေသည်။

ဦးဇန်ကောင်းက ဆေးကျမ်းရှေ့သို့ ရောက်ကာမှ ယူရကောင်းနိုးနိုး၊ မယူဘဲ နေရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်နေလေသည်။ နောက်မှ မထူးတော့ပြီမို့ ဆေးကျမ်းရှေ့ လက်အုပ်ချီကာ သစ္စာပြုလိုက်လေသည်။

'ကျွန်ုပ်သည် ဤဆေးကျမ်းအား ကိုယ်ကျိုးသုံးစွဲရန်အတွက် ယူခြင်း မဟုတ်ပါ။ အသုံးပြုပြီးပါက မူလ နေရာသို့ ရောက်အောင် အကျွန်ုပ်ကိုယ်တိုင် ပြန်ပို့ပေးပါမည်ဟု ဆေးကျမ်း၏ မူလပိုင်ရှင် သိကြားမင်းအား တိုင်တည်သစ္စာပြုပါ၏'

ဟု သစ္စာဆိုပြီးမှ ကျောက်ကလပ်ပေါ်မှာ တင်ထားသော ဆေးကျမ်းကို အသာယူကာ ဆိတ်သားရေအိတ်ထဲသို့ ထည့်ကာ ကျောက်ဂူအပြင်ဘက်သို့ ပြန်ထွက်ခဲ့လေသည်။

ဂူအပြင်ပြန်ရောက်လာတော့ သူတို့ ပိတ်ထားခဲ့သော ကျောက်တုံးကြီးကို တွန်းရွှေ့ပြီး တိဗက်ဘုန်းကြီးများ အကျဉ်းထောင်ရှိရာဘက်သို့ ကတိုက်ကရိုက် ထွက်သွားကြသည်ကို လှမ်းမြင်နေရသည်။

ထိုအထဲမှာ လက်ာဆိုသော ဘုန်းကြီးကိုပါ တွေ့လိုက်ရသည်။

'ဘယ်လိုလဲ၊ အဆင်ပြေခဲ့ရဲ့လား၊ တိဗက်ဘုန်းကြီးတွေတော့ အကျဉ်းထောင်ဘက်သွားနေကြပြီ၊ ဟိုရောက်လို့ ခင်ဗျားမရှိတော့ဘူးဆိုတာ သိတာနဲ့ လိုက်ကြတော့မှာပဲ'

'ရခဲ့ပြီ အမြန်သွားကြစို့'

ထိုသို့ ပြောကာ သုံးယောက်အား အခြေအနေကြည့်ပြီး ရင်ပြင်ပေါ်သို့ ဆင်းခဲ့ကြသည်။

ရင်ပြင်တော်ပေါ်မှာရော ဘုရားဝပ်ပြုခန်းထဲမှာပါ တိဗက်ဘုန်းကြီးတစ်ပါးမှ မတွေ့ရပေ။

သို့ကြောင့် ရင်ပြင်တော်မှ တဆင့် ဘုရားဝပ်ပြုခန်းထဲသို့ ဝင်ခဲ့ကြသည်။

သူတို့သည် ဗုဒ္ဓရုပ်ပွားတော် အနောက် ဘက်သို့လာပြီး ထိုနောက်ဘက်၌ ရှိသော ကျောက်ခုံကို သုံးယောက်အားဖြင့် တွန်းရွှေ့လိုက်ရာ တောင်အောက်ကို ဆင်းသော ကျောက်လှေခါးထစ်များကို တွေ့ရလေသည်။

'ကျုပ်ကို ခေါ်လာတုန်းက ဒီလမ်းအတိုင်း ခေါ်လာတာမို့ မှတ်ထားတာပါ'





ဟု ဦးဝမ်လျောင်းက ပြောသည်။

သူတို့သည် ဗုဒ္ဓရုပ်ပွားတော်အနီး၌ ရှိသော မီးတိုင်တစ်တိုင်ကို ထွန်းပြီး လှေခါးထစ်များကို ကြည့်လိုက်သောအခါ မီးရောင်တဆုံးအထိ လှေခါးထစ်များက မဆုံးသေးပေ။

ထို့ပြင် လှေခါးထစ်ရှိသည်ဆိုသော်လည်း ထောင်ထောင်မတ်မတ်ကြီးရှိကာ ဘေးတစ်ဖက်တစ်ချက်မှာလည်း လက် ကိုင်စရာ မရှိပေ။

'လှေခါးထစ်တွေကို ဆင်းတဲ့အခါမှာ သတိထားကြပါ၊ ဘေးမှာ လက်ကိုင်မရှိဘူး၊ မတော်တဆအောက်ကို ပြုတ်ကျရင် အသူတရာနက်တဲ့ ချောက်ပဲရှိတယ်၊ အသက်ရှင်စရာ အကြောင်းမရှိဘူး'

ဟု သတိပေးကာ ဦးဝမ်လျောင်းက ရှေ့ဆုံးမှ အရင်ဆင်းသည်။

ဦးဗန်ကောင်းက အလယ်မှနေပြီး ဒေါက်တာမင်းထင်ကျော်က နောက်ဆုံးမှ လိုက်ဆင်းသွားလေသည်။

ကျောက်လှေခါးထစ်များမှာ ဦးဝမ်လျောင်း ပြောသည့်အတိုင်းပင်။ ဘေးတစ်ဖက်တစ်ချက်မှာ ကိုင်တွယ်စရာမရှိသည့်အပြင် ကျောက်လှေခါးအနေအထားမှာ နံရံကို ကပ်ထောင်ထားသည့် လှေခါးတစ်စင်းနှင့်ပင် တူနေတော့သည်။

ဘေးတစ်ဖက်တစ်ချက်မှ ငွေယမ်းတိုက်ခတ်နေသော လေကြောင့် အောက်သို့ ပြုတ်ကျမသွားစေရန် သတိကြီးစွာဖြင့် ထိန်းကိုင်ကာ ဆင်းကြရသည်။

ဒေါက်တာမင်းထင်ကျော် တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲရွှဲနစ်နေသည်။

လက်နှစ်ဖက်မှာ ချွေးစေးများ ထွက်နေသောကြောင့် ကျောက်လှေခါးများကို ကိုင်ရသည်ကိုပင် ချောထွက်နေသောကြောင့် သတိထားနေရသည်။

ဒေါက်တာမင်းထင်ကျော်မှာ တစ်ကိုယ်လုံး ချွေးများ ပြန်နေလေသည်။

မိမိလက်ပြုတ်ထွက်သွားမှာ ချော်ထွက်သွားမှာ စိုးရိမ်နေရသည်က တစ်ကြောင်း၊ အပေါ်မှ တစ်ယောက်ယောက် ပြုတ်ကျလာမည်ကို စိုးရိမ်နေသည်က တစ်ကြောင်းဖြင့် အောက်ခြေသို့ မရောက်မချင်း အသက်ပြင်းပြင်း မရှူဝံ့အောင် ဖြစ်နေတော့သည်။

နောက်ဆုံးတော့ သူတို့သုံး ယောက်စလုံး အောက်ခြေသို့ ရောက်ခဲ့ကြလေသည်။

ထိုအခါမှ အသက်ဝအောင်ရှူပြီး ခေတ္တ အမောအပန်းဖြေကြရသည်။





သူတို့ရောက်နေရာနှင့် မလှမ်းမကမ်း ဆီမှ ရေစီးသံ တဝေါဝေါကို ကြားနေရသည်။

'ဒီနားမှာ ရေတံခွန်တစ်ခု ရှိတယ်ထင်တယ်'

'ဟုတ်တယ်၊ ဟိုဘက်နားလောက်မှာ ရေစီးသန်တဲ့ ချောင်းတစ်ချောင်းရှိတယ်'

'ဒါဖြင့် ဘယ်လို ထွက်ကြမလဲ'

'လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ထွက်ပြေးရင် သုံးနိုင်အောင်ဆိုပြီး လုပ်ထားတဲ့ ဝါးဖောင်တစ်ခုတော့ ရှိတယ်၊ ဒီဖောင်ကလေးနဲ့ ဖက်လိုက်သွားရင် မရဏတောင် အပြင်ဘက်သို့ ရောက်သွားလိမ့်မယ်လို့ မျှော်လင့်ရတာပဲ'

ဦးဝမ်လျောင်း ပြောသော အစီအစဉ်က သေချာမှု မရှိပေ။ ရေစီးချောင်းထဲ လိုက်သွားပြီးမှ ရေအောက်ရောက်သွားပြီး ထွက်ပေါက်မရဘဲ ပိတ်ထားခဲ့သော် မခက်လော ဟု တွေးလိုက်မိကြသည်။

'ဒီရေစီးကြောင်း အပြင်ပေါက် မပေါက်၊ ရောက် မရောက် မသေချာဘဲ လိုက်သွားလို့ ဖြစ်ပါ့မလား'

'ကျုပ်တို့ စွန့်စားရမှာပဲ၊ အပေါ်ပြန်သွားလို့မှ မဖြစ်တော့တာ တကယ်လို့ အပေါ် ပြန်တက်သွားရင်လည်း တိဗက်

ဘုန်းကြီးတွေက ဖမ်းပြီး အကျဉ်းထောင်ထဲမှာ ထည့်ထားမှာပဲ၊ ကျုပ်အထင်ပြောရရင်တော့ ရေဆိုတာ အပြင်ဘက်ကို စီးယှက်ဖို့ အပေါက်နေရာရှိနေလို့သာ အခုလို တရဟော စီးနေတာပေါ့'

ဦးဝမ်လျောင်းက သူ့ထင်မြင်ချက်ကို ပြောပြသည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ရေဆိုတာမျိုးက ကျောက်ကြိုကျောက်ကြားကလည်း ထွက်လို့ ရတယ်၊ အပေါက်တစ်ခုကလည်း ထွက်လို့ ရနိုင်တာပဲ၊ လူတွေကျတော့ အဲသည်လို ရနိုင်ပါ့မလား'

ဦးဗန်ကောင်းက စိတ်ပူစွာ ပြောလိုက်သည်။

'တခြားလမ်း မရှိတော့ဘူးလား'

'မရှိတော့ဘူး၊ ကျုပ် လိုက်ရှာကြည့်ပြီးပြီ၊ ဒီချောင်းထဲက သွားတဲ့လမ်းက လွဲပြီး အခြားဘယ်နေရာမှ မရှိတော့ဘူး'

ထိုအခိုက်မှာပင် အပေါ်တက် ကျောက်လှေခါးထိပ်ဆီမှ ဆူဆူညံညံအသံများ ကြားရသဖြင့် မော့ကြည့်လိုက်သောအခါ ကျောက်လှေခါးထိပ်တွင် မီးတုတ်များကိုင်ထားသော တိဗက်ဘုန်းကြီး ဆယ်ပါးခန့်ကို လှမ်းမြင်ရသည်။

'သူတို့ လိုက်လာကြပြီ၊ ကိုင်း ကျုပ်တို့ စဉ်းစားဖို့ အချိန်မရှိတော့ဘူး၊ လစ်ကြစို့'





ဟု ပြောကာ ချောင်းရိုးအတိုင်း အောက်ဖက်သို့ ပြေးသွားသဖြင့် ကျန်နှစ်ယောက်ကလည်း လိုက်ကြရတော့သည်။

ထိုသို့ ပြေးနေစဉ် မိမိတို့ ခေါင်းပေါ်မှ ဗိုးကနဲ ဗိုးကနဲ ဖြတ်သွားသောအရာအချို့က ချောင်းထဲသို့ ကျသွားလေသည်။

'အပေါ်က ဘာတွေနဲ့ ပစ်နေတာလဲဗျ'

ပြေးရင်းနှင့် ဦးဗန်ကောင်းက မေးလိုက်သည်။

'အဲဒါ ဒူးလေးနဲ့ လှမ်းပစ်နေတာ မြန်မြန်လာ၊ မြန်မြန်လာ'

ထိုသို့ ပြောနေစဉ်မှာ အပေါ်မှ မြှားမိုးရွာချလိုက်သကဲ့သို့ မြှားတံများက ပလူပျံအောင် ကျလာသဖြင့် ကျောက်နံရံအကွယ်မှ ကပ်ပြေးရသည်။

အမှောင်ထဲမှာ လမ်းမသိဘဲ မှန်းပြေးနေရသောကြောင့် ကျောက်တုံးနှင့် ဝင်တိုက်သူတိုက်၊ ခလုတ်တိုက် ကာလဲသူလဲနှင့် တစ်ကိုယ်လုံးစုတ်ပြတ်မွန်းပဲ့ကုန်ကြသည်။

သို့သော်လည်း အပေါ်မှ မြှားတံများက အဆက်မပြတ်ကျနေသောကြောင့် ရပ်တန့်မနေအားဘဲ လဲကျသော်လည်း လူးလဲ၍ ပြန်ထကာ ဆက်ပြေးကြရလေသည်။

'မီးပွင့်လိုက်ရင် ကောင်းမယ် ထင်တယ်၊ အမှောင်ထဲမှာ ပြေးရတာ ကျောက်တုံးတွေနဲ့ ဆောင့်မိတာနဲ့ သေရတော့မယ်'

'မီးဖွင့်တာနဲ့ သူတို့ကို လမ်းပြပေးသလို ဖြစ်ပြီး မြားနဲ့ လှမ်းပစ်မှာပေါ့၊ သတိထားပြီးတော့သာ လာကြပါ၊ ကျုပ် လုပ်ထားတဲ့ ဖောင်ရှိတဲ့နေရာကို ရောက်လုပါပြီ'

နောက်ထပ်သုံးလေးမိနစ်သို့ ရောက်သောအခါ ချောက်ကမ်းပါးစွန်းတစ်နေရာသို့ ရောက်လာကြသည်။

ထိုနေရာသို့ ရောက်သောအခါ ဦးဝမ်လျောင်းက မီးတိုင်တစ်ချောင်းကို မီးရှို့လိုက်ရာ အမှောင်ထဲမှာ အတန် အသင့် မြင်နိုင်လေတော့သည်။

မီးရောင်ရှိတော့မှ ပတ်ဝန်းကျင်ကို လိုက်လံရှာဖွေကြရာ မလှမ်းမကမ်းတစ်နေရာတွင် ဦးဝမ်လျောင်း ပြုလုပ်ထားသည်ဆိုသော ဝါးဖောင်ငယ်တစ်ခုကို တွေ့ရသည်။

ဝါးဖောင်မှာ တစ်ယောက်အတွက် ကောင်းစွာ ရနိုင်သော်လည်း သုံးယောက်အတွက်တော့ မရနိုင်ပေ။

သို့သော် ဝါးဖောင်ပေါ်မှာ ဝမ်းလျားမှောက်၍ ဖက်တွယ်လိုက်လျှင်တော့ ဖြစ်နိုင်ပေသည်။





သူတို့ ဖောင်အနီးသို့ ရောက်သောအခါ ကျောက်လှေခါးမှ ဆင်းလာကြသော တိဗက်ဘုန်းကြီးများက ကျောက်လှေခါးရင်းသို့ ရောက်လာကြပြီ။

'သူတို့ အောက်ရောက်လာကြပြီ၊ ဖောင်ပေါ်ကို တက်ပြီးတော့ ဖက်သာထားကြပေတော့၊ ကျုပ် ဖောင်ချည်ထားတဲ့ ကြိုးကို ဖြတ်ချလိုက်တော့မယ်'

ဟု ပြောသည်နှင့် ဦးဇန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့သည်လည်း ဝါးဖောင်ပေါ်သို့ ဝမ်းလျားထိုးတက်ပြီး ဖက်ထားလိုက်ကြစဉ် ဦးဝမ်လျောင်းက ဖောင်ကြိုးကို ဖြတ်ချလိုက်လေတော့သည်။

ကြိုးပြတ်သွားသည်နှင့် တရဟောစီးနေသော ရေများနှင့်အတူ ဖောင်က အရှိန်ဖြင့် ပါလေတော့သည်။

ထိုအချိန်မှာပင် မလှမ်းမကမ်းသို့ ရောက်လာသော တိဗက်ဘုန်းကြီးများ ပစ်လွှတ်လိုက်သည့် မြားတံများက သူတို့အပေါ်မှ တဝီဝီနှင့် ဖြတ်သွားကြလေသည်။

သို့သော်လည်း ဝမ်းလျားမှောက်ထားကြသောကြောင့် လူကိုတော့ မထိပေ။

အတန်ကြာသောအခါ မီးတုတ် များကိုင်ထားသော တိဗက်ဘုန်းကြီးများမှာ နောက်ဘက်၌ ဝေး၍ဝေး၍ ကျန်ခဲ့လေတော့သည်။

ဂူလမ်းကြောင်းတွင်းမှာ စီးနေသော ရေစီးကြောင်းက အမြင့်မှ အနိမ့်သို့ သွန်ချလိုက်သလို တရဟော စီးဆင်းနေခြင်းဖြစ်ရာ သူတို့ စီးလာသော ဝါးဖောင်ကလေးမှာလည်း စက်တပ်ယာဉ်ပမာ အသွားအနှုန်း မြန်လှလေသည်။ ကြည့်နေရင်းမှပင် တိဗက်ဘုန်းကြီးများကို မတွေ့ရတော့ပေ။

ထိုအခါမှ သုံးယောက်သား သက်ပြင်းချနိုင်လေတော့သည်။ တစ်နေရာသို့ ရောက်သောအခါ ရှေ့ဘက်ဆီမှ အလင်းရောင်ဝင်နေသော အပေါက်ဝတစ်ပေါက်ကို လှမ်းမြင်ရသည်။

ဂူပေါက်ဝတစ်ခု ဖြစ်ဟန်ရှိသည်။ ဆယ်ပေခန့်မြင့်သော်လည်း ရေလုံးက ရှိနေသောကြောင့် တစ်ဝက်ခန့် မြင့်တက်နေသည်။

'ဖောင်ကိုဖက်ပြီး ဝပ်သာနေကြတော့ဗျို့၊ ဂူပေါက်ဝကို ထွက်တော့မယ်'

ဦးဝမ်လျောင်း၏ အသံကို မသဲမကွဲ ကြားရသည်။





ပြောနေရင်းမှာပင် ဖောင်ကလေးက ဘေးပတ်လည်ရှိ ကျောက်ဆောင်ကျောက်စွန်းများနှင့် ဝင်တိုက်မိရာ တဂျုန်းဂျုန်း တဂျိုင်းဂျိုင်း မြည်သံများနှင့်အတူ သွက်သွက်ခါယမ်းနေတော့သည်။

'ခေါင်းထောင်မကြည့်ကြနဲ့၊ အပေါ်က ကျောက်စွန်းနဲ့ တိုက်မိကြမယ်'

ခေါင်းမထောင်ပဲ ဝမ်းလျားမှောက်ထားတော့လည်း ရေခဲရေတမျှ အေးလွန်းလှသော ရေကြောင့် တစ်ကိုယ်လုံး ထုံကျင်တက်လာလေသည်။

ခဏကြာသောအခါ ဝေါကနဲ အသံကြီးနှင့်အတူ သူတို့စီးလာသော ဖောင်ကလေးမှာ ရေပြွန်ပေါက်တစ်ခုမှ မှုတ်ထုတ်လိုက်သည့်ပမာ ရေလုံးနှင့်အတူ လေဟာနယ်ထဲသို့ ပါသွားသည်ကို သိလိုက်ကြလေတော့သည်။

✤ ✤ ✤

# အခန်း (၁၅)
## လောဘသား၏ နိဂုံး

သူတို့ဖောင်ကလေး ကျသွားသောနေရာမှ မြစ်တစ်ခု ထဲသို့ ဖြစ်သော်လည်း ထိုမြစ်ကမ်းနံဘေးတစ်ဖက်တစ်ချက်တွင် မီးတုတ်များ ကိုင်ထားသော တိဗက်ဘုန်းကြီးများ တန်းစီ ရပ်နေသည်ကို လှမ်းမြင်ရသဖြင့် များစွာ တုန်လှုပ်သွားလေသည်။

ထိုအချိန်မှာ မြစ်ရေက သိပ်မစီးတော့သဖြင့် ဖောင်ကလေးက တအိအိသာ ရွေ့လျားနေတော့သည်။

ဖောင်ပေါ်မှာကြည့်လိုက်တော့ သူတစ်ယောက်

တည်း ...။ ဦးဇန်ကောင်းရော ဦးဝမ်လျောင်းကို မတွေ့ရတော့ပေ။ သူတို့ ဘယ်ရောက်သွားကြပြီလဲ၊ ရေတံခွန်ထဲသို့ လွင့်စင်ကျတော့ သေသွားကြပြီလား။

'ဦးဇန်ကောင်း'

'ဦးဝမ်လျောင်း'

အသံကုန် အော်ဟစ်ခေါ်နေသော်လည်း အသံက ထွက်မလာဘဲ လည်ချောင်းထဲမှာ တစ်နေလေသည်။

'ဦးဇန်ကောင်း'

'ဦးဝမ်လျောင်း'

အားယူ၍ ကြိုးစားခေါ်နေစဉ်မှာ သူ့ကို တစ်စုံတစ်ယောက်က လာရောက် ပုတ်နိုးလိုက်မှ လန့်ပြီး သတိရလာသည်။

'ဟင် ..'

'ဆရာ ...သတိရပြီလား'

မျက်လုံးကို ကြိုးစားဖွင့်ကြည့်လိုက်သော ဦးစွာ စူးရှသော နေရောင်ခြည်ကို အရင်တွေ့ရသည်။

ပြီးမှ ဦးဇန်ကောင်းကို မြင်ရသဖြင့် အံ့သြသွားသည်။

'ကျွန်တော်တို့ ဘယ်လို ဖြစ်ခဲ့ကြတာလဲ'

'ရေတံခွန် အပေါက်ဝကနေ ထွက်ကျတော့ ဆရာ့ခေါင်းနဲ့ ဖောင်နဲ့ ဆောင့်မိပြီး ဆရာ သတိလစ်သွားခဲ့တာ'





'ဟင် ... ဦးဝမ်လျောင်းကရော ဘယ်မှာလဲ'

'သူ ဟိုဘက်ကို ခဏသွားတယ်၊ မကြာခင် ပြန်လာမှာပါ'

'အခု ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေတာလဲဟင်'

'မရဏတောင် လိုဏ်ဂူထဲက ထွက်လာပြီး ဗြဟ္မပုတ္တရမြစ်ရဲ့ မြစ်လက်တက်တစ်ခုထဲကို ရောက်နေတာပါ၊ ဟိုမှာလေ၊ ကျုပ်တို့ ထွက်ခဲ့ကြတဲ့ မရဏတောင်ကြီးကို ဒီနေရာက ကြည့်ရင် လှမ်းမြင်နေရသေးတယ်'

ဦးဇန်ကောင်း လက်ညှိုးညွှန်ပြရာဘက်သို့ ကြည့်သောအခါ မြူနှင်းများကြားဝယ် ကောင်းကင်သို့ ထီးထီးမားမား ထိုးတက်နေသော မရဏတောင်ကြီးကို ထိတ်လန့်ဖွယ်ရာ လှမ်းမြင်ရသည်။ အလန့်တကြားဖြင့် မြစ်ကမ်းတလျှောက်ကို ကြည့်လိုက်တော့ တိဗက်ဘုန်းကြီးများ မတွေ့ရဘဲ မြူနှင်းများကိုသာ တွေ့ရသဖြင့် သက်ပြင်းချလိုက်သည်။

'အိပ်မက်ထဲမှာ တိဗက်ဘုန်းကြီးတွေ လိုက်လာတာကို တွေ့နေရတယ်'

'ဒီနေရာအထိတော့ ဘယ်သူမှ လိုက်မလာကြပါဘူး'

'ဒါပေမယ့် တနည်းနည်းနဲ့တော့ သူတို့ လိုက်လာကြလိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေတယ်'

ထိုစကားကြောင့် ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကျုပ်လည်း ဒီအတိုင်းပဲ ထင်နေမိတယ်'

'ဦးဗန်ကောင်း ဆေးကျမ်းကို ယူလာတယ်၊ ဦးဝမ်လျောင်းက ရွှေဖြစ်အောင်လုပ်နိုင်တဲ့ ပုရပိုဒ်တွေနဲ့ ဆေးရည်တွေကို ယူလာတယ်၊ ဘယ်နည်းနဲ့မှ သူတို့ ကြည့်နေမယ် မထင်ဘူး'

'ကျုပ်ကတော့ ဆေးကျမ်းကို ယူခဲ့တုန်းက သူ့နေရာ ရောက်အောင် ပြန်ပို့ပေးပါ့မယ်ဆိုတဲ့ သစ္စာဆိုပြီး ယူခဲ့တာဆိုတော့ တစ်ချိန်ကျရင်တော့ ဒီနေရာကို တစ်ခေါက်ပြန်လာ ရဦးမှာပါ'

ဟု ဦးဗန်ကောင်းက ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ကမ်းစပ်တစ်နေရာတွင် ဖိုထားသော မီးဖိုမှ အပူရှိန်ဖြင့် အဝတ်အစားများ ခြောက်လာစေရန်နှင့် တစ်ကိုယ်လုံး နွေးလာစေရန် ပွတ်သပ်နေလေသည်။

အတန်ကြာသောအခါ ဦးဝမ်လျောင်း ပြန်ရောက်လာသည်။

'ကျုပ်တို့ မြစ်လမ်းအတိုင်း သွားနေလို့ကတော့





လာဆာကို တော်တော်နဲ့ ရောက်မှာ မဟုတ်ဘူး၊ ကုန်းလမ်းခရီးက ဖြတ်သွားရင်တော့ မြန်မြန် ရောက်နိုင်မယ့် အခြေအနေရှိတယ်၊ ဒါကြောင့် ပတ်ဝန်းကျင်အခြေအနေကို သွားကြည့်ခဲ့တာ'

'ဘာထူးသလဲ'

'ဒီကနေ လေးငါးမိုင်လောက် ခြေလျင်ခရီးဆက်ရင် တိဗက်တွေနေတဲ့ ရွာတစ်ရွာကို တွေ့နိုင်တယ်၊ အဲဒီလို ရွာတစ်ရွာ ရောက်ရင်တော့ လာဆာရောက်ဖို့ လမ်းစ သိပ်မဝေးတော့ဘူး ထင်တယ်၊ ခင်ဗျားတို့ လျှောက်နိုင်ကြပါ့မလား'

'ဒီအတိုင်း ထိုင်နေလို့မှ မဖြစ်တာ၊ ဒီလိုပဲ လျှောက်ကြရတော့မှာပေါ့'

ဟု ပြောဆိုကာ သုံးယောက်သား မိမိတို့ ပစ္စည်းများကို သေချာစွာ ထုပ်ပိုးသယ်ယူပြီး ကုန်းလမ်းခရီးကို စတင်လျှောက်ကြရလေသည်။

တောင်ကုန်းတောင်တန်းခရီးများမို့ မပင်ပန်းလှဟု ထင်သော်လည်း အချိန်ကြာလာသည်နှင့် ပင်ပန်းနွမ်းနယ်မှုကြောင့် ခြေထောက်များကိုပင် မသယ်ချင်အောင် ဖြစ်လာကြသည်။ တောင်ကုန်းပေါ်သို့ ရောက်သောအခါ ဦးဝမ်လျောင်းက

'ခင်ဗျားတို့ နှစ်ယောက် ဒီနေရာမှာ ခဏစောင့်နေပေါ့၊ ကျုပ် ဒီနားတဝိုက်မှာ စားစရာ ရလိုရငြား လိုက်ရှာကြည့်ဦးမယ်'

ဟု ပြောဆိုကာ ထွက်သွားလေသည်။ဦးဝမ်လျောင်းမှာ ယခုအခြေအနေထိ တိဗက်ဘုန်း ကြီး အဝတ်များနှင့်ပင် ရှိသေး၏။ ၎င်းအနေနှင့် တိဗက်အဝတ်များကို မလဲသေးခြင်းမှာ ရွာသူရွာသားများနှင့်တွေ့လျှင် တိဗက်ဘုန်းကြီးတစ်ပါးအသွင်နှင့် ဆက်ဆံရခြင်းက ပို၍ ကောင်းသောကြောင့် ဖြစ်သည်။

ဦးဝမ်လျောင်းမှာ အသက်အရွယ်နှင့်မမျှ ကြံ့ခိုင်သန်စွမ်းလှပေရာ၊ သူတို့နှစ်ယောက်မှာ ပင်ပန်းမှုကြောင့် မလှုပ်နိုင်အောင် ဖြစ်နေကြစဉ်မှာ မရပ်မနား လျှောက်သွားနေနိုင်လေ၏။

ဦးဝမ်လျောင်း ထွက်သွားသည်နှင့် နှစ်ယောက်သား သစ်ပင်ရိပ်တစ်ခုတွင် လှဲချလိုက်သည်နှင့် မောပန်းမှုအရှိန်ကြောင့် ခဏချင်းမှာပင် အိပ်ပျော်သွားကြသည်။

အတန်ငယ်ကြာတော့ ဦးဝမ်လျောင်း ပြန်ရောက်လာသည်။ သူနှင့်အတူ ပုဆိန်တစ်လက်ကို ကိုင်ထားသော တိဗက်အမျိုးသားတစ်ဦးပါလာလေသည်။ ဦးဝမ်လျောင်းက တိဗက်ဘာသာစကား ကောင်းစွာ ကျွမ်းကျင်သူမို့ တိဗက်နယ်ထဲမှာတော့ များစွာ အဆင်ပြေလှပေသည်။





'ဒီမှာ ကျုပ်တို့ကို အကူအညီပေးမယ့် လူတစ်ယောက်တော့ တွေ့လာပြီ၊ သူက ကျုပ်တို့ကို သူ့ရွာကို ခေါ်သွားပြီး စားစရာနဲ့ တည်းခိုဖို့ နေရာပေးမယ်လို့ ပြောတယ်'

ဟု ဝမ်းသာအားရ ပြောပြလေသည်။

ထို့နောက်တွင် ၎င်း တိဗက်ကြီးမှာ ပါလာသော မြင်းလှည်းနှင့်ပင် ၎င်းရွာသို့ လိုက်ခဲ့ကြလေသည်။

တိဗက်ရွာကလေးမှာ တောင်တစ်လုံးနံဘေး၌ရှိပြီး အိမ်ခြေတော့ များများစားစား မရှိလှပေ။ စုစုပေါင်းမှ အိမ်ခြေနှစ်ဆယ်ကျော်လောက်သာ ရှိသည်။ ရွာသူရွာသားများက ဦးဝမ်လျောင်းကို တိဗက်ဘုန်း ကြီးအစစ်ဟု ထင်နေပြီး အံ့ဩဝမ်းသာနေကြသည်။ ညနေစာအဖြစ် ဂျုံကြမ်းဖြင့် ပြုလုပ်ထားသောမုန့် အသီးအရွက်ကြော်များ၊ ပန်းပွင့်နှင့် အာလူးကို ပြုတ်ထားသော စွပ်ပြုတ်ရည်တို့ ကို စားသောက်ကြရသည်။

ခရီးကလည်း ပင်ပန်း၊ ဝမ်းကလည်း ဟာနေကြသောကြောင့် ချကျွေးသမျှ အစားအသောက်များကို အကုန်အစင်စားသောက်ကြရပြီး ထိုညအဖို့တွင် တိဗက်ကြီး အိမ်မှာပင် အိပ်ကြရသည်။ ညဘက်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က . .

‘ဦးဝမ်လျောင်း တိဗက်ကြီးကတော့ ကျွန်တော်တို့ကို စေတနာနဲ့ ကျွေးမွေးဧည့်ခံတယ်၊ သူကို ဘာပြန်ပေးရင် ကောင်းမလဲ၊ ကျွန်တော်တို့မှာလည်း ဘာပစ္စည်းမှလည်း မကျန်တော့ဘူး၊ ဦးဝမ်လျောင်းမှာရှိတဲ့ ရွှေတုံးကို ဖဲ့ပေးလိုက်ပါလား’

ဟု အကြံပေးလိုက်သည်။

‘မဖြစ်ဘူးလေ၊ တိဗက်ဘုန်းကြီးဆိုတာ ရွှေငွေ မကိုင်ရဘူး၊ အဲဒီလို ပေးရင် ကျုပ် အလိမ်ပေါ်သွားမှာပေါ့။ အသာနေပါ၊ ကျုပ်အဆင်ပြေသလို ကြည့်စီစဉ်ပါ့မယ်’

ဟု ပြောကာ ညအိပ်ကြလေသည်။

နောက်တစ်နေ့နံနက်လင်းသောအခါ တိဗက်ကြီးအား လာဆာသို့ ရောက်နိုင်သော လမ်းကို ပို့ပေးရန် ပြောသောအခါ ဒေါက်တာမင်းထင်ကျော်လက်တွင် ပတ်ထားသော နာရီကို ပေးလျှင် လိုက်ပြမည်ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်းလက်မှာ ပတ်ထားသော နာရီကို ချွတ်ပေးလိုက်သည်။

သို့ကြောင့် ၎င်းကတိအတိုင်း မြင်းလှည်းဖြင့် လာဆာသို့ သွားသောလမ်းရှိရာသို့ လိုက်ပို့ပေးလေသည်။ထိုလမ်းမ





ပေါ်မှ လှည်းကြုံစီးပြီး လာဆာသို့ လိုက်သွားရန်ပြောဆိုပြီး သူတို့ကို နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

သူတို့ ၃ ယောက်သည် လမ်းဘေးတစ်နေရာရှိ ဇရပ်တစ်ဆောင်ပေါ်မှ ထိုင်စောင့်ရင်း စကားပြောနေကြသည်။

‘လှည်းကြုံနဲ့ လိုက်တာကတော့ ဟုတ်ပါပြီ၊ ကျုပ်တို့မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ ဘာနဲ့ ပေးရမှာလဲ’

ဦးဗန်ကောင်းက ပြောလိုက်သည်။

‘ဒီအတွက် မပူပါနဲ့ ကျုပ် ဂူထဲမှာတုန်းက စမ်းလုပ်ခဲ့တဲ့ ရွှေတစ်ပိဿာလောက် ပါလာတယ်၊ အဲဒါ ကို ခင်ဗျားတို့ နှစ်ယောက် ယူထားကြပါ၊ ငွေပေးစရာ မရှိတော့လည်း ရွှေပေးပေါ့ဗျာ’

ဟု ပြောကာ ၎င်းသိမ်းထားသော ရွှေတုံးကြီးကို ထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ကို ကမ်းပေးလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဦးဝမ်လျောင်းပေးသော ရွှေတုံးကြီးကို အမှတ်တမဲ့ လှမ်းယူထားလိုက်ရသော်လည်း လက်ထဲသို့ ရောက်လာသောအခါ စိတ်ထဲမှာ လေးလာတော့သည်။ မျက်စိထဲမှာ တိဗက်ဘုန်းကြီးများ၏ ရုပ်သွင်များကို သော်လည်းကောင်း၊ နားထဲမှာလည်း ၎င်းတို့၏ အသံများ

ကို ကြားယောင်လာမိတော့သည်။ မကြာခင် အန္တရာယ်ဆိုးကြီးတစ်ခုခုနှင့် ကြုံရတော့မည်ဟုလည်း စိတ်ထဲမှာ ထင်နေမိသည်။

'ဒါထက် ခင်ဗျား ယူလာခဲ့တဲ့ ကြေးပုရပိုဒ်နဲ့ ဆေးရည်ပုလင်းတွေရောပါလာသေးရဲ့လား'

ဦးဗန်ကောင်းက မေးလိုက်သည်။

'ပါတာပေါ့ဗျာ၊ ဒီပစ္စည်းတွေကို ရဖို့ ကျုပ်အနေနဲ့ အနှစ်နှစ်အလလ ကြာအောင် ကြိုးစားယူခဲ့ရတာပဲ၊ မပါလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါထက် ခင်ဗျား ယူလာတဲ့ ဆေးကျမ်းရော ရှိသေးရဲ့ မဟုတ်လား'

'ရှိပါတယ်'

'ဒါထက် မသိလို့ မေးပါရစေဦး၊ မရဏတောင်ဂူထဲမှာ တခြားအဘိုးတန်တဲ့နည်းပညာတွေ၊ ပစ္စည်းတွေ အများကြီး ရှိနေရဲ့များ ဒီဆေးကျမ်းတစ်ဆောင်ထဲကိုမှ ရွေးယူလာတယ်ဆိုတော့ ခင်ဗျားက ဆေးကုစားမှာမို့လား'

'ဆိုပါတော့ ... ဒါထက် ခင်ဗျားက ရွှေဖြစ်တဲ့နည်းတွေ၊ ဆေးရည်တွေ ရလာပြီဆိုတော့ ရည်ရွယ်ချက်က ဘာလဲ'





'ကျုပ်ချမ်းသာအောင် အရင်လုပ်မယ်လေဗျာ၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ရွှေသူဌေးကြီးဘဝကို ရောက်အောင် လုပ်ရမှာပေါ့၊ ဒါမှ ကျုပ်တို့ ငယ်ငယ်တုန်းကလို ချမ်းသာကြွယ်ဝတဲ့ဘဝကို ပြန်ရတော့မှာပေါ့ ဟား ဟား ဟား ဟား'

ဦးဝမ်လျောင်းက သူ့အကြံအစည်နှင့်သူ ကျေနပ် ဝမ်းမြောက်နေဟန်ရှိလေသည်။

ထိုသို့ ပြောပြီး ၎င်း၏ ဝတ်ရုံထဲမှာ ဆိတ်သားရေအိတ်ဖြင့် အသေအချာထည့်ထားသော အိတ်ကို ထုတ်ပြသေးသည်။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ထိုအိတ်ကို ကြည့်ပြီး သေမင်းမှ အကြိုတော် လွှတ်လိုက်သော အမှတ်တံဆိပ်တစ်ခုကို မြင်ရသည့်ပမာ ထိတ်လန့်တုန်လှုပ်နေတော့သည်။ နောက်တော့ သူတို့ ၃ ယောက်သည် လှမ်းကြုံတစ်စီးဖြင့် လာဆာမြို့ ရောက်အောင် သွားကြလေသည်။ လာဆာသို့ ရောက်သောအခါ ဦးဝမ်လျောင်းက တိဗက်ဘုန်းကြီးအသွင်မှ သာမာန်ခရီးသွားအသွင်သို့ ပြန် ပြောင်းလိုက်သည်။

ထို့နောက် သူမှာ ပါလာသော ရွှေတုံးကြီးကို ရောင်းချလေရာ ငွေအမြောက်အများ ရသောအခါ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့ မြန်မာပြည်သို့ ပြန်ရန်အတွက် စားစရိတ်နှင့် ငွေများပေးလေသည်။

ထိုငွေနှင့် လာဆာမြို့ အစွန်ဘက်တွင်ရှိသော ရှေးအိမ်ဟောင်းကြီးတစ်လုံးကို နှစ်ချုပ်ဖြင့် ငှားရမ်းလိုက်သည်။

၎င်း၏ အကြံအစည်က လူသူမနီးသော ထိုအိမ်ကြီးထဲမှာ သူရလာသော နည်းပညာများဖြင့် ရွှေ အမြောက်အများ ပြုလုပ်ရန် ရည်ရွယ်ချက်ဖြစ်လေသည်။

'ကိုင်း ... ခင်ဗျားတို့လည်း လေယာဉ်စောင့်ရင်း မပြန်ခင် ကျုပ်နဲ့ လိုက်နေပြီး ကျုပ်ရခဲ့တဲ့ ပညာစွမ်းလေးတွေကိုလည်း ကြည့်သွားကြဦးပေါ့ဗျာ'

ဟု ခေါ်သဖြင့် ဒေါက်တာ မင်းထင်ကျော်တို့ နှစ်ယောက်မှာ ထိုအိမ်ကြီးသို့ လိုက်သွားကြလေသည်။ ထိုအိမ်ကြီးသို့ ရောက်ပြီး ပထမဦးဆုံး အိပ်သောည၌ပင် ဒေါက်တာမင်းထင်ကျော်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် တိဗက်ဆရာတော်ကြီး ရောက်လာသည်။

'သင်ကတော့ ဒီကိစ္စများမှာ ပါဝင်သူ မဟုတ်သောကြောင့် သင်၏ ဝိညာဉ်ကို အခုလို ခေါ်ပြောရခြင်းဖြစ်ပေသည်။ တကယ်ဆိုလျှင် တိဗက်ပြည်၏ မရဏတောင်ပေါ်မှ ရှိသည့် ပညာရပ်များသည် လူသားများနှင့် လုံးဝ အပ်စပ်သည့် ပညာရပ်များ မဟုတ်ပေ။ လောဘ၊ ဒေါသများသော လူတို့၏





လက်ထဲသို့ ရောက်သွားပါက ဘေးအန္တရာယ်များနှင့် မုချတွေ့ရမည် ဖြစ်သည်။ သို့ကြောင့် သာမာန်လူတို့ မရောက်နိုင်သော မရဏတောင်အတွင်း၌ ဝှက်ထားခဲ့ခြင်း ဖြစ်ပေသည်။

ယခုအခါ သင်နှင့်အတူ ရှိနေသော လူနှစ်ယောက်အနက် တစ်ယောက်သည် ဘာသာရေးကို ခုတုံးပြုလုပ်ကာ ပညာရပ်အချို့ကို ခိုးယူသွားခဲ့ပေသည်။ ထိုသူသည် သူခိုးယူသွားသော ပညာရပ်များကို အသုံးပြု၍ မရနိုင်ပေ။ ထိုပြစ်မှုအတွက် သူ၏ အသက်ကို ပေးဆပ်ရပေမည်။ ကျန်တစ်ယောက်ကတော့ ၎င်းကိုယ်ကျိုးအတွက် မဟုတ်ဘဲ အများအကျိုးအတွက် သစ္စာပြု၍ ယူသွားခြင်းဖြစ်ရာ သူ့ကိုတော့ ကြီးလေးသော အပြစ်မျိုး ပေးရန် မသင့်ပေ။ သူယူသွားသော ပစ္စည်းကို သူကတိအတိုင်း ပြန်လာပို့ပြီး နောက်ပိုင်းတွင် ထိုပြစ်မှုအတွက် မရဏတောင်ပေါ်၌ နှစ်ပေါင်းအတော်ကြာအောင် တရားအားထုတ်ရပေလိမ့်မည်။

သင်ကတော့ စိတ်နှလုံးကောင်းမွန်သော လူတစ်ယောက်ဖြစ်သောကြောင့် ဤအပြစ်မှ ခွင့်လွှတ်လိုက်ပေသည်။

နောက်တစ်နေ့နံနက် လင်းသောအခါ ထိုအိပ်မက်အကြောင်းကို ဦးဝမ်လျောင်းအား အရင်ပြောပြလိုက်သောအခါ သူက ...

'အိပ်မက်ဆိုတာ စိတ်စွဲရင်လည်း မက်တယ်၊ သွေးလေချောက်ချားရင်လည်း မက်တတ်ပါတယ်၊ ခင်ဗျားစိတ်ထဲမှာ ဒါတွေထားမနေပါနဲ့၊ ကျုပ်တို့ကို သူတို့ ဘာမှ မလုပ်နိုင်ပါဘူး၊ တကယ်လို့ လုပ်နိုင်မယ်ဆိုရင် မရဏတောင်ထဲမှာကတည်းက လုပ်ကြမှာပေါ့'

ဟု ခပ်ပေါ့ပေါ့ပင် ပြောသည်။ ဦးဗန်ကောင်းကို ထိုအိပ်မက်အကြောင်း ပြောသော အခါ ဦးဗန်ကောင်းက —

'ကျုပ်သိပါတယ်၊ မရဏသံဟိတဆေးကျမ်းကို ကျုပ်ဖတ်ရှုခွင့်ရတဲ့အတွက် မရဏတောင်ပေါ်မှာ နှစ်ပေါင်းဘယ်လောက်ကြာအောင် တရားကျင့်ရ ကျင့်ရ၊ ကျင့်ဖို့ စိတ်ကူးထားပြီးသားပါ၊ ကျုပ်ဘဝရဲ့ နောက်ဆုံးအချိန်ကို တရားအားထုတ်ရင်းနဲ့ပဲ ကုန်ဆုံးသွားမှာပါ'

ဟု အေးအေးဆေးဆေးပင် ပြောလေသည်။

တစ်နေ့တွင် ဦးဝမ်လျောင်းက ...

'မနက်ဖြန်ဆိုရင် ခင်ဗျားတို့ မြန်မာပြည်ကို ပြန်နိုင်လေယာဉ်လက်မှတ်ရကြတော့မှာ မဟုတ်လား၊ ခင်ဗျားတို့ မပြန်ခင် လက်ဆောင်အနေနဲ့ ကျုပ် ရွှေလုပ်ပေးလိုက်ပါ့မယ်'

ဟု ပြောလေသည်။

'နေပါစေ၊ ဦးဝမ်လျောင်း၊ ကျုပ်တို့ မလိုတော့ပါဘူး'





'မလိုပေမယ့် ကျုပ်ရဲ့ ပညာစွမ်းကိုတော့ ကြည့်သွားကြစို့ပေါ့၊ ဒီကနေ့ ညပဲ လုပ်ပြပါ့မယ်'

ဟု ပြောကာ ထိုနေ့ညဘက် သန်းခေါင်ယံအချိန်ရောက်သောအခါ အိမ်ကြီးထဲမှာ ၎င်းကိုယ်တိုင် စိတ်တိုင်းကျပြင်ဆင်ထားသော ဖိုခန်းထဲသို့ ဒေါက်တာမင်းထင်ကျော်တို့ကို ခေါ်သွားကာ ဂူထဲမှာ ပြုလုပ်ခဲ့သည့်အတိုင်း ရွှေ စတင်လုပ်လေတော့သည်။

သူသည် အသင့်ဝယ်ယူထားသော ကြေးနှစ်ပိဿာခန့်ကို အိုးထဲသို့ ထည့်ပြီး ဖားဖိုပေါ် တင်ကာ မီးပြင်းပြင်းဖြင့် ထိုး၍ ကျိုလေရာ အတော်ကြာသောအခါ ကြေးများ အရည်ပျော်လာပြီး ကျောက်အိုးထဲမှာ ပွက်ပွက်ဆူထလာလေတော့သည်။

ထိုအခါ ဦးဝမ်လျောင်းသည် ဆိတ်သားရေအိတ်ထဲမှ ပုလင်းနှစ်လုံးကို ထုတ်ယူကာ ပထမပုလင်းထဲမှ ဆေးရည်အချို့ကို ကြေးရည်အိုးထဲသို့ အနည်းငယ် လောင်းထည့်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်က ဂူထဲမှာ ကြည့်နေစဉ်တုန်းကလို အခိုးအငွေ့များ ထွက်လာမည် ထင်သဖြင့် နောက်သို့ အနည်းငယ် ဆုတ်ပေးလိုက်သည်။

သို့သော် မီးခိုးမထွက်လာဘဲ ကြေးရည်များသာ ပိုမို

ဆူပွက်လာသည်။ ဦးဝမ်လျောင်းမျက်နှာပေါ်မှာ မယုံကြည်နိုင်လောက်အောင် အံ့ဩသွားလေသည်။ သူသည် အနည်းငယ် ဒေါသဖြစ်လာဟန်ဖြင့် ပုလင်းထဲမှ ဆေးရည်ကို ထပ်ထည့်လိုက်ပြန်သည်။

သို့စေကာမူ ကြေးရည်များ ပိုမို ဆူပွက်လာရုံကလွဲပြီး အခြားဘာမှ ထူးခြားမလာပေ။ ဒေါက်တာမင်းထင်ကျော် ပင်လျှင် အံ့ဩနေလေသည်။

သို့ကြောင့် ဦးဝမ်လျောင်းသည် မကျေမနပ်ဖြင့် ဆိတ်သားရေအိတ်ထဲမှ ကြေးပုရပိုဒ်ကို ထုတ်ယူပြီး ဖတ်ကြည့်လိုက်သည်။

'ဟာ ...'

ဦးဝမ်လျောင်းသည် ပါးစပ်ကြီးအဟောင်းသားနှင့် တအံ့တဩဖြစ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့က အနားသွားကြည့်လိုက်သည်။

'ဟင် ...'

ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့ဩသွားလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ကြေးပုရပိုဒ်ပေါ်မှာ မည်သည့် အက္ခရာမှ မရှိတော့ဘဲ ကြေးပြားသက်သက်သာ ဖြစ်နေတော့သည်။





'ဒါ ဘယ်လိုဖြစ်သွားတာလဲ၊ ခင်ဗျားဂူထဲက ယူလာတုန်းက ပုရပိုဒ်ချင်းများ မှားယူလာရော့သလား'

'မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဂူထဲမှာ ဒီ ပုရပိုဒ်ထဲမှ စာတွေကို ကျုပ်ကိုယ်တိုင် ဖတ်ကြည့်ပြီးတော့ ရွှေဖြစ်အောင်တောင် လုပ်ခဲ့သေးတာပဲ၊ အခုမှ ဒီကြေးပြားပေါ်က ရွှေဖြစ်နည်းတွေက ဘယ်ပျောက်ကုန်တာလဲ'

ဦးဝမ်လျောင်းက ကယောင်ကတမ်းဖြင့် ရေရွတ်နေလေသည်။ ဘေးနားမှ ကြည့်နေသော ဦးဇန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့မှာလည်း နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ပွက်ပွက်ဆူနေသော ကြေးရည်အိုးထဲမှ အခိုးအငွေ့များ ပျံတက်လာပြီး အခန်းထဲမှာ အဖြူရောင် အခိုးအငွေ့များဖြင့် ပြည့်နေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ထို အဖြူရောင်မီးခိုးငွေ့များ၏ ပုံရိပ်မှာ တိဗက်ဆရာတော်ကြီးပုံနှင့် အခြား တိဗက်ဘုန်းကြီးများ၏ ရုပ်ပုံများ ထင်ထင်ရှားရှား ပေါ်နေသည်ဟု ထင်မိလေသည်။

ထိုအခိုက်မှာ အိမ်ကြီး၏ တစ်နေရာဆီမှ တဟားဟားနှင့် ရယ်မောနေသော ရယ်သံများကို ကြားလာရသည်။

တဆက်တည်း သံပြိုင်ရွတ်ဆိုနေသော အသံများကို ဝိုးတဝါး ကြားလာရသည်။

ထိုအသံမှာ မရဏတောင်အတွင်းမှ တိဗက်ဘုန်းကြီးများ ဘုရားဝပ်ပြုရာတွင် ဆိုသော အသံများပင်ဖြစ်သည်။

ထိုအသံများကို ကြားရသောအခါ ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်အနီးသို့ ကပ်ကာ ...

'သူတို့ရဲ့ ဝိညာဉ်တွေ လိုက်လာကြပြီ၊ ဒီလူတော့ ဒုက္ခတွေ့တော့မယ်'

ဟု ခပ်တိုးတိုး ပြောလိုက်လေသည်။

ထိုအချိန်တွင် ဦးဝမ်လျောင်းမှာ ဒေါသစိတ်ကြောင့် ကမူးရှူးထိုးဖြစ်နေလေသည်။

'ပုရပိုဒ်ထဲမှာ ရွှေဖြစ်တဲ့နည်းတွေ မရှိတော့လည်း ဘာအရေးလဲ၊ ရွှေလုပ်တဲ့နည်းတွေကို ကျုပ်အားလုံး မှတ်မိနေတာပဲ၊ ရအောင်လုပ်မယ်'

ဟု ကြိမ်းဝါးကာ ပွက်ပွက်ဆူနေသော ကြေးရည်အိုးအနီးသို့ သွားကာ ပထမဆေးပုလင်းထဲမှ ဆေးရည်များကို လောင်းထည့်နေလေသည်။

ထိုသို့ လောင်းထည့်နေသော်လည်း အခြေအနေက ထူးမလာဘဲ မီးခိုးငွေ့အဖြူများသာ ထွက်လာသည်။





တဆက်တည်း လေပြင်းတိုးသံကဲ့သို့ အသံများ ပေါ်လာပြီး ရယ်သံကဲ့သို့ အသံကြီးများကို ကြားလာရသည်။

ရယ်သံများမှာ အမှောင်ရိပ်များ အတွင်းမှ နေရာအနှံ့အပြား ကြားနေရသည်။

ထိုအသံများကို ကြားသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့သည် မူလရပ်နေရာမှ နောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်သွားရာ အတော်ဝေးဝေး နေရာသို့ ရောက်သွားတော့သည်။

'သင်လိုချင်တဲ့ ရွှေကိုရအောင် လုပ်ယူစမ်းဟဲ့ လူယုတ်မာ'

အမှောင်ရိပ်ထဲမှ ကြောက်မက်ဖွယ်ရာ အသံကြီးပေါ်ထွက်လာလေသည်။

ထိုအသံကြီးမှာ မရဏတောင်ပေါ်မှ တိဗက်ဆရာတော်ကြီး၏ အသံဖြစ်ကြောင်း ဒေါက်တာမင်းထင်ကျော်ကောင်းစွာ မှတ်မိနေတော့သည်။

'ဟား ... ဟား ... ဟား ... ဟား ...'

ရယ်သံကြီးများကလည်း လေတိုးသံကဲ့သို့ နေရာအနှံ့အပြားမှ ကြားလာရသည်။

ဦးဝမ်လျောင်းသည် ပွက်ပွက်ဆူနေသော ကြေးရည်များထဲသို့ ဆေးရည်များ ထည့်နေရင်းမှ ပထမဆေးပုလင်း ကုန်သွားသည်။

သို့ကြောင့် ဒုတိယဆေးရည်ပုလင်းကို ယူပြီး လောင်းထည့်ပြန်သည်။

သို့စေကာမူ အခြေအနေကတော့ မထူးခြားပေ။

ဦးဝမ်လျောင်းသည် ဒေါသစိတ်ကြောင့် သွေးရူးသွေးတန်းဖြစ်လာကာ ဒုတိယဆေးရည်များကို ကြေးအိုးထဲသို့ အားလုံးလောင်းထည့်လိုက်လေတော့သည်။

'ဒီလောက်ရှိလှတာ ကိုင်းကွာ ...'

'ဝုန်း ... ဝုန်း ... ဝုန်း ...'

ဒုတိယပုလင်းထဲမှ ဆေးရည်များ အားလုံးလောင်းထည့်လိုက်သောအခါ ကြေးရည်အိုးကြီးမှာ ဗုံးတစ်လုံး ပေါက်ကွဲသည့်အလား ဝုန်းကနဲ ပြည့်သံနှင့်အတူ လွင့်စဉ်ပေါက်ကွဲလေရာ ပွက်ပွက်ဆူနေသော ကြေးရည်များက အနီးမှာ ရပ်နေသော ဦးဝမ်လျောင်းကိုယ်ပေါ်သို့ လောင်းချလိုက်သလိုဖြစ်သွားလေတော့သည်။

'အား ...'





'ဟား ... ဟား ... ဟား ... ဟား'

ဦးဝမ်လျောင်း၏ အော်သံ ...။

ကြောက်မက်ဖွယ်ရာ ကောင်းသော ရယ်သံများက အိမ်ကြီးအတွင်းမှာ ပေါ်ထွက်လာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်မှာ ကြောက်မက်ဖွယ်ရာကောင်းသော ပေါက်ကွဲသံကြီး ပေါ်ထွက်လာသည်နှင့် ကြမ်းပေါ်သို့ ဝပ်ချလိုက်ကြသည်။

ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ မီးခိုးလုံးကြီးများ ထွက်လာပြီး အတန်ကြာသောအခါ ထိုမီးခိုးငွေ့များသည် ပုံရိပ်သဏ္ဍာန်အမျိုးမျိုးဖြင့် အပြင်ဘက်သို့ ထွက်သွားသည်ကိုတော့ လှမ်းမြင်လိုက်ရသည်။

အချိန်အတော်ကြာတော့မှ အခန်းထဲမှာ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ နှစ်ယောက်သား နေရာမှ ထပြီး ဦးဝမ်လျောင်းရှိသောနေရာသို့ သွားကြည့်ကြသည်။

တစ်ကိုယ်လုံး ကြေးရည်ပူများ လောင်းချခြင်းခံလိုက်ရသော ဦးဝမ်လျောင်းမှာ မီးဖိုနံဘေးမှာပင် လဲကျလျက် အသက်ပျောက်နေပေပြီ။

သူ့ပုံသဏ္ဌာန်မှာ ကြေးရုပ်ကြီးတစ်ရုပ်ကဲ့သို့ ဖြစ်နေတော့သည်။ ဦးဇန်ကောင်းက စောစောက ဦးဝမ်လျောင်းချထားသော ကြေးပုရပိုဒ်များကို ရှာဖွေကြည့်သောအခါ အစအနမျှပင် မတွေ့ရတော့ပေ။

✤ ✤ ✤



## အခန်း (၁၆)
## အလောင်းအစားကြောင့် ဘဝပြောင်းသွားသူ

တစ်နေ့သ၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီး တည်ရှိရာ ကုန်းတော်ပေါ်၌ တည်ရှိသော ဝေနေယျသုခ ရေချမ်းစင် တည်ရှိရာ တန်ဆောင်းအတွင်းသို့ လူများ တစ်ယောက်ပြီးတစ်ယောက် ဝင်လာနေကြသည်။

ဝေနေယျသုခ ရေချမ်းစင်ကို ၁၂၆၇ ခုနှစ်မှ စတင် တည်ထောင်လာပြီး နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် အဖွဲ့ဝင်များ တိုးတက်များပြားလာခဲ့သည်။

၎င်းအထဲတွင် ...

ပွဲစားကြီး ဦးဘိုးသာ၊ ဝတ်လုံတော်ရမင်း ဦးဘရှင်၊

စက်ရှင်တရားသူကြီး ဦးအောင်ဖေ၊ နိုင်ငံခြားပြန် ဆရာဝန်ကြီး ဦးထင်ကျော်၊ သူရိယသတင်းစာ အယ်ဒီတာ ဦးလှဖေ၊ မြန်မာဆေးဆရာကြီး ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော် အစရှိသော ပုဂ္ဂိုလ်များကတော့ ရေချမ်းစင်၏ အမာခံ ပရိသတ်များ ဖြစ်ကြပြီး အပတ်စဉ်တိုင်းလိုလို ရေချမ်းစင် ရှိရာ တန်ဆောင်းအတွင်းသို့ လာရောက်ကြသည်။

ကိစ္စကြီးငယ်ရှိသည်မှလွဲ၍ နေပူပူ မိုးရွာရွာ မပျက်မကွက် လာရောက်ကြကာ တိုင်းရေးပြည်ရေးကိစ္စများ၊ ရှေးဟောင်းနှောင်းဖြစ်များ၊ စာပေဗဟုသုတ ရဖွယ်ရာ အကြောင်းများ၊ တရားဓမ္မများအကြောင်းနှင့်၊ အင်္ဂလိပ်နယ်ချဲ့တို့၏ ယုတ်မာကောက်ကျစ်မှု အကြောင်းများအပြင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရနိုင် မရနိုင်အကြောင်းများကို ပြောဆိုဆွေးနွေးကြသည်။

သို့သော် လွန်ခဲ့သော လေးငါးလလောက်က ထိုစကားဝိုင်းမှာပင်။ မြန်မာဆေးဆရာကြီး ဦးဗန်ကောင်းနှင့် အနောက်တိုင်း ဆရာဝန်ကြီး ဦးထင်ကျော်တို့သည် ဆေးပညာနှင့် ပတ်သက်ပြီး အတိုက်အခံ အငြင်းအခုန် ဖြစ်ခဲ့ကြလေသည်။ ၎င်းတို့နှစ်ဦးသည် မရဏာသံဟိတကျမ်း တကယ်ရှိမရှိ ကိစ္စနဲ့ ပတ်သက်ပြီး လောင်းကြေးတစ်ခု ပြုလုပ်ပြီးနောက်





ဦးဗန်ကောင်းမှာ တိဗက်နယ်သို့ ခရီးထွက်သွားရာ ဗဟုသုတလိုလားသော ဒေါက်တာမင်းထင်ကျော်လည်း ဦးဗန်ကောင်းနှင့်အတူ လိုက်သွားရာမှ အဖွဲ့သား နှစ်ယောက် လျော့နေတော့သည်။

သို့သော်လည်း ကျန်အဖွဲ့သားများကတော့ ဝေနေယျသုခ ရေချမ်းစင်ရှိရာသို့ ဝတ္တရားမပျက် လာရောက် ကာစကားဝိုင်းဖွဲ့ကြလေတော့သည်။

တစ်နေ့တွင် တောင်ဘက်မုခ်ဘက်ရှိကားများထားနိုင်သော ကုန်းတော်ပေါ်သို့ မော်တော်ကားတစ်စင်းမောင်းဝင်လာပြီး စောင်းတန်းအနီးတွင် ရပ်ထားခဲ့ကာ ကားပေါ်မှ ခန့်ငြားသပ်ရပ်သော လူရွယ်တစ်ယောက် ဆင်းလာသည်။ ထိုလူရွယ်မှာ ပေါ်ပလင်လည်ကတုံး အကျႌအဖြူရောင်နှင့် ဆိပ်ခွန်လုံချည် မရမ်းစေ့ရောင်တို့ကို ဝတ်ဆင်ထားကာ လက်ထဲမှာ ပုတီးတစ်လုံး ကိုင်ထားသည်။

သူသည် ရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အားရပါးရ ဖူးမြော်ကန်တော့ပြီးမှ ဝေနေယျသုခ ရေချမ်းစင်ရှိရာ တန်ဆောင်းဘက်သို့ လျှောက်သွားလေတော့သည်။ တန်ဆောင်းထဲမှာ ရောက်နှင့်

နေကြသော လူများက သူ့ကို မြင်သောအခါ ဝမ်းသာအားရဖြင့် ဝိုင်းဝန်း နှုတ်ဆက်ကြလေသည်။

'အလို ... မောင်ထင်ကျော်ပါလား၊ ဘယ်တုန်းက ရန်ကုန်ကို ပြန်ရောက်လာတာလဲ'

'ကျွန်တော်တို့ မနေ့ကမှ ရန်ကုန်ကို ပြန်ရောက်ကြပါတယ်'

'ဒါထက် မောင်ထင်ကျော်က ဦးဗန်ကောင်းနဲ့ အတူတူ ခရီးသွားကြတာ မဟုတ်ဘူးလား'

'ဟုတ်တယ်လေ၊ အတူတူ သွားကြတာပါပဲ'

'ဒါဖြင့် ဟိုတလောက ဦးဗန်ကောင်းတစ်ယောက်တည်း ပြန်လာတော့ မောင်ထင်ကျော်က တိဗက်မှာ ကျန်နေခဲ့သလား'

ပွဲစားကြီး ဦးတိုးသာစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေတော့သည်။

'ဗျာ ... သူက ဘယ်တုန်းက ပြန်လာတာလဲ'

'သူ ပြန်လာတာကို မောင်ထင်ကျော် မသိလိုက်ဘူး ထင်တယ်၊ သူတစ်ယောက်တည်း ပြန်လာတာတောင် မဟုတ်ဘူး၊ သူနဲ့အတူ တိဗက်ဘုန်းကြီးတစ်ပါးတောင် ပါလာသေးတယ်'





'ဟင် ...'

ဒေါက်တာမင်းထင်ကျော်မှာ ကြားရသော စကားကြောင့် အံ့သြပြီးရင်း အံ့သြနေတော့သည်။

'မင်းထင်ကျော်က ကျုပ်ပြောတာကို အံ့သြနေပုံရတယ်၊ ကေနှ့ ဦးဗန်ကောင်းတစ်ယောက်ထဲ ရန်ကုန်ကို ပြန်လာတာ မောင်ရင် မသိလိုက်ဘူး မှတ်တယ်၊ ဦးဗန်ကောင်းနဲ့အတူတူ ပါလာတဲ့ ဘုန်းကြီးကတောင် နာမည်ပြောသွားသေးတယ်၊ သူ့နာမည်က လက်ဘာဆိုလားပဲ'

'ဟင် ... လက်ဘာ ... ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုပ်တစ်ယောက်ထဲတောင်မှ မြင်လိုက်သိလိုက်တာမှ မဟုတ်တာ၊ ဒီမှာရှိတဲ့ ကျုပ်တို့အဖွဲ့သားတွေလည်း အားလုံးသိလိုက်မြင်လိုက်ကြတာပဲ'

ထိုသို့ ပြောသောအခါ ဘေးနားမှာ ရှိနေကြသော ကျန်လူများကလည်း ဟုတ်ကြောင်း ဝင်ရောက် ပြောဆိုကြရာ ဒေါက်တာမင်းထင်ကျော်မှာ ကြားရသော စကားများအတွက် နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။

'သူ ဒီကို ဘာလာလုပ်တာလဲဟင်'

'ဦးဗန်ကောင်းနဲ့ ဆရာဝန်ကြီးဦးဘင်ကျော်တို့ ဒီတန်ဆောင်းထဲမှာ ဆေးကျမ်းတစ်ကျမ်းအတွက် အငြင်းအခုန်

ဖြစ်သွားကြတော့ မောင်ရင်လည်း ရှိနေသားပဲ၊ သူခရီးထွက်တော့ မောင်ရင်လည်း လိုက်သွားခဲ့တာပဲ၊ သူ ဒီကို ပြန်လာတာ တခြားဟုတ်ပါရိုးလား၊ တိဗက်က ယူလာတဲ့ စရဏာသံဟိတဆေးကျမ်းကို ယူလာပြီး ပြတာလေ၊ အဲဒီဆေးကျမ်းကို လက်ဖွဲ့ဆိုတဲ့ တိဗက်ဘုန်းကြီးကိုယ်တိုင် ယူလာတာလေ ...'

'အဲ ... အဲဒီလိုပြတော့ ...'

'စရဏာသံဟိတ ဆေးကျမ်း တကယ်ရှိတာကို ပြနိုင်တော့ နိုင်ငံခြားပြန်ဆရာဝန်ကြီး မင်းထင်ကျော်လည်း သူ့ကတိအတိုင်း အရှုံးပေးလိုက်ရတာပေါ့ အခုတော့ ဦးထင်ကျော်လည်း ဘဝပြောင်းသွားရပြီပေါ့'

'ဟင် ... ဘယ်လိုဘဝပြောင်းသွားတာလဲဟင်'

'မောင်ရင် နောက်တော့ သိရပါလိမ့်မယ် ဒါထက် ဦးဗန်ကောင်းတစ်ယောက်ရော အခု ဘယ်မှာလဲ'

'မကြာခင် သူ ရောက်လာပါလိမ့်မယ်'

အတန်ကြာသောအခါ အောင်မြေရှိရာ ရာဟုထောင့်မှ လွယ်အိတ်ကြီးတစ်လုံးကို လွယ်ကာ တစိုက်စိုက်နှင့် လျှောက်လာနေသော ဦးဗန်ကောင်းကို လှမ်းမြင်ကြရသည်။

'ဟော့ ဟိုမှာ ဦးဗန်ကောင်းလာနေပြီ'





ဇရပ်ပေါ်ရောက်သောအခါ ဦးဗန်ကောင်းက ၎င်းလွယ်ထားသော လွယ်အိတ်ကြီးကို ချကာ တန်ဆောင်းထဲမှာ ရှိနေသော ၎င်း၏ မိတ်ဆွေများကို တစ်ယောက်ချင်းလိုက်လံ နှုတ်ဆက်နေလေသည်။

'ဒါထက် ကျုပ်ရဲ့ မိတ်ဆွေကြီး ဆရာဝန်ကြီး ဦးထင်ကျော် တစ်ယောက်ရော မလာသေးဘူးလား၊ ကေန့ အလုပ်တွေ များနေပုံရတယ်'

'ဦးထင်ကျော်က ဘယ်လာနိုင်တော့မှာလဲ ခင်ဗျား တစ်ခေါက်ပြန်လာပြီး လောင်းကြေးရှုံးသွားပြီးကတည်းက တစ်ခါတည်း သင်္ကန်းဝတ်ပြီး ဗဟန်းကြားတောရမှာ တရားထိုင်နေလေရဲ့ဗျာ ...'

မူရိယသတင်းစာ အယ်ဒီတာဦးလှဖေစကားကြားသောအခါ ဦးဗန်ကောင်းမှာ နားမလည်သော အမူအယာဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြလိုက်တော့မှ ဦးဗန်ကောင်းမှာ ဘယ်လိုပြန်ပြောရမှန်း မသိအောင် တအံ့တသြဖြစ်နေတော့သည်။

'လောကမှာ ကျုပ်တို့လို ဉာဏ်တစ်ထွာတစ်မိုက်နဲ့

လိုက်မမီနိုင်လောက်အောင် ဆန်းကြယ်လှတဲ့ အကြောင်းတွေ အများကြီးပါလား'

ဟု ညီးညူပြောဆိုလိုက်လေသည်။ သူသည် မူလက စရဏသံဟိတဆေးကျမ်းကို မိတ်ဆွေများအား ပြသရန် ကြံရွယ်ထားသောလည်း ၎င်းတို့က ပထမတစ်ကြိမ်ကတည်းက အားလုံးမြင်လိုက်ပြီ ဟု ဆိုသောကြောင့် လွယ်အိတ်ကြီးထဲမှာ ထည့်ယူလာသော ဆေးကျမ်းကို မထုတ်ပြတော့ဘဲ သည်အတိုင်းပင် ထားလိုက်လေသည်။

သူတို့တတွေမှာ အခြားအကြောင်းများကို ပြောဆိုနေကြစဉ် ခဏကြာသောအခါ ဥပုသ်နေ့ဖြစ်သဖြင့် တန်ဆောင်းထဲမှာ ရှိသော လူများဟာ သီလချီးမြှင့်ပေးရန်အတွက် ရဟန်းတစ်ပါး ကြွလာလေသည်။ ထိုရဟန်းမှာ အခြားသူ မဟုတ်ပေ။နိုင်ငံခြားပြန် ဆရာဝန်ကြီး ဦးထင်ကျော်ဘဝမှ တဖြစ်လဲသွားသော အရှင်ဦးတိလောကပင် ဖြစ်ပေတော့သည်။

✣ ✣ ✣



## အခန်း (၁၇)

## သေမင်းကျော့ကွင်းမှ လွတ်မြောက်သူ

တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော် ခြံဝသို့ ဧည့်သည်တစ်ယောက် ရောက်နေကြောင်း တပည့်တစ်ဦးက လာပြောသဖြင့် ထွက်ကြည့်သောအခါ တိဗက်လူမျိုးတို့ ဝတ်ဆင်သော အဝတ်အစားဖြင့် လူတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားသည်။ ထိုလူ လက်ထဲမှာ အထုပ်တစ်ထုပ်ကို ကိုင်ထား သည်။

'ဘယ်က လာတာလို့ ပြောသလဲ'

'တိဗက်နယ်က လာတာလို့တော့ ပြောတယ်၊ ဆရာနဲ့ တွေ့ချင်တယ်လို့ ပြောနေတယ်'

'သူ့ကို ဧည့်ခန်းထဲကို ခေါ်လာခဲ့ပါကွာ'

ဟု ပြောလိုက်ရာ အတန်ကြာသောအခါ ခြံစောင့်က လူတစ်ယောက်ကို ခေါ်လာသည်။ ထိုလူကို မြင်လိုက်ရသောအခါ ဒေါက်တာ မင်းထင်ကျော်မှာ များစွာ အံ့သြသွားမိလေသည်။ ထိုလူ၏ မျက်နှာမှာ သူ့အသက်ကို ကယ်ခဲ့သော တိဗက်ဘုန်းကြီးနှင့် တူလှပေသည်။

'ဟင် ... ခင်ဗျားက တိဗက်ဘုန်းကြီး လက်ာ မဟုတ်လား'

ဟု တအံ့တသြ မေးလိုက်လေသည်။

'ကျွန်ုပ်က လက်ာမဟုတ်ပါဘူး၊ လက်ာလွှတ်လိုက်တဲ့ လူပါ'

ဟု ထိုသူက ပြန်ပြောလေသည်။

'ဒါဖြင့် ခင်ဗျား တိဗက်ကနေ ဒီကို လာတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ တိဗက်က လာတာပါ'

'ကျွန်တော်ရဲ့ လိပ်စာကို ဘယ်လို သိသလဲဟင်'





'ကျွန်ုပ်တို့က လိပ်စာသိစရာ မလိုပါဘူး၊ ဘယ်နေရာပဲ နေနေ၊ ကျွန်ုပ်တို့ သွားချင်ရင် အရောက်သွားနိုင်ပါတယ်၊ လူတွေအတွက်သာ ခရီးဝေးတယ် နီးတယ်ရှိပေမယ့် ဝိညာဉ်ကန္တာ ဆိုတဲ့ ဒုတိယ ခန္ဓာတွေအတွက်ကတော့ တစ်နေရာမဆို စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း ရောက်အောင် သွားနိုင်ပါတယ်'

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေသည်။

'ဒါ ... ဒါဖြင့် ခင်ဗျားက တိဗက်ဘုန်းကြီး လွှတ်လိုက်တဲ့ ကိုယ်ပွားခန္ဓာပေါ့ ဟုတ်လား'

ထိုလူက ဘာမှ ပြန်မပြောပေ။

'ကျွန်တော့်ဆီကို ဘာလာလုပ်တာလဲဟင်'

ထိုလူက သူယူလာသော အထုပ်ကို ဒေါက်တာ မင်းထင်ကျော်အား လှမ်းပေးလိုက်သည်။ အထုပ်ကို ဖြေကြည့်လိုက်တော့ အထဲမှာ ပစ္စည်းအချို့ကို တွေ့ရလေသည်။

ထိုပစ္စည်းများမှာအခြားမဟုတ်ပေ။ ရေခဲများအောက် ရောက်သွားစဉ် ပျောက်ဆုံးသွားသော ကင်မရာနှင့် အခြား အသုံးအဆောင်ပစ္စည်းများပင် ဖြစ်၏။

'ဒါတွေကို ဘာကြောင့် ပြန်လာပို့ပေးတာလဲဟင်'

'သင့်ရဲ့ ရိုးသားဖြူစင်တဲ့အတွက် ဆရာတော်က ဂုဏ်ပြုတဲ့အနေနဲ့ ပြန်ပို့နိုင်းတာပါ။ ဒါအပြင် သင့်ဘဝမှာ အမှတ်တရဖြစ်စေဖို့ နောက်ပစ္စည်းတစ်ခုလည်း ပေးလိုက်ပါသေးတယ်'

ဟု ပြောဆိုကာ ၎င်းအိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ပေးလေရာ ထိုပစ္စည်းကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြဝမ်းသာ ဖြစ်ရလေသည်။

ထိုလူထုတ်ပေးသော ပစ္စည်းမှာ အခြားမဟုတ်ပေ။ ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူပင်ဖြစ်ပေသည်။ ထိုဗုဒ္ဓရုပ်ပွားတော်မှာ တစ်ပေခန့်အမြင့်ရှိပြီး အလေးချိန်မှာလည်း မနည်းလှပေ။

'လောကမှာ ရိုးသားဖြူစင်သူတွေအတွက် ထိုက်တန်တဲ့ ဆုလာဘ်ကောင်းတွေ ရှိပါတယ်၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေက ရိုးသားဖြူစင်တဲ့ လူတွေကို ချီးမြှောက်လေ့ရှိပါတယ်၊ သင်ဟာ တိဗက်ကို လာတဲ့ ရည်ရွယ်ချက်ကောင်းသလို အကျိုးယုတ်အောင်လည်း မလုပ်ခဲ့ဘူး၊ ဒါကြောင့် ဆရာတော်ကြီးက ကျွန်ုပ်ကို ဒီလက်ဆောင်တွေ ပို့နိုင်းလိုက်တာပါ'

ဟု ထူးဆန်းသော စကားကို ပြောလေသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ဘဝမှာ အမွန်မြတ်ဆုံး လက်ဆောင်တစ်ခု[illegible]၊ ဒါထက် တစ်လက်စထဲ မေးပါရ





စေ၊ ဦးဗန်ကောင်းဆီမှာ ပါလာတဲ့ ဆေးကျမ်းအတွက် ဘယ်လိုလုပ်မှာလဲဟင်'

ဒေါက်တာမင်းထင်ကျော်က တလက်စတည်း သိချင်တာ မေးလိုက်သည်။

'သူ သစ္စာဆိုပြီး ခဏယူလာတာပဲ၊ အချိန်တန်ရင် ပြန်ပို့ပေးရမှာပါ'

'သူ့ကိုရော ဘယ်လို အပြစ်ပေးမှာလဲ'

'သူ ပေးထားတဲ့ ကတိအတိုင်း မရဏတောင်ပေါ်မှာ ၃ နှစ်ပြည့်အောင် ဂူထဲမှာ နေပြီး တရားကျင့်ရမှာပေါ့၊ ၃ နှစ်ကြာရင် ပြီးသွားမှာပါ'

တိဗက်တွင် ဂူအောင်းပြီး တရားကျင့်သောနည်းမှာ ပြင်းထန်သော ကျင့်နည်းများဖြစ်သည်။ ဂူအောင်းမည့်သူသည် သူ တရားကျင့်မည့် ကျောက်ဂူဝ မပိတ်ခင် အတွင်းအပြင် လုံကျင်းသန့်စင်ပြီး စိတ်တိုင်းကျသောအခါ ဂူထဲမှာ ဘယ်နှစ်နှစ်နေမည်ဟု ပြောခဲ့ပြီးနောက် ဂူထဲသို့ ဝင်သွားသောအခါ အပြင်မှ ကျောက်ဂူ ပေါက်ဝကို ကျောက်တုံးဖြင့် ပိတ်ကာ အင်္ဂတေဖြင့် အသေပိတ်လိုက်သည်။

လေးဘက် လေးတန် ထုထဲတဲ့ ကျောက်နံရံတွေပဲ ရှိကာ တစ်နေရာမှာတော့ အပေါက်တစ်ခု ရှိသည်။

ဒီအပေါက်က အထဲကို လေကောင်းလေသန့်နဲ့ အလင်းရောင် အနည်းငယ်ရဖို့နှင့် အစားအစာသွင်းပေးရန် အတွက်ဖြစ်သည်။ ဂူအတွင်းမှာ အလင်းရောင် အနည်းငယ်သာ ရှိပြီး တစ်ခန်းလုံး မှောင်နေသည်။

အသံဗလံဟူ၍ လုံးဝ မကြားရပေ။ နှစ်ရက် တစ်ကြိမ်၊ အပြင်က အစားအစာကို အပေါက်က လာချပေးတယ်၊ တကယ်လို့ ဆယ့်လေးငါးရက် ကြာလို့ အထဲက အစာကို မယူတော့ဘူးဆိုရင် အပြင်က ပိတ်ထားတဲ့ ကျောက်တုံးကို ရိုက်ဖွင့်ပြီး အတွင်းက တရားကျင့်တဲ့လူကို ထုတ်ယူကြရသည်။

ဂူထဲမှာ တရားကျင့်သူတွေကတော့ ၁ နှစ်၊ ၂ နှစ်၊ ၃ နှစ် မှ ၇ နှစ်အထိ ကြာအောင် နေကြသူတွေရှိသည်။

အချို့ဆိုလျှင် နှစ်စေ့သော်လည်း အပြင်မထွက်တော့ဘဲ ကျောက်ဂူထဲမှာပဲ တစ်သက်လုံး ဆက်နေသွားကြသော ပုဂ္ဂိုလ်တွေလည်း ရှိကြသည်။ ထိုသူများကိုတော့ ဂူအောင်း ရသေ့များဟု ခေါ်ကြသည်။

အကယ်၍ မိမိအဓိဋ္ဌာန် နှစ်စေ့၍ အပြင်ထွက်ချင်ရင်တောင်မှ ချက်ချင်းထွက်လို့ မရပေ။





ပထမဂူအမိုးပေါက်မှ အလင်းရောင် ဝင်နိုင်အောင် အပေါက်သေးသေး တစ်ပေါက် ကို အရင်ဖောက်ရသည်။

ထိုအလင်းရောင်ကို ခံနိုင်မှ ထိုအပေါက်ကို တဖြည်းဖြည်း ချဲ့ယူရသည်။ အလင်းရောင်နှင့် ထိတွေ့မှ ယဉ်ပါးသွားတော့မှ အပြင်သို့ ထွက်ရသည်။

ချက်ချင်းထွက်ပါက အလင်းရောင်၏ စူးရှမှုဒဏ်ကို မခံနိုင်ဘဲ မျက်စိကွယ်တတ် လေသည်။

ဂူထဲမှထွက်လာသူ၏ ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် အသားအရေမှာလည်း လှုပ်ရှားမှု မရှိသဖြင့် မာတောင့်နေလေရာ အပြင်ရောက်မှ တစ်ပါးသူ၏ အကူအညီဖြင့် တဖြည်းဖြည်း လေ့ကျင့်ခန်း လုပ်ယူကြရသည်။

အချို့လည်း ဂူထဲမှာ တရားကျင့်ရင်း သေဆုံးသွားကြသူများ ရှိသည်။

ထိုမျှ ပင်ပန်းကြမ်းတမ်းသော ဂူအောင်း ရခြင်းအလုပ်ကို ဦးဗန်ကောင်းတစ်ယောက် ၃ နှစ် ၃ မိုး ကြာအောင် လုပ်နိုင်ပါ့မလားဟု စိတ်ထဲမှ တွေးမိလေသည်။

ဒီအတွက် စိတ်မပူပါနဲ့၊ သူ့အတွက် ဂူအောင်းရတယ်ဆိုတာ သူ့ဘဝအတွက် အထောက်အပံ့ရသလို အပြစ်ကြေး တစ်ခု ပေးဆပ်ရတာဆိုတော့ ဒီအပြစ်ကြေး မကုန်မချင်း သူ

ဘာမှ မဖြစ်နိုင်ပါဘူး၊ တကယ်လို့ သူကိုယ်တိုင်က သေချင်တယ်ဆိုရင်တောင် သေခွင့် မရနိုင်ပါဘူး'

'အဲဒါ ဘာကြောင့်လဲဟင်'

'လူတွေဟာ ကာလရှည်စွာ ရောဂါဝေဒနာ ခံနေရခြင်း၊ ဒုက္ခိတဘဝ ရောက်နေခြင်း၊ အစားဆင်းရဲ အနေဆင်းရဲကြောင့် လူလောကမှာ မနေချင်ကြဘူး၊ သေမယ်ဆိုရင် သေချင်ကြတယ်၊ ဒါပေမယ့် ဝဋ်ကြွေးမကုန်မချင်း သေချင်တိုင်း သေလို့ မရပါဘူး၊ အဲသည်လိုပါပဲ'

'အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ဗုဒ္ဓရုပ်ပွားတော်ကို ပူဇော်ဖို့ ပေးတဲ့ ဆရာတော်ကြီးကိုလည်း ကျေးဇူးတင်စွာနဲ့ ကန်တော့လိုက်ပါတယ်လို့ ပြောပေးပါ၊ အလျင်းသင့်ရင်တော့ ကျွန်တော် မရဏတောင်ကို တစ်ခေါက်ရောက်အောင် လာခဲ့ပါဦးမယ်'

'သင့်လို ရိုးသားဖြူစင်တဲ့လူတွေအတွက်ကတော့ ကျွန်ုပ်တို့ မရဏတောင်တင် မဟုတ်ပါဘူး၊ နေရာတိုင်းမှာရှိတဲ့ တံခါးတွေဟာ အမြဲ ဖွင့်ထားကြမှာပါ၊ ကိုင်း ကျွန်ုပ် ပြန်တော့မယ်'

ဟု ပြောဆိုကာ ဘုန်းကြီးလက်ာ၏ ကိုယ်ပွားဝိညာဉ်သည် အခန်းထဲမှာ ပြန်ထွက်သွားလေတော့သည်။





ဒေါက်တာမင်းထင်ကျော်မှာ တရွေ့ရွေ့ထွက်ခွာသွားတော့ ထိုလူ၏ ကျောပြင်ကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ထို့နောက် စားပွဲပေါ်မှာ တင်ထားသော ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကို ကြည့်လိုက်ရင်း ဆန်းကြယ်လှသော ဖြစ်ရပ်များအတွက် အံ့ဩနေမိလေသည်။ နောက်တစ်ပတ်ခန့် ကြာသောအခါ သူ့ရှိရာသို့ ဦးဗန်ကောင်း ရောက်လာလေသည်။

ထုံးစံအတိုင်း ဦးဗန်ကောင်းသည် လွယ်နေကျလွယ်အိတ်ကြီးတစ်လုံးကို လွယ်လာသည်။

'လွယ်အိတ်ကြီးလွယ်လို့၊ ဒါက ဘယ်ကို သွားဦးမလို့လဲ'

'အချိန်ကျပြီလေ၊ ကျုပ် တိဗက်ကို သွားရတော့မယ်'

'ဘယ်လို အချိန်ကျတာလဲ ပြောပါဦး'

ဦးဗန်ကောင်းက ဘာမှ ပြန်မပြောဘဲ ၎င်းလွယ်အိတ်ထဲမှ စရဏသံဟိတဆေးကျမ်းကို ထုတ်ပြီး ဒေါက်တာမင်းထင်ကျော်အား ကမ်းပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ဇဝေဇဝါဖြင့် လှမ်းယူပြီး ဖွင့်ကြည့်လိုက်သောအခါ စာအုပ်ထဲတွင် မည့်သည့်စာမှ

မရှိတော့ဘဲ စာရွက်အလွတ်များချည်း ဖြစ်နေလေတော့သည်။

'ဟင် .. ဒီစာအုပ်ထဲက စာတွေ ဘယ်ရောက်သွားပြီလဲ'

'အချိန်တန်တော့ ဒီထဲက စာတွေကို တိဗက်က ပြန်သိမ်းယူသွားပြီပေါ့၊ ဦးဝမ်လျောင်းရဲ့ ကြေးပုရပိုဒ်ထဲက ရွှေဖြစ်နည်းတွေ ပျောက်သလို ပျောက်သွားတာပဲပေါ့'

'ဟင် ဒါပေမယ့် ဦးဗန်ကောင်းက သူ့လို အပိုင်ယူလာခဲ့တာမှ မဟုတ်တာ'

'ဒါပေမယ့် ကိုယ်လိုချင်သလောက် ယူထားလို့ မရနိုင်ဘူးလေ၊ ဒီလောက် ခွင့်ပြုထားတာပဲ ကျေးဇူးတင်ရမှာပေါ့၊ အခုတော့ သူတို့ ခွင့်ပြုနိုင်ခဲ့မယ့် အချိန်စေ့သွားလို့ အခုလို အချက်ပြတာ ဖြစ်မှာပေါ့'

'ဒါထက် ဦးဗန်ကောင်းဆီကို တိဗက်က လူတွေ ရောက်လာသေးလား'

'ဟင့်အင်း မလာပါဘူး၊ သူတို့က လာစရာမှ မလိုတာ၊ ကျုပ်က သွားရမှာလေ'

ဒေါက်တာမင်းထင်ကျော်က သူ့ဆီသို့ လူတစ်ယောက်ရောက်လာပြီး ရွှေဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပေးသွားကြောင်း ပြောပြသောအခါ ဦးဗန်ကောင်းက





'မြင့်မြတ်ပြီး အစွမ်းသိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ရိုးသားဖြူစင်တဲ့သူတွေကို ချစ်ခင်နှစ်သက်သလို ကူညီ စောင့်ရှောက်မှုလည်း ပေးကြပါတယ်။ မောင်ရင်ရဲ့ ကြိုးစားအားထုတ်မှုအတွက်ကတော့ ဆုလာဘ်ကောင်းတစ်ခုပဲပေါ့၊ မောင်ရင့်အတွက် ဝမ်းသာပါတယ်'

'ဒါထက် ဦးဗန်ကောင်းက တိဗက်မှာ ဘယ်လောက်ကြာအောင် နေမှာလဲဟင်'

'ဝဋ်ကြွေးဆပ်စရာတွေ မကုန်မချင်းပေါ့၊ ဒီအတွက်ကျုပ်က ဝမ်းသာပါတယ်၊ ဘာကြောင့်လဲဆိုတော့ သံသရာခရီးမှာ ကျုပ်ဘဝအတွက် အထောက်အပံ့ရမှာမို့ ကျေနပ်စရာပါပဲ၊ ကိုင်း ကျုပ်သွားတော့မယ် မောင်မင်းထင်ကျော်'

ဟု ပြောကာ ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော် လက်ကို ဆွဲကိုင်နှုတ်ဆက်ပြီးနောက် ၎င်း၏လွယ်အိတ်ကြီးကို လွယ်ကာ တစိုက်စိုက်ဖြင့် ထွက်ခွာသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ခင်မင်လှသော မိတ်ဆွေတစ်ဦးအား နှစ်ရှည်လများ ခွဲခွာရတော့မည်ဟူသော အသိကြောင့် စိတ်မကောင်းဖြစ်မိလေသည်။

တစ်ဖက်မှာလည်း ...

ဦးဗန်ကောင်းသည် သံသရာခရီးတစ်လျှောက်တွင် တောက်လျှောက် လိုက်လံရစ်ပတ်ခဲ့သော သေမင်းကျေးကွင်းမှ လွတ်မြောက်နိုင်ရန် ခရီးသစ်တစ်ခုဆီသို့ ထွက်ခွာသွားခဲ့လေပြီဟု တွေးလိုက်မိသည်တွင် ကျွန်ုပ်ရေးသားသော *(သေမင်းကျေးကွင်း)* အမည်ရှိ ဂန္ထဝင်ရှိ ဂန္ဓရဆန်းကြယ်ဝတ္ထုကြီးမှာလည်း ဤနေရာတွင် နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃာယောတု သုခီအတ္တာနံ ပရိဟရန္တု ...

အောင်မင်းအောင်

စာပြီးချိန် – ၂၁၊ မတ်လ၊ ၂၀၀၆
အင်္ဂါနေ့၊ နံနက် ၉ နာရီ။

ဉာဏ်ဝင်းစာပေ


ဉာဏ်ဝင်းစာပေမှ မကြာမီဖြန့်ချိမည့်

**ကြို့ခဏ** ၏ ကလောင်ခွဲ

**"အောင်မင်းအောင်"** ၏

လုံးချင်းဝတ္ထုသစ်

**''အဆိပ်လမ်းမှ ချစ်ပန်းဝေဝေ''**

- စာရာမေရိတောင်ထိပ်ပေါ်မှ လှုယောင်ဆောင်သော ကျား ကျားယောင်ဆောင်သောလူ။
- ထမံသီရွာမှ ကျားယောင်ဆောင်လာသော အမျိုးသမီးနှင့် လျှို့ဝှက်ချက်များ
- သူတစ်ပါးအသက်ကို မသတ်ခြင်းကြောင့်၊ ထူးထူးခြားခြား ရလာသော ကံကောင်းခြင်းလက်ဆောင် ...
- နာဂတောင်တန်းပေါ်မှ ပျောက်ဆုံးနေသည့် ရတနာသိုက်
- တောနက်အတွင်းမှ ခြေရာကောက်ရန်သူ
- တောင်ပေါ်နာဂရွာမှ ထူးဆန်းလှသည့် ဓလေ့ဆန်းများ
- ကျား၊ လူတို့နေရာမှ မရဏရတနာသိုက်

- တောင်ပေါ်ရွာမှ နာဂသူလေးမှာ ကျားမင်းသမီးပေလော
- ကျားမင်းသမီးနောက်မှ ကြောက်မက်ဖွယ်ကောင်းသော် ရန်သူ ...
- လျှို့ဝှက်ရတနာများနှင့် သစ္စာဖောက်တို့အန္တရာယ်
- သစ္စာတရားကို တန်ဘိုးထားသည့် ချစ်သူနှစ်ဦးတို့၏ လှပသောဇာတ်သိမ်း

စသည်ဖြင့် စာရာမေရှိတောင်တန်း၊ နာဂတောင်တန်းဘက်မှာ ကျားလူတို့၏ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မှန်များကို ဆရာ တြိစက္ကမှ အောင်မင်းအောင် အမည်ဖြင့် ရေးသားထား သည် ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည် ... ။